
www.burmeseclassic.com

ငွေနှလုံးသားစာအုပ်အမှတ် (၆)

# နတ်နွယ်

# အလည်လာတဲ့မိန်းကလေးရယ်

(ဒုတိယအကြိမ်)



www.burmeseclassic.com

www.burmeseclassic.com

ရွှေနှလုံးသားစာအုပ်အမှတ် ( ၆ )

# နတ်နွယ်

## အလည်လာတဲ့မိန်းကလေးရယ်

မြန်နိုင်ရေး

GOLDEN HEART
BOOK HOUSE

အမှတ် ၁၂(၄-အေ)၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

တာမူခွင့်ပြုချက်အမှတ် ၁၄၄၅/၂၀၀၃(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၃၄/၂၀၀၄(၃)

●

မျက်နှာဖုံး
ပန်းချီတင်မောင်မျိုး

●

ကွန်ပျူတာစာစီ
ကိုရွှေဝင်းမောင်

●

အုပ်ရေ
၅၀၀

●

ပုံနှိပ်ခြင်း
၂၀၀၄ (ဒုတိယအကြိမ်)

●

ထုတ်ဝေခြင်း
ဧပြီ၊ ၂၀၀၄

●

ထုတ်ဝေသူ
ဦးမြတ်ကျော်၊ ပင်မရေစီးစာပေ၊ ၁၉၄၊ ၃၃လမ်း၊
ကျောက်တံတားမြို့နယ်

●

အတွင်းပုံနှိပ်သူ
ဦးမြတ်ကျော် (၀၅၅၅)၊ စာလုပ်ငန်းပုံနှိပ်တိုက်၊
၁၉၄(မြေညီထပ်)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

●

မျက်နှာဖုံးပုံနှိပ်သူ
ဒေါ်မြင့်မြင့်ဦး (၀၆၅၆၁)၊ သင်္ဂဟပုံနှိပ်တိုက်
၂၅၈၊ လမ်း ၄၀(အထက်)၊ ကျောက်တံတားမြို့နယ်။

●

တန်ဖိုး- ၇၅၀ ကျပ်

## အခန်း(၁)

သူမ၏အဖြစ်က…

မိမိ၏ စိတ်အာရုံကို အမှောင်တိုက်အတွင်းသို့ ဖြန့်လွှတ်ကျင့်စားသည်။ မိမိ၏ အသိဉာဏ်ကို ဝဲပျံလှည့်လည်စေသည်။ ယင်းသို့ တပြီးလည်း မိမိ၏ စိတ်အာရုံတွင် မည်သည့် အခြင်းအရာမျှ မထင်လာချေတကား။

သူမမောသည်။ ရင်အစုံ တုန်တုန်ခုန်သည်။

မိမိသည် ဘာကိုမျှမသိ၊ မိမိသည် ဘာကိုမျှ တွေး၍မရ၊ မိမိ၏ ပဋိသန္ဓေတွင်လည်းကောင်း၊ မိမိ၏ မဇ္ဈိမတွင်လည်းကောင်း၊ မိမိ၏ ဒက္ခိဏတွင်လည်းကောင်း၊ မိမိ၏ ဥတ္တရတွင်လည်းကောင်း၊ ယူဇနာခြောက်ဆယ်ရှိသော အမှောင်တောသည် လွှမ်းမိုးဖြစ်ရှိနေ၏။

သူမ စဉ်းစားသည်။

ယင်းသို့တပြီးလည်း မိမိအဘယ်အရပ်တွင် ရောက်ရှိနေသည်ကို မသိပါနိုင်။ မိမိအဘယ်နည်းဖြင့် ဤနေရာသို့ ရောက်ရှိနေသည်ကိုလည်း မသိပါနိုင်။ မိမိသိသည်က အမှောင်အမည်းသာ ဖြစ်ပါသည်။

သူမ၏ အဖြစ်ကို ဆင်ခြင်ချင့်တွက်သည်။

အချိန်ကာလတို့သည် အဘယ်မျှ ရွေ့လျော ပြောင်းလဲလုပြီနည်း၊ မိမိမသိ၊ မိမိအဖို့မူ အလျားအနံ၊ အမြင့်သည်လည်း ပြောင်းလဲခြင်းမရှိ၊ အချိန်ကာလသည်လည်း ပြောင်းလဲခြင်းမရှိ၊ အလုံးစုံသည် အမှောင်နှင့်အမည်းသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမတွင် အာရုံငါးပါး ရှိမရှိလည်း သံသယဖြစ်ရသည်။

မိမိထင်မြင်ခြင်းလည်း မရှိ၊ မိမိတွင် ကြားခြင်းလည်း မရှိ၊ မိမိတွင် ရနံ့လည်း ကင်းပြီထင်ရသည်။ နှာခေါင်းကို အသုံးပြုရန် ကြိုးစားတိုင်း မွန်းကျပ်ခြင်းသာ ဖြစ်ရသည်။ မိမိတွင် ဆာလောင်ခြင်းလည်း မရှိ၊ ခံတွင်းချဉ်ခြင်းလည်း မရှိ၊ ရင်လှပ်မောဟိုက်ခြင်းသာ ရှိသည်။

မိမိ၏ ခန္ဓာကိုယ်အခက်အဖြာအားလုံးသည် မည်သည့်အရာနှင့်မျှ ထိတွေ့ခြင်းမရှိဟု ထင်ရသည်။ တုံ့ဆိုင်းခြင်းအတိ ဖြစ်နေသည်။ စကြဝဠာတံတိုင်း၏ အပြင်ဘက်တွင် လွင့်မျောသွားနေသည်ဟု ထင်ရသည်။

သူမတွင် အသိတစ်ခု ဝင်လာသည်။

မိမိဆိုသည်မှာ အမှန်တကယ် ရှိနေပေသေးသည်။ မိမိသည် အကောင်အထည်မရှိသော စိတ္တဇရုပ်တစ်ခုကား မဟုတ်ပါသေးချေ။ မိမိတွင် ခြေရှိသည်။ မိမိတွင် လက်ရှိသည်။ မိမိတွင် ခေါင်းရှိသည်။ မိမိသည် ဓာတ်လေးပါးဖြင့် ဖွဲ့စည်းအပ်သော လူသားတစ်ယောက်ဖြစ်သည်။

မိမိတွင် တင်သားများ ရှိသည်။ မိမိတွင် ရင်သားများ ရှိသည်။ မိမိသည် မိန်းမသားတစ်ဦးဖြစ်သည်။ မိမိ၏ တင်သားများသည် ဖွံ့ဖြိုးခြင်းဖြင့် ပြီး၏၊ မိမိ၏ ရင်သားများသည် ဖွံ့ဖြိုးခြင်းဖြင့် ပြီး၏။

ယင်းသို့ တပြိုးလည်း သူမ၏ စိတ်များ ထွေပြားနေသည်။ ဝေဝါးနေသည်။

မိမိဘယ်မှာ ရောက်နေသနည်း။ မိမိဘာဖြစ်နေသနည်း။ မိမိမည်သူနည်း။ မိမိမည်သို့မျှ မသိနိုင် ရှိသည်။ မိမိ၏ အရပ် ဆယ်မျက်နှာသည် ပိန်းပိန်းပိတ်နေသည်။

သူမ၏ အတွင်းစိတ်တစ်နေရာတွင် ရုတ်တရက် လျှပ်ရောင်ပြိုးပြက်သည်။

မိမိ၏ အတိတ်ကို အမှောင်ထဲတွင် ဖွေရှာ၍ မရနိုင်သော်လည်း မိမိ၏ ပစ္စုပ္ပန်မှာမူ မိမိနှင့်အတူ ရှိနေပေသည်။ မိမိ၏ ပစ္စုပ္ပန်ကို မိမိသိနေသည်။

BURMESE CLASSIC .com



မိမိရှိနေသည်။ မိမိသည် တစ်နေရာတွင် ရှိနေသည်။ မိမိသည် တစ်နေရာတွင် တစ်စုံတစ်ခုသော အကြောင်းခြင်းရာနှင့် အတူရှိနေပေသည်။

ယင်းသို့ဆိုလျှင် အမှောင်တိုက်၏ အခြားတစ်ဖက်တွင် အနာဂတ်ဆိုသည်မှာ ရှိနေပေလိမ့်မည်။ အမှောင်တိုက်ကို မိမိထွင်းဖောက်ရပေလိမ့်မည်။ တောင်းကိုမဖောက်၊ တောင်ကိုဖောက်သည့် စိန်ကျောက်အလား ဖြစ်ရပါမည်။

သူမ၏ ကျောပြင်လွန့်လူးသည်။ ထိတွေ့မှု ရှိသည်။ မာကျောသည်။ အေးစက်သည့် အုတ်သားပြင်ဖြစ်သည်။

စကြဝဠာတံတိုင်းဆိုသည်မှာ ဤသည်ပင်လား။

သူမ၏ တင်သားများကို လွန့်လူးသည်။ ထိုတွေ့မှုရှိသည်။ မာကျောသည်၊ အေးစက်သည်၊ အုတ်သားပြင်ဖြစ်သည်။

ဥယျာဉ်အတွင်းမှ ကျောက်ဖျာပြင် ဖြစ်ချေသည်လား။

သူမ၏ လက်နှစ်ဖက်ကို လှုပ်ရှားသည်၊ ဆန့်တန်းသည်၊ ဝှေ့ယမ်းသည်။ ထိကိုင်သည်။ ပွတ်သပ်သည်။

မိမိ၏ အဖြစ်ကို ရုတ်တရက် သိရသည်။ မိမိသည် မှောင်မည်းသော တိုက်ခန်းတစ်ခုအတွင်း၌ ရောက်ရှိနေသည်။ အုတ်နံရံကို ကျောမှီပြီး သမံတလင်းပေါ်တွင် ထိုင်နေသည်။

အဘယ်မျှ ကြာခဲ့ပြီကိုကား မိမိမပြောတတ်၊ အဘယ်ပုံရောက်ခဲ့သည်ကိုလည်း မိမိမစဉ်းစားတတ်။

လက်နှစ်ဖက်ကို အားပြုပြီး အုတ်နံရံကို ကျောဖြင့် ပွတ်တိုက်လျက် တဖြည်းဖြည်းချင်း သူမထသည်။ သူမ ထိုင်ခဲ့စဉ်ကလည်း ဤသို့ပင် အုတ်နံရံကို ကျောဖြင့် ပွတ်တိုက်ပြီး တဖြည်းဖြည်းချင်း သမံတလင်းပေါ်သို့ ကျရောက်သွားခဲ့ချေသည်လား။

ရုတ်တရက် သူမတွင် ကြောက်ရွံ့စိတ် ဝင်လာသည်။ သူမ၏ ဒူးနှစ်ဖက် တဆတ်ဆတ်တုန်နေသည်။ သူမ၏ ရင်အစုံ ခုန်နေသည်။

အမှောင်ထဲတွင် ခြေတစ်ဖက်လှမ်းလိုက်သည်။ နောက်တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြန်သည်။

တစ်စုံတစ်ခုကို ဘယ်ဘက်ခြေဖျားဖြင့် တို့ခတ်မိသည်။ ထိုအရာ ရွေ့လျားသွားသည်။ သူမ၏ ခေါင်းတွင် ထိန်းခနဲဖြစ်သွားသည်။ ခြေစုံ ရပ်လိုက်သည်။

ထို့နောက် သူမကုန်းငုံ့ပြီး ခြေဖြင့် ခတ်မိသော အရာဝတ္ထုကို လက် တစ်ဖက်ဖြင့် စမ်းသည်။ ပထမက အေးစက်သော သမံတလင်းကို စမ်း မိသည်။ ထို့နောက်တွင်မှ ပူနွေးသော ခြောက်သွေ့သော ရွေ့လျားသော အရာကို လက်ဖျားဖြင့် တို့ထိမိသည်။ သားရေ သို့မဟုတ် ပလပ်စတစ်ဖြစ် သည်။ လက်ကိုင်အိတ်တစ်ခုဖြစ်သည်။

လက်ကိုင်အိတ်ကို ကောက်ယူလိုက်သည်။ ရင်ခွင်ထဲတွင် ကပ်ထား လိုက်ပြီး လက်နှစ်ဖက်နှင့် ဖွင့်ရန် ကြိုးစားကြည့်သည်။ မည်ကဲ့သို့ ဖွင့်ရ မည်နည်း။ မည်သည့်နေရာတွင် ဖွင့်ရမည်နည်း။ လက်ကိုင်အိတ်သည် သူမနှင့် စိမ်းသလိုဖြစ်နေသည်။ မိမိလက်ကိုင်အိတ်သာဆိုလျှင် အလင်းတွင် ဖြစ်စေ၊ အမှောင်တွင်ဖြစ်စေ၊ အလွယ်တကူ ဖွင့်နိုင်ရမည်ဖြစ်သည်။ ယခု တော့ သူမ၏ သွယ်လျသော လက်ချောင်းများသည် ဟိုစမ်းစမ်း ဒီစမ်းစမ်း နှင့်။

ထို့နောက် အိတ်ပွင့်သွားသည်။ အိတ်ထဲသို့ လက်နှိုက်ပြီး စမ်းကြည့် ပြန်သည်။ အေးစက်မာကြောသော အရာဝတ္ထုတစ်ခုကို စမ်းမိသည်။ သေ နတ်လား။ လက်တွန့်သွားသည်။ သို့သော် မဟုတ်ပါ။ မီးခြစ်လား၊ ထပ်ပြီး စမ်းကြည့်သည်။ မီးခြစ်လည်း မဟုတ်ပါ။ သေးငယ်သော အိတ်ဆောင် လက်နှိပ်ဓာတ်မီးကလေး ဖြစ်သည်။

သူမ၏ လက်ကိုင်အိတ်ဖြစ်ပါလိမ့်မည်။ သူမ၏ လက်နှိပ်ဓာတ်မီးပဲ ဖြစ်ပါလိမ့်မည်။ ဤအရာများနှင့် မိမိအကျွမ်းဝင်သည်ဟု သူမ၏ စိတ်ထဲ တွင် ရုတ်တရက် ထင်မြင်လာသည်။ ဤအခန်းထဲသို့ သူမဝင်လာစဉ်က ဤလက်ကိုင်အိတ် အကြောင်းတစ်ခုကြောင့် လွတ်ကျသွားခြင်း ဖြစ်ပါလိမ့် မည်။



ဤအခန်းထဲသို့ အဘယ်ကြောင့် မိမိရောက်လာရသနည်း။ သူမ မသိ ပါ။ သူမ စဉ်းစား၍ မရပါ။ မည်သည့်အရပ် မည်သည့်ဌာနဟု မိမိစဉ်းစား ၍ မရပါ။

မိမိသိတာ တစ်ခုတော့ ရှိသည်၊ ဤအခန်းထဲတွင် တစ်စုံတစ်ယောက် သေဆုံးလျက်ရှိသည်။ သမံတလင်းပေါ်တွင် လဲကျနေသည်။ ယင်းအချက် ကို မိမိဘယ်ကဲ့သို့ သိသည်ကိုတော့ မပြောတတ်ပါ။ စိတ်ထဲမှာ သိနေတာ ပဲ ဖြစ်သည်။

'အို…ငါ ဒီက မြန်မြန်သွားမှ မြန်မြန်သွားမှ'

သူမ ရုတ်တရက် တုန်လှုပ်လာသည်။ ကြောက်လန့်လာသည်။ ဤ နေရာမှ ထွက်ခွာသည်။ တစ်လှမ်း၊

နောက်တစ်လှမ်းလှမ်းရမည်ကို စိတ်ထဲတွင် မရဲဘဲ ဖြစ်နေသည်။ မှောင်နေသည်။ အမှောင်က မိမိကို ပြုစားချေပြီ။

ရုတ်တရက်ဆိုသလို လက်နှိပ်ဓာတ်မီးကို သတိရလိုက်မိပြန်သည်။ မိမိရှေ့အမှောင်ထဲတွင် အမျိုးသမီးတစ်ယောက် သေဆုံးနေသည်။ သေ သွားသည်။ သူ့ကို မိမိကိုယ်တိုင် တွေ့မြင်ပြီးဟန်ရှိသည်။ သို့သော် ပိုပြီး သေချာအောင် ထပ်မံပြီ ကြည့်ချင်သည်။

လက်ကိုင်အိတ်ထဲက လက်နှိပ်ဓာတ်မီးကို ထုတ်ယူလိုက်သည်။ ခလုတ်ကလေးကို လက်မဖြင့် ဖိပြီး ရှေ့သို့ တိုးလိုက်သည်။ သေးငယ်သော အလင်းရောင်တန်းကလေးသည် အမှောင်ကို ထွင်းဖောက်သည်။ တစ်စုံ တစ်ခုပေါ်သို့ ကျရောက်သည်။

မိမိထင်ထားသည့်အတိုင်းပင်။ အမှန်တော့ မိမိသိထားသည့်အတိုင်း ပင်ဟု ဆိုရပေမည်။

သမံတလင်းပေါ်တွင် အမျိုးသမီးတစ်ယောက် လဲနေသည်။ ခြေ သလုံး၊ ပေါင်တံ၊ တင်ပါးဆုံ၊ ကျော၊ ခေါင်း၊ အားလျား မှောက်လျက်ဖြစ် သည်။ ခေါင်းတွင် ဒဏ်ရာရှိသည်။ သေနတ်ကျည်ဆန် ထိမှန်ထားခြင်းဖြစ် သည်။ လက်နှစ်ဖက်သည် ရှေ့သို့ ဆန့်တန်းလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ရှေ့သို့ တိုးသွားသည်။ လက်နှိပ်ဓာတ်မီးကို သတိထားပြီး အသုံးပြုသည်။ အထူးသဖြင့် နောက်စေ့ပွင့်ထွက်နေသော ခေါင်းကို မတိုးမိစေရန် ရှောင်သည်။ လဲနေသူ၏ အနီးတွင် သူမ ထိုင်ချလိုက်သည်။ လဲနေသူ၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကြည့်သည်။ အေးနေသည်၊ တောင့်နေသည်။ သွေးတိုးခြင်း၊ သွေးခုန်ခြင်း လုံးဝမရှိတော့။

သူမ ထလိုက်သည်။ အခန်းထဲတွင် အခြား ဘာမျှမရှိပါ။ လူလည်း မရှိ၊ ပရိဘောဂလည်း မရှိပါ။ သေဆုံးသူ၏ ဘေးတွင် လက်နှိပ်ဓာတ်မီး တစ်လက် ရှိသည်။ နှစ်တောင့်ထိုးလား၊ သုံးတောင့်ထိုးလား မသိပါ။ မှန်များ ကွဲကြေနေသည်။ စောစောက ယင်းလက်နှိပ်ဓာတ်မီးကို အသုံးပြုခဲ့ဟန်တူသည်။ ယင်းမီးရောင်ဖြင့် ဤမိန်းမငယ်ကို တွေ့ခဲ့ရခြင်း ဖြစ်သည်။ သို့သော် ယင်းလက်နှိပ်မီးသည် မိမိပစ္စည်းဟုတ်မဟုတ်ကို မပြောနိုင်ပါ။ မိမိလက်ထဲသို့ အဘယ်ပုံရောက်ခဲ့သည်ကို မိမိမသိပါ။ သို့သော် မိမိလက်ထဲမှ လွတ်ကျသည့်ဟု ထင်သည်။ မိမိကြောင့် မှန်ကွဲသွားသည်ဟု ထင်သည်။ သို့သော် ထိုလက်နှိပ်ဓာတ်မီးကို သူမ မကောက်ယူပါ။

သူမအနေနှင့် ဤတွင် ဘာမျှလုပ်စရာမရှိပါ။ ဤနေရာမှ မြန်မြန်ထွက်ခွာသွားရန်သာ ဖြစ်သည်။ ခပ်ဟဟပွင့်နေသော တံခါးဆီသို့ နှစ်လှမ်းလှမ်းမိသည်။ သူမ၏ စိတ်ထဲတွင် ရုတ်တရက် ကြောက်စိတ်ဖြစ်ပေါ်လာသည်။ သူမ၏ လက်ထဲတွင် မီးဖွင့်ထားသော လက်နှိပ်ဓာတ်မီး ရှိနေသည်။ မီး ပိတ်လိုက်သည်။ မှောင်သွားသည်။ မြင်ကွင်းတွင် ဘာမျှမရှိတော့။

ရင်ခုန်ငြိမ်အောင် စောင့်သည်။ အတော်ကြာအောင် စောင့်ရသည်။ ထို့နောက် တံခါးပေါက်ဆီသို့ မှန်းပြီး လျှောက်ခဲ့သည်။

တံခါးကို အသာတွန်းဖွင့်သည်။ အပြင်သို့ ကမန်းကတန်း ထွက်သည်။ ထို့နောက် ဘာဖြစ်သည်ကို မမှတ်မိတော့။ မိမိကိုယ်ကို နေရောင်ထဲတွင် တွေ့ရတော့မှ မိမိအိမ်အပြင်ဘက်သို့ ရောက်လာပြီဖြစ်ကြောင်း သတိပြုမိသည်။ အိမ်ထဲမှ မည်သို့ထွက်ခဲ့မှန်းမသိ၊ အိမ်ရှေ့တံခါးမကြီး ပိတ်မထားကြောင်း ရေးတေးတေး မှတ်မိသည်။



သည့်နောက် တစ်ဖန် မိမိကိုယ်ကိုမိမိ မေ့သွားပြန်သည်။ ကားသံတွေကြားမှ သတိပြန်ရသည်။ မိမိလမ်းမကြီးပေါ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။ ဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် ရပ်နေသည်။ ဝန်းကျင်တွင် လူတွေ ရှိသည်။ သူတို့ကို ဂရုမပြုမိပါ။ ရုတ်တရက် ထိုးဆိုက်လာသော ဘတ်စ်ကားပေါ်သို့ တက်ခဲ့သည်။ ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

× × ×

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ဘတ်စ်ကားပေါ်တွင် လူတွေ ထိုင်ခုံပြည့်လောက်ရှိသည်။ သို့သော် သူတို့ကို သူမ သတိမပြုမိပါ။ သူတို့နှင့် မိမိဆက်စပ်သည်ဟု မထင်မိပါ။ သူတို့က တစ်ကမ္ဘာဟု ထင်ရသည်။ မိမိ၏ ကမ္ဘာသည် တောထဲတွင် လွင့်မျောလျက်ရှိသည်။

သူမအနီးသို့ လက်မှတ်ရောင်း ရောက်လာသည်။ သူမက လက်ကိုင်အိတ်ကိုဖွင့်ပြီး ငါးကျပ်တန်တစ်ရွက် ပေးလိုက်သည်။ ပါးစပ်မှလည်း တစ်စုံတစ်ခု ပြောလိုက်မိသည်။ ဘာမှန်း မမှတ်မိပါ။ လက်မှတ်ရောင်းက ကားလက်မှတ်နှင့် ပြန်အမ်းငွေများ ပေးသည်။

ဘတ်စ်ကားသည် ရပ်လိုက်ထွက်လိုက် ဖြစ်သည်။ ခရီးသည်တွေ တက်လိုက်ဆင်းလိုက်ဖြစ်သည်။ နောက်ဆုံးတွင် ကားဆက်မသွားတော့ပါ။ အကြာကြီး ရပ်နေသည်။ ကားပေါ်လည်း လူတွေ မရှိတော့ပါ။

"ဂိတ်ဆုံးရောက်နေပြီ၊ ညီမလေး ဘယ်သွားမှာလဲ"

သူမ၏ လက်ယာဘက်မှ အသံကြားသဖြင့် လှည့်ကြည့်လိုက်သည်။ စကြိုပေါ်တွင် ရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ သူမကို ပြုံးပြီး ကြည့်နေသည်။ ကြင်နာချိုသာသော မျက်နှာရှိသည်။ သူမထက် အသက်အနည်းငယ် ကြီးပုံရသည်။ အင်္ကျီလက်ရှည်အဖြူနှင့် တက်ထရွန်ထဘီအစိမ်းကို ဝတ်ထားသည်။ လက်ထဲတွင် စာအုပ်တွေ ထည့်ထားသော ကြိမ်ဆွဲခြင်းတစ်ခု ရှိသည်။ ကျောင်းဆရာမတစ်ယောက် ဖြစ်ပေမည်။



"ဩော် ..ဟုတ်ကဲ့"

သူမ ကားပေါ်မှ ကမန်းကတန်းဆင်းသည်။ အထလိုက်တွင် ခေါင်းမိုက်ခနဲ ဖြစ်သွားသည်။ ကားပေါ်မှအဆင်းတွင် ယိုင်သွားသည်။ ကျောင်းဆရာမက သူမ၏ လက်မောင်းကို ဆုပ်ကိုင်ထားလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

"ညီမလေး နေမကောင်းဘူးထင်တယ်"

"ကျွန်မ နေကောင်းပါတယ်"

သို့သော် ကျောင်းဆရာမ သူမကို မလွှတ်ဘဲ အနီးရှိ အအေးဆိုင်တစ်ခုသို့ တွဲခေါ်သွားသည်။ စားပွဲတစ်ခုတွင် ထိုင်ကြသည်။ ဆရာမက သံပရာရည်နှစ်ခွက် မှာသည်။

"မမနာမည်က တင်တင်အေးပါ"

"ဩော်.. ဟုတ်ကဲ့"

"ညီမလေး နာမည်ကကော"

"ရှင်..."

သူမ၏ မျက်လုံးများ ပြူးကြောင်သွားသည်။ မိမိတွင် နာမည်ရှိမရှိ စဉ်းစားနေသည်။ တင်တင်အေးဆိုသော အမျိုးသမီးကို ဘာပြန်ပြောရမှန်း မသိ ရှိနေသည်။

ယင်းအခိုက် သံပရာရည်နှစ်ခွက် ရောက်လာသည်။ သူမက ချက်ချင်းပင် သံပရာရည်ခွက်ကို ယူပြီး သောက်သည်။ ရင်ထဲမှာ အမောပြေသွားသည်။ ခေါင်းထဲမှာ အတော်ကလေး ကြည်လင်သွားသည်။

သို့သော် မိမိဘယ်သူမှန်းမသိသေး။

မည်းမှောင်သော အခန်းကျဉ်းကလေးထဲတွင် ရောက်နေသည်၏ ဟိုဘက်ကို သူမစဉ်းစား၍ မရနိုင်ပါ။ ဆရာမသည် သူမ၏ အခက်အခဲကို သိမြင်ဟန်ရှိသည်။

"ညီမလေးကို မမဘာအကူအညီ ပေးရမလဲ"

"ကျွန်မ ဘာမှမပြောတတ်အောင် ဖြစ်နေပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးမှာ ပိုက်ဆံတွေတော့ အများကြီးပဲ"

"ရှင်..."

"ကားပေါ်မှာတုန်းက ညီမလေး ကားခပေးဖို့ ပိုက်ဆံအိတ်ကို ဖွင့်လိုက်တော့ နှစ်ဆယ်တန်တွေ တစ်ထပ်လိုက်ကြီး မြင်လိုက်ပါတယ်"

"ရှင်"

သူမက ပေါင်ပေါ်တွင် တင်ထားသော လက်ကိုင်အိတ်ကို ငုံ့ကြည့်လိုက်သည်။ အနက်ဖြစ်သည်။ အဖြူနားကွပ်သည့် မိမိအိတ်ဟု စိတ်ထဲတွင် မထင်။ အိတ်အသစ်ဖြစ်မည်။ အိတ်ကိုဖွင့်ကြည့်လိုက်သည်။ နှစ်တယ်တန်များ၊ လက်ကိုင်ပဝါတစ်ထည်၊ မှန်ဝိုင်းငယ်တစ်ခု၊ ဤပစ္စည်းတွေကို ယခင်က မိမိမြင်ဖူးသည်ဟုလည်း ထင်သည်။

အိတ်နှစ်ဖက် ပါရှိသည်။ အခြားတစ်ဖက် ဖွင့်ကြည့်သည်။ သေးငယ်သော လက်နှိပ်ဓာတ်မီးကလေး ရှိသည်။ စာအိတ်တစ်အိတ် ရှိသည်။ စာအိတ်ကို ဆွဲထုတ်လိုက်သည်။ 'သို့ မသူဇာ'ဟု လိပ်စာ တပ်ထားသည်။

မသူဇာ၊ မသူဇာ။

သူမစိတ်ထဲတွင် ရွတ်ဆိုလိုက်သည်။ ဤနာမည်သည် မိမိ၏ နာမည်ပင်လော၊ သူမမပြောတတ်ပါ။

စာအိတ်ထဲတွင် စာတစ်စောင်ရှိသည်။ သူမ ဆွဲထုတ်လိုက်သည်။ သူမ၏ လှုပ်ရှားမှုများကို တင်တင်အေးက ဂရုတစိုက် လေ့လာကြည့်ရှုလျက် ရှိသည်။

မသူဇာဟူသော အမည်သည် သူမ၏ နားထဲတွင် စိမ်းနေသည်။ စာကိုကိုင်ထားပြီး အတန်ကြာ ငိုင်နေမိသည်။ စာကို ဖတ်သင့်မဖတ်သင့် ချင့်ချိန်နေမိသည်။ တစ်ပါးသူ၏ စာဆိုလျှင် မိမိဖတ်၍ မလျော်ပါချေ။

သို့သော် လောလောဆယ်တွင်မူ ဤအိတ်နှင့် ဤစာသည် မိမိလက်ထဲတွင် ရှိနေသည်။ မိမိ၏ ပစ္စည်းများပင် ဖြစ်သည်။ မိမိကိုယ်ကို ရှာဖွေတွေ့ရှိနိုင်သော သဲလွန်စဟူ၍လည်း ဤတစ်ခုပဲ ရှိသည်။



ဤစာသည် သူမ၏စာမဟုတ်ခဲ့လျှင် သေဆုံးသူအမျိုးသမီး၏ စာပင် ဖြစ်ပေလိမ့်မည်။ သေဆုံးသူမည်သူနည်း။ သူမအဘယ်သို့ သိနိုင်ပါမည်နည်း။

နောက်ဆုံးတွင် တုန်နေသော လက်ချောင်းများဖြင့် စာရွက်ခေါက်ကို ဖြန့်ပြီး ဖတ်မိသည်။

သန်လျင်မြို့။
နှင်းဆီမြိုင်။

မသူဇာ...

ဇော်မင်းထွန်းဆီက စာရတော့ တို့များ သိပ်ပြီး အံ့ဩရတယ်။ သူ မိန်းမရပြီဆိုတော့ တို့မယုံနိုင်ဘူး။ ဒါလောက်မြန်မြန် ရလိမ့်မယ်လို့ မထင်ဘူး။ ဒီလို ရုတ်တရက်ကြီး လက်ထပ်လိမ့်မယ်လို့ တို့မမျှော်လင့်ဘူး။ တို့များ သိပ်ပြီး အံ့ဩရတယ်။ ဒါပေမယ့် အံ့ဩတာက အံ့ဩတာပဲ။ ဘာမှကန့်ကွက်စရာ မရှိပါဘူး။ သူက တို့သဘောမတူမှာကို စိုးရိမ်နေတယ်။ မသူဇာကို တို့များ မမြင်ဖူး မတွေ့ဖူးသေးပေမယ့် ဇော်မင်းထွန်းရဲ့ ဇနီးအဖြစ်နဲ့ ကြိုဆိုလက်ခံရမှာပါပဲ။ ဒီစာကို ရရချင်း သန်လျင် နှင်းဆီမြိုင်ကို အမြန်လာခဲ့ပါ။

တင်တင်လတ်

စာကို နှစ်ခေါက်ပြန်ဖတ်သည်။ ထို့နောက် ခေါင်းမော့ပြီး

"ကျွန်မနာမည် မသူဇာပါ။ ကျွန်မ သန်လျင်ကို သွားမလို့ပါ။ အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူမက စာကို စာအိတ်ထဲ ပြန်ထည့်ရင်း ပြောသည်။ ထို့နောက် စာအိတ်ကို လက်ကိုင်အိတ်အတွင်းသို့ ထည့်လိုက်သည်။

"သဘော်ဆိပ်ကို မမလိုက်ပို့ပေးရဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးမမ၊ ညီမဘာသာ သွားပါ့မယ်"

သူမ ထိုင်ရာမှထသည်။

"ညီမလေးမှာ အကူအညီလိုနေရင် မမဆီကို ဘယ်တော့ဖြစ်ဖြစ် လာခဲ့ပါ။ မမဒီလမ်းထဲမှာ နေပါတယ်။ စကားဝါလမ်း၊ အိမ်နံပါတ် ၄၈၃၊ ဆရာမကင်တင်အေးလို့ မေးရင် ဘယ်သူမေးမေး ရပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်...မမ"

× × ×

## အခန်း(၃)

လမ်းခရီးအကြောင်း သူမ ကောင်းကောင်းမမှတ်မိပါ။ နောက်ပိုင်းတွင် ပြန်စဉ်းစားသောအခါ အိပ်မက်တစ်ခုလို ဖြစ်နေသည်။ စင်ရော်တွေကိုတော့ မှတ်မိသည်။ လှိုင်းထသော ရေပြင်ကိုလည်း မှတ်မိသည်။ သည်နှစ်ခုက လွဲလျှင် အခြားဘာကိုမျှ မမှတ်မိတော့။ လူအုပ်ကြီးနှင့်အတူ သင်္ဘောပေါ်မှ ဆင်းခဲ့သောအခါမှပင် သန်လျင်သို့ ရောက်နေပြီဖြစ်သော အသိကို ပြန်လည်ရရှိပါသည်။

မိမိတွင် အသိမရှိပါ။ မိမိကို ကြိုမည့်သူ မရှိပါ။ ဆိပ်ခံတံခါးပေါက်မှ ထွက်ခဲ့သောအခါ ကားတွေ၊ မြင်းလှည်းတွေ ရှုပ်ရှက်ခတ်နေသည်။

မိမိသွားရမည့်အရပ်သည် ခရမ်း၊ သုံးခွလည်း မဟုတ်ပါ။ ကျိုက်ခေါက်ကျောက်တန်းလည်း မဟုတ်ပါ။ နှင်းဆီမြိုင်သာ ဖြစ်ပါသည်။

သို့ဖြင့် သူမသည် မြင်းလှည်းသမားများထံ ချဉ်းကပ်သည်။ မြင်းလှည်း တစ်စီးဖြင့် လိုက်ပါသွားသည်။ အဒေါ်ကြီးတစ်ယောက်နှင့် ကလေးတစ်ယောက်သည် လမ်းတွင် ဆင်းသွားသည်။ ထို့နောက် မြင်းလှည်းသည် သူမတစ်ယောက်တည်းကို တင်ဆောင်ပြီး အတန်ကြာအောင် ဆက်လက်မောင်းနှင်သွားသည်။ ဘယ်သို့ ချိုးသည်၊ ညာသို့ချိုးသည်။ တည့်တည့်သွားသည်။ သူမက ဝဲယာမှ အိမ်များခြံများကို အဓိပ္ပာယ်မဲ့ ငေးမောနေမိသည်။

မြင်းလှည်းရပ်သွားသည်။

"နှင်းဆီမြိုင်ကို ရောက်ပြီမိန်းကလေး"

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသမား အဘိုးကြီးက ပြောသည်။

သူမက လက်ကိုင်အိတ်ကို တစ်ကြိမ်ဖွင့်ရပြန်သည်။ မြင်းလှည်းခ ပေးပြီး လှည်းပေါ်မှ ဆင်းသည်။ ခြံဝင်းပေါက်တစ်ခုကို တွေ့ရသည်။ နှင်းဆီမြိုင် ဟူသော ဆိုင်းဘုတ်ကလေးက သူမကို ဆီးကြိုလျက်ရှိသည်။

မြင်းလှည်းကလေးသည် ချူသံ ခွာသံတလွင်လွင်ဖြင့် ပြန်လည်ထွက်ခွာသွားချေပြီ၊ သူမသည် နေရာစိမ်း ကမ္ဘာစိမ်းကစ်ခု၏ တံခါးဝတွင် ရောက်နေရပေပြီ။ များမကြာမီတွင် လူစိမ်းများနှင့် တွေ့ရတော့မည်။ အခြေအနေစိမ်းများနှင့် ရင်ဆိုင်ရလေတော့မည်။

နှင်းဆီမြိုင် ဟူသော ဆိုင်းဘုတ်ကလေးသည် သူမကို ချောက်လှန့်လျက်ရှိသည်။ ခြံဝင်းတံခါး ပိတ်မထားပါ။ တံခါးနှစ်ရွက်စလုံး ဖွင့်ထားသည်။ ခြံဝင်းနှင့်အိမ် အတန်ငယ်လှမ်းသည်။ ကျယ်ဝန်းသော ခြံကြီးတစ်ခုဖြစ်ဟန်ရှိသည်။ ခြံစည်းရိုးတစ်လျှောက်တွင် ဝါးပင်များ ရှိသည်။ အိမ်နှင့်ဝင်းပေါက်ကြားတွင် အုပ်ဆိုင်းဝေဆာသော အပင်များ ရှိသည်၊ တည်င်းပင်ပျိုများ ဖြစ်သည်။

ခြံဝင်းထဲသို့ သူမဝင်ခဲ့သည်။ တဖြည်းဖြည်းချင်း လျှောက်သွားသည်။ လူရိပ်လူခြည် မတွေ့ရပါ။ နှစ်ထပ်အိမ်ကြီးသည် တဖြည်းထက်တဖြည်း မြင့်လာသည်။ သို့သော် ထူးဆန်းသော အိမ်ကြီးတစ်ခုတော့ မဟုတ်ပါ။ ဤအရပ်ဒေသတွင် မြင်တွေ့ရမြဲဖြစ်သော မြန်မာနှစ်ထပ်အိမ်မျိုးသာ ဖြစ်သည်။

အိမ်ရှေ့တံခါး ပိတ်ထားသည်။ လူခေါ်ခေါင်းလောင်းမရှိ၊ သူမအနည်းငယ် တုန့်ဆိုင်းနေပြီး တံခါးကို ခေါက်လိုက်သည်။

တံခါးပွင့်သွားသည်။ မိန်းမကြီးတစ်ယောက် ပေါ်လာသည်။ အသက် ၅၀ ကျော်လောက်ပြီ။ ဝသည်။ ဖြူသည်။ မျက်နှာချိုသည်။

"ဘာကိစ္စရှိလို့လဲ မိန်းကလေး"

"ကျွန်မ မသူဇာပါ"

"အို…ဟုတ်လား၊ မိန်းကလေး ရောက်လာပြီလား"



မိန်းမကြီးက အိမ်အတွင်းဘက်သို့ လှည့်လျက် …

"တင်တင်လတ်ရေ မသူဇာ ရောက်လာပြီကွယ်"

ဧည့်ခန်းကြမ်းကုလားထိုင်တစ်လုံးတွင် အမျိုးသမီးတစ်ယောက်ထိုင်နေသည်။ ဆွယ်တာထိုးနေသည်။ ထိုအမျိုးသမီးက တံခါးပေါက်ဆီသို့ တစ်ချက် လှမ်းကြည့်သည်။ အကြည့်စိမ်းသဖြင့် မသူဇာ အားငယ်ရသည်။

"လာလာ မိန်းကလေး အိမ်ထဲဝင်လေ"

မိန်းမကြီးက မသူဇာကို ဧည့်ခန်းတွင်းသို့ ခေါ်သွားသည်။ တင်တင်လတ်က ထိုးလက်စအကျႌကို ပေါင်ပေါ်သို့ ချပြီး…

"မသူဇာက မိန်းမချောတစ်ယောက်ပဲ"

"ရှင်…"

"ဒါကြောင့်လည်း ဇော်မင်းထွန်းက ယူတာပေါ့လေ"

မသူဇာ ဘာပြန်ပြောရမှန်းမသိ။

"မသူဇာထိုင်လေ"

တင်တင်လတ်က အမိန့်ပေးသည်။ မသူဇာထိုင်ရသည်။

"မသူဇာ ဘာနဲ့လာသလဲ"

"မြင်းလှည်းနဲ့ပါ"

"မသူဇာ ပစ္စည်းတွေကော"

"ကျွန်မမှာ ဘာပစ္စည်းမှ မပါပါဘူး"

သူမက မရွံ့မရဲ ပြောလိုက်သည်။

"အို…အဝတ်အစားတောင် မပါဘူးလား"

"ကျွန်မပစ္စည်းတွေ ရန်ကုန်မှာ ပျောက်သွားပါတယ်"

သူမက ခပ်တည်တည် ပြောလိုက်သည်။ ယခုမှတော့ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဖြစ်ရလေတော့မည်။

"အို…ဖြစ်မှဖြစ်ရလေကွယ်၊ ဘယ်လိုလုပ်ပြီး ပျောက်ရတာလဲ"

"ဒီကိုအလာမှာ ကားပေါ်ပါသွားပါတယ်"

"အင်း..အဝတ်တစ်ထည်ကိုယ်တစ်ခုပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တင်တင်လတ်က သူ့ဟာသူ မှတ်ချက်ချသလို ပြောလိုက်သည်။

"မနက်ဖြန်ကျရင် ဒီမှာ ဝယ်လို့ ရမလား၊ ကျွန်မမှာ ပိုက်ဆံပါပါတယ်။

"ပိုက်ဆံက အရေးမကြီးပါဘူး။ ထဘီတော့ ဝယ်လို့ရမှာပေါ့။ တို့မှာ ရှိတာလည်း လောလောဆယ် ယူဝတ်လို့ ရမှာပေါ့။ အင်္ကျီကတော့ မချုပ်ဘဲနဲ့ ဖြစ်ပါ့မလား၊ တို့အင်္ကျီတွေလည်း တော်မှာမဟုတ်ဘူး။ မသူဇာက ကိုယ်အကြီးကြီးပဲ"

တင်တင်လတ်က သူမ၏ ရင်ညွန့်ဆီသို့ ကြည့်ပြီး ပြောလိုက်သဖြင့် မသူဇာ ခေါင်းငုံ့ထားလိုက်ရသည်။

"ဒေါ်နှင်းစိန် မသူဇာသောက်ဖို့ တစ်ခုခုလုပ်ပါဦး၊ အမောပြေ လိမ္မော်ရည်ပဲ ကောင်းပါတယ်"

မိန်းမကြီး အခန်းထဲမှ ထွက်သွားသောအခါ ဧည့်ခန်းထဲတွင် မသူဇာနှင့် ဒေါ်တင်တင်လတ် နှစ်ယောက်တည်း ကျန်ရစ်သည်။

"ဇော်မင်းထွန်းက ဘာမှာလိုက်သေးလဲ"

"ရှင်…"

မသူဇာ လန့်သွားသည်။

"ဇော်မင်းထွန်းက ဘာမှလိုက်သေးလဲ"

တင်တင်လတ်က ဒုတိယအကြိမ် ထပ်မေးသည်။

မသူဇာ မျက်နှာပျက်သွားသည်။ တကယ်တော့ ဇော်မင်းထွန်းဆိုသည်ကို မိမိမသိပါ။ မိမိ၏ အဖြစ်မှန်ကို ဖွင့်ပြောရလျှင် ကောင်းမည်လားဟု စိတ်ကူးမိသည်။ အခြေအနေကို မလေ့လာရသေးဘဲနှင့် ဘယ်သူ့ကိုမှ ဘာမှ မပြောသင့်ပေ။ သူလည်း တွက်မိသည်။ ပထမဆုံးအလုပ်က မိမိကိုယ်ကိုမိမိ မည်သူနည်းဟု သိရှိဖို့ပင် ဖြစ်သည်။

မီးစင်ကြည့်ပြီး ကရမည့် အခြေအနေဖြစ်သည်။

"ဘာမှ အထူးအထွေ မမှာလိုက်ပါဘူး"

"သူနဲ့ မသူဇာနဲ့ ဘယ်လို့တွေ့ကြတာလဲ"



မသူဇာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဤသို့သော မေးခွန်းတစ်ခုပြီးတစ်ခု ထုတ်လာခဲ့လျှင် ချောင်တွင်ပိတ်၍ မိရပါတော့မည်။

ယင်းအခိုက်တွင် အိမ်ရှေ့တံခါးပေါက်မှ အမျိုးသမီးတစ်ယောက် ဝင်လာသည်။

"တင်တင်လေးရေ မသူဇာဆိုတာ သူပဲကွယ်"

မသူဇာက တင်တင်လေးကို ပြုံးပြလိုက်သည်။ သို့သော်…

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

တင်တင်လေးက သူမ၏ အပြုံးကို မတုံ့ပြန်ပါ။ သူမကို အကဲခတ်နေသည်။ ခြေဆုံးခေါင်းဖျား ကြည့်နေသည်။ မသူဇာအနေရခက်သည်။

"အသက် ဘယ်လောက်ရှိပလဲ"

"ရှင်"

"မသူဇာ အသက်ဘယ်လောက်ရှိပြီလဲလို့ မေးတာ"

"၂၀"

မသူဇာ ပါးစပ်ထဲ ရှိသည်ကို ပြောလိုက်သည်။ တင်တင်လေးက မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်ပြီး

"ကာယကံရှင်က ပြောလို့သာ ယုံရတယ်။ ၁၇–နှစ်၊ ၁၈–နှစ်လို့ပဲ ထင်ရတယ်"

မသူဇာ တွေသွားသည်။ မိမိအသက်ကို မိမိမသိပါ။ မိမိကိုယ်ကိုလည်း မိမိမမြင်တွေ့ရသေးပါ။ တင်တင်လတ်ပြောသလို မိမိသည် မိန်းမချောတစ်ယောက်ဖြစ်ချေမည်လား။ တင်တင်လေးပြောသလို မိမိသည် ၁၇–နှစ် ၁၈–နှစ်ပေပဲလား။

ယင်းအခိုက် ဧည့်ခန်းတွင်းသို့ ဒေါ်နှင်းစိန် ပြန်ဝင်လာသည်။ လိမ္မော်ရည်ဖန်ခွက်ပါလာသည်။

"ထမင်းမစားကြသေးဘူးလား၊ ထမင်းစားချိန် ရောက်နေပြီပဲ"

"မင်းကို စောင့်နေကြတာ"



"ဒါဖြင့် စားကြမယ်လေ၊ ဒေါ်နှင်းစိန့်ရေ ထမင်းခူးတော့၊ မသူဇာလည်း ဆာလာမှာပေါ့"

မသူဇာ ဘာမှ ဝင်မပြောပါ။

"လိမ္မော်ရည် သောက်လိုက်ပါဦး"

မသူဇာ အနည်းငယ်တော့ သောက်သည်။

ဤအမျိုးသမီးနှစ်ဦးသည် ဇော်မင်းထွန်းဆိုသူနှင့် မည်သို့ တော်စပ်သနည်းဟု မသူဇာ စဉ်းစားနေမိသည်။

တင်တင်လတ်က တင်တင်လေးကို မသူဇာ၏ ပစ္စည်းများအကြောင်း ပြောပြသည်။ တင်တင်လေးက မျက်မှောင်ကုပ်လျက်

"ဇော်မင်းထွန်း ဘယ်တော့ ရောက်လာမလဲ မသိဘူး"

"သူ့စာထဲမှာတော့ သိပ်မကြာဘူးလို့ ပြောတာပဲ"

သူတို့ ငြိမ်သက်တိတ်ဆိတ်သွားကြသည်။

ဒေါ်နှင်းစိန် ထမင်းစားလာခေါ်သည်။ သူတို့လိုက်သွားကြသည်။ ထမင်းဝိုင်းတွင်မှ အမျိုးသမီးနှစ်ယောက်က မသူဇာကို ဂရုစိုက်ကြသည်။ မသူဇာ အားနာရသည်။ ကျေးဇူးတင်ရသည်။

ထမင်းစားပြီးသောအခါ တင်တင်လေးက

"မသူဇာနဲ့ ဇော်မင်းထွန်း ဘယ်လိုတွေ့ကြတာလဲ"

မသူဇာ ခေါင်းငုံ့လိုက်သည်။

"အိုကွာ မင်းကလည်း ဘာတွေ မေးနေတာလဲ သူ့ရှက်မှာပေါ့"

တင်တင်လတ်က ဆိုသည်။ တစ်ဆက်တည်းပင်။

"ဒေါ်နှင်းစိန်ရေ မသူဇာကို သူအိပ်ရမယ့်အခန်း လိုက်ပို့လိုက်ပါ။ ခရီးပန်းလာတော့ နားပါစေ၊ မနက်ကျမှ စကားပြောကြတာပေါ့"

သည်တော့ မသူဇာ စိတ်သက်သာရာရသည်။

ယနေ့ညသည် ယနေ့ည၊

မနက်ဖြန်သည် မနက်ဖြန်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

ဒေါ်နှင်းစိန်နှင့် မသူဇာ အခန်းထဲမှ ထွက်သွားကြသည်ကို တင်တင်လတ်နှင့် တင်တင်လေးတို့ တိတ်ဆိတ်စွာ ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြသည်။

ထို့နောက်မှ သူတို့နောက်ဘက်မှ စကားပြောသံများ ကြားရသည်။ ဤအမျိုးသမီးနှစ်ယောက် ဘာပြောကြသနည်းဟု မသူဇာမသိပါ။ သူတို့၏ အသံများကို သဲသဲကွဲကွဲ မကြားရပါ။ သို့သော် မိမိအကြောင်းပဲ ဖြစ်လိမ့်မည်ဟု ထင်မိသည်။

"တင်တင်လတ်နဲ့ တင်တင်လေးတို့က မိန်းကလေးကို စောင့်နေကြတာကွယ့်"

"ဪ...ဟုတ်ကဲ့"

"သူတို့က ဖော်မင်းထွန်းကို သိပ်ချစ်ကြတာ"

"သူတို့နဲ့ ဘာတော်သလဲ"

မသူဇာက လွှတ်ခနဲ မေးလိုက်သည်။

"တူဝရီးပေါ့။ ဖော်မင်းထွန်းတို့အမေက တင်တင်ကြီးတဲ့၊ အစ်မအကြီးဆုံးပေါ့"

"ဪ"

"မိန်းကလေးကို ဖော်မင်းထွန်းက ပြောမပြဘူးလား"

မသူဇာက ဘာမျှ ပြန်မပြောပါ။ မကြားဟန်ဆောင်နေလိုက်သည်။

သူတို့ လှေကားမှ တက်ခဲ့ကြသည်။ ကျွန်းလှေကားဖြစ်သည်။ လက်ရမ်းတိုင်များ ပွတ်ခံထားသည်။



အပေါ်ထပ်သို့ ရောက်သောအခါ ဒေါ်နှင်းစိန်က မသူဇာအား အခန်းတစ်ခုသို့ ခေါ်သွားသည်။ မသူဇာနေရမည့်အခန်းဖြစ်သည်။

အခန်းကို မြင်ရသောအခါ မသူဇာ ရင်ဖိုသွားသည်။ နှစ်ယောက်အိပ်ခုတင်၊ ဖြူဖွေးသော အိပ်ရာခင်း၊ ယှဉ်တွဲနေသော ခေါင်းအုံး၊ ဇာပန်းကွက်ခြင်ထောင်။

"မိန်းကလေး လိုချင်တာရှိရင် တို့ကိုပြော"

"ဟုတ်ကဲ့"

"ခဏတစ်ဖြုတ် လှဲလိုက်ဦး၊ အိပ်ချင်ရင်လည်းအိပ်၊ မအိပ်ချင်ရင်လည်း ညည့်ခန်းကို ဆင်းခဲ့ဦးပေါ့။ စကားပြောကြရတာပေါ့"

ဒေါ်နှင်းစိန် ပြန်ထွက်သွားသည်။

ခုတင်အနီးရှိ မှန်တင်ခုံသို့ မသူဇာ ခပ်သုတ်သုတ် လျှောက်သွားသည်။ မှန်ထဲတွင် ကြည့်သည်။ မိမိကိုယ်ကိုမိမိ ပြန်လည်တွေ့ရှိရသည်။

မိမိကိုယ်မိမိ မှတ်မိအောင် အတန်ကြာစိုက်ကြည့်သည်။ မှန်ထဲတွင် မြင်ရသော အမျိုးသမီးသည် တင်တင်လတ်ပြောသလိုပင် မိန်းမချောတစ်ယောက်ဖြစ်သည်။ အသက်အရွယ်အားဖြင့်လည်း တင်တင်လေးပြောသလို ၁၇–နှစ်၊ ၁၈–နှစ် ဖြစ်နိုင်ပါသည်။

ခုတင်ပေါ်သို့ မသူဇာ အရုပ်ကြိုးပြတ် လှဲချလိုက်သည်။ မအိပ်ချင်ပါ။ သို့သော် အိပ်ပျော်သွားဟန်ရှိသည်။

သတိရ၍ ကြည့်လိုက်သောအခါ အခန်းတစ်ခုတွင်း၌ ရောက်ရှိကြောင်း တွေ့ရသည်။ နှစ်ယောက်အိပ်ခုတင်ကြီးပေါ်တွင် ဖြစ်သည်။ ခဏကြာမှ သန်လျင်နှင်းဆီမြိုင်တွင် ရောက်နေကြောင်း အမှတ်ရမိသည်။

အခန်းထဲတွင် အလင်းရောင် ရှိသည်။ အပြင်တွင် နေရောင် ရှိသည်။ ငှက်ကလေးတွေ၏ အသံကြားရသည်။ နံနက်ခင်းဖြစ်ပေသည်။

ခုတင်ပေါ်မှာ ခုန်ထလိုက်သည်။ ပြတင်းပေါက်ကို ဖွင့်ပြီး အပြင်လောကကို ကြည့်သည်။ သစ်ပင်များ၊ ပန်းပင်များ တွေ့မြင်ရသည်။

ယမန်နေ့သည် ကုန်လွန်ခဲ့ချေပြီတည်း။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

များမကြာမီ ဒေါ်နှင်းစိန် ရောက်လာသည်။ နောက်ဖေးလှေကားမှ ဆင်းပြီး ရေချိုးသည်။ အခန်းပြန်ပြီး သနပ်ခါးလိမ်းသည်။ ပြီးလျှင် အိမ်ရှေ့ လှေကားမှနေပြီး အောက်ထပ်သို့ ဆင်းသည်။

ဧည့်ခန်းတွင် တင်တင်လတ်နှင့် တင်တင်လေးတို့ ညီအစ်မ ရှိနေသည်။ တင်တင်လတ်က အင်္ကျီထိုးနေသည်။ တင်တင်လေးက မဂ္ဂဇင်း တစ်စောင် ဖတ်နေသည်။

"ညက အိပ်လို့ကောင်းရဲ့လား"

တင်တင်လတ်က မေးသည်။

"ကောင်းပါတယ်၊ ညက ဘယ်လိုအိပ်ပျော်သွားမှန်းမသိဘူး။ တစ်ညလုံး တစ်ရေးမှမနိုးဘူး၊ အခုမနက်မှပဲ နိုးတော့တယ်"

မသူဇာအကြောင်း ဖော်မင်းထွန်းက စာထဲမှာ ဘာမှ သိပ်ပြီး မရေးလိုက်ဘူး။ သူနဲ့ လက်ထပ်တယ်ပဲ ရေးလိုက်တယ်။ တို့များကို ပြောထားပါဦး၊ ဘာကြိုက်တယ်၊ ဘာမကြိုက်ဘူးပေါ့၊ သိရရင် ကောင်းတာပေါ့"

တင်တင်လေး မေးပုံက လိမ္မာသည်။

"ကျွန်မ တစ်ခု ပြောပါရစေ"

"ဘာများလဲ မသူဇာ"

"ကျွန်မ ညကကတည်းက ပြောမလို့ပါ"

"ပြောပါဦး"



"ကျွန်မ ဘာမှမမှတ်မိဘူး"

"မသူဇာ ဘာကိုဆိုလိုတာလဲ"

"ကျွန်မဘဝကို မနေ့ညကအထိပဲ သိတယ်။ မနေ့က ဟိုဘက်ကို မသိဘူး"

အမျိုးသမီးနှစ်ယောက် ထိတ်လန့်သွားကြသည်။

"မသူဇာ ဘာကိုဆိုလိုတာလဲ"

"ကျွန်မအတိတ်ကို ကျွန်မစဉ်းစားလို့ မရဘူး"

အမျိုးသမီးကြီးနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။ ပါးစပ်အဟောင်းသား ဖြစ်နေကြသည်။ အတန်ကြာမှ...

'ဘုရား...ဘုရား ဘယ်လိုတွေများပါလိမ့်"

တင်တင်လတ်က ရေရွတ်သည်။

"မသူဇာဟာ အတိတ်မေ့နေတဲ့ လူတစ်ယောက်လို့ ဆိုလိုတာလား"

တင်တင်လေးက မေးသည်။ သူတို့နှစ်ယောက်စလုံးသည် မသူဇာကို အထူးအဆန်းသဖွယ် ငေးစိုက်ကြည့်နေကြသည်။

"ကျွန်မသိသလောက်ပြောရရင်တော့ ကျွန်မ ဘာမှမသိဘူး"

"ဒီလိုဆိုရင် မသူဇာ ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

မိမိသတိထားရမည်ဟု မသူဇာနားလည်သည်။ သို့သော် မိမိအမှန်အတိုင်းပြောရမည်ဟုလည်း မသူဇာနားလည်သည်။ အထူးသဖြင့် မိမိကိုယ်ကိုမိမိ ဘယ်သူမှန်း မသိသည်ကိုတော့ သူတို့နားလည်အောင် ပြောထားရပေမည်။ သေဆုံးနေသော အမျိုးသမီးနှင့်ပတ်သက်၍မူ မိမိကိုယ်တိုင် ဘာမျှ မသိရှိသေးဘဲနှင့် မပြောသင့်ဟု ထင်သည်။ အခြေအနေ စောင့်ကြည့်ရပေဦးမည်။

"ဒေါ်ဒေါ်ရဲ့စာ ကျွန်မအိတ်ထဲမှာ ရှိနေတယ်။ ကျွန်မဒီကို ရောက်လာတယ်။ ကျွန်မဒါပဲ သိပါတယ်"

"နေပါဦး၊ မင်းနာမည် မသူဇာ မဟုတ်ဘူးလား"

"ကျွန်မနာမည် မသူဇာပါ၊ ဒါတော့ ကျွန်မသေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူဇာဝင်းထွတ် မဟုတ်လား"

တင်တင်လတ်က မေးသည်။

"ဒါတော့ မသိဘူး။ ကျွန်မနာမည် မသူဇာပဲ"

"ဇော်မင်းထွန်းကိုတော့ မင်းသိတယ်မဟုတ်လား"

မသူဇာခေါင်းခါသည်။ သူမ၏ ခေါင်းထဲ၌ အားလုံးချာချာလည်နေသည်။

"ဇော်မင်းထွန်းဟာ မသူဇာရဲ့ ယောကျ်ားလေ၊ မသူဇာမသိဘူးလား"

တင်တင်လေးက မေးသည်။

သူမ၏ မျက်လုံး၌ မယုံသင်္ကာသည့် အရိပ်အယောင်ရှိသည်။

"ကျွန်မ ဘာမှ စဉ်းစားလို့ မရဘူး"

"ဒုက္ခပါပဲတော်...ဒုက္ခပါပဲ..."

တင်တင်လတ်က ညည်းသည်။

"အင်း...မလတ်ရဲ့တူ. လုပ်လိုက်ရင်တော့ ဒီတိုင်းချည်းပဲ"

မသူဇာက သူတို့နှစ်ယောက်ကို ကြည့်လျက်။

"ကျွန်မ ဘာလုပ်ရမလဲ"

"ဘုရားရေ...တို့ ဘာပြောတတ်မလဲ..."

"ကျွန်မ ဒီအိမ်က ထွက်သွားရမလား..."

"အောင်မယ်လေးလေ... အဲဒါတော့ မလုပ်လိုက်ပါနဲ့၊ ဇော်မင်းထွန်းလာတဲ့အထိတော့ ညည်းဒီအိမ်မှာ ရှိနေရမယ်။ သူရောက်လာရင် ပြဿနာတွေအားလုံး ရှင်းသွားမှာပဲ၊ တော်ကြာနေ တို့အပေါ် အပြစ်ကျနေပါဦးမယ်"

တင်တင်လတ်က ပြောသည်။ မသူဇာ ပင့်သက်ချလိုက်သည်။

× × ×

## အခန်း(၇)

ဇော်မင်းထွန်းသည် တဲပြတင်းမှ အပြင်သို့ ငေးလျက်ရှိသည်။ တောင်စောင်းတွင် လှေကားထစ်စိုက်ခင်းများ ရှိသည်။ တောင်ထိပ်တွင် ပေတာစ်ရာကျော်မြင့်သော သစ်ပင်ကြီးများ ရှိသည်။ ယင်း၏ တစ်ဖက်တွင် ဘိန်းခင်းများ ရှိသည်။

သို့သော် သူ၏ အတွေးသည် မြင်ကွင်းတွင် မရှိပါချေ။ သူ၏ အလုပ်တွင်လည်း မရှိပါချေ။ သူသည် ဘူမိဗေဒအရာရှိတစ်ဦးဖြစ်သော်လည်း လောလောဆယ်တွင်မူ သူ၏ စိတ်အာကန်များတွင် ရွှေကြောလည်း မရှိချေ။ စိန်ကြောလည်း မရှိချေ။

သူဦးနှောက်ထဲတွင် ဝဲလှည့်နေသည်မှာ မသူဇာသာလျှင် ဖြစ်သည်။

မသူဇာသည် ယခုအချိန်တွင် သန်လျင်မြို့တွင် သူ့အဒေါ်များနှင့်အတူ ကောင်းကောင်းမွန်မွန် ရှိနေလိမ့်မည်ဟု မျှော်လင့်ရသည်။

သူ့အဒေါ်နှစ်ယောက်သည် သူ့ကို ချစ်ခင်ကြမည်မှန်သော်လည်း မသူဇာကို အဘယ်သို့ ဆက်ဆံမည်ကိုမူ သူမပြောတတ်ချေ။

သူတို့စိတ်ထဲတွင် သူ့အတွက် ရည်မှန်းထားသော မိန်းကလေး တစ်ယောက်လည်း ရှိနိုင်သည်။ မည်သို့ဆိုစေ သူ ရုတ်တရက် လက်ထပ်လိုက်သည်ဆိုသည့်အတွက်မူ သူတို့ တုန်လှုပ်ချောက်ချားသွားနိုင်သည်။

ထို့ထက်ပို၍ ဆိုးသည်ကတော့ မိမိ၏ ဇနီးဆိုသူကို တစ်ယောက်တည်း လွှတ်လိုက်မိခြင်းဖြစ်သည်။ အဒေါ်နှစ်ယောက်က မည်သို့အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြရချေမည်နည်း။

မည်သို့ဆိုစေ သူသည် မသူဇာဝင်းထွတ်ကို သူ၏ ဇနီးအဖြစ်နှင့် ရန်ကုန်သို့ လွှတ်ခဲ့ပြီးသည်ကတော့ အမှန်ပင်ဖြစ်သည်။

သည်အဖြစ်ကို သူကိုယ်တိုင်လည်း မမျှော်လင့်ခဲ့ပါချေ။ သည့်ထက် ပို၍ပြောရလျှင် သူဇာဝင်းထွတ်ဆိုသော အမျိုးသမီးတစ်ယောက် ဤလောကတွင် ရှိနေသည်ဆိုခြင်းကိုလည်း သူသိရသည်မှာ မကြာသေးပါချေ။

သူနှင့် ဦးဝင်းထွတ် သိခဲ့ကြရသည်မှာ လပိုင်းမျှသာ ရှိနေသေးသည်။ သူတို့နှစ်ယောက် လျင်မြန်စွာ ခင်မင်ရင်းနှီးခဲ့ကြရသော်လည်း လုပ်ငန်းချင်း စရိုက်ချင်းတော့ တူညီကြသည်မဟုတ်ပါချေ။

သူက ဘူမိဗေဒသမားဖြစ်ပြီး ဦးဝင်းထွတ်က ရုက္ခဗေဒသမားဖြစ်ပါသည်။

မိမိသည် ဤနယ်မြေရှိ သယံဇာတပစ္စည်းများကို ရှာဖွေဖော်ထုတ်ရန် တာဝန်ဖြင့် လာရောက်ခဲ့ရပါသည်။ မိမိအလုပ်က ကျောက်ခဲများ ကျောက်တောများသာ ဖြစ်ပေသည်။ သစ်ပင်ပန်းမာလ်တို့နှင့် မည်သို့မျှ မသက်ဆိုင်ပါချေ။

ဦးဝင်းထွတ်က ရုက္ခဗေဒပါရဂူ တစ်ဦးဖြစ်သည်။ သူသည် စစ်မဖြစ်မီကတည်းကပင် မြန်မာနိုင်ငံ သစ်တောဌာနတွင် အမှုထမ်းခဲ့သည်။ ဤနယ်မြေတွင် နှစ်ရှည်လများ အလုပ်ဝတ္တရား ဆောင်ရွက်ခဲ့သည်။ သူသည် စစ်ပြီးခေတ်တွင် သစ်တောဝန်ထောက်ဘဝမှ အငြိမ်းစားယူခဲ့သည်။

ယခုအခါ သူသည် မြန်မာနိုင်ငံ သစ်ခွပန်းများအကြောင်း စာတန်းတစ်ခုပြုစုရန် ဤနယ်မြေသို့ ပြန်လည်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် တုန်းတလောင် တောင်တန်းတွင် ဆုံမိခဲ့ကြခြင်းဖြစ်သည်။ တစ်ယောက်က ကျောက်တုံးကျောက်ခဲများကို လေ့လာပြီး တစ်ယောက်က သစ်ရွက်သစ်မြစ်များကို လေ့လာသည်။

သူတို့နှစ်ယောက်သည် လုပ်ငန်းသဘာဝချင်းသာ မတူသည်မဟုတ်၊ နေထိုင်မှုသဘာဝချင်းလည်း မတူကြပါချေ။



ဦးဝင်းထွတ်က မီးဟုန်းဟုန်းတောက်နေသော အရက်ကိုသောက်သည်။ မိမိက ခြေဖျားလက်ဖျားများ ပြတ်ကျလုမတတ် အေးသော်လည်း ခေါင်ရေတစ်စက်ကိုသော်မျှ သောက်တတ်သူမဟုတ်ချေ။ ဦးဝင်းထွတ်က တောလိုက် ဝါသနာပါသည်။ မိမိက ရရှိသော တောကောင်သားကိုသာ မြိန်ရေရှက်ရေ စားတတ်သည်။

သို့သော် သူတို့နှစ်ယောက် ရင်းနှီးခဲ့ကြသည်။ ခရီးအတူထွက်ခဲ့ကြသည်။ တစ်ယောက်၏ လုပ်ငန်းကိုတစ်ယောက် တတ်အားသမျှ ကူညီခဲ့ကြသည်။

အထူးသဖြင့် မိမိသည် ဦးဝင်းထွတ်၏ အကူအညီရရှိခဲ့ပါသည်။ ဦးဝင်းထွတ်က နယ်မြေကျွမ်းကျင်သည်။ မိမိက မြေပုံအားကိုးရသည်။ သူက လက်တွေ့သမားဖြစ်သည်။ ထို့ပြင် သူသည် တိုင်းရင်းသား ဘာသာစကားတော်တော်များများလည်း တတ်ကျွမ်းသည်။ အသိအကျွမ်းလည်း များသည်။

တစ်နေ့တွင် ဦးဝင်းထွတ်သည် ဒေသခံနှစ်ဦးနှင့်အတူ တောလိုက်ထွက်သွားသည်။ တစ်ညအိပ်ဆိုသော်လည်း သုံးညအိပ်ကြာမှ ပြန်ရောက်လာသည်။ သူတစ်ယောက်တည်းဖြစ်သည်။ အဖော်နှစ်ယောက် တောထဲတွင် ကျန်ရစ်သည်။ မှောင်ခိုသမားတွေ၏ တိုက်ခိုက်ခြင်း ခံရသည်ဟု ဆိုသည်။ ဦးပင်းထွတ်တွင်လည်း ဒဏ်ရာဒဏ်ချက်များ ပြင်းထန်စွာနှင့် ဖြစ်သည်။

မိမိက သူ့ကို ချက်ချင်းပင် တုန်းတလောင်စခန်းမှ ငွမ်ရောင်ရွာကြီးသို့ ပို့ပေးရသည်။ ငွမ်ရောင်သည် မိမိတို့၏ အခြေစိုက်စခန်းဖြစ်သည်။

ဦးဝင်းထွတ်သည် ငွမ်ရောင်သို့ ရောက်ရှိပြီးနောက် ကွယ်လွန်သွားသည်။ သူ မကွယ်လွန်မီတွင် သူ့သမီးကို မိမိလက်သို့ အပ်ခဲ့သည်။ မိမိတို့နှစ်ယောက်ကို လက်ထပ်ပေးစားခဲ့သည်။

သူဇာဝင်းထွတ်သည် မိတဆိုးလေးဖြစ်သည်။ သူမ၏ဖခင်သည် ဤတောင်တန်းဒေသမှ တိုင်းရင်းသူတစ်ဦး ဖြစ်သည်။ သူမ ငါးနှစ်သမီးက

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ခဲ့သည်။ မြစ်ကြီးနားတွင် ၁၀–တန်းအောင်သည်အထိ ကျောင်းအိပ်ကျောင်းစား နေခဲ့သည်။ ဖခင်ဘက်တွင် ဆွေမျိုးရင်းချာများမရှိသဖြင့် မြို့ကြီးပြကြီးတွင် မနေရစ်ဘဲ ဖခင်နှင့်အတူ တောထဲတောင်ထဲ လိုက်နေခြင်းဖြစ်သည်။

သူမ၏ ဖခင်က ဤလောကကြီးမှ ထွက်ခါနီးတွင် မှာကြားစရာရှိသည်များကို မှာကြားနေသောအခါ ဘာမျှပြန်မပြောဘဲ မျက်ရည်စမ်းစမ်းဖြင့် ငြိမ်နေခဲ့သည်။ မိမိနှင့် လက်ထပ်ထိမ်းမြားရန် ပြောသောအခါတွင်လည်း တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမရှိဘဲ ခပ်မဆိတ်သာ နေခဲ့သည်။

မိမိအနေနှင့်လည်း မည်သို့ ပြုလုပ်တတ်ပါမည်နည်း။ ဦးဝင်းထွတ်ကို ကူညီရန် မိမိတွင် တာဝန်ရှိသည်။ သူ့ဇာဝင်းထွတ်ကိုလည်း ငြင်းဆန်ရန် အကြောင်းမရှိလှပါပေ။

မိမိတွင်လည်း ချစ်သူမရှိချေ။ သူမတွင်လည်း ချစ်သူမရှိချေ။ မိမိတို့နှစ်ဦးကို ကန့်ကွက် နှောင့်ယှက်မည့်သူ မရှိချေ။

သူ့ဇာဝင်းထွတ်ကို မိမိ သနားမိသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သူမသည် တောကြီးမျက်မဲထဲတွင် တစ်ယောက်တည်း ဖြစ်သည်။

သို့ဖြင့် မြို့နယ်အရာရှိတစ်ဦး၏ ရှေ့မှောက်တွင် မိမိတို့ လက်ထပ်ခဲ့ကြသည်။ သို့သော် မိမိတို့ အတူနေထိုင်ခြင်း မရှိခဲ့သေးပါချေ။ လက်ထပ်သည့်နေ့မှာပင် မြစ်ကြီးနားမှ ရဟတ်ယာဉ်တစ်စင်း ရောက်ရှိလာသည်။

မိမိတွင် အလုပ်တာဝန်များ မပြီးသေးပါချေ။ တုန်းတလောင်စခန်းသို့ တစ်ခေါက်ပြန်ရပါဦးမည်။ သူမကို ယင်းစခန်းသို့ ခေါ်သွားရန်လည်း မသင့်ချေ။ ဝွမ်ရှောင်တွင် တစ်ယောက်တည်း ဆက်လက်နေထိုင်ရန်လည်း မသင့်ချေ။ သို့ဖြင့် ရဟတ်ယာဉ်ဖြင့် မြစ်ကြီးနားသို့ ထည့်လိုက်ရသည်။

မြစ်ကြီးနားမှတစ်ဆင့် လေယာဉ်ပျံဖြင့် ရန်ကုန်သို့ လိုက်ပါသွားရမည်။ ရန်ကုန်သို့ ရောက်သောအခါ အိမ်တစ်အိမ်တွင် ခေတ္တစခန်းထောက်ရမည်။ မိမိအိမ်ထောင်ကျပြီဖြစ်ကြောင်း မိမိပြန်မလာနိုင်သေးကြောင်း၊ ဇနီးဖြစ်သူကို အရင်လွှတ်လိုက်ရကြောင်း လက်ခံစောင့်ရှောက်ထားပါရန် ခွင့်တောင်းခံသည့်စာကို သန်လျင်ရှိ အဒေါ်များထံသို့ ပေးပို့ရမည်။ အဒေါ်များက သဘောတူ လက်ခံသောအခါတွင်မှ သူမက သန်လျင်သို့ လိုက်ပါသွားရန်ဖြစ်သည်။

ယခုမူ ဇော်မင်းထွန်းသည် သူ၏အဖြစ်ကို သူအံ့သြလျက်ရှိသည်။ သူ ပြုလုပ်ဆောင်ရွက်ခဲ့မိသည်များကို သူ့ဟာသူ မယုံကြည်နိုင်အောင်ဖြစ်နေသည်။

မိမိသည် တစ်ကြိမ်နှစ်ကြိမ်မျှသာ မြင်တွေ့ဖူးသော မိန်းကလေးတစ်ယောက်ကို လက်ထပ်ခဲ့သည်ဆိုသည်မှာ ဟုတ်မှဟုတ်ပါလေစ။

သူက မျက်လုံးများကို မှိတ်ပြီး မိန်းကလေး၏ ရုပ်သဏ္ဍာန်ကို မှန်းဆသည်။ ရွှန်းစိုသော မျက်လုံးများနှင့် အိဖတ်သော နှုတ်ခမ်းလွှာတို့ကို မြင်ယောင်လာသည်။

မိမိရန်ကုန်သို့ ပြန်ရောက်လျှင် မိမိတို့နှစ်ယောက်သည် အကယ်ပင်အကြင်လင်မယားဖြစ်ကြရချေမည်လား။

ဇော်မင်းထွန်း သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။ အဝေးတွင် တောင်တန်းများ မှိုင်းပြာလျက်...။

× × ×



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

ဝါးရွက်ဝါဝါ ရှည်မျောမျော ကလေးများ လေထဲတွင် ပျံနေသည်။ ဝါးရုံကို လေတဟူးဟူးတိုးနေသည်။ ချိုးကူသံ ကြားရသည်။

မြယာပင်အောက်ရှိ ခုံတန်းရှည်ကလေးတွင် မသူဇာထိုင်နေသည်။

မသူဇာငေးနေသည်။ မသူဇာတွေးနေသည်။ သူမ၏ လက်တစ်ဖက်က ပြည့်ဖြိုးတင်းအိသော ပေါင်ကို အမှတ်မထင် ပွတ်သပ်နေမိသည်။ သူမ၏ မျက်လုံးသည် ခါးတွင် ဝတ်ဆင်ထားသော လုံချည်ပေါ်သို့ ရောက်သွားသည်။ အနက်ထဲတွင် အဝါစင်း၊ အဝါစက် အဝါပွင့်ကလေးတွေပါသော တက်ထရွန် မွှင့်ရိုက်ထဘီဖြစ်သည်။ တင်တင်လတ်က မိမိကို ထဘီ သုံးထည် ပေးထားသည်။

မိမိ၏ ကိုယ်ပေါ်မှ ဖော့ကွက်အင်္ကျီမှာမူ မြသီတာဆိုသော အမျိုးသမီး၏ ပစ္စည်းဖြစ်သည်။ အနည်းငယ်ကျပ်သည်။ အောက်ခံဘရာဇီယာမှာလည်း မြသီတာ၏ ပစ္စည်းပင်ဖြစ်သည်။ ယင်းမှာလည်း အနည်းငယ် ကျပ်သည်။

မြသီတာသည် မိမိထက် ကိုယ်လုံးကိုယ်ထည် အနည်းငယ် သေးသော်လည်း ဖွံ့ဖြိုးလှပသော အမျိုးသမီးတစ်ယောက်ပင် ဖြစ်သည်။

"မြသီတာ...မြသီတာ..."

မသူဇာ ခပ်ဖွဖွလေး ရွတ်ဆိုလိုက်သည်။ နှင်းဆီမြိုင်သို့ မိမိရောက်ရှိပြီး နောက်တစ်နေ့မှာပင် မြသီတာဆိုသော အမျိုးသမီး ရောက်ရှိလာ



သည်။ သူမက သန်လျင်မြို့ပေါ်မှပင် ဖြစ်သည်။ တင်တင်လတ်တို့နှင့် ခင်မင်ရင်းနှီးသည်။ မိမိကို ဇော်မင်းထွန်း၏ဇနီးဟု သိရသောအခါ သူမ၏ မျက်နှာတွင် အံ့သြသည့် အရိပ်အရောင်များ ရုတ်တရက်ပေါ်လွင်လာသည်။ မိမိကို အတန်ကြာငေးစိုက်ကြည့်နေသည်။ ထို့နောက် မျက်နှာ မသိမသာ ညှိုးငယ်သွားပြီး အဝေးသို့ ငေးနေသည်။ ထို့နောက်–

"ဝမ်းသာပါတယ် မသူဇာ၊ ကိုဇော်နဲ့ မြသီတာတို့ကတော့ ငယ်ငယ်လေးကတည်းက အတူလာနေကြတာ မောင်နှမအရင်းတွေလိုပါပဲ"

"ဪ...ဟုတ်ကဲ့..."

မသူဇာ ဒါပဲ ပြောတတ်သည်။ မသူဇာ၏ ပစ္စည်းများ လမ်းခရီးတွင် ပျောက်ဆုံးခဲ့ကြောင်း သိသောအခါ မြသီတာက အင်္ကျီသုံးစုံလာပို့သည်။ မသူဇာဝတ်ကြည့်သည်ကို ငေးကြည့်နေသည်။ ထို့နောက်–

"မသူဇာက ဝတယ်၊ လှလည်း လှပါတယ်..."

မသူဇာ ဘာမျှ ပြန်မပြောတတ်ပါ။ မိမိ၏ စိတ်ထဲတွင် မလုံမလဲဖြစ်ရသည်။ ဇော်မင်းထွန်းနှင့် မြသီတာတို့၏ ဆက်ဆံရေးကို မှန်းဆကြည့်မိသည်။

မသူဇာ ပင့်သက်ဖြာလိုက်သည်။ မိမိ၏ ဘဝရေစီးကြောင်းသည် မည်သည့်ဘက်သို့ စီးဆင်းနေချေမည်နည်း။

နှင်းဆီမြိုင်တွင် မိမိရောက်ရှိနေသည်မှာ သုံးညနှင့် သုံးရက် ရှိချေပြီ ဖြစ်သည်။

သုံးရက်မျှ နားနေလိုက်ရသည့်အတွက် အနည်းငယ်မျှ အားပြည့်လာသည်ဟု ထင်ရသည်။ ကျန်းမာရေးကောင်းလာသည့်ဟု ဆိုရမည်။ ခေါင်းကြည်လင်လာသည်။ သို့သော် လုံးလုံးကြီးကောင်းလာသည်တော့ မဟုတ်ချေ။ သူတို့တစ်တွေက စေတနာထက်သန်စွာဖြင့် အစားကောင်းအသောက်ကောင်းများ ဂရုတစိုက်ကျွေးသည်မှန်သော်လည်း မိမိမှာ စား၍သောက်၍ မဖြောင့်နိုင်ပါချေ။ ထို့အတူ အိပ်၍လည်း မဖြောင့်နိုင်ပါချေ။ အချိန်ရှိသရွေ့ တွေးနေငေးနေမိပါသည်။ အမှောင်တိုက်အတွင်း ရှုံ့စမ်းရှုံ့ဖွဲ့ခြင်း ပြုနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုထက်တိုင် မိမိမည်သူမည်ဝါမှန်း မသိနိုင်သေးပါချေ။

သူမ၏ အတိတ်သည် ပြန်လာခြင်းမရှိသေး။ သူမ၏ အတိတ်သည် မှောင်မိုက်သော တိုက်ခန်းတွင် အစပြုသည်။ ယင်း၏ တစ်ဖက်တွင်ကား ကန့်လန့်ကာအနက်ကြီး ချထားမြဲဖြစ်သည်။

သူမ၏ အတိတ်သည် အသတ်ခံရသော မိန်းကလေးတွင်သာ အစပြုချေသည်။ ဒုတိယနေ့တွင် သူမသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာသော အတွေးတစ်ခုကို တွေးမိသည်၊ ‘ထိုအမျိုးသမီးကို မည်သူသတ်ချေသနည်း’။

အဖြေကို သူမ မသိပါ။ မိမိကိုယ်တိုင်များ သတ်မိချေသည်လား။ သူမတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။

“အို…မဟုတ်ဘူး…မဟုတ်ဘူး…ငါမသတ်ဘူး…ငါလူသတ်သမား မဟုတ်ဘူး”

မသူဇာသည် အသံထွက်အောင်ပင် တုန်လှုပ်ချောက်ချားစွာ ရွတ်ဆိုမိသည်။ ထို့နောက် မသူဇာသည် ဥယျာဉ်ထဲတွင် လမ်းလျှောက်နေသည်။ ဝါးရုံရိပ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

နီညိုညိုမြေလမ်းကလေးပေါ်တွင် ရွက်ခြောက်များ လူးလိမ့် ညည်းတွားနေကြသည်။

တစ်ဖက်တွင် စံပယ်ပင်များ အခြားတစ်ဖက်တွင် နှင်းဆီပင်များ ရှိသည်။ စံပယ်မှာ အဖြူမဟုတ်ပါ။ မသူဇာ ယခုမှမြင်ဖူးသည်။ အဝါဖြစ်သည်။ မျိုးစပ်ထားခြင်း ဖြစ်သည်။ နှင်းဆီကလည်း အနီမဟုတ်၊ အနက်ဖြစ်သည်။ အပွင့်ကြီးသည်။ အထပ်များသည်။

မသူဇာသည် လက်နှစ်ဖက်ကို နောက်ပစ်လျက် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ စံပယ်ရနံ့နှင့် နှင်းဆီရနံ့တို့မှာမူ မပြောင်းလဲပါချေ။ ရနံ့ဝါဝါ၊ ရနံ့နက်နက်ရယ်လို့ မဟုတ်ပါ။

သူမ၏ အတွေးစိတ်သည် ပိတ်ဆီးကာဆိုင်းနေသော နှင်းမြူကန့်လန့်ကာကို ဖောက်ထွင်းနိုင်ရန် လမ်းစရှာလျက် ရှိသည်။

မိမိသည် မသူဇာဖြစ်သည်။ မိမိ၏နာမည် မသူဇာဖြစ်သည်။ မိမိကို



မသူဇာဟု ခေါ်ကြသည်။ သို့သော် အတွေးသည် ဤနေရာမှာပဲ ရပ်နေသည်။ မသူဇာဆိုသော မိန်းကလေးကို မိမိမသိပါချေ။ မသူဇာကို မိမိစတင်သိရှိသည်မှာ မည်းမှောင်သော တိုက်ခန်းတစ်ခုအတွင်း၌ ဖြစ်သည်။ သည့်အရင်က မသူဇာကို မိမိဘာမျှမသိရှိပါ။

ထိုအခန်းတွင်းသို့ မိမိအဘယ်ကြောင့် ရောက်ရှိနေသည်ကို မသိပါ။ ထို့အပြင် မိမိရန်ကုန်မြို့သို့ အဘယ်ပုံရောက်ရှိခဲ့ပြီး အဘယ်အရပ်တွင် နေခဲ့သည်ကိုလည်း မသိပါ။ သေဆုံးသော အမျိုးသမီးသည် မိမိနှင့် အဘယ်သို့ ပတ်သက်ချေသနည်း မသိပါ။

မိမိ၏ အတွေးများသည် ဝက်ပါထဲတွင် ဝဲလည်နေသည်။ နောက်ဆုံးတွင် ‘မသိပါ’နှင့်ပဲ လမ်းဆုံးသည်။

မသူဇာ လက်မလျှော့ပါ။ ထပ်ပြီးစဉ်းစားသည်။ မိမိ မသူဇာဖြစ်သည်။ ဒါတော့ သေချာသည်။ သို့သော် သေဆုံးသူ အမျိုးသမီး မည်သူမှန်း မသိပါ။ မိမိလက်ဝယ်သို့ ရောက်ရှိနေသော လက်ကိုင်အိတ်ကို မည်သူပိုင်ဆိုင်မှန်းမသိပါ။ မိမိ၏ ပစ္စည်းလည်း ဖြစ်နိုင်သည်။ သေဆုံးသူ၏ ပစ္စည်းလည်းဖြစ်နိုင်သည်။ ယင်းသို့ဆိုလျှင် သေဆုံးသူသည် မသူဇာဖြစ်ချေသည်လား။ မိမိသည် တစ်ပါးသူ၏ နေရာတွင် လူစားရောက်ရှိနေသည်လား။

ဇော်မင်းထွန်း၏ ဇနီးဆိုသူမှာ မိမိလား၊ သေဆုံးသူ အမျိုးသမီးလား၊ အမျိုးသမီးတစ်ယောက်သည် မိမိကိုယ်မိမိ အပျိုမှန်း၊ အိမ်ထောင်သည်မှန်းမသိဟု ဆိုသည်မှာ ဟုတ်နိုင်ပါချေမည်လား။

မသူဇာ၏ပါးပြင်တွင် ရှက်သွေးများ ဖျန်းလာသည်။ မိမိသည် အပျိုစင်တစ်ဦး ဟုတ်မဟုတ် ဆရာဝန်နှင့် ဆေးစစ်ကြည့်ရချေမည်လား။ မိမိဘာသာ သိနိုင်သလား၊ မသူဇာစဉ်းစားသည်၊ လောလောဆယ်တော့ မိမိ မသိပါ။ ထိုအတွေးကို မသူဇာ ချက်ချင်း ဖြတ်တောက်လိုက်သည်။ မျက်နှာပူပါသည်။ ရှက်ပါသည်။ ဘယ်လိုများပါလိမ့်။

အတိတ်မေ့ရောဂါအကြောင်း မိမိကြားဖူးနားဝရှိသည်။ ရုပ်ရှင်ထဲမှာ ပါသည်။ ဝတ္ထုထဲမှာ ပါသည်။ တစ်စုံတစ်ယောက်သည် ခေါင်းကို တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနှင့် ထိခိုက်မိပြီး သတိမေ့သွားသည်။ အတိတ်မေ့သွားသည်။ ထို့နောက် တစ်ဖန် တစ်စုံတစ်ခုနှင့် ထိခိုက်မိပြန်ကာ အတိတ်ကို ပြန်လည်သတိရရှိလာတတ်သည်။ မသူဇာသည် အမှတ်မထင်ဆိုသလို သူမ၏ ခေါင်းကို လက်ဖြင့် စမ်းကြည့်မိသည်။ မည်သည့်ဒဏ်ရာမျှ မရှိပါ။ မည်သည့်အရာဝတ္ထုနှင့်မျှ ထိခိုက်မိဟန် မရှိပါ။ နောက်ပြီး အကြောင်းတစ်စုံတစ်ခုကြောင့် စိတ်နောက်သွားပြီး မှတ်ဉာဏ်ပျောက်ဆုံးသွားခြင်းလည်း ဖြစ်နိုင်သည်။ မိမိသည် မည်ကဲ့သို့သော တုန်လှုပ်ချောက်ချားဖွယ်ရာများကို ကြုံတွေ့ခဲ့ရချေသနည်း။

ထိုအမျိုးသမီး သေဆုံးရခြင်းနှင့် မိမိအဘယ်သို့ ပတ်သက်ချေသနည်း။

မသူဇာ တစ်နေရာတွင် ခြေစုံရပ်နေမိသည်။ တောင့်တောင့်ကြီး ရပ်နေမိသည်။

မိမိတွင် အဖေရှိသလား၊ အမေရှိသလား။ မိမိတွင် အစ်မ ရှိသလား၊ ညီမရှိသလား။ မိမိတွင် အစ်ကိုရှိသလား၊ ညီမရှိသလား၊ ဘာမျှ စဉ်းစား၍ မပေါ်ပါ။

သည်အတိုင်းသာဆိုလျှင် မိမိအနေနှင့် ဘာတစ်ခုမျှ သူစဉ်းစား၍ ရနိုင်မည်မဟုတ်ပါ။ စဉ်းစား၍ မရနိုင်သည်ကို စဉ်းစားနေလျှင် ပင်ပန်းတာပဲ အဖတ်တင်ပေမည်။

မိမိ၏ စိတ်များကို လွှတ်ထားလိုက်တာပဲ ကောင်းပေမည်။

မိမိကိုယ်ကို အခြားနည်းဖြင့် ပြန်လည် ရှာဖွေရပေမည်။ တွေးနေငေးနေရုံဖြင့်မူ အကြောင်းမထူးနိုင်ပါချေ။ သက်သေအထောက်အထားများကို ရှာဖွေရပေမည်။ ရနိုင်သော သဲလွန်စများကို ရှာဖွေရမည်။ ပြတ်နေသောကွင်းဆက်များကို ဖော်ထုတ်ရမည်။

မိမိသည် သန်လျင်မြို့တွင် ရောက်ရှိနေသည်။ နှင်းဆီခြံမြိုင်ခြံကြီးတွင် ဒေါ်တင်တင်လတ်၊ ဒေါ်တင်တင်လေး၊ ဒေါ်နှင်းစိန်ဆိုသော အမျိုးသမီးကြီးများနှင့်အတူ နေထိုင်လျက်ရှိသည်။ မိမိကိုဇော်မင်းထွန်း၏ ဇနီးအဖြစ်



နှင့် သူတို့ လက်ခံထားကြသည်။ မိမိကို ထူးဆန်းသော မိန်းကလေးတစ်ယောက်အဖြစ် မှတ်ယူထားကြသည်။

ဇော်မင်းထွန်းဆိုသည်မှာ မည်သူနည်း။ အကယ်ပင် မိမိ၏ ခင်ပွန်းသည် ဖြစ်ချေမည်လား။ မသူဇာ မျက်လုံးများကို ပိတ်ပြီး စိတ်တွင် အာရုံထင်ကြည့်သည်။ ဇော်မင်းထွန်းဆိုသူ၏ ရုပ်သွင်ပေါ်မလာပါ။

ဇော်မင်းထွန်းကို မိမိမသိပါ။ မိမိ၏ ခင်ပွန်းဆိုသူကို မိမိမသိပါ။ သို့သော် ထိုအမျိုးသားကို ဤအိမ်ရှိ အမျိုးသမီးကြီးများက သိကြသည်တော့ အမှန်ပင်ဖြစ်သည်။

ယင်းသို့ဆိုလျှင် မိမိပထမဆုံး လုပ်သင့်သည့်အလုပ်မှာ ဇော်မင်းထွန်းမည်သူနည်းဟု စုံစမ်းဖို့ပင်ဖြစ်သည်။ ဇော်မင်းထွန်းနှင့်မိမိ ဘယ်သို့ပတ်သက်သနည်းဟု စဉ်းစားဖို့ပင် ဖြစ်သည်။

ဇော်မင်းထွန်း ဆိုသည်မှာ ညိုသည်လားမသိ၊ ဖြူသည်လား၊ ရှည်သည်လား မပြောတတ်။ အပေါက်ဆိုးဆိုး လူကြီးတစ်ယောက်များဖြစ်နေရင်ဖြင့်...

'မြသီတာကတော့ သူ့ကို...ကိုဇော်တဲ့...

ဩော်...ကိုဇော်ရယ်၊ ကိုဇော် ဘယ်သူလဲကွယ်၊ ကိုဇော် ဘယ်မှာလဲကွယ်...။

ပန်းရန့်တို့ ထုံပျံ့သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

ဒေါ်နှင်းစိန်က တင်တင်လတ်ကို 'မအိမ်မြဲ၊ တင်တင်လေးကို 'မအိမ်လည်'ဟု ခေါ်ပါသည်။ ဟုတ်တော့လည်း ဟုတ်သည်။ တင်တင်လေးသည် အိမ်မှာနေသည်မရှိ။ မနက်မိုးလင်းလျှင် အိမ်ကထွက်သွားပြီး ထမင်းစားချိန်မှ ပြန်လာသည်။ စားပြီးလျှင် ပြန်ထွက်သွားသည်။ ညနေဘက်တွင်လည်း ယင်းအတိုင်းပင်။

တင်တင်လတ်က အပြင်သွားခဲ့သည်။ ခြံဝင်းထဲကိုပင် မထွက်တတ်၊ အိမ်ထဲမှာပင် နေသည်။ ဧည့်ခန်းထဲမှာပင် နေသည်။ အမြဲတမ်းလိုပင် ဇာထိုးနေတတ်သည်။

မသူဇာ ဧည့်ခန်းထဲသို့ ဝင်သွားသောအခါ တင်တင်လတ်သည် တစ်ချက်မော့ကြည့်ပြီး သိုးမွေးဆွယ်တာကို ဆက်ထိုးနေသည်။

မသူဇာသည် တင်တင်လတ်ကို ငေးပြီး ကြည့်နေသည်။ မိမိရှေ့မှ အမျိုးသမီးကြီးသည် အသားဖြူသည်။ အသားအရေ စိုပြည်သည်။ အသားအရေ ပြည့်ဖြိုးသည့် မိန်းမချောကြီးတစ်ယောက် ဖြစ်သည်။ မျက်လုံးမျက်နှုံးကောင်းသည်။ မျက်နှာပေါက် မျက်နှာထား လှပတည်ကြည်သည်။ အသက် ၄၀ကျော်ပြီဖြစ်သော်လည်း အရွယ်တင်သည်။

တင်တင်လေးသည် ထို့အတူပင်။

ဤအတိုင်းဆိုလျှင် သူတို့၏ အစ်မ တင်တင်ကြီးသည်လည်း မိန်းမချောမိန်းမလှကြီးတစ်ယောက်ပင် ဖြစ်ပါလိမ့်မည်။ တင်တင်ကြီး၏သား



ဇော်မင်းထွန်းသည်လည်း မလွဲဧကန်ပင် လူချောလူခန့်ကြီးတစ်ယောက် ဖြစ်ပါလိမ့်မည်။

မသူဇာ သက်ပြင်းချလိုက်သည်။

"မသူဇာ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"ပျင်းနေပြီလား"

"မပျင်းပါဘူး"

"မပျင်းဘူးတော့ ဘယ်ဟုတ်မလဲ…ပျင်းမှာပေါ့ကွယ်…တင်တင်လေးနဲ့ လိုက်ပြီး လည်ပါလား…"

"ကျွန်မ အိမ်မလည်ချင်ပါဘူး"

"မသူဇာက ဇာထိုးပန်းထိုးလည်း မတတ်ဘဲကိုး…"

"ကျွန်မသင်ချင်ပါတယ်…ကျွန်မတစ်နေ့ကျရင် သင်ပါဦးမယ်"

"စာကြည့်ခန်းထဲမှာ ဖိုးဇော်ရဲ့ စာအုပ်တွေရှိတယ်။ စာဖတ်ဝါသနာပါရင် ဖတ်ပေါ့။ ဒါမှမဟုတ် စိုက်ပျိုးရေးဝါသနာပါရင် ဒေါ်နှင်းစိန်ရဲ့ နှင်းဆီခြံမှာ လုပ်အားပေးပေါ့ကွယ်"

"ဟုတ်ကဲ့"

"မသူဇာလိုချင်တာ ရှိရင် ပြောပေါ့"

"ဟို…ဟို…"

"ဘာလဲ…မသူဇာ"

"ကျွန်မ…ကျွန်မ…ဟိုစာ ခဏလောက် ဖတ်ရမလား"

တင်တင်လတ်က နားမလည်ဟန်နှင့် ကြည့်လျက်။

"ဘယ်စာလဲ…မသူဇာ၊ ဘာလဲ"

"ဟို…ဟို အစ်ကိုဇော်ဆီက ဒေါ်ဒေါ်တို့ဆီကို ပေးလိုက်တယ်ဆိုတဲ့ စာပါ"

မသူဇာက 'အစ်ကိုဇော်'ဆိုသော စကားလုံးကို ကြိုးစားပြီး ပြောလိုက်ရသည်။ စိတ်ထဲတွင် မရဲပါ။ လျှာမချောပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြသီတာကပင် ကိုဇော်ဟု ခေါ်ချေသည်မဟုတ်ပါလား။

ဇော်မင်းထွန်းသည် မိမိ၏ ခင်ပွန်းဖြစ်ခဲ့လျှင် သည်အတိုင်းပင် ခေါ်သင့်သည်မဟုတ်ပါလား။

ဇော်မင်းထွန်းသည် မိမိ၏ ခင်ပွန်းဖြစ်ခဲ့လျှင် သည်အတိုင်းပင် ခေါ်သင့်သည် မဟုတ်ပါလား။

တင်တင်လတ် မျက်မှောင်အနည်းငယ်ကုတ်လျက်

"အဲဒီစာကို မသူဇာ ရန်ကုန်ရောက်မှ စာတိုက်ကနေ ထည့်လိုက်တာ မဟုတ်လား"

"ကျွန်မ မမှတ်မိဘူး"

"အဲဒီစာကို မသူဇာက ဖတ်ပြီးသား မဟုတ်လား"

"ကျွန်မ မမှတ်မိပါဘူး"

တင်တင်လတ် ခေါင်းကို ယမ်းခါလျက်–

"အင်း...မသူဇာအဖြစ်ကလည်း တစ်မျိုးပါလားကွယ်...တို့လည်း ဘာမှမလုပ်တတ်ဘူး"

"အဲဒီစာကို ဖတ်ရရင် တစ်ခုခုများ မှတ်မိတာ ရှိမလားလို့"

မသူဇာက တင်တင်လတ်ကို မကြည့်ဘဲ ခပ်တိုးတိုးပြောသည်။

"ဟုတ်ပြီလေ..."

တင်တင်လတ် ထိုင်ရာမှထပြီး အတွင်းဘက်သို့ ဝင်သွားသည်။ သူမက အပေါ်ထပ်မှာ မအိပ်ဘဲ အောက်ထပ်တွင် အခန်းတစ်ခန်း ယူထားသည်။

ခဏအကြာတွင် တင်တင်လတ် ပြန်လာသည်။ လက်ထဲတွင် စာတစ်စောင်နှင့် စာအုပ်တစ်အုပ် ပါလာသည်။ မသူဇာ ရင်တထိတ်ထိတ် ခုန်နေသည်။

တင်တင်လတ်က စာရွက်ခေါက်ကို လှမ်းပေးသည်။ မသူဇာ လက်တွေ တုန်နေသည်။ ရင်ထဲတွင် မောနေသည်။

လက်ထဲမှစာသည် မိမိနှင့် ပွန်းတီး ရင်းနှီးခြင်းအလျဉ်း မရှိပါ။ ယင်းသည် ထူးဆန်းနေသည်။ ယင်းသည် စိမ်းနေသည်။



လက်ရေးဝိုင်းသည်။ လက်ရေးလှသည်။ သေသပ်သည်။ ပီသရှင်းလင်းသည်။ သို့သော် သည်လက်ရေးကို မိမိမမြင်ဖူးပါ။ မိမိမသိပါ။

မသူဇာခေါင်းကို ယမ်းခါသည်။ သည်လက်ရေးကို မိမိမမှတ်မိပါ။ သို့သော် သည်စာကို ရေးသူသည် မိမိ၏ ခင်ပွန်းဖြစ်ချေသည်။

တင်တင်လတ်က သူမ၏ အကဲကို ကြည့်နေသည်။

မသူဇာ စိတ်ကို တင်းလိုက်သည်။ စာရွက်ကို ပြန်ကြည့်သည်။ ပထမတွင် စာလုံးတွေ ဝါးနေသည်။ မှုန်နေသည်။ ခဏကြာသောအခါတွင် စာလုံးတွေ ပြန်ကြည်လင်လာသည်။

ဒေါ်ဒေါ်လတ်နှင့် ဒေါ်ဒေါ်လေး...

ဒီစာကို ဒေါ်လတ်တို့ရပြီး ရက်များမကြာခင်မှာပဲ ကျွန်တော် ပြန် ရောက်လာမှာဖြစ်ပါတယ်။ အဲဒီတော့ အလုံးစုံကို ရှင်းပြပါ့မယ်။ အခု လောလောဆယ်မှာတော့ ကျွန်တော့်ဇနီးကို ဒေါ်လတ်တို့ ကြည့်ရှု စောင့်ရှောက်ထားပါလို့ တောင်းပန်ပါတယ်။ ကျွန်တော်တို့ ရုတ်တရက် လက်ထပ်လိုက်ရတာမို့ ဒေါ်လတ်တို့ရဲ့ ခွင့်ပြုချက်အရင်မယူမိတာကို တောင်းပန်ပါတယ်။ ဒေါ်လတ်တို့ဆီမှာ ခွင့်မပန်ရသေးလို့ သူ့ကို ရန်ကုန် ကြီးကြီးညွှန့်တို့ အိမ်မှာ ခေတ္တနေစေပါတယ်။ ဒေါ်လတ်တို့က ခွင့်ပြုကြောင်း စာရေးပြီး ခေါ်လိုက်တဲ့အချိန်မှာ သူ ဒေါ်လတ်တို့ဆီကို လာပါလိမ့်မယ်။ သူ့နာမည် သူဇာဝင်းထွတ် ဖြစ်ပါတယ်။ ကျွန်တော် ဒီလကုန်ထက် နောက်မကျဘဲ ပြန်ရောက်လာပါမယ်။ လူချင်းတွေ့မှ ပြောကြတာပေါ့။

ရိုသေလေးစားစွာဖြင့်
ဇော်

မသူဇာ စာနှစ်ခေါက် ပြန်ဖတ်သည်။ သူမအတွက် မည်သည့်

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်မျှ မဆောင်ပါ။ ဘာတစ်ခုကိုမျှ အမှတ်ရလာခြင်းမရှိပါ။ အရာရာသည် ပို၍ ဝေးသွားသည်ဟု ထင်ရသည်။

မသူဇာ မော့ကြည့်လိုက်သောအခါ သူမကို ကြည့်နေသောတင်တင်လတ်ကို တွေ့ရသည်။ မသူဇာ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်လာသည်။ မိမိတွင်အပြစ်ရှိသည်ဟု ခံစားမိလာသည်။ မိမိသည် ပြစ်ဒဏ်စီရင်ခံရတော့မည်ဟု တုန်လှုပ်ချောက်ချားလာမိသည်။

မြင်ကွင်း ပြာဝေလာသဖြင့် မျက်လုံးများကို မှိတ်ထားလိုက်ရသည်။ ခေါင်းကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ထားလိုက်မိသည်။

"မသူဇာ ဘာဖြစ်လို့လဲ..."

"ဘာမှမဖြစ်ပါဘူး..."

"မသူဇာ နေမကောင်းဘူးလား"

"နေကောင်းပါတယ်...ဘာမှ မသိတာကလွဲရင် ဘာမှမဖြစ်ပါဘူး"

"အခု စာကို ဖတ်တော့ကော ဘာမှမသိဘူးလား"

မသူဇာက ခေါင်းခါသည်။

"ဘာမှမသိရင်လည်း ဘာမှ စဉ်းစားမနေနဲ့ပေါ့ကွယ်...ဖိုးဇော်လာတော့ အားလုံး ရှင်းသွားမှာပေါ့"

"ဟုတ်တယ်၊ သူလာရင်တော့ ရှင်းသွားမှာပဲ"

"သူလည်း လာတော့မှာပဲကွယ်၊ ဒီလမကုန်ခင် လာမယ်လို့ သူ့စာထဲမှာ ပါတယ်မဟုတ်လား"

"ကြီးကြီးညွန့်ဆိုတာ ဘယ်သူလဲ..."

မသူဇာက ရုတ်တရက်မေးလိုက်သည်။ တင်တင်လတ် မျက်မှောင်ကုပ်သွားသည်။ သို့သော် ချက်ချင်းပင် မျက်နှာပြင်ကာ

"ကြီးကြီးညွန့်ဆိုတာ သူနဲ့ ဘာမှမတော်ပါဘူး.. ရန်ကုန်မှာ သူ့ထမင်းလခပေးစားတဲ့အိမ်ပါ"

"ကြီးကြီးညွန့်က ကျွန်မကို သိမယ်ထင်တယ်"

"တို့...ဘယ်ပြောတတ်မလဲ"



"ကြီးကြီးညွန့်ဆီကို ကျွန်မသွားမေးချင်တယ်"

"နေပါဦးကွယ်...ဖိုးဇော်ပြန်လာတော့မှသွားတာပေါ့"

တင်တင်လတ်တို့က သူမကို ဘယ်ကိုမှ သွားစေချင်ပုံမပေါ်။ အရာရာကို သူတို့၏ ပြန်လာမှ လုပ်စေလိုသည်။ ယခုအတိုင်းဆိုလျှင် သူမကို အကျယ်ချုပ် ချထားသည့်သဘောဖြစ်နေသည်။

"အစ်ကိုဇော့် စာထဲမှာ ပါတဲ့အတိုင်းဆိုရင်တော့ ကျွန်မဟာ ရန်ကုန်မှာတုန်းက အဲဒီ ကြီးကြီးညွန့်အိမ်မှာ နေတဲ့သဘောပဲ"

"တင်တင်လေးကလည်း အဲဒီလိုပဲ ထင်တယ်။ သူကလည်း မညွန့်ဆီကို သွားစုံစမ်းချင်တယ်။ တို့က မသွားပါနဲ့ဦးလို့ ပြောထားရတယ်"

"ဘာပြုလို့လဲ"

တင်တင်လတ်သည် တစ်စုံတစ်ခုကို ပြောသင့်မသင့် ချိန်ဆနေဟန်ပြုပြီးနောက်...

"ဘာပြုလို့မှတော့ မဟုတ်ပါဘူး။ မသူဇာ ဒီမှာနေရထိုင်ရတာ မကောင်းဘူးလား၊ အားလုံးအဆင်ပြေတယ်မဟုတ်ဘူးလား၊ အားလုံးလုံခြုံစိတ်ချရတယ် မဟုတ်ဘူးလား"

"ဒီမှာ နေရထိုင်ရတာ ဘာမှလိုလေသေးမရှိပါဘူး။ ဒါပေမယ့် ကျွန်မရဲ့ အတိတ်ကို မသိရတော့ နေရထိုင်ရတာ မဖြောင့်ဘူးပေါ့။ ကျွန်မဘာဖြစ်ခဲ့သလဲဆိုတာ သိပ်ပြီးသိချင်နေတယ်"

"မသူဇာ ဘယ်သူလဲ၊ မသူဇာဘာလဲဆိုတာ တို့လည်း သိချင်တာပေါ့။ အခုတော့ မသူဇာဟာ မောင်ဇော်မင်းထွန်းရဲ့ ဇနီးဖြစ်တယ်ဆိုတာကလွဲပြီး တို့ဘာမှ မသိရဘူး၊ မသူဇာအတိတ်မေ့တာဟာ မောင်ဇော်မင်းထွန်းနဲ့ မတွေ့ခင်ကတည်းက မေ့တာလား၊ ဒါမှမဟုတ် သူနဲ့တွေ့ပြီး တို့ဆီကို လာမှ မေ့တာလားဆိုတာလည်း ဘယ်သူမှ မသိဘူး။ တကယ်လို့ မသူဇာဟာ နောက်ပိုင်းမှာ ဆိုကြပါတော့၊ ရန်ကုန်မှာ တစ်ခုခုဖြစ်ခဲ့တယ်ဆိုရင် ဘယ်ကိုမှမသွားဘဲ ဘာမှမလုပ်ဘဲ ဒီအိမ်မှာ အေးအေးဆေးဆေး နေတာဟာ အကောင်းဆုံးပဲ မဟုတ်လား။ အန္တရာယ်ကင်းပဲ မဟုတ်လားကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ ဘေးအန္တရာယ်တွေရှိနိုင်တယ်လို့ ထင်သလား"

"ဘယ်သူပြောနိုင်မလဲကွယ်"

"ကျွန်မက တစ်ယောက်ယောက်ကို ဘေးအန္တရာယ်ပေးလိမ့်မယ်လို့ကော ထင်သလား"

တင်တင်လတ် သက်ပြင်းရှည်ကြီး ချပြီး–

"တို့မျက်စိအောက်မှာ မြင်တွေ့နေရသလောက်တော့ မသူဇာဟာ နှင်းဆီမြိုင်မှာ ဘယ်သူ့ကိုမှလဲ ဘေးအန္တရာယ်မပေးဘူး။ နောက်ပြီးတော့ ဘာဘေးအန္တရာယ်မှလည်း မရှိပါဘူးကွယ်။ ကဲပါကွယ်၊ ဒါတွေ တွေးမနေပါနဲ့တော့၊ စိတ်အေးအေးထားပြီး ကောင်းကောင်းအနားယူပါ၊ ဖိုးဇော်လာတော့ ပြဿနာတွေ အားလုံးရှင်းသွားမှာပေ့ါ"

မသူဇာ ခေါင်းညိတ်လိုက်သည်။ သူမအနေနှင့်လည်း ဇော်မင်းထွန်းဆိုသူ လာစေချင်ပါပြီ။

"ဩော်...မသူဇာကို တစ်ခုပြမလို့"

တင်တင်လတ်က သူမ၏ ပေါင်ပေါ်တွင် တင်ထားသော စာအုပ်ကို ကောက်ယူလှန်လှောရင်း ပြောသည်။

"ဘာလဲ ဒေါ်ဒေါ်လတ်"

တင်တင်လတ်က စာရွက်များကြားတွင် တစ်စုံတစ်ခု လိုက်လံရှာဖွေနေသည်။ ချက်ချင်းဆိုသလိုပင် တွေ့သွားသည်။ ဓာတ်ပုံတစ်ပုံဖြစ်နေသည်။

"အရင်တစ်ပတ် စာထည့်လိုက်တုန်းက ဓာတ်ပုံတစ်ပုံထည့်ပေးလိုက်တယ်"

"ဘယ်သူ့ပုံလဲ"

"ပုံကတော့ သူ့ပုံပါပဲ။ ဒါပေမယ့် တောင်ပေါ်မှာ ရိုက်တာ။ မသူဇာ ဓာတ်ပုံကို မြင်ရင် ဘယ်မှာ ရိုက်တယ်ဆိုတာ သိမလား‌ပဲ" တင်တင်လတ်က ဓာတ်ပုံကို လှမ်းပေးသည်။

တောင်စောင်းတစ်ခုတွင် ရိုက်ထားခြင်း ဖြစ်သည်။ သစ်ပင်တစ်ပင်အောက်တွင် ဖြစ်သည်။ ခက်ညွန့်ဝေစည်သည်။ ဖူးပွင့်ဝေစည်သည်။ ချယ်ရီပင် ဖြစ်ဟန်တူသည်။ နောက်ဘက်တွင် မှိုင်းညို့သော တောင်တန်းများရှိသည်။



မသူဇာခေါင်းခါသည်။

"ဘယ်မှာ ဆိုတာ မသူဇာ မသိဘူးလား..."

မသူဇာ ထပ်မံ၍ ခေါင်းခါသည်။ ဓာတ်ပုံထဲတွင်ပါသော နေရာဒေသကိုသာ မသိသည်မဟုတ်၊ ဓာတ်ပုံထဲကလူကိုလည်း သူမသိပါချေ။

တင်တင်လတ် ရုတ်တရက်ဆိုသလို အတွင်းဘက်သို့ ထသွားသည်။ ဧည့်ခန်းထဲတွင် သူဇာတစ်ယောက်တည်း ကျန်ရစ်သည်။

ဇော်မင်းထွန်းက သူမကို စိုက်ပြီးကြည့်သည်။

သူမတွက်ဆထားသည့်အတိုင်းပင် သူ့မျက်နှာ တည်ကြည်သည်။ ခံ့ညားသည်။ မျက်ခုံးများ နက်မှောင်ထူထဲသည်။ မျက်လုံးအကြည့် စူးရှသည်။ နှုတ်ခမ်းတွင် ပြုံးရိပ်ပြုံးယောင်ရှိသည်။

ဇော်မင်းထွန်းသည် ဓာတ်ပုံထဲမှနေ၍ သူမကို တစ်စုံတစ်ခုပြောနေဟန်ရှိသည်။

မသူဇာ စဉ်းစားလေ အံ့သြရလေ ဖြစ်သည်။ ဤသူသည် မိမိ၏ ခင်ပွန်းပင်ဖြစ်သည်။ ဤသူသည် မိမိ၏ ဘဝကို အဆုံးအဖြတ်ပေးမည့်သူပင် ဖြစ်သည်။

ဤသုံးရက်အတွင်းတွင် သူမသည် ဒေါ်နှင်းစိန်၊ တင်တင်လတ်၊ တင်တင်လေး၊ မြသီတာတို့နှင့် မေးရင်းပြောရင်းဖြင့်လည်းကောင်း၊ သူတို့ချင်း ပြောသည်ကို နားထောင်ရင်းဖြင့်လည်းကောင်း မိမိခင်ပွန်းဆိုသူ၏ အကြောင်းကို အထိုက်အလျောက်တော့ သိခဲ့ရပြီဖြစ်သည်။

ဇော်မင်းထွန်း၏မိခင်သည် တင်တင်လတ်နှင့် တင်တင်လေးတို့၏ အစ်မအကြီးဆုံး ဖြစ်သည်။ အစိုးရအရာရှိတစ်ဦးနှင့် အိမ်ထောင်ကျသည်။

မိဘနှစ်ပါး ငယ်စဉ်ကပင် ကွယ်လွန်သဖြင့် အဒေါ်များနှင့်အတူနေသည်။ သို့သော် ၁၀–တန်းအောင်မြင်သောအခါ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းအိပ်ကျောင်းစားနေသည်။ ဘွဲ့ရပြီးနောက် သန်လျင်တွင် ခေတ္တပြန်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ သို့သော် အလုပ်ရသောအခါ ရန်ကုန် ပန်းဆိုးတန်းတွင် သူငယ်ချင်းများနှင့် အိမ်ခန်းငှားနေသည်။

လွန်ခဲ့သည့် ဖေလခန့်က အလုပ်ကိစ္စဖြင့် ကချင်ပြည်နယ်သို့ သွားရသည်။ တစ်လတစ်စောင် စာလာသည်။ နောက်ဆုံးစာတွင်မှ ရုတ်တရက် လက်ထပ်သည့်အကြောင်း သူ့ဇနီးကို အရင်လွှတ်လိုက်သည့်အကြောင်း ပါရှိသည်။ အဒေါ်များ အံ့သြရသည်။ သို့သော် သူတို့တူကို ယုံကြည်ကြသည်။ သူတို့ တူသည် မသင့်တင့်သော အလုပ်များကို လုပ်မည့်သူမဟုတ်ချေ။ ယင်း ကြောင့် သူတို့ ချက်ချင်းပင် မသူဇာထံ စာပြန်လိုက်ခြင်းဖြစ်သည်။

မသူဇာ ရောက်လာသောအခါ သူတို့မှာ ပို၍ အံ့သြရသည်။ မသူဇာသည် သူ့မဘဝကို သူဘာမျှ မသိသူ၊ သို့သော် သူတို့က မသူဇာကို ကောင်းမွန်စွာ ပြုစုထားကြသည်။ ပြဿနာရှိ၍ ဖြေရှင်းစရာရှိလျှင်ဇော်မင်းထွန်းလာမှ ဖြေရှင်းပေလိမ့်မည်။

မသူဇာက ဓာတ်ပုံကို မျက်တောင်မခတ် ကြည့်နေသည်။ ဇော်မင်းထွန်း ရုတ်တရက်ပြုံးလာသည်။ ရုတ်တရက် တည်သွားသည်။

ထိုစဉ်

မသူဇာ လက်ထဲမှ ဓာတ်ပုံကို တစ်စုံတစ်ယောက်က ဆတ်ခနဲဆွဲလိုက်သည်။ မသူဇာလန့်သွားသည်။ ဓာတ်ပုံကို ကမန်းကတန်း ပြန်လုသည်။ ပြီးမှ မိမိလက်ထဲမှ ဇော်မင်းထွန်း ဓာတ်ပုံအား သတိပြုမိပြီး

"အို…မြသီတာပါလား၊ လန့်လိုက်တာကွယ်"

မြသီတာက ဓာတ်ပုံကို မှဲ့မှဲ့ရှုရှု ကြည့်လျက်။

"မုန်းစရာကြီး"

× × ×

## အခန်း(၁၀)

နောက်နှစ်ရက်အကြာတွင် မျှော်လင့်စောင့်စားနေကြရသော ဇော်မင်းထွန်း ပြန်လည်ရောက်ရှိလာသည်။ စာမလာအကြောင်းမကြားဘဲ ရုတ်တရက်ကြီးဆိုသလို ရောက်ရှိလာခြင်း ဖြစ်သည်။

ထိုအချိန်က မသူဇာ ဥယျာဉ်ထဲမှာ ရှိနေသည်။ တိမ်ညိုတိမ်မည်းများ တက်လာသဖြင့် ဆည်းဆာညှိုးနွမ်းသည်။ ရုတ်တရက်ဆိုသလို တိမ်များ လင်းလာသည်။ မည်းမည်းဖြူရာမှ မီးခိုးလို ဖြူလာသည်။ ပြီးတော့ ဝါလာသည်။ အဝါ လင်းသည်ထက် လင်းလာသည်။ စိမ်းပြာပြာ ပန်းလဲ့လဲ့။

တိမ်တောက်သော ညနေဆည်းဆာပါကလား။

ကားသံကြားရသည်။ ခြံဘေးမှ ဖြတ်သွားသည်။ အိမ်ရှေ့တွင် ရပ်သည်။ မသူဇာ ဥယျာဉ်ထဲမှာပင် နေသည်။

မကြာခင် လူတစ်ယောက်၏ ခြေသံကြားကြရသည်။ ဥယျာဉ်ဆီသို့ လာနေခြင်းဖြစ်သည်။ သူမထံသို့ လာနေခြင်းဖြစ်သည်။

ဇော်မင်းထွန်း ဖြစ်သည်။

မသူဇာ ထိုင်ရာမှ ဖြည်းညင်းစွာ မတ်တတ်ရပ်ပြီး သူနှင့် မျက်နှာချင်းဆိုင်သည်။ သူမ ထင်ထားသည်ထက်ပင် သူအရပ်ရှည်သည်။ ဤသည်မှာ သူနှင့်ပတ်သက်ပြီး မသူဇာ၏ ဦးနှောက်တွင်းသို့ ပထမဆုံး တင်လာသော အတွေ့အသိပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် လက်တစ်ကမ်းတွင် သူရပ်သည်။ မသိမသာ မျက်မှောင်ကုပ်ပြီး...

“မင်းဘယ်သူလဲ”

သူ့အသံပြတ်တောင်းသည်။ အနည်းငယ် မာကျောသည်။

“ကျွန်မဘယ်သူလဲဆိုတာ အစ်ကိုမသိဘူးဆိုရင်တော့ ကျွန်မလည်း မသိဘူးပေါ့”

“မင်းဘယ်သူလဲဆိုတာ ကိုယ်လည်း မသိဘူး”

မသူဇာ ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားသည်။ ပြူးခနဲ မျက်လုံးများကို မှိတ်ထားလိုက်သည်။ သူမ၏ ကိုယ်သည် နတ်ဝင်သည်ကဲ့သို့ ယိမ်းယိုင်သွားသည်ဟုထင်ရသည်။

“မင်းနေမကောင်းဘူးလား”

“ကောင်းပါတယ်၊ ဒါပေမယ့် ကျွန်မထိုင်ပါရစေ”

ခုံတန်းပေါ်သို့ မသူဇာ ဖြည်းညင်းစွာ ထိုင်ချလိုက်သည်။

“ကိုယ် ဘယ်သူလဲဆိုတာကော သိသလား”

“သိပါတယ်”

“ဘယ်သူလဲ”

“အစ်ကို ဇော်မင်းထွန်းပါ”

“မင်းနာမည် ဘယ်သူလဲ”

“မသူဇာပါ”

“သေချာရဲ့လား”

“သေချာပါတယ်”

“ဒါပေမယ့် မင်းဟာ ကိုယ်သိတဲ့သူဇာတော့ မဟုတ်ဘူး”

“အစ်ကို တကယ်ပြောတာလား”

“ဩော်...ကိုယ်က ဘာလို့ညာရမှာလဲ၊ မင်းကိုယ်မင်း မသူဇာမဟုတ်ဘူးဆိုတာ မသိဘူးလား”

“ကျွန်မ မသူဇာဆိုတာတော့ သေချာပါတယ်”



“ဒါပေမယ့် မင်းဟာ ကိုယ့်မိန်းမ မသူဇာတော့ မဟုတ်ဘူး”

“အို...”

“မင်းကို ကိုယ်တစ်ခါမှ မမြင်ဖူးဘူး”

“အို...”

“မသူဇာ ဘယ်မလဲ”

“ရှင်...”

“ကိုယ့်မိန်းမ မသူဇာ ဘယ်မလဲ”

“ကျွန်မမသိပါဘူး”

သူခေါင်းကို ရမ်းခါလျက်–

“မဟုတ်ပါဘူး၊ မင်းဒီကို ရောက်နေတယ်။ မင်းလက်ထဲမှာ မသူဇာရဲ့ လက်ကိုင်အိတ်ရှိနေတယ်။ ဒေါ်ဒေါ်လတ်ရဲ့စာ ရှိနေတယ်။ မင်းဘာမှ မသိဘူးဆိုတာတော့ မဖြစ်နိုင်ဘူး။ အဲဒီတော့ မင်း ကိုယ်တို့ကို အမှန်အတိုင်း ပြောပြဖို့ လိုတယ်”

မသူဇာ နှုတ်ခမ်းကို သွားဖြင့် ကိုက်လိုက်သည်။ မိမိရှေ့မှလူကို တစ်ချက်ကြည့်လိုက်သည်။ ပြတ်သား တိကျသူတစ်ဦး ဖြစ်သည်။ သူ့ကို ဘာမှ မပြော၍ မဖြစ်နိုင်ပါ။ တစ်ခုခုတော့ ပြောရမည်။ သူ့ကို အမှန်အတိုင်း ပြောရမည်လား၊ ပြောသင့်သည်လား၊ ယုံကြည်စိတ်ချရပါမည်လား၊ မိမိ ပြောမည်ကို သူကကော ယုံကြည်ပါမည်လား။

“ကျွန်မကိုယ်ကျွန်မ ဘယ်သူမှန်းမသိတာတော့ အမှန်ပါပဲ”

သူဘာမှ ပြန်မပြောပါ။

“ကျွန်မဟာ အစ်ကိုရဲ့ မသူဇာမဟုတ်ဘူးဆိုရင်တော့ ကျွန်မရဲ့ အတိတ်ဟာ လုံးလုံးပြတ်တောက်သွားပြီလို့ ဆိုရမှာပဲ”

“မင်းဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတယ်ဆိုတာတော့ ပြောနိုင်မှာပေါ့”

“ကျွန်မပြောနိုင်တာတွေ ရှိပါတယ်”

“ပြောပါ”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပြောတာ ယုံမလား"

"အခု ဘယ်ပြောနိုင်ပါ့မလဲ"

"ကျွန်မကတော့ အစ်ကို့ကို ယုံပါရစေ"

"ဘာပြောတယ်"

"ကျွန်မရဲ့ ဘဝဟာ အစ်ကို့လက်ထဲမှာ ရှိနေပါတယ်ရှင်"

သူမက ခပ်တိုးတိုးလေး ညည်းသလို ပြောလိုက်သည်။ သူက သူမကို အကဲခတ်သလို ကြည့်နေသည်။

"ဟုတ်ပြီလေ၊ အစ်ကိုယုံတာ မယုံတာတော့ မသိဘူး။ ကျွန်မပြောစရာရှိတာကိုတော့ ပြောပါ့မယ်။ ကျွန်မသိတဲ့အချိန်မှာ အားလုံးဟာ မှောင်နေပါတယ်။ အားလုံးဟာ တိတ်နေပါတယ်။ တိုက်တစ်တိုက်ရဲ့ အခန်းတစ်ခုထဲမှာ ကျွန်မရှိပါတယ်။ အခန်းထဲမှာ ကျွန်မတစ်ယောက်တည်း မဟုတ်ဘူးဆိုတာ ကျွန်မသိပါတယ်။ အခန်းထဲမှာ အမျိုးသမီးတစ်ယောက် သေနေတယ်ဆိုတာ ကျွန်မ သိပါတယ်"

"ဘာ...အမျိုးသမီးတစ်ယောက် သေနေတယ်...ဟုတ်လား"

"ဟုတ်ပါတယ်၊ သူ သမံတလင်းပေါ်မှာ လဲနေပါတယ်။ သူ့ခေါင်းမှာ သေနတ်မှန်ထားပါတယ်။ သူ့လက်ကို ကျွန်မစမ်းကြည့်တော့ အေးနေပါတယ်။ သွေးမတိုးတော့ပါဘူး"

"သူ...ဘယ်သူလဲ"

"ကျွန်မ မသိပါဘူး"

"ပြောပါဦး"

"သမံတလင်းပေါ်မှာ လက်ကိုင်အိတ်တစ်လုံး တွေ့ပါတယ်။ လက်ကိုင်အိတ်ထဲမှာ လက်နှိပ်ဓာတ်မီး ရှိပါတယ်။ ကျွန်မက အဲဒီအခန်းထဲက ထွက်ပြေးခဲ့တယ်။ ဘတ်စ်ကားစီးပြီး လာခဲ့တယ်။ ကျွန်မ ဘယ်ကိုသွားပြီး ဘယ်ကို ရောက်နေတယ်ဆိုတာ မသိပါဘူး။ နောက်ဆုံး...ဂိတ်ဆုံး ရောက်တော့မှ ဒေါ်တင်တင်အေးဆိုတဲ့ ကျောင်းဆရာမတစ်ယောက်က သတိပေးတော့မှ ကျွန်မ ပုဇွန်တောင် ရောက်နေမှန်း သိပါတယ်။ လက်ကိုင်အိတ်



ထဲမှာ ပိုက်ဆံတွေ တွေ့ပါတယ်။ လက်ကိုင်အိတ်ထဲမှာ ဒေါ်တင်တင်လတ်ရဲ့ စာကို တွေ့ပါတယ်။ ဒါနဲ့ ကျွန်မဒီကို ရောက်လာတာပါပဲ"

"သူ့ကို မင်း ပစ်သတ်တာလား"

"အို...မဟုတ်ပါဘူး"

"ဘာကြောင့် မဟုတ်ဘူးလို့ ပြောနိုင်ရတာလဲ"

"အို...ကျွန်မ မသတ်ပါဘူး၊ ကျွန်မသူ့ကို သတ်စရာ ဘာကြောင်းမှ မရှိပါဘူး။ နောက်ပြီး ကျွန်မလက်ထဲမှာ သူ့ကို သတ်စရာ သေနတ်လည်း မရှိပါဘူး။ အခန်းထဲမှာလည်း သေနတ်မရှိပါဘူး"

"အဲဒီအခန်းထဲကို မင်းက ဘယ်လိုလုပ်ပြီး ရောက်သွားတာလဲ"

"ကျွန်မမသိပါဘူး"

"အဲဒီအခန်းထဲမှာ တခြားဘာရှိသေးသလဲ"

"မှန်ကွဲနေတဲ့ လက်နှိပ်ဓာတ်မီးတစ်ခု ရှိတယ်"

"ဘယ်သူ့လက်နှိပ်ဓာတ်မီးလဲ"

"ကျွန်မ မသိပါဘူး"

"အဲဒီအိမ်က ဘယ်မှာလဲ"

"ကျွန်မ မသိပါဘူး"

"စဉ်းစားပါဦး"

"ကျွန်မစီးခဲ့တဲ့ ဘတ်စ်ကားက နံပါတ် ၈ ဆိုတော့ အင်းစိန်လည်း ဖြစ်နိုင်တာပေါ့။ သမိုင်းကြို့ကုန်းလည်း ဖြစ်နိုင်တာပေါ့။ ကမာရွတ်လည်း ဖြစ်နိုင်တာပဲ"

"မင်း ဒီအကြောင်းကို ဘယ်သူ့ကို ပြောပြီးပလဲ"

"ဘယ်သူ့မှ မပြောရသေးပါဘူး"

"ဘာပြုလို့လဲ..."

"အစ်ကို့ကို စောင့်နေလို့ပါ"

"ကိုယ့်ကို စောင့်နေလို့ ဟုတ်လား"

"ဟုတ်ပါတယ်။ အစ်ကိုနဲ့ မတွေ့ရခင် စောစောက[illegible]သိတော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဟာ..."

မသူဇာက စကားကို ဆုံးအောင် ဆက်မပြောပါ။

"ကိုယ့်ဇနီးမသူဇာအဖြစ်နဲ့ ရှိနေတယ်ဆိုပါတော့"

မသူဇာ မျက်ခွံပင့်ပြီး တစ်ချက်ကြည့်သည်။ သူမ၏ မျက်နှာတွင် သွေးရောင်လျှမ်းနေသည်။

"ကျွန်မကို အစ်ကို့ဇနီးအစားဟန်ဆောင်တဲ့ မိန်းကလေးတစ်ယောက်လို့တော့ အစ်ကိုမထင်ပါဘူးနော်"

ဇော်မင်းထွန်း မျက်မှောင်ကုပ်လိုက်ပြီး-

"တကယ်လို့ မင်းဟာ ကိုယ့်ဇနီးပါလို့ ကိုယ်ကပြောရင်ကော"

"အို..."

မသူဇာ မျက်နှာငယ်သွားသည်။ မျက်နှာညှိုးသွားသည်။ ခေါင်းကလေးကို ငုံ့ပြီး ငြိမ်နေသည်။

"အင်း...ပြဿနာပဲ"

ဇော်မင်းထွန်း သူ့ဟာသူပြောဆိုလိုက်ပြီး ခုံတန်းအစွန်းတွင် ဝင်ထိုင်သည်။ သူတို့နှစ်ယောက်၏ ကိုယ်လုံးများသည် နီးကပ်စွာ ရှိနေကြသည်။ တစ်ယောက်၏ ရနံ့ တစ်ယောက်ထံသို့ လွင့်ကူးလျက်ရှိသည်။

သို့သော် သူတို့နှစ်ယောက်ကြားတွင် ကမ္ဘာတစ်ခုခြားနေသည်။

ဆည်းဆာသည် တောက်ပဆဲဖြစ်သည်။ လေပြည်သည် သူတို့အနီးတွင် ဝေ့တိုက်နေသည်။ ချစ်သူနှစ်ဦးသာဖြစ်ဖို့မူ အဘယ်မျှကြည်နူးသာယာဖွယ် ဖြစ်ချေမည်နည်း။

"အစ်ကို..."

မသူဇာ မရဲတရဲခေါ်သည်။ သို့သော် သူလန့်သွားသည်။ ဆတ်ခနဲလှည့်ကြည့်သည်။

"ဘာလဲ မသူဇာ"

"ကျွန်မ ဘာလုပ်ရမလဲ"

"မသူဇာ ဘာလုပ်ချင်လို့လဲ"



"ကျွန်မ...မသိဘူး"

စိမ်းဖန့်ဖန့်ကလေး တောက်ပနေသော ကောင်းကင်သည် အဝါဖျော့ပြီး မှိုင်းလာသည်။ သူတို့၏ အသားများ ဝင်းအိနေရာမှ သဘာဝအသွေးဝင်လာသည်။ ဇော်မင်းထွန်းသည် မသူဇာ၏ မျက်နှာကိုတစ်လှည့် လုံးကျစ်သော ကိုယ်လုံးကလေးကိုတစ်လှည့် ပန်းပွင့်များ ခင်းဖြန့်ထားသည်နှင့် တူသော ပေါင်သားများကိုတစ်လှည့် ကြည့်နေသည်။

မသူဇာ အနေရခက်လှသည်။

"ကျွန်မ ဘာလုပ်ရမလဲအစ်ကို၊ ကျွန်မဟာ အစ်ကိုနဲ့ ဘယ်လိုမှ မပတ်သက်ဘူးဆိုရင်တော့ ဒီကနေ့ သွားဖို့ပဲ ရှိတော့တာပဲ"

"မသူဇာ ဘယ်ကိုသွားမှာလဲ"

"အခုအထိတော့ ဒီလောကကြီးမှာ ကျွန်မသိတဲ့ လူဆိုလို့ နှင်းဆီမြိုင်က လူတွေနဲ့ ရန်ကုန်က ဆရာမဒေါ်တင်တင်အေးပဲ ရှိတာပဲ။ ဆရာမကတော့ အကူအညီလိုရင် သူ့ဆီကို အချိန်မရွေးလာပါလို့ ဖိတ်ခေါ်သွားတယ်။ ကျွန်မသွားရင် သူ့ဆီပဲ သွားစရာရှိတာပဲ"

"သူက ဘယ်မှာနေသလဲ"

"ပုဇွန်တောင် စကားဝါလမ်း၊ အိမ်နံပါတ် ၄၈၃"

"ဒါတော့ မှတ်မိသားပဲ"

"ကျွန်မ မှတ်မိပါတယ်။ အခန်းကျဉ်းကလေးရဲ့ နောက်ပိုင်းဘဝကို ကျွန်မကောင်းကောင်းမှတ်မိပါတယ်။ ကျွန်မမသိတာက သည့်အရင်က ဘဝကိုပဲ"

သူ ခေါင်းတဆတ်ဆတ်ညိတ်ပြီး-

"မသူဇာရဲ့ အဖြစ်က စိတ်ဝင်စားစရာပဲ။ နောက်ပြီးတော့ စိတ်မကောင်းစရာပဲ"

"ကျွန်မအပေါ်မှာ အခုလိုနားလည်တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မအတွက် အစ်ကိုတို့မှာ အနှောင့်အယှက် ဖြစ်ရတာကို ကျွန်မ တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မသူဇာက ယခုပင် အဝေးသို့ ထွက်ခွာသွားတော့မည့်အလား ထိုင်ရာမှ ထလိုက်သည်။

"မသူဇာ"

"ရှင်..."

"ထိုင်ပါဦး"

"ရှင်..."

"မသူဇာ...ဘယ်ကိုမှ မသွားပါနဲ့ဦး"

"ရှင်..."

"မသူဇာဟာ ကိုယ်နဲ့ ဘယ်လိုမှ မပတ်သက်ဘူးလို့တော့ ပြောလို့မရပါဘူး။ မသူဇာ အခုလို ဒီကိုရောက်နေတာကိုက ပတ်သက်နေပြီပဲ။ မသူဇာရဲ့လက်ထဲမှာ ဒေါ်ဒေါ်လတ်ရဲ့စာ ရောက်နေတာကိုက မသူဇာဟာ နှင်းဆီမြိုင်နဲ့ ပတ်သက်နေတာပဲ၊ ဘာပဲဖြစ်ဖြစ် မသူဇာဟာ...တခြား မသူဇာနဲ့ တစ်နည်းနည်းတော့ ပတ်သက်နေရမှာလဲ၊ နောက်ပြီးတော့ တခြားမသူဇာဟာ အခု ဘယ်မှာရောက်နေသလဲမသိပါဘူး။ မသူဇာတွေ့ခဲ့ရတဲ့ အလောင်းဟာ တခြားမသူဇာရဲ့ အလောင်းဖြစ်နေမလားမသိဘူး။ ဒါတွေကို မဖြေရှင်းဘဲနဲ့ မသူဇာကို မသူဇာဘယ်သူမှန်းမသိဘဲနဲ့ မသူဇာ တခြားကို ထွက်သွားလို့ မရပါဘူး။ သွားခဲ့လို့ ရှိရင်လည်း မသူဇာမှာ အခက်အခဲတွေ အများကြီး ရှိနိုင်ပါတယ်။ နောက်ဆုံး ပြောရရင် အစ်ကိုတို့အနေနဲ့လည်း ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ကူညီဖို့ တာဝန်ရှိပါတယ်"

"ကျေးဇူးတင်ပါတယ်...အစ်ကို၊ အို..."

ဇော်မင်းထွန်းက ရုတ်တရက်ဆိုသလို မသူဇာ၏ လက်တစ်ဖက်ကို ဆွဲယူလိုက်သဖြင့် အမျိုးသမီးက အာမေဋိတ်သံ ပြုလိုက်ခြင်း ဖြစ်သည်။

"ဟိုမှာ...ဒေါ်ဒေါ်လတ်လာနေတယ်။ လောလောဆယ်မှာတော့ သူတို့ ဘာမှ မသိသေးတာ ကောင်းတယ်"

ဇော်မင်းထွန်းက သူမအနီးသို့ တိုးကပ်ရင်း လေသံဖြင့် ပြောသည်။



အဝေးမှလာနေသော တင်တင်လတ်ကို မသူဇာမြင်ရသည်။

"ဘယ်လိုလဲ၊ ကနေ့ည အိမ်ထဲကို မဝင်ကြတော့ဘူးလား"

တင်တင်လတ်က သူတို့နှစ်ယောက်ကို အကဲခတ်ရင်း ပြောလိုက်သည်။ မသူဇာက သူမ၏ မျက်နှာမှ အံ့ဩသော အရိပ်အယောင်တို့ကို လျှင်မြန်စွာ ဖယ်ရှားပြီး အပြုံးတစ်ခုကို လျှင်မြန်စွာ ဖန်တီးလိုက်ရပါသည်။

"လာမှာပေါ့ ဒေါ်ဒေါ်လတ်ရယ်"

"ထမင်းစားရအောင် လာခေါ်တာ၊ ထမင်းပွဲပြင်ပြီးပြီ"

ဇော်မင်းထွန်းက မသူဇာကို ကြည့်လျက်၊

"ကဲ...လာ မသူဇာ၊ ထမင်းစားချေရအောင်"

သူတို့နှစ်ယောက် လက်တွဲမဖြုတ်ဘဲ ထလိုက်ကြသည်။ ထို့နောက် ဘေးချင်းယှဉ်တွဲပြီး တင်တင်လတ်နောက်မှ တိတ်ဆိတ်စွာ လိုက်ပါသွားကြသည်။

ဥယျာဉ်ထဲတွင် အမှောင်အားကောင်းလာပြီ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

မိမိ၏ အခန်းထဲတွင် သူစိမ်းယောကျ်ားတစ်ယောက် ညအချိန် မတော်ကြီးတွင် ရောက်ရှိနေသည်ကို တွေ့ရသောအခါ မသူဇာရင်ဖိုမိသည်မှာ အမှန်ပင်။

အမှန်တော့ ဤအခန်းသည် မိမိ၏ အခန်းမဟုတ်ပါချေ။ သူစိမ်း ယောကျ်ား၏ အခန်းသာလျှင် ဖြစ်ပါသည်။ မိမိကသာလျှင် သူ့အခန်းသို့ ကျူးကျူးကျော်ကျော် ရောက်ရှိနေခဲ့ခြင်း ဖြစ်ပါသည်။ သူ့ဇနီးအဖြစ်နှင့် ရောက်ရှိနေခြင်း ဖြစ်သည်။ အကယ်၍သာ သူက မိမိကို သူ့ဇနီး ဟုတ်ပါ သည်ဟု အတည်ပြုခဲ့လျှင် မိမိအဖို့ အခြားရွေးချယ်စရာလမ်း မရှိတော့ပေ ယခုအချိန်တွင် သူ၏ ရင်အုပ်ကျယ်ကြီးထဲသို့ ရောက်နေပေတော့မည်။

ယင်းသို့ တွေးမိသောအခါ မသူဇာက ကြက်သီးဖျန်းဖျန်း ထမိသည်။

ယခုလည်း သူမမှာ မနေတတ် မထိုင်တတ်ဖြစ်နေရသည်။ မိမိနှင့် ဤအမျိုးသား မည်သို့မျှ တော်စပ်ခြင်းမရှိကြောင်း သိရသောအခါ စိတ်ထဲ မှာ လှုပ်လီလှုပ်လဲ့ဖြစ်နေပါသည်။ မိမိကိုယ်တွင်းမှ သွေးများပွက်ပွက်ဆူ နေသည်ဟု ထင်မိသည်။

ညသည် ငြိမ်သက်တိတ်ဆိတ်လျက် ရှိပါသည်။

ဒေါ်ဒေါ်လတ်တို့လည်း အိပ်ကြပြီနှင့်တူသည်။ သန်လျင်တစ်မြို့လုံး သည်လည်း အိပ်ကြပြီနှင့်တူသည်။

မိမိနှင့် သူစိမ်းယောကျ်ားသာလျှင် မအိပ်ကြသေးဘဲ အိပ်ခန်းတစ်ခု



တည်းတွင် အတူတကွ ရှိနေကြသည်။ အခန်းထဲတွင် မီးရော်ပြာပြာလဲ့လဲ့ ကလေးသာ လင်းနေသည်။

ပြတင်းပေါက်မှလေတိုးသဖြင့် ဇာပန်းကွက်ခြင်ထောင်သည် တလွန့် လွန့် ရွန်းကန်လျက် ရှိသည်။ ဒေါ်နှင်းစိန် ခင်းကျင်းပြင်ဆင်ထားခဲ့သော အိပ်ရာကို ကြည့်ပြီး မသူဇာ စိတ်မောနေသည်။

"ညအတွက်တော့ မသူဇာ ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ် ပါနဲ့၊ ကိုယ် ဒီပက်လက်ကုလားထိုင်ပေါ်မှာပဲ အိပ်ပါ့မယ်"

သူမ၏ အတွင်းစိတ်ကို ထွင်းဖောက်သိရှိသည့်အလား ဇော်မင်းထွန်း က စီးကရက်ကို ဖြည်းညင်းစွာ ရှိုက်ဖွာနေရာမှ ပြောလိုက်သည်။

"အို...ကိစ္စမရှိပါဘူး၊ အစ်ကို ခုတင်ပေါ်မှာ အိပ်ပါ"

"ဗျာ..."

သူက မျက်လုံးပြူး မျက်ဆန်ပြူးနှင့် သူမကို ကြည့်နေသည်။ မသူဇာ ကပျာကယာ ပြောသည်။

"ဟို ဟို ကျွန်မ ကုလားထိုင်ပေါ်မှာ အိပ်ပါ့မယ်"

သူက စီးကရက်တိုကို ပြာခွက်ထဲထိုးချေရင်း–

"ကနေ့တစ်ညပါပဲ၊ ကိုယ်ဒီမှာပဲ အိပ်ပါ့မယ်၊ မနက်ဖြန်ကျရင် ရန်ကုန် သွားမှာပဲ"

"ဘယ်သူသွားမှာလဲ"

"ကိုယ် သွားမှာပေါ့"

"ကျွန်မကော လိုက်ရမှာလား"

"မသူဇာ မလိုက်ပါနဲ့၊ ဒီမှာပဲ အေးအေးဆေးဆေး နေပါ။ ရန်ကုန်မှာ ကိုယ်အရင်သွားပြီး စုံစမ်းပါဦးမယ်"

"အစ်ကိုက ညအိပ်သွားမှာလား"

"အခြေအနေ ကြည့်လို့ပေါ့၊ အမှန်တော့ ကိုယ်က ရန်ကုန်မှာ သူငယ် ချင်းတွေနဲ့ နေတာပဲ။ အကြောင်းကိစ္စထူးရင်တော့ ကိုယ်ချက်ချင်းပြန်ခဲ့မှာ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘယ်သူလဲဆိုတာ အစ်ကို စုံစမ်းပေးမယ်ပေါ့"

အမျိုးသမီးက အားကိုးဟန်ဖြင့် မေးလိုက်သည်။

"စုံစမ်းပေးရမှာပေါ့။ တခြားမသူဇာအတွက်လည်း စုံစမ်းရမှာပေါ့။ ဒါနဲ့ မသူဇာတွေ့ခဲ့တဲ့ အလောင်းရဲ့ ပုံသဏ္ဌာန်ကို ပြောစမ်းပါဦး"

မသူဇာက သေဆုံးနေသော အမျိုးသမီး၏ ရုပ်ဆင်းသဏ္ဌာန်ကို ပြောပြသည်။ ပြီးလျှင်–

"သူဟာ အစ်ကို့မသူဇာပဲလား"

"ဟုတ်တယ်...သူပဲ"

သူက ခပ်တိုးတိုးဖြေသည်။ သူတို့စိတ်မကောင်းဟန်ဖြင့် အတန်ကြာ ငြိမ်သက် တိတ်ဆိတ်နေကြသည်။

"အဲဒီ မသူဇာက အစ်ကို့ဇနီးပဲပေါ့နော်"

သူက မျက်မှောင်ကုပ်လိုက်ပြီး

"ဟုတ်တယ်...ကိုယ့်ဇနီးပဲ ဆိုပါတော့"

"အစ်ကို့စကားက မရေရာလိုက်တာ၊ ဆိုပါတော့...ဆိုတာက ဘယ်လို အဓိပ္ပာယ်လဲ"

"ဟုတ်ပြီလေ၊ သူနဲ့ကိုယ့်အကြောင်း မသူဇာကို ပြောပြမယ်၊ တစ်ခုတော့ ရှိတယ်၊ မသူဇာနှုတ်လုံရမယ်၊ အထူးသဖြင့် ဒေါ်ဒေါ်လတ်ကို မသိပါစေနဲ့"

"စိတ်ချပါ"

"ဘာမှတော့ မဟုတ်ပါဘူး။ သူတို့သိလည်း ဘာမှအကြောင်းမထူးလို့ပါ၊ အလကား ခေါင်းခြောက်နေမှာစိုးလို့ပါ"

"စိတ်ချပါ၊ ကျွန်မ ဘယ်သူ့ကိုမှ မပြောပါဘူး"

"သူ့နာမည် အပြည့်အစုံက သူဇာဝင်းထွတ်တဲ့၊ သူ့အဖေက ဦးဝင်းထွတ်ပဲပေါ့၊ သစ်တောဝန်ထောက်ဟောင်း၊ သူ့အမေက တောင်ပေါ်သူ တစ်ယောက်ပဲ။ သူငယ်ငယ်လေးကတည်းက ဆုံးသွားတယ်။ ကိုယ်နဲ့ သူ့အဖေနဲ့ တောင်ပေါ်မှာ သိကြတယ်။ တောင်ပေါ်မှာ အတူသွားအတူလာနဲ့



ရင်းနှီးသွားကြတယ်။ တစ်နေ့မှာ ဦးဝင်းထွတ်တောထဲက ဒဏ်ရာရလာတယ်။ သူ့ကို သူ့သမီးရှိတဲ့နေရာကို လိုက်ပို့ပေးရတယ်။ သူက သူ့သမီးကို ကြည့်ရှုစောင့်ရှောက်ပါဆိုပြီး ကိုယ့်လက်ကို အပ်တယ်။ ကိုယ်တို့နှစ်ယောက် လက်ထပ်ပေးပြီး သေသွားတယ်။ အဲဒီနေ့မှာပဲ တပ်က ရဟတ်ယာဉ်တစ်စင်း ရောက်လာလို့ မသူဇာကို မြစ်ကြီးနားကို ထည့်လိုက်တယ်။ မြစ်ကြီးနားကနေ ရန်ကုန်ကို လေယာဉ်ပျံနဲ့ပဲ သွားရတယ်။ ရန်ကုန်ကျတော့ စမ်းချောင်းက ကြီးကြီးညွန့်တို့အိမ်မှာ သူခဏတည်းရမယ်။ ကိုယ်ရေးပေးလိုက်တဲ့စာကို ဒေါ်ဒေါ်လတ်တို့ဆီကို ပို့ပေးရမယ်၊ ဒေါ်ဒေါ်လတ်တို့က သူ့ကို လာခဲ့ပါဆိုရင် သူသန်လျင်လိုက်သွားရမယ်၊ သူတို့ဆီက ဘာမှ အကြောင်းမပြန်ရင် ကိုယ်ရောက်လာတဲ့အထိ သူ ကြီးကြီးညွန့်တို့အိမ်မှာ နေရမယ်။

ဇော်မင်းထွန်းက မသူဇာကို တစ်ချက်ကြည့်ပြီးမှ ဆက်ပြောသည်။

"ကိုယ်ရန်ကုန်ရောက်တော့ ကြီးကြီးညွန့်တို့ဆီကို သွားတယ်၊ သူ့ကို မတွေ့ရဘူး၊ ကြီးကြီးညွန့်တို့ဆီမှာ သူမနေဘူး၊ သူတခြားမှာ နေတယ်၊ ဘယ်မှာနေတယ်ဆိုတာကိုလည်း မသိဘူး။ သူကြီးကြီးညွန့်တို့ဆီကို တစ်ခေါက်ပဲ ရောက်တယ်။ ကိုယ်ရေးပေးလိုက်တဲ့စာကို သူ့ဟာသူ စာတိုက်ကနေ ထည့်လိုက်တယ်။ နောက်မှ ကြီးကြီးညွန့်တို့ဆီကို သွားတယ်။ သူ့အကြောင်းပြောပြပြီး သူ့စာလာပလားမေးတယ်။ ကြီးကြီးညွန့်တို့က စာပေးလိုက်တော့ သူပြန်သွားတာပဲ။ ကိုယ်လည်း သန်လျင်မှာ သူရောက်နေမှာပဲ ဆိုပြီး လိုက်ခဲ့တာပဲ။ ဒီကျတော့ သူမဟုတ်ဘဲနဲ့ တခြား မသူဇာကလေးဖြစ်နေတယ်"

"ဒါဖြင့် အစ်ကိုနဲ့ သူဇာဝင်းထွတ်က လူငယ်ချင်းချင်းလို့ ယူကြတာမှ မဟုတ်ပဲ။ သူ့အဖေက သေခါနီးမှာ ပေးစားသွားလို့ ယူရတာပဲ"

ဇော်မင်းထွန်းက မသူဇာကို အံ့အားသင့်စွာ ငေးကြည့်နေသည်။ မသူဇာ စကားများသွားမှန်းသိသဖြင့် မျက်လွှာချသည်။ ခေါင်းငုံ့သည်။ သည်တော့မှ သူက...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မသူဇာ၊ ကိုယ်ဟာ ဒုက္ခရောက်နေတဲ့ မိန်းကလေး တစ်ယောက်ကို စောင့်ရှောက်ကူညီခဲ့တာပါပဲ။ တကယ်တော့ ကိုယ်တို့နှစ်ယောက်ဟာ ဘယ်လိုမှ မညီစွန်းခဲ့ကြပါဘူး၊ လက်ထပ်တဲ့နေ့မှာပဲ သူဟာ ရဟတ်ယာဉ်နဲ့ ထွက်သွားရတာမို့ သူဟာ အပျိုစင်ဘဝနဲ့ပဲ ဒီလောကကြီးက ထွက်ခွာသွားရတာဖြစ်ပါတယ် မသူဇာ"

"သူ့အတွက် ကျွန်မစိတ်မကောင်းပါဘူး။ သူဘယ်လိုဖြစ်ရသလဲဆိုတာ အစ်ကို လုံးလုံးမသိဘူးလား"

"အစ်ကို ဘယ်လိုလုပ်ပြီး သိမလဲ"

"မဟုတ်ဘူးလေ ဦးဝင်းထွတ်ရဲ့ နောက်ကြောင်းရာဇဝင်တို့ သူဇာဝင်းထွတ်ရဲ့ အဆက်အသွယ်တို့ပေါ့"

"ဒါတွေ အစ်ကို ဘာမှမသိဘူး၊ အစ်ကိုသိတာက ဦးဝင်းထွတ်ဟာ ရက္ခဗေဒပါရဂူ၊ သူဇာဝင်းထွတ်က သူ့သမီး...ဒါပဲ"

"အင်း...အစ်ကို့မလဲ ဒုက္ခပဲနော်၊ ဒီကြားထဲမှာ ကျွန်မကလည်း ကြားညှပ်ပြီး ဝင်နေသေးတယ်"

သူတို့နှစ်ယောက် အတန်ကြာ တိတ်ဆိတ်နေကြသည်။ မသူဇာက မှန်တင်ခုံရှေ့ရှိ ကြိမ်ထိုင်ခုံလေးပေါ်တွင် တင်ပါးတစောင်းတင်ပြီး ထိုင်နေသည်။ တင်ပါးသားများ ဘေးသို့ အိကျနေသည်။ ဇော်မင်းထွန်းက စီးကရက်တစ်လိပ်မီးညှိသည်။ မသူဇာ သမ်းဝေသည်။

"မသူဇာ အိပ်တော့လေ"

"အစ်ကိုရော"

"အိပ်မှာပေါ့ မသူဇာ စိတ်ချလက်ချအိပ်ပါ၊ အစ်ကို့ကို ယုံကြည်စိတ်ချပါ"

"အို...အစ်ကို့ကို ယုံပါတယ်၊ အစ်ကို့ကို မယုံလို့ မဟုတ်ပါဘူး၊ မသူဇာ မအိပ်ချင်သေးလို့ပါ"

မသူဇာ ပြတင်းပေါက်သို့ သွားသည်။

နဂါးငွေ့တန်းသည် ပုလဲလုံးလေးများ ပြန့်ကြဲထားသည့် ပမာရှိသည်။



နောက်ဆုံးတွင် မြူနှင်းများဖြစ်သွားသည်။

မသူဇာ ပြတင်းပေါက်မှ ခွာခဲ့သည်။

"ဟောတော်. .သူအိပ်နေပြီကိုး"

ဇော်မင်းထွန်းသည် လက်တစ်ဖက်ကို ခေါင်းမှီပေါ်တွင် တင်လျက် ကျန်တစ်ဖက်ကို လက်တန်းပေါ်တွင် တင်လျက် အိပ်ပျော်နေသည်။ မသူဇာ ခြေဖွပြီး လျှောက်သည်။

"ဘုရား...ဘုရား ဒုက္ခပါပဲ"

လက်တန်းပေါ်တွင် တင်ထားသော လက်၏ လက်ညှိုးနှင့် လက်ခလယ်ကြားတွင် စီးကရက်တိုသည် တငွေ့ငွေ့လောင်ကျွမ်းလျက် ရှိသည်။ အသားကို လောင်ကျွမ်းတော့မည့်ကဲ့သို့ ရှိသည်။

မသူဇာ ကုလားထိုင်ဘေးတွင် ဒူးထောက်ပြီး ထိုင်လိုက်သည်။

"အစ်ကို...အစ်ကို"

သူမနိုးပါ။ စီးကရက်မီးသည် လက်ကြားထဲသို့ ရောက်လုနီးနေပြီဖြစ်သည်။ မသူဇာက သူ့လက်တွင်းမှ စီးကရက်တိုကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။ သူမနိုးပါ။

ညသည် အနည်းငယ် အေးမြသည်။ ခြင် တစ်ကောင်နှစ်ကောင် လာသည်။ မသူဇာက မုဒ်စောင်ပါးကလေးကို သူ့ကိုယ်အောက်ပိုင်းတွင် လွှမ်းခြုံပေးလိုက်သည်။ သူနှစ်ခြိုက်စွာ အိပ်ပျော်လျက် ရှိသည်။

မသူဇာ ခုတင်ပေါ်တွင် လှဲမည်စိတ်ကူးသည်။ သို့သော် စိတ်မရဲသဖြင့် မှန်တင်ခုံ ကြိမ်ခုံကလေးတွင် ပြန်ထိုင်သည်။ မှန်တင်ခုံပေါ်တွင် တံတောင်ဆစ် ထောက်ပြီး လက်ဖဝါးပေါ်တွင် ခေါင်းတင်ထားသည်။ နှုတ်ခမ်းလွှာကလေးနှစ်ခု မပွင့်တပွင့်ကလေး ရှိနေသည်မှ ပြုံးရေးရေးကလေး ဖြစ်လာသည်။ ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်မောကျနေသူကို ငေးစိုက်ကြည့်ရင်း အတွေးဖြန့်နေသည်။

ညသည် တစ်စတစ်စ နက်ရှိုင်းလာသည်။

ဇော်မင်းထွန်း အိပ်ရာမှ ဖျတ်ခနဲ နိုးလာသည်။ ပထမတွင် မိမိကိုယ်

www.burmeseclassic.com

www.burmeseclassic.com



မိမိ ကချင်တောင်တန်းများပေါ်မှာပင် ရှိနေသည်ဟု ထင်မိသည်။ နောက်မှ နှင်းဆီမြိုင်မှ မိမိအခန်းသို့ ပြန်လည် ရောက်ရှိနေကြောင်း သတိရမိသည်။ ကုလားထိုင်ပေါ်တွင် အမှတ်မထင် အိပ်ပျော်သွားကြောင်း သတိရမိသည်။ မိမိကိုယ်ပေါ်တွင် စောင်တစ်ထည် လွှမ်းခြုံထားသည်ကို တွေ့ရသည်။ မသူဇာဆိုသော မိန်းကလေးက ခြုံပေးထားခြင်း ဖြစ်ပေလိမ့်မည်။

ခုတင်ဆီသို့ ဇော်မင်းထွန်း လှမ်းကြည့်လိုက်သည်။ ခုတင်ပေါ်တွင် ရှင်းနေသည်။ မသူဇာ မရှိပါ။ မှန်တင်ခုံသို့ ကြည့်လိုက်သည်။ မှန်တင်ခုံကို မှီပြီး ထိုင်ရင်း အိပ်ပျော်နေသော အမျိုးသမီးကို သနားစဖွယ် တွေ့ရှိရသည်။ ဇော်မင်းထွန်း စိတ်မကောင်းဖြစ်သွားသည်။

အဝေးမှ ကြက်တွန်သံလွင့်ပျံ့လာသဖြင့် လက်မှနာရီကို ကြည့်လိုက်သောအခါ ၁၂–နာရီ ထိုးပြီးနေပြီ ဖြစ်သည်။

ဇော်မင်းထွန်း ထိုင်ရာမှ ကမန်းကတန်းထပြီး မသူဇာအနီးသို့ ချဉ်းကပ်သွားသည်။ မသူဇာ မနိုးပါ။

"မသူဇာ…မသူဇာ…"

သူခေါ်သည်။ တဖွဖွခေါ်သည်။ အမျိုးသမီး မျက်လုံးမဖွင့်ပါ။ မလှုပ်မလှန့်ပါ။ အမျိုးသမီးကို တစ်ညလုံး ဤအတိုင်း အိပ်စေ၍ မသင့်လျော်ဟု သူသဘောပေါက်သဖြင့် သူမ၏ ပခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်သည်။

အမျိုးသမီး ဆတ်ခနဲ လန့်နိုးသည်။

"အမေ့…"

မသူဇာ ထ[illegible]သည်။

မမျှော်လင့်သော တုံ့ပြန်မှုဖြစ်သဖြင့် ဇော်မင်းထွန်းလည်း လန့်သွားသည်။ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိသည်။ ထို့နောက် တောင်းပန်သော အမူအရာဖြင့် လက်နှစ်ဖက်ကို ဖြန့်ကာလျက်၊

"ကိုယ်ဘာမှ လုပ်တာ မဟုတ်ပါဘူး။ မသူဇာ ထိုင်လျက်ကြီး အိပ်ပျော်နေလို့ ခုတင်ပေါ် ရွှေ့ခိုင်းမလို့ နှိုးတာပါ။ ကိုယ် ဘာမှမလုပ်ပါဘူး။ ပခုံးပေါ်ကို လက်တင်ရုံပဲ ရှိပါသေးတယ်"



"အို…အစ်ကိုကလည်း အစ်ကို့ကို ဘယ်သူက ဘာပြောလို့လဲ၊ ဖြုန်းခနဲဆိုတော့ မသူဇာလန့်သွားတာပေါ့"

"မသူဇာ လန့်သွားတော့ အစ်ကိုလည်း လန့်သွားတာပေါ့"

သူတို့နှစ်ယောက် ရယ်ကြသည်။

"အစ်ကိုအိပ်ပျော်သွားလို့ မသူဇာစောင်ခြုံပေးထားတယ်"

"တွေ့တယ်…အစ်ကို နိုးတော့ မသူဇာထိုင်လျက်ကြီး အိပ်ပျော်နေတယ်"

"ဟုတ်တယ်၊ မသူဇာ အိပ်ပျော်သွားတယ်"

"မသူဇာ ခုတင်ပေါ်မှာ အိပ်ပါ၊ စိတ်ချလက်ချ အိပ်ပါ"

သူက စီးကရက်ဘူးနှင့် မီးခြစ်ကို ယူပြီး တံခါးဆီသို့ လျှောက်သွားသည်။

"အစ်ကို ဘယ်သွားမလို့လဲ"

"မသူဇာ အေးအေးဆေးဆေး အိပ်ရအောင် အစ်ကို အောက်ထပ် ဧည့်ခန်းမှာ သွားအိပ်မယ်"

"အို…ဘယ်ဖြစ်မလဲ၊ ဒေါ်ဒေါ်လတ်တို့ သိသွားမှာပေါ့"

"ဒါဖြင့် မသူဇာခုတင်ပေါ်မှာအိပ်၊ အစ်ကို ကုလားထိုင်ပေါ်မှာပဲ အိပ်မယ်"

မသူဇာ ခေါင်းညိတ်သည်။ ဇော်မင်းထွန်း ပက်လက်ကုလားထိုင်တွင် ပြန်ထိုင်သည်။ စီးကရက်တစ်လိပ် မီးညှိပြီး သောက်နေသည်။

မသူဇာခုတင်ပေါ်သို့ ခပ်ဖွဖွကလေး တက်သည်။ ခေါင်းအုံးပေါ်သို့ အသာအယာလှဲချပြီး ခွေခွေကလေး ကွေးနေလိုက်သည်။ ပြီးတော့ မျက်လုံးကို မှိတ်ထားလိုက်သည်။ တတ်နိုင်သမျှ အသံကို ထိန်းပြီး ရှုသည်။ အိပ်ချင်စိတ် မရှိသော်လည်း အိပ်ပျော်ဟန်ဆောင်နေမိသည်။

ဇော်မင်းထွန်း ငြိမ်နေသည်။ သူမလည်း ငြိမ်နေသည်။ တစ်ခန်းလုံး တစ်အိမ်လုံး ငြိမ်နေပါသည်။

ခုတင်ပေါ်တွင် ခွေခွေကလေး ကွေးနေရင်းက မိမိ၏ကိုယ်သည် တိမ်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲတွင် လွင့်မျောနေသလို တငြိမ့်ငြိမ့်ဖြစ်နေသည်။ မိမိမေးခန် မှေးခန် အိပ်ပျော်သွားသည်ဟု မသူဇာထင်မှတ်မိသည်။

ရုတ်တရက် အသံတစ်ခု ကြားရသည်။ မိမိ အိပ်ပျော်သွားရာမှ လန့်နိုးလာသည်ဟု မသူဇာသိသည်။ မျက်လုံးကို ချက်ချင်းဖွင့်၍ မရသေး၊ နားထဲကတော့ အသံကြားနေပြီ ဖြစ်သည်။ နားက အရင်နိုးပြီး မျက်လုံးက နောက်မှနိုးခြင်း ဖြစ်ပေသည်။

နားထဲတွင် ကြားရသော အသံသည် လူတစ်ယောက်၏အသံ ဖြစ်သည်။ မိမိအိပ်နေသော ခုတင်ဆီသို့ လာနေခြင်း ဖြစ်သည်။ ခုတင်ဘေးသို့ လူတစ်ယောက် ရောက်လာမှန်း မိမိစိတ်ထဲတွင် သိမိသည်။ အစ်ကို ဇော်မင်းထွန်းဟု အောက်မေ့လိုက်သည်။

မသူဇာ မျက်လုံးများကို ဖွင့်ရန် ကြိုးစားနေစဉ်မှာပင် သူမ၏ ကိုယ်ပေါ်သို့ လက်တစ်ဖက် လာရောက်ထိတွေ့သည်။ ယခုတစ်ကြိမ်တွင်မူ ပုံးပေါ်သို့ မဟုတ်ပါချေ၊ ရင်ညွန့်ပေါ်သို့ ဖြစ်သည်။

မသူဇာသည် စိတ်ကို ထိန်းထားသည့်ကြားကပင် မိမိရင်ညွန့်ပေါ်တွင် လက်တစ်ဖက် လာရောက်လှုပ်ရှားသည်ကို ခံစားရသောအခါ ဝုန်းခနဲ ထထိုင်လိုက်မိသည်။

"အောင်မယ်လေးတော့"

ထိတ်လန့်တုန်လှုပ်စွာ အော်ပစ်လိုက်သော အသံမှာ အမျိုးသမီးတစ်ယောက်၏ အသံဖြစ်သော်လည်း မိမိ၏ အသံမဟုတ်မှန်း မသူဇာ သိလိုက်သည်။ မိမိအနီးမှ လူကို တစ်ဆက်တည်းမှာပင် သဲကွဲစွာ မြင်တွေ့လိုက်ရသည်။

"အို...ဒေါ်ဒေါ်လတ်"

"ဟုတ်ပါတယ်...ဒေါ်ဒေါ်လတ်ပါ။ မသူဇာ ဝုန်းခနဲ ထရုန်းလိုက်တော့ ဒေါ်ဒေါ်လတ် လိပ်ပြာလွင့်သွားတာပဲ"

"ဒေါ်ဒေါ်လတ်က မသူဇာရဲ့ ရင်ဘတ်ကို လာကိုင်တော့ မသူဇာလည်း လန့်သွားတာပေါ့"



မသူဇာ ပတ်ဝန်းကျင်ကို ကြည့်သည်။ ညမဟုတ်ပြီ။

"နေမြင့်နေပြီ၊ မသူဇာကို ကော်ဖီသောက်ရအောင် လာနှိုးတာ"

"ဟုတ်ပါရဲ့ ကျွန်မအိပ်လိုက်တာ"

မသူဇာက သူမကိုယ်ကို စစ်ဆေးသလို ဟိုဟိုသည်သည် ငုံ့ကြည့်သည်။ ခုတင်တစ်ခြမ်းသည် မတွန့်မကြေ ရှိသည်။

"အစ်ကို...အစ်ကို"

မသူဇာ ဘာဆက်ပြောရမှန်းမသိ ရှိနေသည်။ စကားထစ်နေသည်။ တင်တင်လတ်က–

"သူ ကနေ့မနက်အစောကြီးပဲ ရန်ကုန်ပြန်သွားပြီ၊ ဘာမှ ပြောမသွားဘူး၊ ကိစ္စအရေးကြီးလို့ ဆိုပြီး ကော်ဖီတောင် မသောက်ဘူး၊ ကမန်းကတန်း ထွက်သွားတာပဲ။ ဘာလဲ ညက မသူဇာတို့ ရန်ဖြစ်ကြသလား"

အမျိုးသမီးကြီးက အခန်းကို ကြည့်ရှုအကဲခတ်ရင်း မေးသည်။

"အို...မသူဇာတို့ ရန်မဖြစ်ပါဘူး၊ အစ်ကို မနက်အစောကြီး ရန်ကုန်သွားမယ်ဆိုတာ ညကတည်းက မသူဇာကို ပြောပါတယ်"

"သူ ဘာလုပ်သွားတာလဲ"

တင်တင်လတ်၏ အသံတွင် အမိန့်သံပါသည်။

"မသူဇာ ရန်ကုန်မှာ ဘာဖြစ်ခဲ့သလဲဆိုတာ သူသွားစုံစမ်းတာပဲ"

"မသူဇာ သူ့ကို ဘာတွေ ပြောလိုက်သလဲ"

"မသူဇာ မှတ်မိသမျှကိုတော့ အကုန်ပြောပြလိုက်တာပဲ"

"မသူဇာ ပစ္စည်းတွေ ပျောက်သွားတာ သူဘာပြောသလဲ"

"သူသွားစုံစမ်းတာပဲ"

"မသူဇာ အတိတ်မေ့သွားတာကို သူဘာပြောသလဲ"

"သူသွားစုံစမ်းတာပဲ"

"သူဘယ်တော့ ပြန်လာမယ် ပြောသလဲ"

"ကိစ္စပြီးပြီးချင်း ပြန်လာမှာပေါ့"

မသူဇာကလည်း ခပ်ပြတ်ပြတ်ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တင်တင်လတ်က တစ်စုံတစ်ခု ပြောမည်ပြုပြီးမှ မပြောတော့ဘဲ အခန်းထဲမှ ရုတ်တရက်ထွက်သွားသည်။

မသူဇာတစ်ယောက်တည်း ကျန်ရစ်သည်။

အစ်ကိုဇော် ဘယ်တော့ပြန်လာမှာလဲကွယ်။

မသူဇာ ပြတင်းပေါက်သို့ သွားသည်။ နံနက်ခင်းက သူမကို ထွေးပိုက်ထားလိုက်သည်။

× × ×

## အခန်း(၁၂)

မသူဇာ အားကိုးတကြီး ရှိခဲ့သော ဆရာမတင်တင်အေးသည် လေးစားဖွယ်ရာ ယဉ်ကျေးလှပသည်မှာ အမှန်ပင်ဖြစ်သည်။ ဇော်မင်းထွန်းသည် ဆရာမကို အတန်ကြာ ငေးစိုက်ကြည့်နေမိသည်။

သူက နံနက် ၆ နာရီခေါက်ဖြင့်ပင် ရန်ကုန်ဘက်သို့ ကူးခဲ့သည်။ သူ အိပ်ရာမှ နိုးသောအခါ မသူဇာသည် ခုတင်ပေါ်တွင် ဆန်းစသော်တာကဲ့သို့ ကွေးကွေးဝန်းဝန်းကလေး အိပ်ပျော်နေသည်။ သူမ၏ မျက်နှာသည် အပြစ်ကင်းစင်ကြောင်း ဖော်ပြနေသည်။ သူက အခန်းတွင်းမှ တိတ်တဆိတ် ထွက်ခဲ့သည်။

အောက်ထပ်သို့ ရောက်သောအခါ ဒေါ်ဒေါ်လတ်ကို တွေ့ရသည်။ သူက ရန်ကုန်ပြန်မည့်အကြောင်း ပြောသောအခါ အဒေါ်ဖြစ်သူက အံ့အားသင့်သွားသည်။

"မင်းဟာက မဟုတ်သေးပါဘူးကွယ်၊ ညကပဲ ရောက်တယ် အခု မနက်သွားလို့ ဖြစ်မလား၊ မသူဇာလေး သနားပါတယ်၊ သူ့ခမြာ မင်းကို မျှော်နေရှာတာ"

"ကျွန်တော်အခုသွားမှာ သူ့ကိစ္စပဲ"

"သူ့ကိစ္စဟုတ်လား၊ ဘာကိစ္စလဲ"

"သူ့ပစ္စည်းတွေ ပျောက်သွားတဲ့ကိစ္စပေါ့"

"အို…ကွယ် ပစ္စည်းက အရေးမကြီးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို တစ်ယောက်ယောက်က ရန်ရှာပြီး ပစ္စည်းတွေ ယူသွားတယ်လို့ ကျွန်တော်ထင်တယ်။ ဒါကြောင့် သူဘာကိုမှ မမှတ်မိဘဲ ဖြစ်နေတယ်"

"မင်းကိုတော့ သူမှတ်မိတယ်မဟုတ်လား"

သူမကြားဟန်ဆောင်ပြီး အိမ်ထဲမှ ထွက်ခဲ့သည်။

"ကော်ဖီသောက်ပြီးမှ သွားလေ"

ဒေါ်ဒေါ်လတ်က အော်ပြောသည်။ သူက ပြန်လှည့်မကြည့်ပဲ

"မသောက်တော့ဘူး...သင်္ဘောမမီဘဲ နေလိမ့်မယ်"

သင်္ဘောပေါ်ရောက်မှ မိမိများကြောင်း ဇော်မင်းထွန်း သတိပြုမိသည်။ မိမိရှေ့လောကြီးသွားသည်။ မိမိဣန္ဒြေအပျက်သွားသည်။ ဖြစ်သင့်သည်မှာ ဒေါ်ဒေါ်လတ်တို့နှင့် အေးအေးဆေးဆေး စကားပြောပြီးမှ ထွက်လာခဲ့ဖို့ ကောင်းသည်။ ယခုမူ ဒေါ်ဒေါ်လတ်သည် မိမိတို့အပေါ်တွင် သင်္ကာမကင်း ဖြစ်နေလိမ့်မည်။ အထူးသဖြင့် မသူဇာကို ယုံထင်ကြောင်ထင်ဖြစ်နေပေလိမ့်မည်။

မသူဇာကို သူတို့ ပေါက်တတ်ကရတွေ မေးနေလျှင် မိန်းကလေး အနေခက်ပေလိမ့်မည်။ ထို့ပြင် မိန်းကလေးသည် အိပ်ရာမှ နိုးသောအခါ မိမိကို မတွေ့ခဲ့လျှင် မည်သို့ ရှိချေမည်နည်း။ စိတ်အားငယ်ချေမည်လား။ မိမိအပေါ် အထင်မှား အမြင်မှား ရှိချေမည်လား။

အမှန်တော့ မိမိသည် မသူဇာနိုးအောင် စောင့်ဖို့ကောင်းသည်။ သူ့ကို နှုတ်ဆက်ပြီး လာခဲ့ဖို့ ကောင်းသည်။ ဤမိန်းကလေးသည် မိမိမှတစ်ပါး အခြားအားကိုးစရာလူ ရှိသည်မဟုတ်ပါချေ။ သူမ၏ ဘဝသည် မိမိ လက်ခုပ်ထဲတွင် ရှိနေပါသည်။ မိမိ၏ ဇနီးဖြစ်ပါသည်ဟုဆိုလျှင် သူမတွင် ငြင်းဆန်နိုင်သည့် အခြေအနေမရှိပါချေ။

မိန်းကလေးသည် မိမိကို ယုံကြည်အားကိုးရှာသည်လည်း အမှန်ပင် ဖြစ်သည်။

ယခုလည်း မိမိသည် သူ့အတွက် ရန်ကုန်သို့ လာခဲ့ချေသည် မဟုတ်ပါလား။



တကယ်တော့ သူ့အတွက်ချည်းဟုလည်း ပြော၍မရပါချေ။ မိမိတွင် မသူဇာနှစ်ယောက်စလုံးအတွက် တာဝန်ရှိနေပါသည်။ တစ်ယောက်လည်း သူမ၏ ဖခင်ကိုယ်တိုင် မိမိလက်သို့ အပ်ခဲ့ခြင်း ဖြစ်သည်။ ထိုမသူဇာသည် မိမိကို အစ်ကိုအရင်းတစ်ယောက်လို အားကိုးခဲ့ရှာသည်။ ဖခင်၏ စီမံချက်ကို မငြင်းပယ်ဘဲ မိမိ၏ဇနီးအဖြစ် အသာတကြည်ပင် လိုက်လျောလက်ခံခဲ့ သည်။ မိမိက ရန်ကုန်လိုက်သွားရမည်ဆိုတော့လည်း သူခေါင်းညိတ်ခဲ့သည်။

ယခုတော့ သူဤလောကကြီးတွင် မရှိပါတော့ပြီ၊ အဘယ်အကြောင်းကြောင့် ထွက်ခွာသွားနေသည်ကို မည်သူမျှ မသိရှိပါချေ။

အမှန်အတိုင်း ဝန်ခံရလျှင် ဦးဝင်းထွတ်အကြောင်း မိမိဘာမျှ မသိရှိပါချေ။ အုပ်ချုပ်ရေးဘက်မှ ပုဂ္ဂိုလ်အချို့နှင့် နယ်သူနယ်သားအချို့ကမူ သူ့အပေါ်တွင် မယုံသင်္ကာ ရှိကြသည်။ သစ်ပင်ပန်းမာလ်များကို လေ့လာခြင်းသည် တစ်စုံတစ်ခုကို ဖုံးကွယ်ခြင်းသာဟု ယူဆခဲ့ကြသည်။ ဤလူကြီးသည် တစ်ချိန်က နယ်ချဲ့ဘက်တော်သားတစ်ယောက် ဖြစ်ခဲ့သည်ဟု ဆိုသည်။ စစ်အတွင်းက ဤဒေသတွင် ကျက်စားခဲ့သူတစ်ဦးဟု ဆိုသည်။ ဤဒေသသို့ ဦးဝင်းထွတ်ရောက်ရှိပြီးနောက် များမကြာမီတွင် အခြားလူစိမ်းများ ရောက်လာကြသည်မှာလည်း အမှန်ပင်ဖြစ်သည်။ အချို့က အမဲလိုက်မုဆိုးများဖြစ်ပြီး အချို့က ကုန်သည်များ ဖြစ်သည်။ အချို့လူများ ရောက်လာသည့်နှင့် ပတ်သက်ပြီး ဦးဝင်းထွတ်က မနှစ်သက်ဟန်ပြသည်။ စိုးရိမ်ဟန်ပြသည်။ ရန့်မကင်းဟန်ပြသည်။ နောက်ဆုံးတွင် သူတို့အားလုံး တောထဲသို့ဝင်ရောက် ပျောက်ကွယ်သွားကြသည်။

သို့သော် ဦးဝင်းထွတ်သည် သူထိခိုက်ဒဏ်ရာရရှိသည့်အတွက် မိမိကို ဘာမျှ မပြောဆိုပါချေ။ ဘိန်းမှောင်ခိုသမားတွေ၏ အမှတ်မထင် တိုက်ခိုက်ခြင်းခံရသည်ဟု သာမန်မျှသာ ပြောဆိုပါသည်။ သူ့သမီးကိုတော့ တတွတ်တွတ် မှာဆိုခဲ့သည်များ ရှိပါသည်။ ဘာတွေ မှာခဲ့မှန်းတော့ မသိပါ။ မိမိအနေနှင့် အထူးတလည် တွေးထင်ခဲ့ခြင်းများ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူဇာဝင်းထွတ်နှင့် ပတ်သက်၍လည်း မိမိသည် အမှတ်မထင်သာ ဖြစ်သည်။ မိမိနှင့် လက်ထပ်ခြင်းမပြုမီက နှစ်ကြိမ်မျှ တွေ့ခဲ့ဖူးသည်။ တစ်ကြိမ်က သူမနေထိုင်ရာ ဂွမ်ရှောင်သို့ သူမ၏ ဖခင်နှင့်အတူ လိုက်ပါသွားစဉ်က ဖြစ်သည်။ နောက်တစ်ကြိမ်က မိမိတို့၏ တုန်းတလောင်စခန်းသို့ သူမလာရောက်လည်ပတ်စဉ်က ဖြစ်သည်။

ဇော်မင်းထွန်းသည် သူဇာဝင်းထွတ်၏ ရုပ်သဏ္ဌာန်ကို မျက်စိထဲတွင် ရုတ်တရက် ထင်မြင်လာမိသည်။

သူမ၏ ဖခင်က မိမိနှင့် မိတ်ဆက်ပေးသောအခါ သူမသည် ခေါင်းငုံ့ထားရာမှ ဆတ်ခနဲ မော့ပြီး ဝိုင်းစက်သော မျက်လုံးကြီးများနှင့် မိမိကို စိုက်ကြည့်နေခဲ့သည်။ သူမကို မိန်းမချောတစ်ယောက်ဟု မိမိမှတ်ယူခဲ့သည်။ သို့သော် မိမိသည် ကျောင်းတွင်လည်းကောင်း၊ အရပ်ထဲတွင်လည်းကောင်း မိန်းကလေးချောချောများကို တွေ့မြင်ဖူးခဲ့သဖြင့် သူဇာဝင်းထွတ်ကို သူတို့ထက်ပိုပြီး ထူးခြားသည်ဟု မမှတ်ယူခဲ့ပါ။

သူဇာဝင်းထွတ်သည် စကားနည်းသူဖြစ်သဖြင့် မိမိတို့ နှစ်ယောက်၏ ဆက်ဆံရေးသည် မှန်တန်းမျှသာ ဖြစ်ခဲ့သည်။

သူဇာဝင်းထွတ်သည် မြသီတာနှင့်တော့ ကွာသည်ဟု မိမိမှတ်ယူခဲ့သည်။ ယင်းမှာလည်း အခြားမဟုတ်ပါချေ။ မြသီတာက သွက်သည်။ စကားကို အမျှင်မပြတ်ပြောတတ်သည်။ လှသည့်နေရာတွင်တော့ သူဇာဝင်းထွတ်လည်း လှသည်။ မြသီတာလည်း လှသည်။ မိမိနှင့် မြသီတာက ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ လူကြီးတွေကတော့ မိမိတို့နှစ်ယောက်ကို နေရာချထားလိုဟန် ရှိကြသည်။ မြသီတာကမူ မပြောတတ်၊ မိမိကမူ မြသီတာကို ညီမလေးတစ်ယောက်လိုသာ သဘောထားခဲ့သည်။

နောက်တစ်ယောက်ရှိသေးသည်။ ကြီးကြီးညွန့်၏ သမီး။ သူသည် စကားများသည်ပင်။ အမေးအစမ်း ထူသည်။ မိမိအပေါ်တွင် စိတ်ဝင်စားနေဟန် ရှိသည်။ မိမိ၏ စိတ်ထဲတွင်မူ မည်သို့မျှ မရှိ။

သူဇာဝင်းထွတ်ကိုမူ မိမိသိရှိသော မိန်းကလေးများထဲတွင် အနေ



အထား ကျစ်လျစ်သိပ်သည်းမှုကြောင့် အနည်းငယ်ပို၍ စိတ်ဝင်စားခဲ့သည်ဟု ဆိုရပါမည်။ ဤအမျိုးသမီးတွင် တစ်စုံတစ်ခုသော လျှို့ဝှက်ချက် ရှိလိမ့်မည်ဟု မိမိထင်ခဲ့ပါသည်။ မိမိထင်သည့်အတိုင်းပင် ဤအမျိုးသမီးသည် လောကကြီးအတွင်းမှ လျှို့ဝှက်တိတ်ဆိတ်စွာ ထွက်ခွာသွားခဲ့ချေပြီတည်း။

မိမိ သန်လျင်သို့ ပြန်ရောက်သောအခါ လျှို့ဝှက်ကျစ်လျစ်သော မိန်းကလေးအစား ကရုဏာသက်ဖွယ်ရာ အခြား မသူဇာတစ်ဦးက မိမိ၏ ဇနီးအဖြစ် လူစားရောက်ရှိနေပေတော့သည်။

ပထမတွင် မိမိသည် ထူးဆန်းစွာ ရောက်ရှိနေသော မိန်းကလေးကို သံသယရှိခဲ့မိသည်။ တစ်စုံတစ်ခုသောအကြံအစည်ဖြင့် ရောက်ရှိနေသလောဟု စိုးရိမ်မိသည်။ သို့သော် ဤမိန်းကလေး၏ အသွင်အပြင် အပြောအဆိုတို့ကို တွေ့ရသောအခါ အကွေ့အကောက်မရှိ၊ ပကတိ ရှင်းလင်း ရိုးသားသော မိန်းကလေးတစ်ယောက်ဟု မိမိပြောင်းလဲ မှတ်ယူခဲ့ပါသည်။

ဤမိန်းကလေးသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ဤပြဿနာထဲတွင် ပါဝင်ညိတွယ်နေရခြင်း ဖြစ်ပေလိမ့်မည်။

မည်သို့ဆိုစေ...

မသူဇာတစ်ယောက် ပျောက်ကွယ်သွားခြင်းနှင့် အခြား မသူဇာတစ်ယောက် ရောက်ရှိလာခြင်းတို့အတွက် မိမိတွင် အဖြေမှန် ရှာဖွေရန် တာဝန်ရှိနေပေတော့သည်။

မိမိ၏ မျက်စိအောက်တွင် ကလေးသူငယ်တစ်ယောက်လို အိပ်ပျော်နေသော မသူဇာ၏ မျက်နှာသည် အပြစ်ကင်းစင်လှသည်။ မြူမှုန်ကင်းစင်သော လပြည့်ဝန်းပမာဖြစ်သည်။ သူမ၏ သိမ်မွေ့သော မျက်နှာကလေးသည် မိမိ၏စိတ်တွင် ညိတွယ်လျက်ရှိသည်။

ဇော်မင်းထွန်းသည် ညိတွယ်ခြင်းများ လွတ်ကင်းအောင် စိတ်ကို အခါခါ လှုပ်ခါနေသည်။ မိမိ၏ တာဝန်သည် မသူဇာတစ်ယောက်၏

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ကို မွှေနှောက်ရှာဖွေရန်သာ ဖြစ်သည်။ အဖြစ်မှန်ကို သိရှိသောအခါမှသာ မိမိဘာဆက်လုပ်ရမည်ကို သိရှိရမည် ဖြစ်သည်။

သဘော်မှ ဆင်းလျှင်ပင် ပုဇွန်တောင် စကားဝါလမ်းသို့ သုံးဘီးတစ်စီးဖြင့် တိုက်ရိုက်လာခဲ့သည်။ အိမ်နံပါတ် ၄၈၃ ကို အလွယ်တကူပင် ရှာဖွေတွေ့ရှိသည်။

ခေါင်းရင်းဘက်တွင် ဆင်ဝင်ခန်း လုပ်ထားသော မြေစိုက် သုံးပင်အိမ်ကလေး၏ သံဆန်ခါတံခါးတွင် ကပ်တွယ်ထားသော လျှပ်စစ်ခလုတ်ဖြူဖြူကလေးကို နှိပ်လိုက်သည်။ အိမ်နောက်ဘက်မှ အချက်ပေး ခေါင်းလောင်းသံ ပေါ်ထွက်လာသည်။

ခဏအကြာတွင် အိမ်အတွင်းဘက်မှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။ အင်္ကျီအဖြူ၊ ထဘီအစိမ်း၊ ဆံပင်ခပ်ဖွဖွထုံးပြီး စံပယ်ပွင့်ဖြူဖြူ စီရရီပန်ထားသည်။ မျက်နှာကို သနပ်ခါးပါးပါးသာ လိမ်းကျံထားပြီး နှုတ်ခမ်းပကတိအတိုင်း နီဖျော့ဖျော့ကလေး ဖြစ်သည်။ မျက်လုံးမှာ ကြည်လင်ရွှန်းပသည်။ ပါးပြင်တစ်ဖက်တွင် မှဲ့ရေးရေးထင်သည်။

မသူဇာပြောသော ဆရာမဒေါ်တင်တင်အေးပင် ဖြစ်မည်ဟု သူက အတတ်သိလိုက်သည်။ ကျောင်းဆရာမတစ်ယောက်ဖြစ်၍ ယဉ်ကျေးသိမ်မွေ့လိမ့်မည်ဟု ကြိုတင်မှန်းဆခဲ့ပြီး ဖြစ်သော်လည်း ဤမျှအထိ လေးစားဖွယ်ရာ လှပလိမ့်မည်ဟု သူ မထင်မှတ်ခဲ့ပါ။

ဇော်မင်းထွန်းသည် သတိမေ့လျော့နေသူပမာ မျက်တောင်မခတ်ဘဲ မြူဆွယ်မှုကင်းသော မျက်နှာဝန်းကို ငေးစိုက်ကြည့်နေမိသည်။

"ဘာကိစ္စရှိလို့ပါလဲရှင်"

အမျိုးသမီးက မျက်တောင်တစ်ချက်ခတ်လိုက်ပြီး ရိုးသာခြင်းဖြင့် မေးသည်။ ဒီတော့မှ သူသတိဝင်ပြီး

"ဩော်...ဆရာမ ဒေါ်တင်တင်အေးဆိုတာ"

"ကျွန်မ-တင်တင်အေးပါ"

ဆရာမ၏ အသံက ချိုသော်လည်း ပြတ်သည်။



"ဟုတ်ကဲ့ ကျွန်တော်ဆရာမဆီမှာ မသူဇာအကြောင်း နည်းနည်းမေးချင်လို့ပါ"

သူမက နဖူးတွန့်လိုက်ပြီး

"ဘယ်က မသူဇာလဲ"

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဘတ်စ်ကားပေါ်မှာ တွေ့လို့ ဆရာမ အကူအညီပေးလိုက်ရတဲ့ မိန်းကလေးပါ..."

ဆရာမက ဘာမျှမပြောဘဲ သူ့ကို အကဲခတ်နေသည်။ သည်တော့မှ သူဘယ်သူမှန်း မပြောရသေးဘဲနှင့် အခြားသူတို့၏ အကြောင်းများကို ပြောနေမှန်း သတိရမိသည်။

"ဩော်...ကျွန်တော့်နာမည် ဇော်မင်းထွန်းပါ၊ ဘူမိဗေဒအရာရှိပါ။ သန်လျင်မှာ ကျွန်တော့်အဒေါ်တွေ ရှိပါတယ်။ ကျွန်တော်က ရန်ကုန်မှာ အလုပ်ဆင်းရတော့ ပန်းဆိုးတန်းမှာ သူငယ်ချင်းတွေနဲ့အတူ အခန်းတစ်ခန်း ငှားနေပါတယ်"

"ဩော်...ဩော်...မသူဇာရဲ့ ခင်ပွန်း ကိုဇော်မင်းထွန်းဆိုတာလား"

ဇော်မင်းထွန်း တုန်လှုပ်သွားသည်။ တစ်စုံတစ်ခု ပြန်ပြောမည်ပြုစဉ်

"အိမ်ထဲကို ဝင်ပါဦး၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

အမျိုးသမီးက တံခါးဖွင့်ပေးသည်။ ဇော်မင်းထွန်းတို့ ဧည့်ခန်းတွင် ထိုင်သည်။ အမျိုးသမီးက အိမ်အတွင်းဘက်သို့ ဝင်သွားသည်။ ခဏအကြာတွင် ပြန်ထွက်လာပြီး သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်သည်။

"မသူဇာနေကောင်းသလား"

"ကောင်းပါတယ် ဒါပေမယ့်..."

ဇော်မင်းထွန်းက စကားကို ဆက်မပြောဘဲ အမျိုးသမီးကို ကြည့်သည်။

"ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောပါ။ ကျွန်မကူညီနိုင်တာကို ကူညီပါ့မယ်၊ အဲဒီနေ့ကလည်း ကိုဇော်မင်းထွန်းရဲ့ ဇနီးကို ကားပေါ်မှာ တွေ့တော့..."

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ကာလျက်…

"သူ ကျွန်တော့်ဇနီးမဟုတ်ပါဘူး"

"ဘယ်လိုရှင့်"

ဆရာမသည် ဣန္ဒြေရသည်ဆိုသော်လည်း အံ့ဩသည့်အမူအရာကို ထိန်းချုပ်နိုင်စွမ်း မရှိပါ။

"ဟုတ်ပါတယ်။ သူ ကျွန်တော့်ဇနီးမဟုတ်ပါဘူး"

"သူ ကျွန်မရှေ့မှာပဲ လက်ကိုင်အိတ်ထဲက စာတစ်စောင်ထုတ်ပြီး ဖတ်ပါတယ်။ သူ့အခြေအနေကို စိတ်မချလို့ သူ့ရဲ့ လှုပ်ရှားမှုတွေအားလုံးကို ကျွန်မဂရုပြုပြီး ကြည့်နေခဲ့ပါတယ်။ သူဖတ်နေတဲ့စာကိုလည်း ကျွန်မ မြင်လိုက်ရပါတယ်။ စာက သန်လျင်နှင်းဆီမြိုင်က ဒေါ်တင်တင်လတ်ဆီက စာပါ။ မသူဇာဆီကို ရေးလိုက်တာပါ။ အထဲမှာ မသူဇာနဲ့ ကိုဇော်မင်းထွန်း ရုတ်တရက် လက်ထပ်လိုက်ကြတဲ့အတွက် သူတို့အံ့ဩကြပေမယ့် ကန့်ကွက်စရာမရှိတဲ့အကြောင်း ဒီစာကို ရရချင်း မသူဇာသန်လျင်ကို လိုက်ခဲ့ဖို့အကြောင်း ရေးထားပါတယ်။ စာဖတ်ပြီးတော့ သူက 'ကျွန်မ မသူဇာပါ'တဲ့၊ 'ကျွန်မ သန်လျင်ကို သွားမလို့ပါ'တဲ့၊ ပြီးတော့ သူ ကျွန်မနဲ့ ခွဲပြီး သင်္ဘောဆိပ်ကို သွားတာပဲ"

"ဟုတ်ပါတယ်"

"အဲဒီတော့ သူဟာ ကိုဇော်မင်းထွန်းရဲ့ ဇနီးမဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် သူဟာ မသူဇာဆိုတဲ့ မိန်းကလေးမဟုတ်ဘူးပေါ့"

"သူဟာ မသူဇာတော့ မသူဇာပါပဲ။ ဒါပေမယ့် ကျွန်တော့်ဇနီး မသူဇာမဟုတ်ပါဘူး"

"ဒါဖြင့်ရင် သူက ဘယ်သူများလဲရှင်"

"သူ ဘယ်သူလဲဆိုတာတော့ သူကိုယ်တိုင်လည်း မသိရှာပါဘူး"

"ဘယ်လိုရှင့်"

အမျိုးသမီးက ဒုတိယအကြိမ် အံ့ဩမှုကို ပြသည်။



"သူလည်း အဲဒီစာကို တွေ့တော့ သူကိုယ်သူ ကျွန်တော့်ဇနီး မသူဇာပဲလို့ အောက်မေ့ပြီး သန်လျင်နှင်းဆီမြိုင်ကို ရောက်လာတာပဲ။ မနေ့ညနေက ကျွန်တော်ပြန်ရောက်သွားတော့မှ သူဟာ ကျွန်တော့်ဇနီးမဟုတ်မှန်း သိရတယ်"

"သူ့ကိုယ်သူ ဘယ်သူမှန်း မသိဘူးဟုတ်လား"

"ဟုတ်ပါတယ်ဆရာမ၊ သူဟာ ဆရာမနဲ့ မတွေ့ခင် ခပ်စောစောပိုင်း အချိန်ကလေးအထိ ဘာတွေဖြစ်ခဲ့တယ်ဆိုတာပဲ သိတယ်။ ဒီအရင်က ဘယ်မှာဘာတွေ ဖြစ်ခဲ့တယ်ဆိုတာကို မသိပါဘူး။ သူဟာ တစ်ခုခုကြောင့် တုန်လှုပ်ချောက်ချားပြီး သူ့အတိတ်ကို မေ့လျော့နေခဲ့ပါတယ်"

"ဟုတ်လို့မှမယ်၊ အဲဒီနေ့က သူ့ကို ဘတ်စ်ကားပေါ်မှာ တွေ့လိုက်ကတည်းက သူ နေမကောင်းဘူးဆိုတာ ကျွန်မသိလိုက်တယ်။ သူ့ကို ကြည့်ရတာ အားမရှိဘူး။ ခရီးအဝေးကြီးကပြေးလာပြီး ခြေကုန်လက်ပန်းကျနေတဲ့ လူတစ်ယောက်လိုပဲ။ နောက်ပြီး သူ့ကို ကြည့်ရတာ အသက်ဝင်လှုပ်ရှားမှု မရှိဘူး။ အိပ်ပျော်ရင်း လမ်းလျှောက်နေတဲ့ လူတစ်ယောက်လိုပဲ။ ရီဝေဝေ မှိုင်းပျပျနဲ့…"

ဆရာမ၏ ကဗျာဆန်သော အသုံးအနှုန်းအတွက် သူ့စိတ်ထဲတွင် ပြုံးလိုက်မိသည်။ သို့သော် အပြင်သို့ကား မထုတ်တော့ချေ။

"ဟုတ်ပါတယ်။ ဒါကြောင့် ကျွန်တော် ဆရာမဆီမှာ အကူအညီတောင်းရအောင် လာခဲ့တာပါပဲ"

"ကျွန်မ ဘာကူညီရမလဲ"

"မသူဇာ ဘယ်သူလဲဆိုတာ ကျွန်တော်တို့ စုံစမ်းနိုင်ဖို့ လိုပါတယ်"

"ဒါနဲ့ ကိုဇော်မင်းထွန်းရဲ့ဇနီး မသူဇာကကော…"

"သူပျောက်နေပါတယ်"

"အို…"

"ဟုတ်ပါတယ်၊ အားလုံးလောက်ဟာ ခြေရာပျောက် လက်ရာပျောက်ဖြစ်နေပါတယ်။ အခုအထိ ကျွန်တော် ခြေရာကောက်နိုင်တာကတော့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



မပဲ ဖြစ်ပါတယ်။ မသူဇာက ဆရာမကိုတော့ အထူးမှတ်မိနေပါတယ်၊ ဆရာမရဲ့ လိပ်စာကိုလည်း ချက်ချင်းပြောနိုင်ပါတယ်။ ဆရာမက သူ့ကို ကူညီလိုက်တဲ့အတွက်လည်း အထူးကျေးဇူးတင်နေပါတယ်"

"သူ...အခု ဘယ်မှာလဲ"

"အခုအထိတော့ သူဟာ သန်လျင် နှင်းဆီမြိုင်မှာ ကျွန်တော့်ဇနီး မသူဇာအဖြစ်နဲ့ ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာ ရှိနေပါတယ်"

"သူက ကျွန်မနဲ့ မတွေ့ခင် အရင်က အကြောင်းတွေကို ဘာတစ်ခုမှ ပြောမပြနိုင်တော့ဘူးလား"

ယင်းအခိုက် အမျိုးသမီးကြီးတစ်ယောက် ဇန်းတစ်ချပ်ဖြင့် ကော်ဖီနှင့် မုန့်များ ပို့လာသည်။

"ကော်ဖီသောက်ပါဦး"

ဆရာမက သူ့ရှေ့သို့ ကော်ဖီပန်းကန် တိုးပေးရင်း ပြောသည်။

"ဟုတ်ကဲ့"

ဇော်မင်းထွန်းက အမျိုးသမီး အတွင်းဘက် ပြန်ဝင်သွားသည်အထိ စောင့်နေပြီးနောက်–

"ဆရာမနဲ့ မတွေ့ခင် အဲဒီဘတ်စ်ကားပေါ် မရောက်ခင် နာရီဝိုင်းလောက်အထိတော့ သူမှတ်မိနေပါတယ်။ တိတိကျကျ ပြောရရင်တော့ သူ ဘဝဟာ လူမရှိတဲ့ အိမ်ကြီးတစ်အိမ်ရဲ့ မှောင်မည်းတဲ့ အခန်းတစ်ခန်းထဲမှာ စခဲ့ပါတယ်"

"အဲဒီအိမ်ကြီးက ဘယ်မှာလဲ...ဘယ်သူ့အိမ်လဲ"

"ကျွန်တော် အခုဆရာမဆီကို လာတာ... အဲဒီအိမ်ကြီး ဘယ်နားမှာ ရှိတယ်ဆိုတာနဲ့ ဘယ်သူ့အိမ်လဲဆိုတာ သိချင်လို့ လာခဲ့တာပါပဲ"

"ရှင်...ကျွန်မက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

"ဆရာမက သူ့ကို ဘတ်စ်ကားပေါ်မှာ တွေ့ရတာဆိုတော့ သူဘယ်မှတ်တိုင်လောက်က တက်တယ်။ သူပြောတဲ့ အိမ်ကြီးဟာ ဘယ်နားလောက်မှာလဲဆိုတာ ခန့်မှန်းနိုင်မလားလို့"



အမျိုးသမီးက အတန်ကြာ စဉ်းစားနေဟန်ရှိသည်။ ဇော်မင်းထွန်းက ကော်ဖီပန်းကန်ကိုယူပြီး တစ်ကျိုက်ချင်း သောက်နေသည်။

"အဲဒီနေ့က ကျွန်မ ကမာရွတ်က ဆရာမတစ်ယောက်အိမ်ကို သွားလည်တယ်။ ကျွန်မ သုခလမ်းမှတ်တိုင်က တက်တယ်။ သူကားပေါ်မှာ ရှိနေပြီး ကျွန်မသူ့နံဘေးမှာ ထိုင်တယ်။ ကျွန်မသူ့ကို သတိပြုမိတယ်။ ဘာပြုလို့လဲဆိုတော့ သူထိုင်နေပုံက အားမရှိဘူး။ လျော့ရဲရဲ နွေတေတေလေးပဲ။ ဘေးမှန်ကို ခေါင်းမှီထားတယ်။ သူ့မျက်နှာလေးဟာ ညှိုးနေတယ်။ ဖြူနေတယ်။ တစ်ခုခုကို ထိတ်လန့်ကြောက်ရွံ့နေသလိုပဲ"

"သူ...ဆရာမနဲ့ တွေ့တာ အများကြီး ကုသိုလ်ကောင်းတာပဲ၊ ဆရာမပြောတဲ့အတိုင်းဆိုရင်တော့ သူဟာ သုခမှတ်တိုင်ဟိုဘက်က တက်တာပဲ။ ဟိုဘက် ဘယ်နှမှတ်တိုင်လောက်ကလဲဆိုတာ သိနိုင်ရင်ကောင်းမယ်"

"နေဦး...နေဦး...ကျွန်မမှတ်မိပြီ၊ သူ ကျွန်မတက်ပြီးမှ လက်မှတ်ဝယ်တာပဲ။ လက်မှတ်ရောင်းက ကျွန်မကို အရင်လက်မှတ်ရောင်းတယ်။ ပြီးတော့မှ သူ့ကို လက်မှတ်ဝယ်ဖို့ ပြောတယ်။ ဒီတော့မှ သူက အိပ်ရာက နိုးလာသလို မျက်လုံးပြူးပြီး သူ့လက်ကိုင်အိတ်ကို ဖွင့်တယ်၊ အထဲမှာ ပိုက်ဆံတွေ အများကြီးပဲ။ သူက ငါးကျပ်တန်တစ်ရွက် ထုတ်ပေးလိုက်တယ်။ လက်မှတ်ရောင်းက ဘယ်သွားမလဲ မေးတော့ သူ ပထမကြောင်နေတယ်။ ပြီးတော့ သူပြောတာ ဗလုံးဗထွေးပဲ။ လက်မှတ်ရောင်းက ဘာပြောတယ်မသိဘူး၊ ဂိတ်ဆုံးထိ လက်မှတ်ဆုတ်ပေးလိုက်တယ်"

"ဘယ်လောက်တန် လက်မှတ် ဆုတ်ပေးလိုက်သလဲ"

"ကျွန်မထက် ငါးပြားပဲ ပိုတယ်၊ ဒီတော့ သူတက်တာ ၁–လမ်း ဟိုဘက်၊ သုံးလေးခုလောက်ကပဲ ဖြစ်မယ်။ သိပ်မဝေးဘူးပေါ့"

ဇော်မင်းထွန်းက ကော်ဖီပန်းကန်ကို ချလိုက်ပြီး–

"ဟုတ်ပြီ... ဒီလောက် သိရတယ်ဆိုရင် မဆိုးဘူး။ ခြေရာခံလို့ရနိုင်တယ်။ အဲဒီနားတစ်ဝိုက်မှာ သူပြောတဲ့အိမ်ကြီးကို ရှာဖို့ပဲ။ လူမနေတဲ့ တိုက်အိုတိုက်ဟောင်းကြီးတစ်ခု၊ ဒါမှမဟုတ် အလုပ်ရုံတစ်ခုဖြစ်ရမယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာ ငှားဖို့၊ ဒါမှမဟုတ် ရောင်းဖို့တိုက်ရှိသလားလို့ စုံစမ်းရမှာပဲ"

"ကျွန်မသူငယ်ချင်း ဆရာမကို မေးကြည့်ရင်တော့ သိမယ်၊ သူက အသိအကျွမ်းများတယ်၊ နှံ့စပ်တယ်…"

"ဒီလိုဆိုရင် ဆရာမ မေးပေးပါသလား၊ သူ့အိမ်ကို ဖုန်းဆက်လို့ ရသလား"

"ဖုန်းဆက်လို့ မရဘူး၊ သူတို့နားမှာ ဖုန်းမရှိဘူး"

ဇော်မင်းထွန်းက အမျိုးသမီးကို တောင်းပန်သော အကြည့်ဖြင့်ကြည့်လျက်–

"ဆရာမ ကူညီနိုင်မယ်ဆိုရင်တော့ တစ်ဆိတ်လောက် လိုက်မေးပေးပါလား၊ ဒါမှမဟုတ် ကျွန်တော့်ကို စာရေးပေးလိုက်ပါလား"

အမျိုးသမီးက သူ့ကို စူးစိုက်ပြီး ကြည့်နေသည်။ သူက–

"ဆရာမတစ်ကြိမ် ကူညီလိုက်ပြီးဖြစ်တဲ့ မသူဇာအတွက် ဆက်ပြီး ကူညီပါလားဆရာမ"

"အဲဒီအိမ်ကြီးထဲမှာ သူဘာတွေ ဖြစ်ခဲ့တယ်ဆိုတာကော ပြောမပြနိုင်ဘူးလား"

ဇော်မင်းထွန်း စီးကရက်တစ်လိပ်ထုတ်ပြီး မီးညှိသည်။ အမျိုးသမီးက သူ့ထံမှအဖြေကို စိတ်ရှည်စွာ စောင့်စားနေသည်။ ဤအမျိုးသမီးထံမှ အကူအညီရယူလိုလျှင် အခြေအနေမှန်ကို ပြောပြဖို့ လိုလိမ့်မည်ဟု ဇော်မင်းထွန်းတွက်ဆမိသည်။ အမျိုးသမီးတစ်ယောက်အနေနှင့် ဘုမသိဘမသိနှင့် သူစိမ်းယောက်ျားတစ်ယောက်ကို အကူအညီပေးရဲလိမ့်မည်မဟုတ်ချေ။ မသူဇာ၏ အဖြစ်မှန်ကိုသာ သိရလျှင် ဤအမျိုးသမီးသည် မည်သည့်နည်းနှင့်မျှလည်း မကူညီဘဲ နေလိမ့်မည်မဟုတ်ချေ။

"ဘာတွေဖြစ်ခဲ့တယ်ဆိုတာတော့ သူမပြောနိုင်ပါဘူး။ ဘာတွေ မြင်ခဲ့ရတယ်ဆိုတာတော့ သူ ကျွန်တော့်ကို ပြောပြပါတယ်။ သူပထမဆုံး သတိထား မှတ်မိတာကတော့ သူဟာ အမှောင်ထဲမှာရောက်နေတယ်ဆိုတာပဲ၊ နောက်မှ သူဟာ အခန်းတစ်ခန်းထဲမှာ ရောက်နေတယ်ဆိုတာ သိတယ်။



အမှောင်ထဲမှာ စမ်းပြီး လျှောက်ရင်း လက်ကိုင်အိတ်ကို ခြေထောက်နဲ့ တိုက်မိတယ်။ လက်ကိုင်အိတ်ထဲမှာ အိတ်ဆောင်လက်နှိပ်ဓာတ်မီးလေး တစ်ခု တွေ့တယ်။ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်တော့ သမံတလင်းပေါ်မှာ အမျိုးသမီးတစ်ယောက်လဲနေတာကို တွေ့ရတယ်"

"ရှင်…အမျိုးသမီးတစ်ယောက် ဟုတ်လား"

"ဟုတ်ပါတယ်၊ အဲဒီအမျိုးသမီးဟာ ခေါင်းမှာ သေနတ်မှန်ပြီး သေဆုံးနေပါတယ်"

"ဘုရား…ဘုရား…အဲဒီအမျိုးသမီးက ဘယ်သူလဲ"

"ဖြစ်ဖို့ များတာကတော့ ကျွန်တော့်ဇနီး မသူဇာပဲ။ ဟုတ်ပါတယ်။ သူပြောတဲ့ ပုံပန်းသဏ္ဌာန်အရဆိုရင်တော့ မသူဇာပါပဲ"

"သေနတ်မှန်ပြီး သေနေတာ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်သူကပစ်တာလဲ၊ သူ သူ မသူဇာက ပစ်တာလား"

"သူကတော့ မဟုတ်ဘူးလို့ ပြောပါတယ်။ သူဘယ်နည်းနဲ့မှ လူသတ်သမား မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ သူ့လက်ထဲမှာ ဘာလက်နက်မှ မရှိပါဘူး။ သူ့ကိုယ်မှာ ဘာသွေးမှလည်း စွန်းမနေပါဘူး"

"အဲဒီတိုက်ခန်းထဲကို သူတို့နှစ်ယောက် ဘယ်လိုလုပ်ပြီး ရောက်သွားကြတာလဲ"

"အဲဒါကို သူဘယ်လိုမှ မပြောနိုင်ပါဘူး"

"သူတို့နှစ်ယောက် အရင်ကတည်းက သိကြသလား"

"သူဒါတွေ ဘာမှ မမှတ်မိပါဘူး၊ သူသိတာက သူအမှောင်ထဲမှာ ရောက်နေတယ်။ နောက် သေနေတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့တယ်။ သူအခန်းထဲက ထွက်ပြေးလာခဲ့တယ်။ ကားပေါ် ရောက်လာတယ်။ ဆရာမနဲ့ တွေ့တယ်၊ နောက်ပြီး သန်လျင်ကို ရောက်လာတယ်၊ ဒါပဲ။ သူ ပြောနိုင်တာ ဒါပဲ"

"ဒုက္ခပါပဲလား၊ သူ့အဖြစ်က ရာဇဝတ်မှုနဲ့ မကင်းပါလား၊ သူ့ကို ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ရတာတော့ လူတစ်ယောက်ကို သတ်ရက်မယ့် ပုံမျိုးမဟုတ်ပါဘူး"

"ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်။ ဒါပေမယ့် သေသေချာချာ မသိရသေးဘဲနဲ့တော့ ဘာမှ အမှန်မပြောနိုင်ဘူးပေါ့"

အမျိုးသမီးက တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့်...

"ကိုဇော်မင်းထွန်းဟာ အခုရှိနေတဲ့ မသူဇာအကြောင်း ဘာမှ မသိပေမယ့် သေသွားတဲ့ မသူဇာအကြောင်းတော့ ကောင်းကောင်းသိရမှာပေါ့"

"ခင်ဗျာ...ဘာပြုလို့လဲ"

"သူက ကိုဇော်မင်းထွန်းရဲ့ ဇနီးပဲ"

သူ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကိုယ့်အမျိုးသမီးမှာ ဘယ်လိုပြဿနာရှိတယ်၊ ဘယ်လိုအဆက်အသွယ် ရှိတယ်။ သူဘာကြောင့် အဲဒီအိမ်ကြီးကို သွားတယ်။ သူ ဘာကြောင့် အသတ်ခံရတယ်ဆိုတာ ကိုဇော်မင်းထွန်းသိမှာပေါ့"

အမျိုးသမီးက သူ့ကို စေ့စေ့ကြည့်ပြီး မေးသည်။ ဆရာမတစ်ယောက်က ကျောင်းသားတစ်ယောက်ကို မေးသည့်ပုံစံမျိုးဖြစ်သည်။

ဇော်မင်းထွန်းက သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်ပြီး

"အမှန်အတိုင်း ဝန်ခံရရင်တော့ ကျွန်တော်ဘာမှမသိပါဘူး"

"ဘယ်လိုရှင့်..."

"အခုမှတော့ မထူးပါဘူး၊ ကျွန်တော်ဆရာမကို အမှန်အတိုင်းပဲ ပြောပါ့မယ်၊ ဆရာမ အချိန်ရပါတယ်နော်"

"ရပါတယ်၊ ကျွန်မ ၁၁နာရီထိုးမှ ကျောင်းသွားရမှာပါ"

"ကျွန်တော် ဆရာမကို မြင်မြင်ချင်းပဲ အစ်မတစ်ယောက်လို ချစ်ခင်လေးစားပါတယ်၊ ဆရာမဟာ မသူဇာကို ကူညီခဲ့သလို ကျွန်တော့်ကိုလည်း ကူညီလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"ကျွန်မ ဘယ်သူ့ကိုမဆို ကူညီတတ်ပါတယ်"

စောစောက အမျိုးသမီးကြီးတစ်ခေါက် ပြန်ရောက်လာပြီး ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်များကို သိမ်းယူသွားသည်။



"ကချင်ပြည်နယ် အရှေ့ဘက် နယ်ခြားတောင်တန်းဒေသကို ကျွန်တော် အလုပ်တာဝန်နဲ့ သွားခဲ့ရပါတယ်။ အဲဒီမှာ သစ်တောဝန်ထောက်ဟောင်း ဦးဝင်းထွတ်နဲ့ သိခဲ့ရပါတယ်"

ယင်းသို့ဖြင့် ဇော်မင်းထွန်းက ဦးဝင်းထွတ် သေဆုံးရပုံ၊ သူတို့ နှစ်ယောက် လက်ထပ်ရပုံ၊ သူဇာဝင်းထွတ် အရင်လွှတ်လိုက်ရပုံများကို ပြောပြသည်။

ဇော်မင်းထွတ်၏ စကားဆုံးသွားပြီး အတန်ကြာသည်အထိ ဆရာမတင်တင်အေးက ဘာမျှ ပြန်မပြောသေးဘဲ နှုတ်ဆိတ်နေသည်။ ဇော်မင်းထွန်းက နောက်ထပ် စီးကရက်တစ်လိပ် ညှိသည်။ အမျိုးသမီးက သူမ၏ နှုတ်ခမ်းကို ညာဘက်လက်ခလယ်ဖြင့် ညင်သာစွာ ပွတ်ရင်း...

"အင်း...အခုအတိုင်းဆိုရင် ကျွန်မကူညီရမယ့်လူက နှစ်ယောက်ဖြစ်နေပြီပဲ၊ ကိုဇော်မင်းထွန်းက ကိုယ်နဲ့တောင် ကောင်းကောင်းမသိတဲ့ အမျိုးသမီးနှစ်ယောက်အတွက် ပြဿနာတက်နေရတာပဲ"

"ကျွန်တော်လည်း ဆရာမလိုပဲ တစ်ဖက်သားကို ကူညီချင်တဲ့ စိတ်ဓာတ် ရှိပါတယ်"

"ဒါနဲ့ ကိုဇော်မင်းထွန်း အခုကိစ္စ ရဲတိုင်ပြီးပလား"

"မတိုင်ရသေးဘူး"

"တိုင်မှပေါ့၊ အခုဟာက ရာဇဝတ်မှုပဲ၊ နို့မို့ရင် ကျွန်မတို့က ထိန်ချန်ရာရောက်နေမှာပေါ့"

"တိုင်မှာပေါ့ ဆရာမ၊ အခုကိစ္စကို ကျွန်တော်မနေ့ညကမှ သန်လျင်မှာ သိရတာပဲ။ ကနေ့မနက် အစောကြီး ကျွန်တော် ရန်ကုန်ကို ကူးလာတာပဲ။ ဒီဘက်ကမ်းကို ရောက်ရောက်ချင်း ဆရာမကို လာတွေ့တာပဲ။ ကျွန်တော်တို့က ဘယ်အပိုင်မှာ ဖြစ်တယ်ဆိုတာ သိရမှ ဘယ်ရဲစခန်းမှာ တိုင်ရမယ်ဆိုတာ သိမယ်မဟုတ်လား၊ အခုလည်းပဲ ကမာရွတ်မှာ တိုင်ရမလား၊ လှိုင်မှာ တိုင်ရမလားမသိသေးဘူး။ အဲဒီအိမ်ကြီးကို အရင်လိုက်ရှာလိုက်ဦးမယ်၊ ပြီးတော့မှ သက်ဆိုင်ရာ ရဲစခန်းကို ဝင်တိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မသူဇာပြောတဲ့ အိမ်ကြီးကို မရှာခင် ကိုဇော်မင်းထွန်းအနေနဲ့ ဒေါ်ညွန့်ညွန့်ဆီကိုလည်း သွားသင့်တယ်ထင်တယ်။ ကိုဇော်မင်းထွန်းစိစဉ်တဲ့အတိုင်းဆိုရင် သူဇာဝင်းထွတ်ဟာ အဲဒီအိမ်မှာ တည်းတယ်မဟုတ်လား၊ အဲဒီစာဟာ မသူဇာရဲ့ လက်ထဲကို တစ်နည်းနည်းနဲ့ ရောက်လာတယ်ဆိုတော့ မသူဇာဝင်းထွတ် အကြောင်းပြောနိုင်မယ့် လူဟာ ဒေါ်ညွန့်ညွန့်ပဲ ဖြစ်ရမှာပေါ့”

“ဟုတ်တယ် ဆရာမပြောတာမှန်တယ်။ ဒီလိုလုပ်ရအောင်လား။ ကျွန်တော်တို့ ကမာရွတ်အသွား စမ်းချောင်းကို ဝင်သွားကြတာပေါ့။ တက္ကစီတစ်စီးကို နာရီနဲ့ ငှားသွားကြတာပေါ့”

“ကျွန်မ လိုက်ရမှာပေါ့ ဟုတ်လား”

“ဆရာမ လိုက်နိုင်ရင်တော့ အများကြီး အဆင်ပြေတာပေါ့၊ ဆရာမကျောင်းချိန်မီအောင် ကျွန်တော်ပြန်ပို့ပေးပါ့မယ်၊ ဆရာမ ပါတော့ ဆရာမရဲ့ မိတ်ဆွေ ဆရာမရဲ့ အကူအညီကို အပြည့်အဝ ရနိုင်တာပေါ့”

“ဟုတ်ပြီလေ၊ ကျွန်မလိုက်ခဲ့ပါ့မယ်၊ ကမာရွတ်မှာ အဲဒီဆရာမအပြင် ကျွန်မရဲ့ တခြားမိတ်ဆွေတွေလည်း ရှိပါသေးတယ်။ ကျွန်မလည်း မသူဇာဘယ်လိုဖြစ်လာသလဲဆိုတာ ဟိုနေ့ကတည်းက စိတ်ဝင်စားနေခဲ့ပါတယ်၊ ခဏထိုင်ဦး၊ ကျွန်မအဝတ်လဲလိုက်ဦးမယ်’

× × ×

## အခန်း(၁၃)

ပရိုက်ဗိတ်တက္ကစီ ကားဖြူကလေးတစ်စင်းသည် စမ်းချောင်း ညွန့်ညွန့် ထမင်းဆိုင်ရှေ့ရှိ ခရေပင်အောက်တွင် ညင်သာစွာ ထိုးရပ်လိုက်လေသည်။ ကားရှေ့ခန်းမှ ဇော်မင်းထွန်း ဆင်းသည်။ နောက်ခန်းတွင် ထိုင်နေသော ဆရာမ ဒေါ်တင်တင်အေးက ဇော်မင်းထွန်း ဝင်သွားသော ထမင်းဆိုင်အတွင်းသို့ မသိမသာ စောင်းငဲ့ပြီး ကြည့်နေသည်။

အသက် ၁၇နှစ်၊ ၁၈နှစ်အရွယ်ခန့် မိန်းကလေးတစ်ယောက်သည် ဇော်မင်းထွန်းကို မြင်သောအခါ ဆိုင်တွင်းမှ အပြေးအလွှားထွက်လာသည်။ ဇော်မင်းထွန်းနှင့် မျက်နှာချင်းဆိုင် နီးကပ်စွာ ရပ်ပြီး ရင်းနှီးစွာ စကားဖောင်ဖွဲ့နေသည်။ ဇော်မင်းထွန်းက ထိုမိန်းကလေးကို တစ်ခွန်းနှစ်ခွန်းပြောပြီးနောက် ငွေသိမ်းစားပွဲတွင် ထိုင်နေသော မိန်းမကြီးထံသို့ လျှောက်သွားသည်။

ဇော်မင်းထွန်းသည် အဒေါ်ကြီးနှင့် ငါးမိနစ်ခန့် စကားပြောပြီးနောက် ကားဆီသို့ ပြန်လာသည်။ စောစောက မိန်းကလေးက သူ့ကို ဆိုင်ပေါက်ဝ ရောက်သည်အထိ လိုက်ပို့သည်။ လိုက်ပြီးစကားပြောသည်။ ထို့နောက် ဇော်မင်းထွန်း၏ ကျောပြင်ကြီးကို ငေးစိုက်ကြည့်နေသည်။ ဇော်မင်းထွန်း ကားပေါ်သို့ တက်သောအခါတွင်မှ ကားနောက်ပိုင်းတွင် ထိုင်နေသော ဆရာမ ဒေါ်တင်တင်အေးကို မြင်တွေ့သွားဟန်ရှိသည်။ ရုတ်တရက် မျက်နှာညှိုသွားသည်။ ရုတ်တရက် နှုတ်ခမ်းစူသွားလေသည်။

ကားအဖြူလေးသည် ခရေပင်အောက်မှ ညင်သာစွာ ထ၍ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်မင်းထွန်းက ပန်းဆိုးတန်းမှာ နေပြီး တော်တော်ကလေး အလှမ်းဝေးတဲ့ စမ်းချောင်းမှာ ဘာပြုလို့ ထမင်းလာစားတာလဲဆိုတာ ကျွန်မအခုမှ သဘောပေါက်သွားတယ်"

ဆရာမက ရင်းနှီးစွာ ပြောလိုက်သောအခါ ဇော်မင်းထွန်းက နောက်သို့ သမင်လည်ပြန် လှည့်ကြည့်လျက်...

"ခင်ဗျာ"

"ထမင်းဆိုင်က ကလေးမကလေးက တော်တော်ချောတာပဲ၊ တော်တော်လည်း သွက်ပုံရတယ်၊ ကိုဇော်မင်းထွန်းကိုလည်း တော်တော်ကလေး ခင်မင်ပုံရတယ်"

"ဟာ...ဒါကြောင့် မဟုတ်ပါဘူး။ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ပတ်သက်လို့ပါ။ ကျွန်တော်နဲ့က ဘယ်လိုမှ မပတ်သက်ပါဘူး။ ကောင်မကလေးက ကြီးကြီးညွန့်သမီးပါ။ သူက..."

"ထားပါတော့၊ ဒါက အရေးမကြီးပါဘူး၊ ကျွန်မက အလကား နောက်တာပါ၊ ဒေါ်ညွန့်ညွန့်က ဘာပြောလိုက်သလဲ"

အမျိုးသမီးက မျက်နှာကို တည်လိုက်ပြီး လေသံမှန်မှန်ဖြင့် ပြောသည်။

"အခုမှ ပြဿနာပိုတက်လာတယ်။ မရွှေချောက ဒီမှာမတည်းဘူး။ ဘယ်မှာ တည်းမှန်းလဲ သူတို့မသိဘူး။ နောက်ပြီး မရွှေချောက ရန်ကုန် ရောက်ရောက်ချင်းလည်း ဒီကိုလာတာ မဟုတ်ဘူး။ ကျွန်တော်ရေးပေး လိုက်တဲ့ စာကို သူ့ဟာသူ စာတိုက်ကနေ ထည့်လိုက်ပြီး တစ်နေရာမှာ နေပုံရတယ်၊ သန်လျင်က စာပြန်မယ့်ရက်လောက်ကို မှန်းပြီးမှ သူ ဒီကို လာတယ်"

"သြော်...သြော်..."

"ရက်တွက်ကြည့်ပြန်တော့ ဆရာမနဲ့ မသူဇာနဲ့ တွေ့ရတဲ့နေ့ မနက် ပိုင်းမှာပဲ သူဇာဝင်းထွတ်ဟာ ဒီကိုလာပြီး သူဟာ ကျွန်တော့်မိတ်ဆွေ ဖြစ်တဲ့အကြောင်း သူ့နာမည်နဲ့စာတစ်စောင် ရောက်မရောက်မေးတယ်။



သန်လျင်က စာက သည့်အရင်တစ်နေ့ ညနေပိုင်းကတည်းက ရောက်နေ တယ်။ ကြီးကြီးညွန့်ကလည်း ရောက်လာတဲ့စာတစ်စောင်ကို ပေးရုံမို့ ဘာမှ အထူးအထွေ မေးမနေတော့ဘဲ စာကို ပေးလိုက်တယ်၊ မရွှေချော ကလည်း စာကိုယူပြီး ပြန်ထွက်သွားတာပဲ"

"စာလာယူတဲ့သူက သူဇာဝင်းထွတ်ဆိုတာ သေချာရဲ့လား၊ ကျွန်မ တို့ရဲ့ မသူဇာကော မဖြစ်နိုင်ဘူးလား"

"ကျွန်တော် ပုံပန်းသဏ္ဌာန်မေးကြည့်တယ်။ သူဇာဝင်းထွတ်ပဲ ဖြစ် ပါလိမ့်မယ်။ ဒါပေမယ့် သူတို့နှစ်ယောက်က အရပ်အမောင်း အလုံးအထည် ချင်း သိပ်မကွာလှဘူးမဟုတ်လား၊ မသူဇာလည်း ဖြစ်မယ်ဆိုရင် ဖြစ်နိုင် တာပဲ"

"အဲဒီတုန်းက သူဇာဝင်းထွတ်မှာ အဖော်မပါဘူးလား"

"မပါဘူး၊ တစ်ယောက်တည်းလို့ ပြောတယ်"

"သူမှာ လက်ကိုင်အိတ်ပါမပါတော့ သူတို့သတိမထားမိကြသလား"

"ကျွန်တော်လည်း အဲဒါ မေးကြည့်တယ်။ လက်ကိုင်အိတ်ပါတာ မမြင်ဘူးလို့ ပြောတယ်။ သတိမထားမိတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"အင်းလေ...အမှတ်တမဲ့ပဲဖြစ်ကြမှာပေါ့"

ထို့နောက် သူတို့ စကားမပြောကြတော့၊ ပြည်လမ်းမကြီးအတိုင်း တရိပ်ရိပ်ပြေးနေသော ကားပေါ်တွင် ငြိမ်သက်တိတ်ဆိတ်စွာ လိုက်ပါသွား နေကြသည်။

ရန်ကုန်နှင့်နက်ခင်းသည် လှပခြင်းတစ်ဝက်၊ အကျည်းတန်ခြင်း တစ်ဝက်နှင့်။

တင်တင်အေး၏ အသိဆရာမ အိမ်တွင် မရှိချေ။ မြို့ထဲသွားသည်ဟု ဆိုသည်။ သို့ဖြင့် သူတို့သည် ဒေါ်တင်တင်အေး၏ အခြားမိတ်ဆွေဆရာမ များထံ သွားရောက်ကြရသည်။

နောက်ဆုံးတွင် သူတို့သည် အိမ်ပွဲစားတစ်ယောက်နှင့် အဆက် အသွယ် ရသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူနေအိမ်ခြေနှင့် အလှမ်းဝေးပြီး ကျယ်ဝန်းတိတ်ဆိတ်သော ခြံကြီးတစ်ခုအတွင်းရှိ နှစ်ထပ်တိုက်ကြီးတစ်လုံး ငှားရန် သို့မဟုတ် ရောင်းရန်ရှိကြောင်း သိရှိကြရသည်။ ယင်းအိမ်ကြီးသည် လမ်းမကျယ်ကြီးနှင့် အနည်းငယ် အလှမ်းဝေးသည်။ မြေနီလမ်းအတိုင်း အတွင်းဘက်သို့ ဝင်သွားရသည်။ အနီးဝန်းကျင်တွင် ပိတ်ထားသော စက်ရုံများနှင့် ဘဲခြံများသာ ရှိသဖြင့် အေးဆေးရှင်းလင်းသည်။

ထုံးစံအတိုင်းပင် ယင်းတိုက်ကြီးသည် 'ခိုက်'သည်ဟု ကျော်ကြားသဖြင့် ငှားရမ်းမည့်သူ ဝယ်ယူမည့်သူ မရှိဘဲ ဖြစ်နေသည်။ တိုက်ပိုင်ရှင်မှာလည်း ရန်ကုန်မှမဟုတ်ဘဲ ပဲခူးမှဖြစ်သဖြင့် တိုက်ကိစ္စအရပ်ရပ်ကို ပွဲစားနှင့်သာ လွှဲအပ်ထားသည်။

ယခုအခါ ယင်းတိုက်ကြီးတွင် အစောင့်ပင်မရှိဟု ဆိုသည်။ အစောင့်များ တစ်ယောက်ပြီးတစ်ယောက် ဖျားနာထိခိုက်ခြင်းရှိသဖြင့် နောက်ပိုင်းတွင် စောင့်ရဲသူ မရှိတော့ခြင်း ဖြစ်သည်။

ပွဲစားက သူ့တွင် ကိစ္စတစ်ခု ရှိသဖြင့် ဇော်မင်းထွန်းတို့ဘာသာ သွားကြည့်ရန် ပြောသည်။ ကြိုက်နှစ်သက်လျှင် အပြန်မှ ဈေးစကားပြောမည်ဟုဆိုသည်။

သို့ဖြင့် သူတို့သည် ပွဲစားညွှန်လိုက်သည့်အတိုင်း အာလကပ္ပကြို့စက်အလွန် မြေနီလမ်းအတိုင်း အတွင်းဘက်သို့ ဝင်ခဲ့ကြသည်။ လမ်းအနည်းငယ် ကျဉ်းသဖြင့် ကားကိုဖြည်းဖြည်းမောင်းရသည်။

သူတို့ပြောသည့်အတိုင်းပင် မြေနီလမ်းအတွင်း သွားသူလာသူ ရှင်းသည်။ ဘေးနှစ်ဖက်တွင်လည်း လူနေအိမ်များ မရှိ၊ ပိတ်ထားသော စက်ရုံဝင်းသာ ဖြစ်သည်။

မြေနီလမ်းသည် ခြံဝင်းပေါက်တစ်ခုတွင် ဆုံးသည်။ သူတို့ရှာဖွေသော ခြံဝင်းပင်ဖြစ်သည်။ ဤလမ်းသည်ပင်လျှင် ဤခြံဝင်း၏ ကိုယ်ပိုင်လမ်းပင် ဖြစ်ပေလိမ့်မည်။

ခြံဝင်းတံခါးသည် ပျက်ယွင်းလျက် ရှိသည်။ တံခါးတစ်ဖက်ပွင့်ပြီး



တစ်ဖက် ပိတ်နေသည်။ ပွင့်နေသော တံခါးဘောင်သည် မြေကြီးပေါ်တွင် ကျိုးကျနေသည်။ ဖွင့်၍ပိတ်၍ မရနိုင်ချေ။ ပိတ်နေသော တံခါးရွက်သည်သာလျှင် အကောင်းဖြစ်သည်။

ကားမောင်းသူသည် ကားပေါ်မှ ဆင်းပြီး ပိတ်နေသော တံခါးရွက်ကို တွန်းဖွင့်သည်။ တကျွိကျွိအော်မြည်သည်။ တံခါးကို ဖွင့်ပြီးနောက် ကားမောင်းသူသည် ကားဆီသို့ ပြန်လာသည်။ ကားကို ခြံဝင်းအတွင်းသို့ မောင်းဝင်ရန် ဖြစ်သည်။

"ကိုသောင်းတင်ရေ၊ နေပါစေတော့…မဝင်နဲ့တော့၊ ကျွန်တော်တို့ ဒီအတိုင်းပဲ လျှောက်သွားကြမယ်"

ဇော်မင်းထွန်းက ပြောလိုက်သည်။ ကားသမားသည် သူ့အသိ ဖြစ်သည်။ သူတို့ သုံးနေကျကားဖြစ်သည်။

ဆရာမတင်တင်အေးသည် ကားပေါ်မှ ဆင်းသည်။ ကားနောက်ဘက်နားသွားပြီး ထဘီပြင်ဝတ်သည်။ အင်္ကျီကို ဆွဲဆန့်သည်။ ထို့နောက် ခြံဝင်းအတွင်းရှိ နှစ်ထပ်တိုက်ကြီးကို လှမ်းမျှော်ကြည့်သည်။

"ဆရာမ နေရစ်ခဲ့မလား၊ လိုက်မလား"

ဇော်မင်းထွန်းက အမျိုးသမီး၏ မျက်နှာကို အကဲခတ်ရင်း မေးသည်။

"လိုက်မှာပေါ့"

အမျိုးသမီးက ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"ဒါဖြင့် ကိုသောင်းတင်နေရစ်၊ ကျွန်တော်တို့နှစ်ယောက် သွားမယ်၊ တော်ကြာနေရင် ခင်ဗျားကားလေး ပထမတန်းခိုးနဲ့ ပျောက်သွားလိမ့်မယ်"

သူတို့နှစ်ယောက် မြက်များ ဖုံးလွှမ်းနေသော လမ်းအတိုင်း ခြံဝင်းထဲသို့ ဝင်ခဲ့ကြသည်။ ခြံဝင်းအလယ်မှ နှစ်ထပ်တိုက်ကြီး တဖြည်းဖြည်း မြင့်လာသည်။

"အာလကပ္ပဆိုတာ ချစ်တီးနာမည်ပဲ၊ စစ်ကိုင်းဘက်မှာ အာလကပ္ပ ရွာဆိုတာ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူဘာစိတ်ကူးနှင့် အာလကပ္ပအကြောင်း ပြောနေသနည်းဟု အမျိုးသမီး အံ့သြသည်။

"ဒီတိုက်ကြီးဆောက်ထားတာ ချစ်တီးပုံစံပဲ၊ လမ်းထိပ်က အာလကပ္ပကြိုးစက်နဲ့ ပိုင်ရှင်တစ်ဦးတည်း ထင်တယ်"

အမျိုးသမီးက သူ့ကို နားမလည်သည့် အမူအရာဖြင့် ကြည့်သည်။

"မသူဇာတို့ကိစ္စမှာ အာလကပ္ပချစ်တီးနဲ့ ပတ်သက်လို့လား"

"အာလကပ္ပအိမ်ကြီးနဲ့ ပတ်သက်နေတာတော့ အမှန်ပဲ"

"အာလကပ္ပအိမ်ကြီး...ဟုတ်လား"

အမျိုးသမီးက တိုက်မျက်နှာစာတွင် အမည်နာမ ရှာဖွေသည်။ '၁၉၃၃ ခုနှစ်တွင် ဆောက်လုပ်သည်'ဟူသော မသပ်မရပ် အင်္ဂလိပ်စာလုံးများကိုသာ တွေ့ရသည်။

"ဘာနာမည်မှ ရေးမထားပါဘူး၊ လမ်းထိပ်တွင် အာလကပ္ပကြိုးစက်တွေ့ခဲ့ပြီ၊ ဒီရောက်တော့ ဒီတိုက်ကြီးကို ဖြုန်းခနဲ မြင်လိုက်ရတော့ အာလကပ္ပအိမ်ကြီးလို့ ခေါ်ချင်စိတ် ဖြုန်းခနဲ ပေါက်သွားတယ်"

သည်တော့မှ အမျိုးသမီးက ပြုံးလျက်...

"ဟုတ်တယ်နော်၊ အာလကပ္ပအိမ်ကြီးလို့ ခေါ်နိုင်တာပဲ၊ ကိုဇော်မင်းထွန်းက နာမည်ပေးကောင်းတယ်၊ ဝတ္ထုနာမည်လိုလို ရုပ်ရှင်နာမည်လိုလိုပဲ"

တိုက်ရှေ့တံခါးမတွင် ကြေးသော့ခလောက်ကြီး ခတ်ထားသည်။ သို့သော် ပတ္တာတစ်ဖက် ပြုတ်ထွက်နေသဖြင့် သော့ခတ်ထားသည်မှာ အချည်းနှီးပင်ဖြစ်နေသည်။ တံခါးရွက်တစ်ဖက် ခပ်ဟဟကလေး ပွင့်နေသည်။

"အမှန်တော့ ဒီလိုအိမ်ကြီးမျိုးဟာ ဒုစရိုက်သမားတွေအတွက် အကောင်းဆုံး ဌာနချုပ်ကြီးပဲ"

ဇော်မင်းထွန်းက တံခါးကို တွန်းဖွင့်ရင်း ပြောသည်။

"မသူဇာတစ်ယောက် ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာတယ်ဆိုတာ အံ့သြစရာပဲ"



ဆရာမက တံခါးဝတွင် ရပ်တန့်ရင်း ပြောသည်။

"ဒါပေမယ့် မသူဇာပြောတဲ့ တိုက်ဟာ ဒီတိုက် ဟုတ်ချင်မှလည်း ဟုတ်ဦးမှာပေါ့..."

"ဟုတ်မဟုတ် ကျွန်မတို့ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ"

"သူကတော့ ဒီတိုက်ထဲမှာ သူဇာဝင်းထွတ်ရဲ့ အလောင်းရှိနေတယ်လို့ ပြောတာပဲ"

ဇော်မင်းထွန်းက အမျိုးသမီးကို အကဲခတ်ရင်း ပြောလိုက်သည်။ အမျိုးသမီးက ဧည့်ခန်းကျယ်ကြီးကို လှမ်းမျှော်ကြည့်ရင်း ငြိမ်နေသည်။ ဧည့်ခန်းသည် မှောင်ရေးရေး။

ဧည့်ခန်းထဲတွင် ပရိဘောဂအကျိုးအပျက်များ ရှိသည်။ ကြိမ်ကုလားထိုင်ပေါက်နှစ်လုံး ကျွမ်းထိုးနေကြသည်။ အခန်းထောင့်တွင် ညစ်ပေသော စားပွဲကြီးတစ်လုံး စွေစောင်းစောင်း ရှိနေသည်။ တံခါးမရှိတော့သော အဝတ်ဗီရိုကြီးတစ်လုံး အခန်းအလယ်တွင် ရှိနေသည်။ ထို့နောက် ထုတက်နေသော ဖုန်မှုန့်များ၊ ပင့်ကူမျှင်များ၊ စာကလေးတွေ သယ်ချထားသော မြက်ခြောက်များ။

"ဆရာမ အပြင်မှာ စောင့်နေခဲ့ပါလား..."

"အို...ကျွန်မ မကြောက်တတ်ပါဘူး..."

အမျိုးသမီးက ဖရိုဖရဲနိုင်သော ဧည့်ခန်းတွင်းသို့ ရှေ့မှဝင်သွားသည်။

"အခုလောက်ဆိုရင် မသူဇာပြောတဲ့ အလောင်းလည်း ရှိချင်မှရှိတော့မှာပါ။ လူသတ်သမားက ဖျောက်ဖျက်ပစ်ချင်လည်း ဖျောက်ဖျက်ပစ်မယ်။ တစ်ယောက်ယောက်က တွေ့ပြီး ရဲကို အကြောင်းကြားချင်လည်း ကြားပြီးရောမယ်..."

"ကျွန်မနဲ့ မသူဇာတွေ့တာ ကနေ့ပါနဲ့ဆိုရင် ခြောက်ရက် ရှိသွားပြီ"

"ဟုတ်တယ် တော်တော်ကလေး ကြာသွားပြီ..."

"အဲဒီတုန်းက သူ ကျွန်မကို ပြောဖို့ကောင်းတယ်၊ ဒါမှမဟုတ် ရဲကို တိုင်ဖို့ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူလည်း ကြောက်လန့်ပြီး မှုန်နေမှာပေါ့၊ ထူနေမှာပေါ့"

"ဒါမှမဟုတ် သန့်လျှင်ကိုရောက်ပြီး တစ်ရက်နှစ်ရက်အတွင်းမှာ ကို ဇော်မင်းထွန်းရဲ့ အဒေါ်တွေကို ပြောဖို့ကောင်းတယ်"

"ခက်တာက သူ့ကိုယ်သူ ဘယ်သူမှန်း မသိတာကလည်း တစ် ကြောင်းပဲ ထင်ပါတယ်။ နောက်ပြီး သူ့အပေါ် အမှုပတ်နိုင်တာကလည်း တစ်ကြောင်း၊ အဓိကအကြောင်းကတော့ ကျွန်တော့်ကို စောင့်နေတာလည်း ဖြစ်နိုင်ပါတယ်"

သူတို့ ဧည့်ခန်းအလယ်တွင် ရပ်လိုက်ကြသည်။

"ကျွန်မ နောက်တစ်မျိုးလည်း စဉ်းစားနေမိတယ်"

"ဘာများလဲဆရာမ"

"မသူဇာဟာ အကြောင်းတစ်ခုခုကြောင့် စိတ်ဓာတ်ပျက်ပြားနေတာ တော့ အမှန်ပဲ။ နောက်ပြီးတော့ သူဘာမှ မမှတ်မိဘူးလို့လည်း ပြောတယ်"

"ဟုတ်ကဲ့..."

"သူပြောမယ့်စကားတွေဟာ သူ့စိတ်ထဲမှာ ထင်တာတွေများ ဖြစ်နေ မလား"

"ကျွန်တော်လည်းပဲ ဒါကို စဉ်းစားပါတယ်။ သူက သူဇာဝင်းထွတ် သေပြီလို့ ပြောတယ်။ နောက်စေ့ကို သေနတ်မှန်တယ်၊ လက်ကောက်ဝတ် အေးနေတယ်လို့ ပြောတယ်။ တကယ်တော့ သေတာ ဟုတ်ချင်မှ ဟုတ်မှာ ပါ။ ဒဏ်ရာရတာလောက်ပဲ ဖြစ်မှာပေါ့။ သူက ကြောက်ကြောက်လန့်လန့် နဲ့ဆိုတော့ ခေါင်းမှာ သွေးနည်းနည်းထွက်နေတာကို အကြီးကြီးလို့ ထင် ချင်ထင်မှာပေါ့။ လက်ကောက်ဝတ်အေးနေတယ်ဆိုတာကလည်း သတိ လစ်ပြီး သွေးဆုတ်နေတော့ကော အေးနေမှာပေါ့။ ဘာပဲဖြစ်ဖြစ် သူဇာဝင်း ထွတ် ပျောက်နေတာဟာလည်း အမှန်ပဲဆရာမ"

"အင်းလေ...တစ်ခုခုဖြစ်မှာပေါ့"

အမျိုးသမီးက အပေါ်ထပ်သို့ တက်သော လှေကားဆီသို့ ကြည့် သည်။ လက်ရမ်းပွတ်လုံးတိုင်များ ပြုတ်နေသည်။ လှေကားဆံတစ်ထစ်



ကျိုးပေါက်နေသည်။

"မသူဇာပြောတဲ့အခန်းကတော့ အောက်ထပ်မှာပဲ ဖြစ်ရမယ်။ သူ ပြောပြတဲ့အထဲမှာ လှေကားမပါဘူး။ တက်တာဆင်းတာ မပါဘူး။ အဲဒီ အခန်းထဲက ထွက်လာပြီး နောက်ထပ် အခန်းကျယ်ကြီးတစ်ခုကို မြင်ရ တယ်လို့ ပြောတယ်။ အဲဒီတော့ ဟောဒီအောက်ထပ်မှာပဲ ဖြစ်ရမယ်၊ နောက်ဖေးဘက် အတွင်းခန်းတစ်ခုခုမှာပဲ ဖြစ်ရမယ်"

အိမ်အတွင်းဘက်သို့ သူတို့ ကြည့်လိုက်ကြသည်။ ပို၍မှောင်နေသည်။ တစ်စုံတစ်ခုက အုပ်ဆိုင်းထားသ်လို ရှိသည်။ အခန်းဖွဲ့ပုံမှာ ရိုးရိုးရှင်းရှင်း ပင်ဖြစ်သည်။ အိမ်ရှေ့ဧည့်ခန်းနှင့် နောက်ဖေးမီးဖိုချောင်ကို ဆက်ထား သော စင်္ကြံလမ်း ရှိသည်။ စင်္ကြံလမ်းသည် အလယ်ခန်းများကို တောက် လျှောက် ဖောက်ထားခြင်း ဖြစ်သည်။ စင်္ကြံလမ်းတစ်လျှောက်သည် ဖုန် အလိမ်းလိမ်းဖြစ်သည်။

ထိပ်ဆုံးခန်းနှစ်ခန်းကို စတင်ကြည့်ရှုကြသည်။ တစ်ယောက်က လက်ဝဲဘက်ခန်းကို ကြည့်၍ တစ်ယောက်က လက်ယာဘက်ခန်းကို ကြည့် သည်။ အတွင်းသို့ မဝင်ကြဘဲ အပေါက်ဝမှပင် လှမ်းမျှော်ကြည့်ရှုကြသည်။ အတွင်းသို့လည်း ဝင်စရာမလိုပါ။ အခန်းများတွင် အလင်းရောင် အားနည်း လှသော်လည်း အတွင်း၌ ဘာမျှ ထူးထူးခြားခြား မရှိသည်ကိုကား သိသာ သည်။ လူမနေသော အိမ်ကြီးတစ်အိမ်၏ အစဉ်အလာ အခန်းတစ်မျိုးသာ ဖြစ်သည်။ ဟောလစ်ဘူးခွံ၊ ထင်းရှူးသေတ္တာတစ်လုံး၊ အဝတ်စုတ်တစ်ခု၊ စာရွက်စုတ်များ၊ အမှိုက်များ၊ သစ်သားစများ၊ မှုန်ရေးရေး သဏ္ဌာန်များ။

အခန်းတွင်းသို့ ခေါင်းပြူထားသော ခေါင်းများကို ပြန်ရုတ်လိုက်ကြ ပြီး တစ်ယောက်ကိုတစ်ယောက် ပြန်ကြည့်ကြသည်။ ထို့နောက် ပြိုင်တူ ခေါင်းခါပြကြသည်။

ဒုတိယအခန်းကို ဆက်လက် ကြည့်ရှုကြသည်။ ပထမအခန်းများ အတိုင်းပင်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ရာ မရှိချေ။

တတိယမြောက်အခန်းတွင်းသို့ ဇော်မင်းထွန်း လှမ်းဝင်မည်ပြုစဉ်

www.burmeseclassic.com

www.burmeseclassic.com



သူနောက်ဘက်မှ ဆရာမတင်တင်အေး၏ အထိတ်တလန့် ခေါ်သံကို ကြား လိုက်ရသည်။

"ကိုဇော်မင်းထွန်း...ဒီမှာ တွေ့ပြီ.. တွေ့ပြီ"

သူကိုယ်ကို ချာခနဲ လှည့်လိုက်ပြီး လွှားခနဲ ခုန်လိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် အမျိုးသမီး၏ အနီးသို့ ရောက်ရှိသွားသည်။ အမျိုးသမီးက အပေါက်ဝတွင် ရပ်နေရာမှ သူဝင်သာအောင် ဘေးသို့ အနည်းငယ် တိမ်းပေးလိုက်သည်။ သူက အပေါက်ဝတွင် အမျိုးသမီးနှင့် ဘေးချင်းယှဉ် ရပ်ပြီး မှောင်မည်းသော အခန်းတွင်းသို့ မျက်လုံးကို အားပြုပြီး ကြည့်သည်။

ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မသူဇာဝင်းထွတ်၏ အလောင်းကို တွေ့ရလိမ့်မည်ဟု သူမှတ်ထင်ခဲ့သည်။ သို့သော် လက်တွေ့တွင် သူ အလောင်းကိုလည်း မတွေ့ရပါ။ အရိုးစုကြီးလည်း မတွေ့ရပါ။ အခြား ဘာမျှလည်း မတွေ့ရပါ။

"ဘာလဲ...ဆရာမ၊ ဘာလဲ..."

သူက အနည်းငယ် စိုးရိမ်သံဖြင့် ကြည့်သည်။ ခပ်ဟဟကလေးပွင့်နေသော ပြတင်းပေါက်သို့ ကြည့်သည်။ ထိုမှတစ်စုံတစ်ယောက် ခုန်ထွက်ပြေးချေသည်လား။

အမျိုးသမီးက လက်တစ်ဖက်ဖြင့် အခန်းကို ဝှေ့ရမ်းပြရင်း

"ဒီမှာလေ...မတွေ့ဘူးလား"

သူမျက်လုံးပြူးပြီး ကြည့်သည်။ ဘာမျှမရှိပါ။ ဤအခန်းသည် အခြားအခန်းများထက်ပင် ရှင်းနေပေသည်။ ကုလားထိုင်ကျိုးတစ်ခုလည်း မရှိ၊ စက္ကူစုတ်တစ်ခု၊ အဝတ်စုတ်တစ်ခုလည်း မရှိပါ။

"ဘာမှလည်း မရှိပါလား ဆရာမ"

သူက ဘေးချင်းယှဉ်၍ ရပ်နေသော ဆရာမ၏ မျက်နှာကို လှည့်ကြည့်ရင်း ပြောလိုက်သည်။



"ဟုတ်တယ်လေ၊ အဲဒါပေါ့။ တစ်ခန်းလုံး ဘာမှမရှိဘူး ရှင်းနေတယ်"

"ဩော်...ဟုတ်ပြီ...ဟုတ်ပြီ၊ သိပြီ ဟုတ်တယ် တစ်ခန်းလုံး ရှင်းနေတယ်"

သူက ယခုမှ အမျိုးသမီး ဘာကို ဆိုလိုသည်ကို သဘောပေါက်သွားသည်။

လူမနေသော အိမ်ကြီးတစ်ခုအတွင်း အခြားအခန်းများ အားလုံး အမှိုက်သရိုက်တို့ဖြင့် ရှုပ်ထွေးပွစိနေသော်လည်း ဤအခန်းမှာ ထူးထူးခြားခြား ရှင်းလင်းလျက် ရှိသည်။ အဘယ်မျှရှင်းလင်းသနည်းဟူမူ ပင့်ကူမျှင်များ ဖုန်မှုန့်များပါ မရှိသလောက် ဖြစ်သည်။

ဤအခန်းကို မကြာမီ ရက်အတွင်းကမှ တစ်စုံတစ်ယောက်က လှဲကျင်းဆေးကြောထားသဖြင့် ယခုကဲ့သို့ သန့်ပြန့်ရှင်းလင်းနေခြင်း ဖြစ်ပေမည်။

ဇော်မင်းထွန်းက ကုန်းငုံ့ပြီး သမံတလင်းကို လက်ညှိုးနှင့် ပွတ်ကြည့်သည်။ ဖုန်ပါးပါးရေးရေးသာ ရှိသည်။

"ဒီအခန်းကို သေသေချာချာ တံမြက်စည်းလှည်းပြီး ရေနဲ့ဆေးထားကြတာပဲ။ ဖုန်ပါးပါးလေး ကျနေပုံထောက်တော့ လှည်းကျင်းဆေးကြောထားတာ သုံးလေးရက်လောက်တော့ ရှိပြီလို့ ယူဆရတယ်"

အမျိုးသမီးက သူ့ကို ပြုံးပြီး ကြည့်နေသည်။ သည်တော့မှ ဇော်မင်းထွန်းက...

"ဟဲ...ဟဲ ကျွန်တော်က ဦးစံရှားနဲ့ တင်မောင်ဆွေ တစ်ပိုင်းစီ ဝင်စားတာ"

အရှက်ပြေပြောလိုက်သည်။ ထို့နောက် သူသည် အခန်းကို ဖြတ်လျှောက်သွားပြီး ပြတင်းပေါက်ကို ဖွင့်လိုက်သည်။ အလင်းရောင်အားကောင်းလာသည်။ အမျိုးသမီးက အခန်းအလယ်သို့ လျှောက်သွားပြီး သဲလွန်စတစ်စုံတစ်ခု တွေ့လိုတွေ့ငြား ကြည့်သည်။ ဘာတစ်ခုမျှ မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် အခန်းထဲမှ ပြန်ထွက်ခဲ့ကြသည်။ ဇော်မင်းထွန်းသည် အပေါက်ဝသို့ ရောက်သောအခါ တုန့်ခနဲ ရပ်လိုက်သည်။ သူ့ရှေ့မှာ သမံတလင်းကို ငုံ့စိုက်ပြီး ကြည့်နေသည်။

"ဘာလဲဟင်...ဘာတွေ့လို့လဲ"

အမျိုးသမီးက မေးသည်။ သူက တံခါးမင်းတုန်းထိုးထားသော သမံတလင်းပေါက်ကို လက်ညှိုးထိုးပြလိုက်သည်။

ယင်းအပေါက်ဝိုင်းကလေးထဲတွင် နီနီလက်လက်ကလေးတွေ မြင်ရသည်။ ဆရာမက ဒူးထောက်၍ ထိုင်လိုက်ပြီး နီနီစေ့ကလေးတွေကို ခေါင်းမှ ကလစ်တစ်ချောင်း ဖြုတ်ပြီး ကော်ထုတ်လိုက်သည်။

အမျိုးသမီးက နီနီစေ့ကလေးသုံးစေ့ကို လက်ဝါးပေါ်တွင် တင်ယူပြီး သေသေချာချာ ကြည့်နေသည်။ ထို့နောက် မတ်တတ် ထရပ်ရင်း ဇော်မင်းထွန်းကို ပြောသည်။

"ပုတီးစေ့ကလေးတွေပဲ..."

ဇော်မင်းထွန်း ခေါင်းညိတ်သည်။

"ကိုဇော်မင်းထွန်း သိသလား..."

သူကပ်ပြီး ခေါင်းညိတ်သည်။ ဤပုတီးစေ့ကလေးများသည် အခန်းကို လှည်းကျင်းဆေးကြောစဉ်က ဤအပေါက်ကလေးထဲသို့ ကျနေခဲ့ခြင်းပင် ဖြစ်သည်။

"မသူဇာရဲ့ ပုတီးလား"

သူခေါင်းခါသည်။

"သူဇာဝင်းထွတ်ရဲ့ ပုတီးလား..."

"ဟုတ်တယ် သူဇာဝင်းထွတ် အမြဲတမ်းဆွဲထားတဲ့ ပုတီးပဲဆရာမ။ မမြင်ဖူးတောင် ကြားဖူးမှာပေါ့။ ကချင်ပုတီးလေ၊ သန္တာပုတီးဆိုတာပေါ့"

"အင်း...ဒီအတိုင်းဆိုရင်တော့ မသူဇာ ပြောတာတွေဟာ အမှန်တွေပေါ့။ သူ့ဒီအိမ်ကြီးက ထွက်ပြေးခဲ့တယ်။ ဒီအခန်းထဲမှာ သူဇာဝင်းထွတ်ရှိနေခဲ့တယ်။ တစ်ခုပဲ မသေချာတယ်၊ သူဇာဝင်းထွတ်ဟာ တကယ်ပဲ သေ



သလား၊ ဒါမှမဟုတ် ခေါင်းမှာ ဒဏ်ရာရပြီး လဲနေတာလားဆိုတာပဲ"

ထို့နောက် သူတို့နှစ်ယောက် အာလကပ္ပအိမ်ကြီးတစ်ခုလုံး အပေါ်ထပ် အောက်ထပ် မွှေနှောက် ရှာဖွေကြသည်။

မည်သည့်သဲလွန်စမျှ မတွေ့ရှိကြပါချေ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ကံကောင်းချင်၍ပဲလား၊ ကံဆိုးချင်၍ပဲလားမသိ။ စခန်းမှူးသည် မိမိနှင့် ကျောင်းနေဖက်သူငယ်ချင်း ဖြစ်နေကြောင်း ဇော်မင်းထွန်း တွေ့ရှိရသည်။ ဆရာမ တင်တင်အေးကို ပုဇွန်တောင်သို့ လိုက်ပို့ပြီးနောက် ၎င်း စခန်းသို့ သွားရောက်ခြင်းဖြစ်သည်။ သည်ကောင့်နာမည်က ထွန်းသစ်။

"အဲဒါပဲ သူငယ်ချင်း၊ သူဇာဝင်းထွတ်ကို ကိုယ်နောက်ဆုံး မြင်လိုက်တာကတော့ သူ ဟယ်လီကော့ပတာနဲ့ ပါသွားတာပဲ၊ ကိုယ်မနေ့က သန်လျင်က အိမ်ကို ပြန်ရောက်သွားတော့ မရွှေချောအစား ကိုယ်တစ်ခါမှ မမြင်ဖူးတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရတယ်။ အဲ...တစ်ခုတော့ ရှိတယ်။ သူ့နာမည်ကလည်း မသူဇာပဲ။ ကိုယ်ဘာလုပ်ရမလဲသူငယ်ချင်း၊ မောင်ရင် ဘာလုပ်ပေးနိုင်မလဲ"

"မောင်ရင့်ပြဿနာက စိတ်ဝင်စားစရာလည်းကောင်းတယ်။ ရယ်စရာလည်း ကောင်းတယ်။ ယုံစရာလည်း မရှိဘူး"

"ဒါပေမယ့် တကယ်ဖြစ်နေတာပဲ။ ကိုယ်တစ်ခုမှ ပိုမပြောဘူး။ သူဇာဝင်းထွတ် ပျောက်နေတယ်။ မသူဇာ ရောက်နေတယ်။ သူဘယ်နေမှန်း မသိဘူး။ အတိတ်ကို မေ့နေတယ်။ သူပြောတဲ့အိမ်ကို သည်နေ့မနက် ကိုယ်နဲ့ ဆရာမတင်တင်အေးတို့ သွားရှာတယ်။ တွေ့တယ်။ သူဇာဝင်းထွတ်ရဲ့ သန္တာပုတီးက ပုတီးစေ့တွေကို တွေ့ရတယ်"

"အခု မသူဇာလက်ထဲမှာ ရှိနေတဲ့ လက်ကိုင်အိတ်ဟာ သူဇာဝင်းထွတ်ရဲ့ လက်ကိုင်အိတ်ဆိုတာတော့ သေချာသလား"

"သူဇာဝင်းထွတ် ဌမ်ရောင်က သွားတုန်းကတော့ လက်ကိုင်အိတ် မရှိဘူး။ ပိုက်ဆံအိတ်ပဲ ရှိတယ်။ လက်ကိုင်အိတ်က ရန်ကုန်ရောက်မှ ဝယ်တာဖြစ်မှာပေါ့"

"မသူဇာရဲ့အိတ်မဟုတ်ဘူးဆိုတာတော့ သေချာသလား"

"ဒါလည်း မသေချာဘူး၊ မသူဇာရဲ့အိတ်လည်း ဖြစ်နိုင်တာပဲ"

"မောင်ရင့်ဟာက ဘာမှမရေရာပါလား"

"ဟုတ်တယ်၊ ဒါကြောင့် မောင်ရင်ကို ကိုယ်ဘာလုပ်ရမလဲလို့ မေးနေတာပေါ့"

"ခုအတိုင်းဆိုရင်တော့ သေချာတာကို အရင်လုပ်ကြရုံပေါ့။ ဘာပဲဖြစ်ဖြစ် သူဇာဝင်းထွတ် ပျောက်နေတာတော့ အမှန်ပဲ။ သူဟာ မောင်ရင့်ရဲ့ တရားဝင်ဇနီးဆိုတာလည်း အမှန်ပဲ၊ ဒီတော့ မောင်ရင်က ကိုယ်တို့ဆီမှာ လူပျောက်တိုင်ပေါ့၊ ကိုယ်တို့က လူပျောက်မှုနဲ့ စုံစမ်းမယ်"

ဇော်မင်းထွန်းက အင်းမလုပ်၊ အဲမလုပ်။

"လူသတ်မှု၊ လူသေမှုဆိုရင် သိပ်ပြီး ကြီးကျယ်သွားမယ်၊ မဟုတ်ရင် ကိုယ့်အပေါ် အမှုပြန်ပတ်နေဦးမယ်။ အခုဟာက အလောင်းလည်း တွေ့ရတာမဟုတ်ဘူး။ မျက်မြင်သက်သေလည်း တစ်ယောက်မှ မရှိဘူး။ မသူဇာ မြင်တယ်ဆိုတာကလည်း ခေါင်းမှာဒဏ်ရာနဲ့၊ အခန်းတစ်ခုထဲမှာ လဲနေတယ်။ လက်ကောက်ဝတ်ကို စမ်းကြည့်တော့ အေးနေတယ်ဆိုတာလောက်ပဲ၊ သူပြောတဲ့ နေရာကို မောင်ရင်တို့ သွားကြည့်တော့လည်း သန္တာစေ့ကလေးသုံးစေ့ကလွဲလို့ ဘာမှတွေ့ရတာ မဟုတ်ဘူး။ နောက်ပြီး မောင်ရင်တို့ ပြောပုံထောက်တော့ သူက သူ့ကိုယ်သူ ဘယ်သူမှန်းလည်း မသိဘူး။ ဒီတော့ သူ့စကားကို တရားရုံးမှာ အတည်ယူလို့ ရမရ ဆိုတာလည်း ရှိသေးတယ်။ သူ့မှာ စိတ်ရောဂါတစ်ခုခု ရှိမနေဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။ ကောင်းတာကတော့ မောင်ရင် သူ့ကို ရန်ကုန်ခေါ်လာခဲ့ပို့ ကောင်းတယ်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်တို့ သူ့ကို ဖမ်းမလား"

"ဘာဆိုင်လို့ ဖမ်းရမှာလဲ၊ လူတစ်ယောက်ဟာ အလောင်းတစ်လောင်းကို မတော်တဆ တွေ့ခဲ့တာဟာ ရာဇဝတ်မှု ကျူးလွန်တာမှ မဟုတ်ပဲ။ တစ်ခုတော့ ရှိတယ်။ သူ့ကို ကိုယ်ကိုယ်တိုင် ကြည့်ချင်တယ်။ ကိုယ် ကိုယ်တိုင် မေးချင်တယ်"

"ဟုတ်ပြီလေ၊ ခေါ်ခဲ့ဆိုရင် ခေါ်ခဲ့ရမှာပေါ့။ ဘယ်တော့ခေါ်ခဲ့ရမလဲ"

"ကိစ္စတစ်ခု မြန်မြန်ပြီးသွားရင် မကောင်းဘူးလား၊ မနက်ဖြန် မနက် ဒီလိုအချိန်ပဲ ခေါ်ခဲ့တာပေါ့။ လိုအပ်ရင် သူ့ကို ဆရာဝန်နဲ့ ပြကြည့်ရမယ်။ နောက်ပြီး သူ့ကို လူစည်ကားတဲ့ နေရာတွေကို ခေါ်သွားရမယ်။ ဆူးလေဘုရားလမ်း၊ ဗိုလ်ချုပ်ဈေး၊ ဆေးရုံ၊ သင်္ဘောဆိပ်၊ ဘူတာကြီး၊ မင်္ဂလာဒုံ၊ တက္ကသိုလ်"

"ဘာကိစ္စလဲ..."

"အတိတ်မေ့နေတဲ့ လူတွေဟာ သူတို့မြင်ခဲ့ဖူးတာ တွေ့ခဲ့ဖူးတာ သိခဲ့ဖူးတာ တစ်ခုခုကို ပြန်တွေ့ရရင် သတိရလာတတ်တယ်။ အဆောက်အဦတစ်ခုကို မြင်ရုံနဲ့လည်း မေ့နေတာတွေ အားလုံးပြန်ပေါ်လာတတ်တယ်။ လူတစ်ယောက်ကို တွေ့ရရုံနဲ့လည်း အတိတ်တစ်ခုလုံးကို ပြန်သိနိုင်တယ်"

"ဟုတ်ပြီ၊ ကိုယ်သဘောပေါက်ပြီ"

"နောက်ပြီး သူက မမှတ်မိလည်း သူ့ကို မှတ်မိနေတဲ့ လူတွေ၊ သူ့ကို သိနေတဲ့ လူတွေ ရှိနိုင်တယ်။ သူ့အသိတွေနဲ့ မောင်ရင်တွေ့ရရင်လည်း သူ့အသိကို မောင်ရင် သိနိုင်တာပဲ"

"ဟုတ်ပြီလေ၊ မနက်ဖြန်မနက် ခေါ်ခဲ့မယ်၊ မောင်ရင်နဲ့ တွေ့ပြီးရင် သူ့ကို မောင်ရင်ပြောတဲ့ နေရာတွေကို ခေါ်သွားမယ်"

"ဒါက တစ်ပိုင်းပြီးသွားပြီ၊ ထားလိုက်တော့ နောက်တစ်ပိုင်းရှိသေးတယ်။ သူ့ဓာဝင်းထွတ်ရဲ့အပိုင်း၊ သူ့အဖေက သစ်တောအရာရှိဟောင်းတစ်ယောက် ဆိုတော့ သူ့အကြောင်းကို စုံစမ်းလို့ ရနိုင်တယ်။ သစ်တော



ဌာနမှာ စုံစမ်းနိုင်တယ်။ သစ်တောအရာရှိဟောင်းတွေဆီမှာ စုံစမ်းနိုင်တယ်။ သတင်းစာဆရာတွေ တက္ကသိုလ်က လူတွေကို မေးရင်လည်း သိနိုင်တယ်။ နောက်ပြီး ကချင်ပြည်နယ်က ရဲအဖွဲ့တွေကို မေးရင်လည်း သိနိုင်တယ်"

"ဟုတ်တယ်၊ မြစ်ကြီးနား ရဲအဖွဲ့ကို မေးကြည့်ရင် သိနိုင်တယ်"

"ကိုယ်မေးကြည့်ပါ့မယ်"

"ဘယ်တော့မေးမှာလဲ၊ ဘယ်တော့ သိရမှာလဲ၊ စာတိုစာရှည်ရေးပြီး ကြိုးနီစနစ် လုပ်နေရင် အနည်းဆုံးတစ်လနှစ်လတော့ ကြာမှာပဲ"

"မကြာပါဘူး၊ မြန်အောင်လုပ်လို့ ရပါတယ်။ ဖုန်းဆက်ပြီး မေးမှာပေါ့။ ကိုယ်ကနေ့ပဲ ဖုန်းဆက်လိုက်ပါမယ်"

"မောင်ရင့်ဆီမှာ သူ့ဓာဝင်းထွတ်ရဲ့ ဓာတ်ပုံရှိသလား"

ဇော်မင်းထွန်း ခေါင်းခါသည်။

"မသူဇာရဲ့ပုံကော..."

"သာပြီး မရှိတော့မှာပေါ့"

"ဒါဖြင့်ရင် သူတို့နှစ်ယောက်ရဲ့ ပုံပန်းသဏ္ဍာန်တွေကို ပြောခဲ့၊ မသူဇာကိုတော့ မနက်ဖြန်ကျရင် ဓာတ်ပုံရိုက်လိုက်ကြတာပေါ့။ ရန်ကုန်တိုင်းအတွင်းမှာ ရှိတဲ့ ရဲစခန်းတွေကို အကြောင်းကြားထားရမယ်လေ၊ သူတို့နဲ့ ပတ်သက်ပြီး လူပျောက်တိုင်တာတွေလည်း ရှိချင်ရှိနေမှာပေါ့"

ဇော်မင်းထွန်း ခေါင်းညိတ်သည်။

"နောက်တစ်ခုကတော့ မောင်ရင်ပြောတဲ့ အံလကပွဲအိမ်ကြီးကို ကိုယ်တို့ စောင့်ကြည့်မယ်၊ ဘယ်သူတွေ အဝင်အထွက် ရှိသလဲပေါ့။ နောက်ပြီး ရန်ကုန်တိုင်းအတွင်းမှာ ဖြစ်ပွားတဲ့ ရာဇဝတ်မှုတွေနဲ့ မောင်ရင့်အမျိုးသမီးနှစ်ယောက် ဆက်စပ်မှု ရှိနိုင်မရှိနိုင်လည်း ကိုယ်သတိထားလိုက်ပါ့မယ်။ တခြားအမှုတစ်ခုကို လိုက်ရင်းနဲ့လည်း သူတို့အမှု ပေါ်လာနိုင်တာပဲ။ ဟုတ်ပလား၊ ဒါဆိုရင် လုံလောက်ရောပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူထပ်မံ၍ ခေါင်းညိတ်လိုက်သည်။

"ကဲ...ကျေနပ်ပလား၊ ကျေနပ်ရင် ကိုယ်သွားစရာတစ်ခု ရှိသေးတယ်။ ရုံးသွားပြီး သက်သေခံရဦးမယ်"

ကျေနပ်သည်တော့ မဟုတ်ပါ။ သို့သော် နောက်ထပ်လည်း ဘာမျှ တတ်နိုင်တော့သည်မဟုတ်။

× × ×

BURMESE CLASSIC .com

## အခန်း(၁၅)

မသူဇာသည် ထိုနေ့မနက်ဘက်ကသာ အိပ်ရာထ နေမြင့်ခဲ့သည် မဟုတ်။ နေ့ခင်းဘက်တွင်လည်း မထင်မှတ်ဘဲနှင့် အိပ်ပျော်သွားချေသေးသည်။

သည်တော့လည်း မသူဇာတစ်ယောက် မိမိကိုယ်မိမိ အပြစ်တင်ရသည်။ အဘယ်ကြောင့်များ ဤမျှအိပ်ရသနည်း မိမိသည် အိပ်မက်ရွာမှ လာချေသူလား။

သူမ၏ ဘဝသည် အိပ်မက်လိုလို တကယ်လိုလိုဖြစ်သည်။ တစ်ခါ တစ်ခါတော့လည်း မိမိသည် အိပ်မက်ရှည်ကြီးကို မြင်မက်နေသည်ဟု ထင်မိသည်။ မိမိသည် အိပ်ပျော်ရင်း နိုးနေသည်ဟု ကြံကြံဖန်ဖန် ထင်မှတ်မိသည်။ မိမိ၏ ဘဝသည် နိုးနေသည်ဖြစ်စေ အိပ်မက်ပမာသာ ဖြစ်သည်။ တကယ်ဖြစ်နေသည်ဟု မိမိဘာသာပင် မယုံနိုင်ဘဲ ရှိနေသည်။

ယင်းကြောင့် ဒေါ်ဒေါ်လတ်တို့ ယုံထင်ကြောင်ထင် ရှိကြသည်ကိုလည်း မိမိအပြစ်မဆိုချင်ပါ။ သူတို့သည် အစ်ကိုဇော်မရောက်ခင်ကမူ ဘာမျှ သံသယမပွားကြပါ။ မိမိသည် သူတို့တူ၏ ဇနီးဖြစ်ပြီး လမ်းခရီးတွင် တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်ဓာတ်ချောက်ချားကာ အတိတ်ကို မေ့လျော့ခဲ့ရသည်ဟု လက်ခံထားကြသည်။

သို့သော်—

www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့ညက အစ်ကိုဇော် ရုတ်တရက် ပြန်ရောက်လာပြီး ယနေ့မှပင် မိမိအိပ်ရာမှမနိုးမီတွင် ရန်ကုန်သို့ ရုတ်တရက်ပြန်လည်ထွက်ခွာသွားသောအခါ သူတို့သည် မိမိကိုသာမက အစ်ကိုဇော့်အပေါ်မှာပင် တစ်မျိုးထင်လာကြသည်။

"ဧကန္တ အစ်ကိုဇော်လည်း အတိတ်မေ့ရောဂါ ကူးစက်သွားပြီနဲ့ တူတယ်"

မြသီတာက မိမိကို လှောင်သလိုပြောင်သလို ရယ်မောပြောဆိုသည်။

"ဟုတ်တယ်။ မြသီတာပြောတာ စဉ်းစားစရာပဲ၊ ဖိုးဇော်ဟာ ဘုရားတရားမလို့ သူ့ကိုယ်သူတော့ မှတ်မိကောင်းပါရဲ့ကွယ်"

တင်တင်လတ်က ညည်းသလို ပြောသည်။

နောက်ဆုံးတွင် မသူဇာသည် ဘယ်သူနှင့်မှ ဘာစကားမှ မပြောချင်သဖြင့် မိမိအခန်းသို့ ပြန်ခဲ့သည်။ မဆာဘူးဆိုပြီး နံနက်စာပင် ဆင်းမစားခဲ့ပါ။ ခုတင်ပေါ်တွင် တစ်ယောက်တည်း လူးလိမ့်ရင်း အတွေးပေါင်း သောင်းခြောက်ထောင်၏ ထိုးစစ်ဆင်ခြင်းကို ခံနေရသည်။

အစ်ကိုဇော်နှင့် ပတ်သက်၍မူ မိမိစိတ်ချမ်းသာရပါသည်။ အစ်ကိုဇော်သည် မိမိကို နားလည်ဟန်ရှိသည်။ မိမိ၏အဖြစ်ကို ယုံကြည်ဟန်ရှိသည်။ မိမိကို ကူညီမည့် မိတ်ဆွေတစ်ယောက် ဖြစ်ဟန်ရှိသည်။

ထို့ပြင် သူသည် သစ္စာရှိယောကျ်ားတစ်ယောက်လည်း ဖြစ်ချေသည်။ ယမန်နေ့ညတွင် မိမိတို့နှစ်ယောက်တည်း ဤအခန်းထဲတွင် နေခဲ့သော်လည်း သူသည် မိမိအပေါ်တွင် ဖောက်လွဲဖောက်ပြန် မရှိခဲ့ပါ။

တကယ်တော့ မိမိကိုယ်မိမိ သူ့ဇနီးအဖြစ် မှတ်ယူခဲ့ပြီး ဖြစ်ပါသည်။ အကယ်၍သာ သူသည် မိမိကိုတွေ့လျှင်တွေ့ချင်း လိုက်လှဲတက်ကြွစွာ မိမိကို သူ့ရင်ခွင်တွင်းသို့ ဆွဲယူပြီး မိမိ၏ နဖူးပြင်ကို၊ မိမိ၏ ပါးပြင်နှစ်ဖက်ကို၊ မိမိ၏ နှုတ်ခမ်းစုံကို နမ်းခဲ့သည်ဆိုလျှင်လည်း မိမိသည်…

မသူဇာ အသားတွေ ပူရှိန်းပြီး တဆတ်ဆတ် တုန်လာသည်။

ယမန်နေ့ညက သူ့လက်ကြီးနှင့် မိမိ၏ ပခုံးကို ကိုင်လှုပ်၍ နှိုးရုံနှင့်



ယနေ့မနက်ပိုင်းက မိမိ၏ ရင်ညွန့်ကို တင်တင်လတ်က လက်နှင့်ဖိပြီး နှိုးသည်ကို အစ်ကိုဇော်ဟု ထင်မိရုံနှင့် မိမိတစ်ကိုယ်လုံး ရှက်သွေးလျှံလျှံနီမြန်းရသည်။

ယင်းသို့နှင့်…

မသူဇာ အိပ်ပျော်သွားသည်။ မိမိအိပ်ပျော်သွားသည် အိပ်ပျော်နေရင်းနှင့်ပင် မိမိသိရှိနေသည်။ မိမိနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။

မိမိနိုးလာတော့လည်း နိုးလာသည်ကို ကောင်းကောင်းသိရှိနေသည်။ ဤတစ်ကြိမ် မိမိအိပ်ပျော်ခြင်း မိမိနိုးလာခြင်းကို မသူဇာ များစွာ ကျေနပ်နှစ်သက်နိုင်သည်။

အိပ်ရာက နိုးလာတော့ အားရှိနေသည်။ ကြည်လင်ဝနေသည်။ တက်ကြွလန်းဆန်းနေသည်။ မိမိ၏ဘဝကိုမိမိ ပြန်လည်တွေ့ရှိပြီဟု ထင်မိသည်။

သို့သော် စဉ်းစားကြည့်သောအခါ မှောင်မည်းသော အခန်းကျဉ်းကလေး၏ ဟိုဘက်ကို တစ်ထွာတစ်ညို့မှ ကျော်လွန်၍ မမြင်တွေ့ရသေးပါ။

သို့သော် မိမိကိုယ်မိမိ ကျေနပ်အားရနေသည်။

မသူဇာအိပ်ရာမှ ပေ့ါပါးကြည်လင်စွာ နိုးထသည်။ မှန်ရှေ့တွင် ရပ်ပြီး မိမိကိုယ်ကို ကြည့်သည်။ မှန်ထဲမှ မိန်းကလေးသည် မိမိကို ပြုံးနေသည်။

မသူဇာသည် ပြေလျော့နေသော ဆံထုံးကို ဖြည်ချလိုက်သည်။ ထို့နောက် ဆံပင်ကို ခုတ်ရှင်းပြီး ဖြီးနေသည်။ ထို့နောက် သူမ၏ စိတ်ထဲတွင် အမှတ်မထင် ပေါ်လာသော သီချင်းတစ်ပိုဒ်ကို ခပ်တိုးတိုး ဆိုညည်းနေသည်။

မောင့်ကို အိပ်မက်ထဲမှာ ချစ်မယ်…
မောင့်ကို အိပ်မက်ထဲမှာ နမ်းမယ်…
မောင့်ကို အိပ်မက်ထဲမှာ ဖက်ပါ့မယ်ကွယ်
ဒါပေမယ့်ကွယ်…
မောင့်ကို ပန်းခြံထဲမှာ တွေ့တော့ မကြောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူချစ်ပုံကြီးက ကြမ်းလှပါတယ်။

အို…ကြောက်ပါတယ်…ကြောက်ပါတယ်။

မသူဇာက နောက်တစ်ပိုဒ် ဆက်ဆိုမည်ရှိစဉ် အခန်းတံခါးဝဆီမှ လက်ခုပ်သံ ကြားလိုက်ရသဖြင့် လန့်သွားသည်။ လှည့်ကြည့်လိုက်သောအခါ ဒေါ်နှင်းစိန်ကြီးကို တွေ့ရသည်။

"အို…ကြီးကြီးကလည်း အသံမပေး ဘာမပေးနဲ့ လန့်လိုက်တာ"

မသူဇာက နှုတ်ခမ်းကလေးစူပြီး ပြောလိုက်သည်။

"အသံပေးပါတယ်ကွယ်၊ မိန်းကလေးက တစ်ယောက်တည်း စိတ်ကူးယဉ်ပြီး သီချင်းဆိုနေလို့ ကြီးကြီးလာတာ မသိတာပါ။ ဒါနဲ့ မိန်းကလေးက အသံကောင်း အဆိုကောင်းပဲကွယ့်၊ သီချင်းကလေးကလည်း ကောင်းလိုက်တာ ပြန်ဆိုစမ်းပါဦး၊ ဘာတဲ့…မောင့်ကို အိပ်ရာထဲမှာ ချစ်မယ်တဲ့၊ အိပ်ရာထဲမှာ နမ်းမယ်တဲ့"

"အို…ကြီးကြီးကလည်း ပေါက်တတ်ကရတွေ၊ အိပ်မက်ထဲမှာ ချစ်မယ်ပါ၊ အိပ်ရာထဲမှာ မဟုတ်ပါဘူး"

မသူဇာက ပခုံးနှစ်ဖက်ကို တသိမ့်သိမ့်လှုပ်ခါရင်း ပြောလိုက်သည်။

"မသိပါဘူးကွယ်…အိပ်ရာထဲမှာ ဆိုလားလို့ပါ၊ အိပ်မက်ထဲမှာဆိုရင်တော့ ဘာလုပ်စရာလဲကွယ်၊ တကယ်မှ မဟုတ်ပဲ"

"အို…ကြီးကြီးကလည်း ရှက်စရာကြီးပါနော်…ဘာတွေပြောမှန်း မသိဘူး"

မသူဇာက ဒေါ်နှင်းစိန်ကို တွန်းလှုပ်ရင်း ပြောသည်။ ဒေါ်နှင်းစိန် အားကျယ်ပါကျယ် ရယ်မောသည်။ မသူဇာလည်း ပါးစပ်ကို လက်ဖမိုးဖြင့် ထပ်ဖွဖွကလေး ပိတ်ပြီး ရယ်ရသည်။

"ကဲပါ…ကြီးကြီးကလည်း…အလကားနေ ရယ်နေတာပဲ၊ ကြီးကြီးလာတာ ဘာကိစ္စလဲ"

သည်တော့မှ အဘွားကြီး အရယ်ရပ်ကာ–

"ဘာကိစ္စမှ မရှိပါဘူးကွယ်…မသူဇာ အိပ်နေတယ်ဆိုလို့ နေများ



မကောင်းသလားလို့ လာကြည့်တာ"

ဒေါ်နှင်းစိန်က ကရုဏာသက်သော မျက်နှာဖြင့် ပြောသည်။

"မသူဇာနေကောင်းပါတယ်၊ မသူဇာ ခုတင်ပေါ်မှာ ခဏလှဲနေရင်းနဲ့ ဘယ်လိုလုပ်ပြီး အိပ်ပျော်သွားတယ် မသိဘူး"

"မောင်နဲ့အိပ်မက်ထဲမှာ ချစ်သွားတာ ဖြစ်မှာပေါ့"

"အို…ကြီးကြီးကလည်း လုပ်ပြန်ပြီ"

"မနက်ကလည်း နေမြင့်မှ နိုးတယ်မဟုတ်လား…မောင်ဇော်သွားတာတောင် မသိလိုက်ဘူးမဟုတ်လား"

"ဟုတ်တယ်၊ အစ်ကိုဇော်က မသူဇာကို မနှိုးဘဲ ထွက်သွားတယ်"

"မိန်းကလေးတို့ ဘာမှတော့ မဖြစ်ကြဘူး ဟုတ်လား"

"မဖြစ်ပါဘူး…မသူဇာတို့ ဘာမှ မဖြစ်ပါဘူး။ ဒေါ်ဒေါ်လတ်တို့က ဘာပြောလို့လဲ"

"ဘာမှမပြောပါဘူးကွယ်…ပြောတာမပြောတာကလည်း အကြောင်းမဟုတ်ပါဘူးကွယ်…မိန်းကလေးတို့ အချင်းချင်း နားလည်သင့်မြတ်ကြဖို့ပဲ အရေးကြီးပါတယ်"

"မသူဇာတို့ နားလည်ကြပါတယ်"

"မောင်ဇော်…ဘယ်တော့ ပြန်လာမလဲ"

"သူလာပါလိမ့်မယ်"

မသူဇာ မရေမရာ ဖြေသည်။ ဇော်မင်းထွန်း ဘယ်တော့ပြန်လာမည်ကို သူမ မသိပါ။

"ကြီးကြီးသွားမယ်၊ မသူဇာအိပ်တာ စိတ်မချလို့ပါ၊ နေကောင်းတယ်ဆိုရင် ပြီးတာပဲ၊ အိပ်ရာက နိုးတော့ ဇက်ကြောတွေ ဘာတွေ ထိုးမနေဘူးမဟုတ်လား"

"မနေပါဘူး၊ အိပ်ရာက နိုးတော့ မသူဇာ ပိုပြီး နေကောင်းလာတယ်လို့တောင် ထင်ပါတယ်"

"အားရှိသွားလို့ ဖြစ်မှာပေါ့။ မသူဇာ ရောက်ခါစက မျက်နှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျတယ်။ သွေးလည်း မရှိဘူး၊ လူမမာနဲ့ တူတယ်။ ခု မသူဇာဝလာတယ်။ မျက်နှာပြည့်လာတယ်။ နှုတ်ခမ်းကလေးတွေ ရဲလာတယ်၊ အေးကွယ်… ကိုယ့်ကိုယ်ကို ဂရုစိုက်ပေါ့"

ဒေါ်နှင်းစိန် ထွက်သွားသောအခါ မသူဇာတစ်ယောက်တည်း ငေးပြီး ကျန်ရစ်သည်။ ဤအဘွားကြီးသည် ဇော်မင်းထွန်းကိုလည်း အတော်ကလေး ချစ်ပုံရသည်။ သူမကိုလည်း အတော်ကလေး ခင်မင်ပုံရသည်။

ထို့နောက် မသူဇာ အောက်ထပ်သို့ ဆင်းပြီး ရေချိုးသည်။ သနပ်ခါးပါးပါး တစ်ကိုယ်လုံးလိမ်းသည်။ သန်လျင်ရောက်ပြီး နောက်တစ်နေ့တွင် စက်ချုပ်အပ်ထားသော အင်္ကျီနှင့် လုံချည်များ မနက်ကပင် ရပြီဖြစ်သဖြင့် ဝတ်ရသည်။ အတိုင်းအထွာ မှန်သဖြင့် သူများအင်္ကျီဝတ်ရသည်နှင့်မတူ အချိုးအစားကျနသည်။

မှန်ထဲမှ မိန်းကလေးသည် ပိုမိုလှပလျက် ရှိသည်။ ပိုမိုပေါ်လွင်လျက် ရှိသည်။

မသူဇာသည် စဉ်းစားသည်။ သီချင်းအမည်ကိုလည်း မသိပါ။ သီဆိုသူ၏ အမည်ကိုလည်း မသိပါ။ သည်သီချင်းကို မိမိဘယ်တုန်းက ရခဲ့မှန်းလည်း မသိပါ။ တစ်ယောက်တည်း သီချင်းပဟေဠိလုပ်ကြည့်နေသော်လည်း အဖြေမရပါ။

ကလေးတစ်ယောက်ကို ဆိုပြလျှင်တော့ မည်သူ့သီချင်းဖြစ်ကြောင်း ပြောပြနိုင်ပေလိမ့်မည်။ မည်သူ့ကို ဆိုပြရမည်နည်း။ ဒေါ်ဒေါ်လတ်ကို ဆိုပြရမည်လား၊ မြသီတာကို ဆိုပြရမည်လား၊ ဒါမှမဟုတ် အစ်ကိုဇော်ကို ဆိုပြရမည်လား ဟင့်အင်း…။

မသူဇာ အောက်ထပ်သို့ ဆင်းခဲ့သည်။ ဥယျာဉ်ထဲသို့ ဆင်းခဲ့သည်။ စံပယ်ဖူးကလေးများနှင့် နှင်းဆီဖူးကလေးများသည်သာ သူမ၏ မိတ်ဆွေများဖြစ်ကြသည်။

မသူဇာ ယိမ်းနွဲ့ကာလျှောက်နေသည်။ စံပယ်ခက်ကလေးတွေနှင့် ယိမ်းတိုက်သည့်နှယ်။



နှင်းဆီဖူးကလေးတွေကို လက်ဖျားနှင့် မထိတထိ တို့ခတ်နေမိသည်။

နံ့သာထုံမွှမ်းသော လေသည် မိမိကို တိုးဝှေ့လျက် ရှိသည်။ မိမိ၏ ဆံပင်ကိုလည်း တိုးဝှေ့သည်။ မိမိ၏ ရင်ကိုလည်း တိုးဝှေ့သည်။ မိမိ တင်သားများကိုလည်း ထိကပါး ရိကပါး တိုက်ခတ်သွားသည်။

ယမန်နေ့ညနေက သည်လို ဆည်းဆာချိန်မှာပဲ ဖြစ်သည်၊ သည်နေရာမှာပဲ ဖြစ်သည်။ မိမိတစ်ယောက်တည်း ရှိနေစဉ် အစ်ကိုဇော် မိုးပေါ်မှ ကျလာသည်။ ပထမတော့ သူက ခပ်တည်တည်ကြီးပင် ဖြစ်သည်။ နောက်တော့မှ အပြုံးရိပ် ရေးရေးပေါ်လာသည်။ မသူဇာ မျက်မှောင်ကုပ်လိုက်သည်။

သူ ရန်ကုန်သွားသည်ကို မိမိသိခဲ့သည်။ သို့သော် သူတကယ်သွားသောအခါ မိမိအိပ်ပျော်နေခဲ့သည်။ သူဘယ်တော့ ပြန်လာမည်ကို မိမိစောင့်မျှော်နေချေသည်လား၊ သူ့ကို မိမိအမှတ်ရနေချေပြီလား…။

ရုတ်တရက် တစ်မိုးလုံး အုံ့ဆိုင်းသွားသည်။ အနောက်ဘက်ကောင်းကင်တိမ်တိုက်များ ဖြစ်ထွန်းနေသည်။ တိမ်လွှာများ လွင့်မျောနေသည်။ ဇော်မှား ရောင်နေဝန်းကို တိမ်ပုဝါ ခြုံလွှမ်းကာဆိုင်းသည်။

သစ်ပင်များ၊ ပန်းပင်များ၊ ချုံငယ်များအားလုံး ညို့မှိုင်းမှိုင်း အရိပ်သဏ္ဍာန်တစ်ခုကို မသူဇာ ရိပ်ခနဲ မြင်တွေ့လိုက်ရသည်။ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။

လူရိပ်သဏ္ဍာန်တစ်ခုဖြစ်မှန်း ချက်ချင်းပင် သိလိုက်သည်။ ဖြုန်းခနဲမှ ဇော်မင်းထွန်းလားဟု စိတ်ထဲတွင် မျှော်ကိုးတင်စားမိသည်။ သို့သော် မဟုတ်ပါ။ သူစိမ်းတစ်ယောက်ဖြစ်သည်။

လူရိပ်သည် ဝါးရုံခက်များကို တိုးရှဲဝင်ရောက်ပြီး ဝါးရုံပင်များအကြားတွင် ပျောက်ကွယ်သွားသည်။

ခရီးသွား ခရီးလာတစ်ယောက် အပေါ့အပါးသွားခြင်း ဖြစ်မည်ဟု ယူဆပြီး မသူဇာ မျက်နှာလွှဲထားလိုက်သည်။

သို့သော် သူစိမ်းယောက်ျားသည် ဝါးပင်များအကြားမှ မိမိကို ချောင်း

www.burmeseclassic.com

www.burmeseclassic.com



မြောင်း ကြည့်ရှုနေသည်ဟု မသူဇာစိတ်ထဲတွင် ထင်မိသည်။ ထို့ကြောင့် မျက်နှာကို အနည်းငယ်လှည့်၍ မျက်လုံးစုံ ထောင့်ကပ်ကာ ချွေစောင်း ကြည့်မိသည်။

ရုတ်တရက်မှ ထိုလူကို မတွေ့ရ၊ ထိုသူသည် ဝါးပင်များကို ကွယ်ပြီး ငြိမ်သက်တိတ်ဆိတ်နေသည်။ အတန်ကြာမှ ဝါးရွက်ချွန်ချွန်စိမ်းစိမ်းကြား မှာ ဝိုင်းစက်တောက်ပြောင်သော မျက်လုံးနှစ်လုံးကို တွေ့မြင်ရသည်။

သူစိမ်းယောကျ်ားသည် မိမိကို တမင်သက်သက် ချောင်းမြောင်း ကြည့်ရှုနေခြင်းဖြစ်သည်။ ထိုသူ၏ မျက်နှာသည် ဝါးရုံရွက်များအကြားတွင် တဖြည်းဖြည်းပေါ်ထင်သည့် သည်မျက်နှာမျိုးကို သူမတစ်ကြိမ်တစ်ခါမျှ မမြင်မတွေ့ဖူးပါ။

"ဘယ်သူလဲ"

မသူဇာ၏အသံ အနည်းငယ်တုန်နေသည်။ ဝါးရုံထဲမှ လူသည် တုတ် တုတ်မျှမလှုပ်။

"ရှင်ဘယ်သူလဲ၊ လာလုပ်နေတာလဲ"

မသူဇာ၏အသံကျယ်လာသည်။ မာလာသည်။ ဝါးရုံထဲမှ ရယ်မောသံ ကြီး ထွက်ပေါ်လာသည်။ ခြောက်ကပ်သည်။ အက်ကွဲသည်။

မသူဇာ နောက်သို့ တစ်လှမ်းဆုတ်မိသည်။ ဝါးပင်များအကြားမှ သူ ထွက်လာသည်။ ခြံစည်းရိုးတွင် ရပ်သည်။ သူ့ပါးစပ်က ဖိတ်ဖိတ်လက်နေ သည်။ အာခံတွင်းက ဝင်းဝင်းတောက်သည်ဟု ပြောရမည်။ သူအားရပါးရ ရယ်မောလေတိုင်း ရွှေသွားများက နေရောင်တွင် ပြိုးပြက်ကြသည်။

"ရှင်ဘယ်လိုလူလဲ၊ ရှင်ဘာလာလုပ်တာလဲ"

မသူဇာက လက်ညှိုးထိုးပြီး ပြောလိုက်သည်။

"မင်း...ငါ့ကို မသိဘူးလား"

သူစိမ်းက မသူဇာကို စားတော့မလို ဝါးတော့မလို ကြည့်ရင်း ခြိမ်း ခြောက်သည့် အသံဖြင့် မေးလိုက်သည်။ မသူဇာတစ်ကိုယ်လုံး တုန်နေသည်။ မျက်နှာတွင် ချွေးစို့လာသည်။ မသိပါ။ သူ့ကို မိမိမသိပါ။ တစ်ကြိမ်တစ်ခါ



မျှ မမြင်ဖူးပါ။

မသူဇာ ခေါင်းခါသည်။ လည်ချောင်းတွင် တစ်နေသော တံတွေးကို မျိုချသည်။

"ဟား...ဟား...ဟား လက်စသတ်တော့ မင်း ဒီမှာ ရောက်နေတာ ကိုး"

ထိုလူကြီးသည် ကြောက်မက်ဖွယ်ရာ ရယ်မောရင်း ခြံစည်းရိုးကျော် တက်ရန် ကြိုးစားသည်။

"သွား...သွား... ရှင့်ကို ကျွန်မမသိဘူး"

မသူဇာ တအားကုန်အော်လိုက်သည်။ ထို့နောက် ချာခနဲ လှည့်လိုက် ပြီး အိမ်ဘက်သို့ ခြေကုန်သုတ်ပြေးသည်။

နောက်သို့ လှည့်မကြည့်ဘဲ တချိုးတည်း ပြေးခဲ့သည်။ ရုတ်တရက် သူမ၏ လက်ကို တစ်စုံတစ်ယောက်က ဖမ်းဆုပ်လိုက်သောအခါတွင်မှ အပြေးရပ်သွားသည်။ တစ်ပြိုင်တည်းမှာပင် ပါးစပ်မှ 'အမေ့'ဟု လွှတ်ခနဲ အော်လိုက်သည်။

"မသူဇာ...မသူဇာ ဘာဖြစ်လို့လဲ"

မသူဇာက သူမကို ဖမ်းဆုပ်ထားလိုက်သူအား ကြည့်သည်။

မြသီတာ။

မြသီတာက သူမကို စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။

"မသူဇာ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ"

သူတို့အနီးသို့ တင်တင်လတ်ပြေးလာသည်။ ထို့နောက် တင်တင်လေး၊ ထို့နောက် ဒေါ်နှင်းစိန်။

မသူဇာက သူတို့ကို ဘာပြန်ပြောရမှန်းမသိသဖြင့် မျက်လုံးကလည် ကလည်ဖြင့် ကြည့်နေမိသည်။ ဒေါ်နှင်းစိန်က ရေတစ်ခွက်ယူလာပြီး တိုက် သည်။

"မသူဇာ ဘာဖြစ်လို့လဲ"

"မြွေ...မြွေ..."

www.burmeseclassic.com

www.burmeseclassic.com



မသူဇာက ဥယျာဉ်ဘက်သို့ လက်ညှိုးထိုးပြီး ပြောလိုက်သည်။

"မြေ့ ဟုတ်လား၊ ဘာမြွေလဲ၊ မသူဇာကို ပေါက်သေးသလား"

"မပေါက်ပါဘူး၊ ဘာမှမလုပ်ပါဘူး၊ ပြုန်းခနဲဆိုတော့ ကျွန်မလန့်ပြီး ပြေးလာမိတာပါ"

"ဘယ်နားမှာလဲ၊ ဘာမြွေလဲ သွားကြည့်ရအောင်"

"မရှိတော့ပါဘူး ဝါးရုံထဲ ဝင်ပြေးပါပြီ"

မြသီတာက မသူဇာကို မျက်လုံးချင်းဆိုင်ပြီး ကြည့်နေသည်။

သူတို့ ဥယျာဉ်ထဲ သွားကြည့်ကြသည်။ ဝါးရွက်များအကြားတွင် ရွှေသွား မရှိတော့ပါ။

"ပြုန်းခနဲ ကျွန်မရှေ့ကနေ ဖြတ်ပြီး ဒီထဲကို ဝင်ပြေးတာပဲ"

မသူဇာက စောစောက လူစိမ်းယောကျ်ား ရပ်နေခဲ့သော ဝါးရုံဆီသို့ လက်ညှိုးထိုးပြီး ပြောသည်။

မြသီတာက ခြံစည်းရိုးဆီသို့ သွားကြည့်သည်။ ဒေါ်နှင်းစိန်လည်း လိုက်သွားပြီး ကြည့်သည်။ တင်တင်လတ်နှင့် တင်တင်လေးတို့မှ မသူဇာနှင့်အတူ ခပ်လှမ်းလှမ်းတွင် ရပ်ပြီး ကျန်ရစ်သည်။ ခဏအကြာတွင် မြသီတာတို့ ပြန်လာသည်။

"မရှိတော့ပါဘူး၊ ပြေးပြီ"

မြသီတာက မသူဇာကို စေ့စေ့ကြည့်ပြီး ပြောသည်။ မြသီတာ၏ အကြည့်သည် မိမိကိုယ်တွင်းသို့ ထိုးဖောက်ဝင်ရောက်လာသည်ဟု မသူဇာ ထင်မိသည်။

အိမ်ထဲသို့ ပြန်ရောက်လာကြသောအခါ မြသီတာသည် သူတို့ကို နှုတ်ဆက်ပြီး ကမန်းကတန်း ပြန်သွားသည်။

မသူဇာ စိတ်မောလူမောဖြင့် ကျန်ရစ်သည်။

× × ×

## အခန်း(၁၆)

မြသီတာပြန်သွားသည်နှင့်တစ်ပြိုင်နက် မသူဇာသည်လည်း သူမ၏ အခန်းသို့ ပြန်ခဲ့သည်။ သူမ၏ ရင်အစုံသည် ယခုအထိ တငြိမ်ငြိမ့်ခုန်နေဆဲ ဖြစ်သည်။ သူမ၏ ဒူးများလည်း တုန်နေဆဲဖြစ်သည်။

မှန်တင်ခုံတွင် မသူဇာထိုင်လိုက်သည်။ မျက်နှာတွင် ချွေးဥကလေးတွေ စို့နေသဖြင့် တို့ပတ်ဖြင့် ခပ်ဖွဖွကလေး ရိုက်သည်။

မျက်စိထဲတွင် အာခံတွင်းက ဝင်းဝင်းတောက်နေသော မျက်နှာစိမ်းကြီးကို မြင်နေခြင်းဖြစ်သည်။ သူ၏ မိုးထစ်ချုန်းသလို ရယ်မောသံကြီးကို ကြားယောင်နေမိသည်။

မသူဇာစဉ်းစားသည်။

သူ့ကို မိမိမသိပါ။ မိမိတစ်သက်တွင် ဤမျက်နှာမျိုး တစ်ကြိမ်တစ်ခါမှ မမြင်ဖူးပါ။ ပါးစပ်တစ်ခုလုံး ရွှေသွားများဖြင့် ပြည့်နေသူမျိုး မိမိမတွေ့ဖူးပါ။

သူဘယ်သူလဲ။

မိမိ၏ မိတ်ဆွေတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါ။ မိမိ၏ ရန်သူလား၊ မိမိတွင် မည်ကဲ့သို့သော ရန်သူမျိုး ရှိနေသနည်း။

သို့တည်းမဟုတ် ကွယ်လွန်သူ သူဇာဝင်းထွတ်၏ ရန်သူလား၊ သူဇာဝင်းထွတ်ကို သတ်ဖြတ်သူမှာ မောင်မောင်ရွှေသွားပင် ဖြစ်ချေသလား။ ဟုတ်ပါတယ်။ သူ့ကို ကြည့်ရတာ လူသတ်သမားနဲ့တူတယ်။ သူခြံစည်းရိုး

www.burmeseclassic.com

www.burmeseclassic.com



ကို ကျော်ပြီး ငါ့ကို သတ်တော့မလို့ပဲ၊ ငါပြေးလာမိလို့သာပေါ့။

ဒီတိုင်းဆိုရင်တော့ သူလာဦးမှာပဲ။ ငါရှိတဲ့နေရာကို သူသိနေပြီ၊ သူငါ့ကို ရန်ရှာဦးတော့မှာပဲ။

မသူဇာ ကျောချမ်းလာသည်။ အခန်းထဲတွင် နေရသည်ကို မလုံလသလို ဖြစ်နေသည်။

ယင်းအခိုက်…

နားထဲတွင် ခြေသံတစ်ခု ကြားလိုက်ရသည်။ အခန်းဝမှဖြစ်သည်။ မှိမှိအခန်းထဲသို့ လူတစ်ယောက် ဝင်လာသည်။ မျက်စိထောင့်စွန်းတွင် ယောက်ျားကြီးတစ်ယောက်ကို ရိပ်ခနဲ မြင်လိုက်ရသည်။

"အောင်မယ်လေး"

မသူဇာ အော်လိုက်သည်။ ထိုင်ရာမှ ထခုန်သည်။ အခန်းတွင်းသို့ ဝင်လာသူသည် သူမအနီးသို့ လွှားခနဲ ခုန်ပြီး ရောက်ရှိလာသည်။ ထို့နောက် သူမ၏ ကျောပြင်ကို လက်တစ်ဖက်နှင့် သိုင်းဖက်ထားလိုက်သည်။

မသူဇာ မျက်ဖြူလန်ပြီး ထိုသူ၏ ရင်ခွင်ထဲသို့ ပျော့ခွေပြီး ကျသွားသည်။

"မသူဇာ…မသူဇာ"

သူမနားထဲတွင် ကျက်မှတ်မိသော အသံတစ်ခုကို ကြားရသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူမကို စိုးရိမ်တကြီးဖြင့် ငုံ့ကြည့်နေသော ဇော်မင်းထွန်း၏ မျက်နှာကို တွေ့မြင်ရသည်။

"အို…အစ်ကိုဇော်"

မသူဇာက ရုတ်တရက်တွင် သူ့ကို ပြန်ဖက်ထားလိုက်သည်။ သူမ၏ မျက်နှာကို သူ့ရင်ခွင်ထဲတွင် ထိုးမြှုပ်ထားလိုက်သည်။

ဇော်မင်းထွန်းက သူမ၏ ကျောပြင်ကို လက်တစ်ဖက်ဖြင့် ယုယစွာ ပွတ်သပ်လျက်ရှိသည်။ သူတို့နှစ်ယောက်စလုံး သွေးခုန်နှုန်းမြန်နေကြသည်။

ခဏအကြာတွင် မသူဇာသည် သတိရရှိသွားဟန်ဖြင့် ဇော်မင်းထွန်း၏ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။



သူက ရစ်ပတ်ထားသော လက်များကို တဖြည်းဖြည်းချင်း လျှော့ပေးသည်။

"မသူဇာ လဲသွားဦးမယ်နော်"

"မလဲပါဘူး၊ မသူဇာ လန့်သွားလို့ပါ"

သို့သော် မသူဇာသည် ဒူးတဆတ်ဆတ် တုန်နေသဖြင့် ကြိမ်ခုံကလေးပေါ်သို့ ထိုင်ချလိုက်သည်။

ဇော်မင်းထွန်းက သူမ၏ ပခုံးနှစ်ဖက်ကို လက်ဖြင့်ကိုင်ထားရင်း–

"မသူဇာ စောစောကလည်း ခြံထဲမှာ မြွေတွေ့လို့ လန့်သေးတယ်ဆို"

အမျိုးသမီးက တဖြည်းဖြည်းချင်း မော့ကြည့်လျက်…

"ဘယ်သူပြောသလဲ"

"ကြီးကြီးစိန်ပြောတယ်"

"မြွေတွေ့ရင် မသူဇာဒါလောက် မလန့်ပါဘူး"

"ဟင်…မသူဇာ ဘာပြောတယ်"

"မသူဇာ တွေ့တာ မြွေမဟုတ်ပါဘူး"

"မြွေမဟုတ်ရင် ဘာလဲ မသူဇာ"

မသူဇာ ပြန်ပြောမည်ရှိစဉ် အဝေးမှလာနေသော ခြေသံရှပ်ရှပ်ကြားရသည်။ သူတို့နှစ်ယောက် နားစွင့်လိုက်ကြသည်။

"ဒေါ်ဒေါ်လတ်"

ဇော်မင်းထွန်းက ပြောသည်။

မသူဇာ ထိုင်ရာမှ ထသည်။ သူမ၏ ပခုံးများကို တွန့်လိမ်ပြီး ဇော်မင်းထွန်း၏ လက်များကို ဖယ်ချရန် ကြိုးစားသည်။ သို့သော် မရချေ။ ဇော်မင်းထွန်းက တင်းကျပ်စွာ ဆုပ်ထားလိုက်သည်။ ထို့နောက်သူမ၏ ကိုယ်လုံးကို သူ့ရင်ခွင်တွင်းသို့ ဆွဲသွင်းလိုက်သည်။

"အစ်ကိုတို့နှစ်ယောက် လင်မယားဆိုတာ မမေ့နဲ့လေ"

"အို…အစ်ကိုဇော်ရယ်"

အခန်းဝတွင် ခြေသံရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း...အဟမ်း"

တင်တင်လတ် ချောင်းသံပေးသည်။ သူတို့နှစ်ယောက် လူချင်း ခွာလိုက်ကြသည်။ တံခါးပေါက်ဆီသို့ ပြိုင်တူကြည့်လိုက်ကြသည်။

"ဩော်...ဒေါ်ဒေါ်လတ် အိပ်နေတယ်ဆို"

"မအိပ်ပါဘူးကွယ်၊ ညောင်းလို့ ခဏလှဲနေတာပါ။ ဒေါ်နှင်းစိန်က ဗိုးဇော်ပြန်ရောက်လာပြီဆိုလို့"

"ဟုတ်ကဲ့...ကျွန်တော် အခုပဲ ရောက်တယ်။ ဒေါ်ဒေါ်လေးကော"

"ရှိမှာပေါ့ကွယ်၊ စောစောကပဲ တို့အားလုံး ဧည့်ခန်းမှာ ရှိနေကြသေးတာပဲ၊ မသူဇာ မြေတွေ့ခဲ့လို့တဲ့"

"ပြောတယ်"

"ကြံကြံဖန်ဖန်ကွယ်"

"ဟုတ်ကဲ့"

"မြသီတာတောင် အခုပဲ ပြန်သွားတယ်၊ လမ်းမှာ မတွေ့ခဲ့ဘူးလား"

"မတွေ့ဘူး"

"ဘာပြုလို့ မတွေ့သလဲ၊ သူပြန်သွားတာ ဘာမှမကြာသေးဘူး"

"ဒေါ်ဒေါ်လတ် လာထိုင်လေ"

မသူဇာက ဖိတ်ခေါ်သည်။

"မထိုင်တော့ဘူးလေ၊ မင်းတို့နှစ်ယောက် ဘာလုပ်ကြဦးမလဲ"

"ရှင်..."

"ဗျာ..."

နှစ်ယောက်သား မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားကြသည်။

"ဘာမှမလုပ်ကြရင် ထမင်းစားကြမယ်လေ"

သည်တော့မှ သူတို့ ပြုံးနိုင်သည်။

"စားကြတာပေါ့။ ကျွန်တော် ရေချိုးလိုက်ဦးမယ်"

"ချိုးလေ၊ မင်းရေချိုးပြီးရင် ထမင်းစားခန်းကို လာခဲ့ကြပေါ့"

ဒေါ်တင်တင်လတ် ထွက်သွားသည်။ သူတို့တစ်ယောက်ကို တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်ကြသည်။



"အစ်ကိုဇော် ရေချိုးလေ"

"ဟုတ်တယ်၊ အစ်ကိုရေချိုးလိုက်ဦးမယ်၊ ပြီးတော့ ထမင်းစားကြတာပေါ့။ ထမင်းစားပြီးရင် လေညင်းခံထွက်ကြမယ်"

"ရှင်..."

"လမ်းလျှောက်ထွက်ရင်း အေးအေးဆေးဆေး စကားပြောကြရအောင်၊ အိမ်မှာဆိုရင် ဒေါ်ဒေါ်လတ်တို့နဲ့ ဘာမှ လွတ်လွတ်လပ်လပ် ပြောကြရမှာ မဟုတ်ဘူး၊ စောစောစီးစီး အခန်းထဲမှာ တံခါးပိတ်ပြီး နေကြလို့လည်း မကောင်းဘူး"

"အို..."

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

ဂဝံလမ်းကလေးသည် အနိမ့်အမြင့်အကွေ့အကောက်များ ရှိသည်။ ဘေးနှစ်ဖက်တွင် ဥယျာဉ်ခြံမြေနှင့် ချုံပုတ်တောတန်းကလေးများ ရှိသည်။ လရောင်ဆမ်းထားသဖြင့် ဝင်းပနေသည်။

သူတို့နှစ်ယောက် ဘေးချင်းယှဉ်ပြီး လျှောက်လာကြသည်။ မြောင်းကူးတံတားလေးတစ်ခုကို ဖြတ်ကျော်ကြရသည်။

"မသူဇာ…ဒီဘက်ကို ရောက်ပြီးပလား"

"ဟင့်အင်း…တစ်ခါက်မှ မရောက်သေးဘူး။ မသူဇာ နှင်းဆီမြိုင်ကို ရောက်ကတည်းက ဒီလမ်းကလေးကို မျက်စိကျနေခဲ့တယ်။ ဒါပေမယ့် လူပြတ်တာနဲ့ မရောက်ဖြစ်ဘူး"

"ဟုတ်တယ်၊ လူပြတ်တယ်၊ ဒါပေမယ့် ကြောက်စရာ မရှိပါဘူး။ အစ်ကိုတို့ငယ်ငယ်တန်းက ငှက်ပစ်ထွက်လည်း ဒီဘက်ပဲ၊ စိန်ပြေးတမ်းကစားလည်း ဒီဘက်ပဲ။ တူတူပုန်းရင်လည်း ဒီဘက်ပဲ"

"လမ်းလျှောက်တော့ကော"

"ငယ်ငယ်တုန်းကတော့ လမ်းလျှောက်တယ်ဆိုတာ မရှိပါဘူး၊ ပြေးတာလွှားတာပဲ ရှိတယ်"

"မဟုတ်ဘူးလေ၊ နည်းနည်းကလေး ကြီးလာတော့ ပြောတာ"

"နည်းနည်းကလေး ကြီးလာတော့ အစ်ကိုက သန်လျင်မှာ မရှိတော့ဘူး၊ ရန်ကုန်ရောက်နေပြီ။



"ကျောင်းပိတ်ရက် ပြန်လာလို့ အစ်ကို့ချစ်သူနဲ့ လမ်းလျှောက်တော့ကော…"

"အစ်ကို့မှာ ချစ်သူ မရှိခဲ့သေးပါဘူး မသူဇာ"

"မြသီတာနဲ့ကော ဒီဘက်ကို မလျှောက်ခဲ့ကြသေးဘူးလား"

"မြသီတာက အစ်ကို့ညီမလေးပါ မသူဇာ"

စကားစ ပြတ်သွားကြသည်။ လမ်းသည် တဖြည်းဖြည်းကွေ့၍ တစ်စစ မြင့်တက်သွားနေသည်။

"မသူဇာတို့ ဘယ်အထိ လျှောက်ကြမှာလဲ အစ်ကို"

"နှင်းဆီမြိုင်ကနေကြည့်ရင် ဘုရားဖြူဖြူလေးတစ်ဆူ မတွေ့ဘူးလား"

"တွေ့တယ်၊ တောင်ကုန်းလေး တစ်ခုပေါ်မှာလေ၊ တရုတ်စကားပင်တွေ ရှိတယ်လေ"

"အစ်ကိုတို့ ငယ်ငယ်တုန်းက တရုတ်စကားပင်တွေပေါ် တက်လို့ ခဏခဏ ကိုင်းကျိုးကျတယ်"

"အစ်ကိုက ငယ်ငယ်တုန်းက အကြောင်းတွေ သိပ်ပြောတာပဲ"

"စိတ်ထဲမှာ မှတ်မိနေတာကိုး မသူဇာ။ ဒါမျိုးဆိုတာက တမင်တကာ စဉ်းစားနေရတာ မဟုတ်ဘူး၊ အလိုလို အမှတ်ရလာတတ်တာမျိုးပဲ"

"ဟုတ်တယ်အစ်ကို၊ မသူဇာလည်း တစ်ခုခုကို သတိရသလိုလိုပဲ၊ တစ်ခုခုကို လွမ်းသလိုလိုပဲ"

သူခေါင်းတဆတ်ဆတ်ညိတ်သည်။ သူက မသူဇာ၏ အတိတ်ကို ပြန်လည် တူးဖော်သည့်အနေဖြင့် အမှတ်ရ၍ တမ်းတချက်များကို ပြောနေခြင်းဖြစ်သည်။

"ဒီလမ်းအတိုင်းသွားရင် ဘုရားဖြူဖြူလေးကို ရောက်မလား အစ်ကို"

"ဒီလမ်းဟာ ဘုရားကိုသွားတဲ့လမ်းပဲ မသူဇာ။ ဟိုတုန်းက ဘုရားရဲ့ ဟိုဘက်မှာ တောရကျောင်းကလေးတစ်ကျောင်း ရှိတယ်၊ အဲဒီတောရ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ မျောက်ကလေး နှစ်ကောင် ရှိတယ်၊ စိန်ကတုံးနဲ့ အောင်ဖလတဲ့"

"မသူဇာတို့ ဘုရားကို ရောက်အောင်သွားကြမှာလားအစ်ကို"

"မသူဇာက မသွားချင်ဘူးလား"

"မသူဇာ သွားချင်ပါတယ်"

"အခုလို လရောင်အောက်မှာ လမ်းလျှောက်ရတာ မသူဇာ စိတ်မှာ မကြည်နူးဘူးလား"

"ကြည်နူးပါတယ်အစ်ကို"

"ဟော...မသူဇာ ကြားလား"

"ဘာလဲ...အစ်ကို"

"ဆည်းလည်းသံကလေးတွေ တလွင်လွင်ကြားနေရပြီ"

"ဘာဘုရားလို့ ခေါ်သလဲ...အစ်ကို၊ ဘုရားရဲ့ဘွဲ့ကို မေးတာပါ အစ်ကို"

"ပြည်မသိရင် ဗာရာဏသီ၊ မင်းမသိရင် ဗြဟ္မဒတ်၊ ဘုရားမသိရင် ဆုတောင်းပြည့်တဲ့"

"ဒါဖြင့်ရင် ဆုတောင်းပြည့်စေတီပေါ့၊ ဟုတ်လား...အစ်ကို"

"မဟုတ်ဘူး...လွမ်းစေတီတဲ့...မသူဇာ"

"သြော်...အစ်ကိုရယ်"

အတက်လမ်းသည် ခွေးတမော့မျှ ဖြစ်သည်။ မသူဇာခြေချော်သွားသဖြင့် ဇော်မင်းထွန်းက လက်ကို ဖမ်းဆွဲထားလိုက်သည်။

မြယာပင်ကြီးက ကွယ်လိုက်သဖြင့် သူတို့နှစ်ယောက် အမှောင်တစ်ဝက် အလင်းတစ်ဝက်သို့ ရောက်ရှိသွားကြသည်။ သူတို့ကိုယ်ပေါ်တွင် လရောင်ပြောက်များ ယိုဖိတ်ကျနေသည်။ သူတို့နှစ်ယောက် လက်တွဲမဖြုတ်ဘဲ လျှောက်သွားကြသည်။

"အစ်ကိုတို့ နှင်းဆီမြိုင်မှာလည်း မြယာပင်တစ်ပင်ရှိတယ်"

"တွေ့တယ်အစ်ကို"



"ရန်ကုန်မှာလည်း မြယာပင်တွေ တော်တော်များများ ရှိတယ်။ မသူဇာ သတိထားမိလား"

အမျိုးသမီးထံမှ အဖြေထွက်ပေါ်မလာပါ။

"အင်းလျားလမ်းကွေ့မှာ တစ်ပင်ရှိတယ်"

မသူဇာ သူ့ကို ဖျပ်ခနဲ လှည့်ကြည့်သည်။

"ကြည့်မြင်တိုင် နွယ်နီလမ်းထိပ်မှာ တစ်ပင်ရှိတယ်"

"အစ်ကို ဘာတွေပြောနေတာလဲ...ဟင်"

"ဘာပြုလို့လဲ...မသူဇာ"

"ဘာပြုလို့မှတော့ မဟုတ်ပါဘူး၊ မသူဇာတို့မှာ တခြားအရေးတကြီး ပြောစရာတွေ ရှိတယ်မဟုတ်လား"

"အရေးအကြီးဆုံးက မသူဇာအတိတ်ကို ပြန်ပြီး သတိရလာဖို့ပဲ"

"မသူဇာလည်း ကြိုးစားတာပဲအစ်ကို"

"မသူဇာ အရင်က တွေ့ခဲ့ဖူးတာ မြင်ခဲ့ဖူးတာတွေ ပြန်တွေ့ရရင် ပြန်မြင်ရရင် အတိတ်ကို အလိုလို ပြန်ပြီး သတိရလာနိုင်တယ်။ အနည်းဆုံး တစ်စိတ်တစ်ဒေသလောက်တော့ ပြန်ပြီး သတိရလာနိုင်တယ်"

"အစ်ကို...ထွေရာလေးပါး အာလာပသလ္လာပ ပြောနေတာ မသူဇာအတွက်ပဲပေါ့"

သူမဖြေပါ။

"အစ်ကို့ကို မသူဇာက အများကြီး ကျေးဇူးတင်ပါတယ်"

"မသူဇာ...မနက်ဖြန်ကျရင် ရန်ကုန်လိုက်မလား"

"အစ်ကိုခေါ်ရင် လိုက်ရမှာပေါ့"

"မသူဇာကို လူစည်ကားတဲ့ နေရာတွေ လိုက်ပို့မယ်၊ ဆူးလေဘုရားလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ လေဟာပြင်ဈေး၊ သိမ်ကြီးဈေး၊ တက္ကသိုလ်တို့ ရန်ကုန်မြို့အနှံ့ပဲ ဆိုပါတော့ကွယ်"

"ဟုတ်တယ်...ဒါဆိုရင် မသူဇာ မှတ်မိတာ တစ်ခုခုကို တွေ့နိုင်တယ်"

"မသူဇာကို သိတဲ့လူတစ်ယောက်လည်း တွေ့နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူက သိပေမယ့် မသူဇာမသိတော့ကော"

"ကိစ္စမရှိဘူး၊ သူ့ဆီမှာ မသူဇာအကြောင်း စုံစမ်းမယ်"

"မသူဇာကို သိတဲ့လူတစ်ယောက်တော့ ညနေကပဲ တွေ့ရတယ်"

"ဘယ်သူလဲဟင်...ဘယ်မှာတွေ့တာလဲ"

"စောစောက မြွေတွေ့တယ်ဆိုတာလေ"

"အဲဒါ မြွေမဟုတ်ဘူး လူ"

"ဘယ်သူလဲ"

"ဘယ်သူမှန်းတော့ မသူဇာမသိဘူး။ မသူဇာတစ်ယောက်တည်း ဥယျာဉ်ထဲမှာ လမ်းလျှောက်နေတုန်း ခြံစည်းရိုးနားကို လူတစ်ယောက် ရောက်လာတယ်။ မသူဇာက ဘယ်သူလဲ၊ ဘာလုပ်တာလဲမေးတော့ သူ ရယ်တယ်။ သူရယ်တာ မသူဇာကြောက်တယ်။ သူ့ကို မသိဘူးလားတဲ့ နောက်ပြီး သူက ပြောသေးတယ်။ 'လက်စသတ်တော့ မင်းက ဒီမှာရောက် နေတာကိုး'တဲ့။ သူခြံစည်းရိုးကို ကျော်တက်မယ်လုပ်တော့ မသူဇာလည်း လန့်ပြီး အိမ်ဘက်ကို ပြေးလာတာပဲ။ မြသီတာက ဆီးဖမ်းမှပဲ မသူဇာ အပြေးရပ်တော့တယ်။ သူတို့ကမေးတော့ မသူဇာ မြွေလို့ လိမ်ပြောလိုက် တယ်"

"အဲဒီလူကို မသူဇာမသိဘူးပေါ့"

"ဟင့်အင်း..."

"သူ့ပုံပန်း ပြောစမ်းပါ"

"လူကတော့ မည်းမည်းတုတ်တုတ်ဝဝပဲ။ ပါးစပ်ထဲမှာ ရွှေသွားတွေ အပြည့်ပဲ။ စကားပြောလိုက်ရင် တဝင်းဝင်းနဲ့"

"အင်း...စိတ်ဝင်စားစရာပဲ သူ့ကိုတွေ့ရင် ကောင်းမယ်"

"သူလာတော့ လာဦးမှာပဲ"

"ဒီတစ်ခါလာရင် အစ်ကိုနဲ့ တွေ့မှာပဲ"

"အစ်ကို့ကို သူရန်မူလိမ့်မယ်"

"သူ့မှာလည်း လက်နဲ့ခြေနဲ့၊ အစ်ကို့မှာလည်း လက်နဲ့ခြေနဲ့ပါ"



"သူ့မှာ လက်နက်ပါနိုင်တယ်"

"ကိစ္စမရှိပါဘူး ပါပါစေ"

ဟော...တရုတ်စကားပင်တွေကို တွေ့ရသည်။ မြေပြင်တွင် ပန်းပွင့် တွေ ခင်းထားသည်။ အပွင့်ဖြူဖြူများ၊ အပွင့်နီနီများ၊ အပွင့်ဝါဝါများ။

မသူဇာ ဘုရားရှိခိုးသည်။

ထို့နောက် သူတို့ တရုတ်စကားပင် တစ်ပင်အောက်တွင် ထိုင်ကြ သည်။ တောင်ကမ်းပါးစောင်းတွင် ဖြစ်သည်။ မြက်ပင်စိမ်းစိမ်းများတွင် တရုတ်စကားပွင့်များ အိပ်စက်နေကြသည်။

"မသူဇာ..."

"ရှင်..."

"တချို့ လူတွေဟာ ပထမအတိတ်ကို သတိရရင် ဒုတိယအတိတ်ကို ပြန်ပြီး မေ့သွားတတ်တယ်လို့ ပြောကြတယ်"

မသူဇာ ငေးနေသည်။ ပန်းပွင့်လေးတစ်ပွင့် သူမ၏ ရင်ခွင်ထဲသို့ ကျ လာသည်။

"အစ်ကို့ကို မသူဇာ မမေ့ချင်ပါဘူး၊ အစ်ကို့ကို မေ့ပြီးမှ မသူဇာရဲ့ အတိတ်ကို သတိရရမယ်ဆိုရင် အဲဒီအတိတ်ကိုလည်း မသူဇာ မလိုချင်တော့ ပါဘူး"

"ဒါပေမယ့် လူတစ်ယောက်ဟာ အတိတ်မရှိဘဲနဲ့ ပစ္စုပ္ပန်တို့ အနာ ဂတ်တို့ ဆိုတာ မရှိနိုင်ဘူး မသူဇာ"

"ဟုတ်တယ်အစ်ကို၊ အတိတ်မရှိဘဲနဲ့ မသူဇာဆိုတာ မရှိနိုင်ဘူး၊ နောက်ပြီးတော့ အစ်ကိုရဲ့ သူဇာဝင်းထွတ်ကလည်း ရှိသေးတယ်မဟုတ် လား။ ဘာပဲဖြစ်ဖြစ် မသူဇာနဲ့ သူဇာဝင်းထွတ်ဟာ တစ်နည်းနည်းနဲ့ ဆက် စပ်နေတာတော့ အမှန်ပဲ။ အစ်ကိုမနေ့က ရန်ကုန်သွားတော့ ဘာတွေသိခဲ့ ရလဲ၊ ဆရာမနဲ့ကော တွေ့ခဲ့သလား"

မသူဇာက မြင်ခင်းပြင်ပေါ်တွင် လက်ဝါးနှစ်ဖက်ထောက်ကာ သူ့ ဘက်သို့ ကိုယ်တစောင်းလှည့်လျက် မော့မော့ကလေး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမနဲ့ တွေ့ခဲ့ပါတယ်မသူဇာ၊ ဆရာမဟာ လူတစ်ဖက်သား ကို ကူညီရိုင်းပင်းချင်တဲ့စိတ် အပြည့်ရှိပါတယ်။ မသူဇာကိုလည်း ညီမလေး အရင်းတစ်ယောက်လို ခင်မင်တွယ်တာရှာပါတယ်။ မသူဇာပြောတဲ့အိမ်ကြီး ကို အစ်ကိုနဲ့ ဆရာမ သွားရှာကြတယ်"

"အစ်ကိုနဲ့ ဆရာမ ...ဟုတ်လား"

"ဟုတ်တယ်လေ၊ မသူဇာကို ကားပေါ်မှာ တွေ့ခဲ့တာက ဆရာမပဲ မဟုတ်လား၊ မသူဇာ ဘယ်နေရာလောက်ကနေ ကားပေါ်တက်တယ်ဆို တာ ဆရာမသာ ခန့်မှန်းတွက်ချက်နိုင်တယ် မဟုတ်လား၊ နောက်ပြီး ဆရာမကပဲ အဲဒီဘက်ပိုင်းကိုလည်း ကျွမ်းကျင်တယ်၊ အသိအကျွမ်းတွေ ရှိတယ်"

"တွေ့ကော.. တွေ့ကြသလား"

"တွေ့တယ်မသူဇာ၊ အာလကပ္ပကြိုးစက်နားကနေ မြေနီလမ်း ကလေးတစ်ခုထဲကို ဝင်သွားရတယ်။ လမ်းဆုံးတော့ အိမ်တွေ့တာပဲ။ အဲဒီ အိမ်ကြီးကို အစ်ကိုတို့က အာလကပ္ပအိမ်ကြီးလို့ နာမည်ပေးထားတယ်"

"အာလကပ္ပအိမ်ကြီး"

မသူဇာ ခပ်တိုးတိုးရွတ်ဆိုသည်။

"အိမ်ကြီးထဲကို ဝင်ရှာတော့ မသူဇာပြောတဲ့ အခန်းကို တွေ့တယ်"

"အစ်ကိုတို့ ဘယ်လိုလုပ်ပြီး သိသလဲ"

"အိမ်ကြီးက လူမနေတာ ကြာပြီမဟုတ်လား၊ အခန်းတွေအားလုံး ဟာ ဖုန်တွေ၊ အမှိုက်တွေ၊ ပင့်ကူမျှင်တွေ တင်းကျမ်းပဲ၊ ဒါပေမယ့် အခန်း တစ်ခန်းဟာတော့ အံ့သြစရာကောင်းလောက်အောင် သန့်ရှင်းနေတယ် ဘာပြုလို့လဲဆိုတော့ အဲဒီအခန်းကို သူတို့ လှဲကျင်းဆေးကြောထားကြလို့ ပဲပေါ့"

"အခန်းထဲမှာ ဘာမှတော့ မတွေ့ဘူးပေါ့"

"တွေ့တယ်..."

"တွေ့တယ်ဟုတ်လား၊ ဘာတွေ့တာလဲအစ်ကို"



"သန္တာပုတီးစေ့ကလေး သုံးစေ့"

"သန္တာပုတီးစေ့ဆိုတာ...ပုတီးစေ့နီနီကလေးတွေ"

"ဟုတ်တယ်...မသူဇာ မြင်ဖူးလို့လား"

"မြင်ဖူးတယ်"

"ဘယ်မှာ မြင်ဖူးတာလဲ၊ အဲဒီနေ့က မြင်ဖူးတာလား"

"မပြောတတ်ဘူး၊ ပုတီးစေ့နီနီကလေးတွေ မြင်ဖူးတာတော့ အမှန် ပဲ"

"သူဇာဝင်းထွတ်ရဲ့ လည်ပင်းမှာ မြင်ဖူးတာနေမှာပေါ့"

"မပြောတတ်ဘူးအစ်ကို၊ မသူဇာမပြောတတ်ဘူး"

"ထားလိုက်ပါတော့ မသူဇာ၊ မသူဇာမမှတ်မိတာကို အတင်းမစဉ်း စားပါနဲ့"

"နောက်ထပ် အစ်ကိုတို့ ဘာတွေ့သလဲ"

"ဘာမှမတွေ့တော့ဘူး၊ အစ်ကိုတို့ အဲဒီက ပြန်ခဲ့တယ်၊ ဆရာမကို အိမ်ပြန်ပို့ပြီး အစ်ကို ရဲစခန်းသွားတယ်"

"ရဲစခန်းကို သွားတယ်...ဟုတ်လား"

မသူဇာ အနည်းငယ် ထိတ်လန့်သွားဟန် ရှိသည်။

"မသူဇာ ဘာမှ စိုးရိမ်စရာ မရှိပါဘူး။ စခန်းမှူးက အစ်ကို့သူငယ်ချင်း ပါ။ အစ်ကို သူ့ကို အားလုံးအမှန်အတိုင်း ရှင်းပြလိုက်တယ်။ သူက မသူဇာ ကို ဘာမျှ အရေးယူစရာ မလိုဘူးတဲ့။ သူဇာဝင်းထွတ် ပျောက်ဆုံးမှုအနေ နဲ့ လူပျောက်တိုင်ထားခဲ့ရတယ်။ မသူဇာကို ရန်ကုန်ခေါ်လာပြီး ဟိုဟိုသည် သည် လိုက်ပို့ပေးဖို့လည်း သူကပဲ အကြံပေးတယ်။ သူကိုယ်တိုင်လည်း မသူဇာကို တွေ့ချင်တယ်တဲ့။ နည်းနည်းပါးပါး မေးချင်တယ်တဲ့"

"ဟုတ်ပြီလေ၊ မနက်ဖြန် သွားကြတာပေါ့။ စမ်းချောင်းက ကြီးကြီး ညွှန့်ဆီကော အစ်ကို သွားမေးပြီးပလား"

"ပြီးပြီ...သူဇာဝင်းထွတ် သူတို့ဆီမှာ မတည်းဘူး၊ အစ်ကိုပေးလိုက် တဲ့စာကို သူဟာသူ စာတိုက်ကနေပို့ပြီး ဒေါ်ဒေါ်လတ်တို့ဆီက ပြန်စာကို

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့မနက်ကပဲ ကြီးကြီးညွန့်တို့ဆီက လာယူသွားတယ်"

"မနက်ဘက်က သူဇာဝင်းထွတ် ယူသွားတဲ့စာဟာ ညနေဘက်ကျ တော့ မသူဇာလက်ထဲကို ရောက်လာတာပဲပေါ့"

"ဟုတ်တယ်...မသူဇာ၊ မသူဇာနဲ့ သူဇာဝင်းထွတ် ဘယ်လိုဆက်စပ် တယ်ဆိုတာ အခုလောလောဆယ်တော့ ဘုရားမှသိနိုင်တော့မှာပဲ"

မသူဇာ ခပ်မဆိတ်နေသည်။

ဆည်းလည်းသံ လွင့်ပျံနေသည်။ စကားပွင့်များ မြေသို့ သက်သည်။ မသူဇာ၏ အသက်ရှူသံကို ဇော်မင်းထွန်း ကြားနေသည်။

"အစ်ကို..."

"ဘာလဲ...မသူဇာ"

"အစ်ကို...စိတ်မညစ်ဘူးလား"

"ဘာလို့ စိတ်ညစ်ရမှာလဲ"

"အစ်ကို့ကို...မသူဇာ ဒုက္ခပေးသလို ဖြစ်နေပြီ"

"အစ်ကို့ဘဝမှာ စိတ်ဝင်စားစရာတစ်ခု တိုးတာပေါ့။ နို့မို့ရင် အစ်ကို့ ဘဝဟာ ပျင်းစရာကြီးပဲ"

"ဆွမ်းခံရင်း ငှက်သင့်တယ်ဆိုတာ အစ်ကိုမှ အစစ်နော်...နေရင်း ထိုင်ရင်းနဲ့ မှဆိုးဖိုကလေး ဖြစ်နေရပြီ"

"အဲဒါတစ်ခုတော့ ဆိုးတယ်...အစ်ကို့ကို ဘယ်အပျိုကလေးကမှ ကြိုက်တော့မှာ မဟုတ်ဘူး"

"ဘာဆိုင်လို့လဲ...အစ်ကို၊ အစ်ကိုနဲ့ သူဇာဝင်းထွတ်က တကယ်ညား ကြသေးတာမှ မဟုတ်ပဲ။ နောက်ပြီးတော့ အစ်ကို့ကို ဘယ်ကလေးမက မဆို ချစ်ကြမှာပါ"

"မသူဇာ..."

"ရှင်..."

သူဇာ အမျိုးသမီးကို ရှန်းရှန်းစားစား ကြည့်နေသည်။ အမျိုးသမီး၏ နှုတ်ခမ်းအစုံ လှုပ်လှုပ်ခုန်နေသည်။



"မသူဇာ..."

"ရှင်..."

"ပြန်ကြစို့...မသူဇာ"

သူက အမျိုးသမီးကို ဆွဲထူလိုက်သည်။ ကိုယ်လုံးနှစ်ခု ပူးကပ်သွား ကြသည်။ ညသည် ထုံကြည်မွှေးမြလျက်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၈)

ဇော်မင်းထွန်းနှင့် မသူဇာတစ်ယောက်ခါးကိုတစ်ယောက်ဖက်လျက် အိမ်တွင်းသို့ ဝင်လာသောအခါ တင်တင်လတ်ကို ညေ့ခန်းထဲတွင် တွေ့ရသည်။ သူတို့နှစ်ယောက် လူချင်းခွာလိုက်ကြသည်။

"ဒေါ်ဒေါ်လတ်…မအိပ်သေးဘူးလား"

ဇော်မင်းထွန်းက ကုလားထိုင်ကျောမှီပေါ်တွင် လက်ထောက်၍ ရပ်ရင်းမေးသည်။

"မင်းတို့ကို စောင့်နေတာလေ"

"ဩော်…လာမှာပေ့ါ ဒေါ်ဒေါ်ရယ်…ကျွန်တော်တို့ လွမ်းစေတီအထိ လျှောက်သွားကြတယ်…ညက သာယာတာနဲ့ စကားပြောနေကြတာ။ ကျွန်တော်တို့ငယ်ငယ်တုန်းက တောရကျောင်းမှာ စိန်ကတုံးတို့ အောင်ဗလတို့နဲ့ သွားဆော့တဲ့အကြောင်းတွေ မသူဇာကို ပြောပြနေရတယ်"

"မိုးညှင်းတိုက်သစ်က ဦးပဥ္စင်းတစ်ပါးက ကျောင်းထိုင်မယ်ဆိုလို့ တို့တောင် တောရကျောင်းကလေးကို ပြင်ဆောက်မလို့"

"ကောင်းသားပဲ…။ ဒါနဲ့ ဒေါ်ဒေါ်လေးကော"

"မြသီတာကို လိုက်ပို့တယ်၊ မင်းကိုတွေ့ချင်လို့ မြသီတာ စောင့်နေရှာတယ်၊ မင်းတို့ မလာနိုင်တာနဲ့ ပြန်သွားတယ်။ သူလည်း မင်းပြန်လာမှ လာတာ သုံးခေါက်ရှိပြီ၊ တစ်ခေါက်မှ မတွေ့သေးဘူး။ မနက်ကျရင် သူတို့ အိမ် သွားလိုက်ပါဦး"



"နောက်မှ သွားတာပေ့ါ"

"ဘာပြုလို့လဲ"

"မနက် ကျွန်တော်တို့ ရန်ကုန်သွားမယ်"

"မသူဇာကောလား"

တင်တင်လတ်က မသူဇာကို တစ်ချက်ကြည့်ပြီး မေးသည်။

"ဟုတ်ကဲ့…"

"ထိုင်ကြပါဦး၊ မင်းတို့သောက်ဖို့ရာ နွားနို့ပူပူလေး ကျိုထားတယ်"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ဇော်မင်းထွန်း၏ အကြည့်တွင် "သောက်လိုက်ကြသေးတာပေ့ါ"ဟု ပြောနေသည်။

"ထိုင်ကြပါဦး နို့သွားယူလိုက်မယ်"

တင်တင်လတ် ပြောပြောဆိုဆိုထသည်။

"ဒေါ်ဒေါ်လတ်နေပါ၊ မသူဇာ သွားယူလိုက်မယ်"

သို့သော် တင်တင်လတ်သည် အတွင်းတံခါးပေါက်သို့ရောက်သွားပြီ ဖြစ်သည်။ မသူဇာသည် တင်တင်လတ်နောက်သို့ လိုက်သွားမည်ပြုပြီးမှ မလိုက်တော့ဘဲ ကုလားထိုင်တစ်လုံးတွင် ထိုင်လိုက်သည်။

"ဒေါ်ဒေါ်လတ်က အစ်ကို့ကို သိပ်ချစ်တာ၊ အခုလည်း နွားနို့တင်မကရဲ့လားမသိဘူး။ ကြက်ဥပါ ပါချင်ပါနေမှာ"

"ဟင်းကွယ်…အစ်ကိုကလည်း"

ခဏအကြာတွင် တင်တင်လတ် ငွေလင်ပန်းနှင့် ပြန်ရောက်လာသည်။ အငွေ့တထောင်းထောင်း ထနေသော နို့နှစ်ခွက်ဇော်မင်းထွန်းမျှော်လင့်သလို ကြက်ဥတော့ မပါပါ၊ ဘီစကစ်အချို့များ ပါသည်။

ဇော်မင်းထွန်းက ဘီစကစ်နှစ်ခု အရင်ကိုက်စားသည်။ ပြီးတော့ နို့ပူပူကို မှုတ်သောက်သည်။ တင်တင်လတ်က

"မသူဇာသောက်လေ"

"ဟုတ်ကဲ့…နည်းနည်းပူသေးလို့ပါ"

ဇော်မင်းထွန်းက မသူဇာကို စိုက်ကြည့်နေရင်းမှ တစ်စုံတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



သတိရဟန်ဖြင့်–

"ဩော်...ဒေါ်ဒေါ်လတ်"

"ဘာဘဲ ဖိုးဇော်. ."

"ကျွန်တော်တို့မှာ မေမေရဲ့ ပတ္တမြားဘယက်ရှိတယ်လေ"

"ဩော်...ဟုတ်သားပဲ၊ တို့လည်း မေ့နေတယ်"

တင်တင်လတ်က မသူဇာကို ကြည့်ရင်း ပြောသည်။ မသူဇာက အဓိပ္ပာယ်နားမလည်ဟန် တူဝရီးနှစ်ယောက်ကို ပြန်ကြည့်နေသည်။

"ဒေါ်ဒေါ်လတ် သွားယူပါလား"

တင်တင်လတ် ဆုတ်ဆိုင်းနေသည်။

"မနက်မှပဲ ယူပါလား"

"မလွယ်ဘူးလား"

"လွယ်တော့ လွယ်ပါတယ်"

"လွယ်ရင် သွားယူချေပါ"

"မသူဇာ သောက်လေ"

တင်တင်လတ်က မသူဇာကို နို့သောက်ရန် တိုက်တွန်းပြီး အတွင်းဘက်သို့ ဝင်သွားသည်။

ဇော်မင်းထွန်းလည်း တင်တင်လတ် နောက်သို့ ထလိုက်သွားသည်။

မသူဇာ နို့ပန်းကန်ကိုယူပြီး တစ်ကျိုက်ကျိုက်သည်။ မသူဇာက ပန်းကန်လုံးမှ နှုတ်ခမ်း ခွာလိုက်ပြီး နို့ပန်းကန်ကို ကြည့်သည်။ သူမ၏ ပါးစပ်ထဲတွင် အရသာတစ်မျိုး ဖြစ်နေသည်ဟု ထင်သည်။ အနည်းငယ် စေးပျစ်ပြီး သက်တက်တက်ကလေး ဖြစ်နေသည်။

စိတ်ထဲတွင် ယနမကောင်းသဖြင့် နို့ပန်းကန်ကို ပြတင်းပေါက်သို့ ယူသွားကာ အပြင်သို့ သွန်လိုက်သည်။ ကုလားထိုင်တွင် မသူဇာပြန်ထိုင်မိသော အခါ သူတို့နှစ်ယောက် အတွင်းဘက်မှ ပြန်ထွက်လာကြသည်။

တင်တင်လတ်က နို့ပန်းကန်ကို အရင်ကြည့်သည်။ ထို့နောက် မသူဇာကို ကြည့်သည်။ မသူဇာက လက်ကိုင်ပဝါဖြင့် နှုတ်ခမ်းကို ခပ်ဖွဖွလေး သုတ်နေသည်။

ဇော်မင်းထွန်းက မသူဇာထံသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ သူ့လက်ထဲတွင် သေတ္တာကလေးတစ်လုံး ပါလာသည်။ သေတ္တာကလေးကို သူမ၏ပေါင်ပေါ်တွင် တင်ထားလိုက်ပြီး အဖုံးကို ဖွင့်လိုက်သည်။

အရောင်ဖြိုးပြက်သည်။ မသူဇာ၏ မျက်လုံးများ ကျိန်းစပ်သွားသည်။

"အို...လှလိုက်တာပါလား အစ်ကိုရယ်"

ဇော်မင်းထွန်းက ပတ္တမြားဘယက်ကို ယူပြီး မသူဇာ၏ လည်ပင်းတွင်ဆွဲပေးလိုက်သည်။

"မသူဇာ တစ်သက်လုံး ဆွဲထားပါ"

"အို...မသူဇာ"

အမျိုးသမီးက ငြင်းဆန်မည်ပြုသည်ကို သူက လက်ညှိုးကလေး ထောင်ပြီး သတိပေးလိုက်သည်။

"ဒီဘယက်ဟာ အစ်ကိုတို့အမေရဲ့ လက်ထက်က ဘယက်ပဲ မသူဇာ၊ အစ်ကို့အတွက် မေမေရဲ့ လက်ဖွဲ့ပစ္စည်းပဲ"

မသူဇာ ဘာမျှမပြောဘဲ တွေတွေလေး ငေးနေသည်။ တင်တင်လတ်က မသူဇာကို မျက်ခြည်မပြတ် လှေ့လာလျက် ရှိသည်။

ယင်းကို သိမြင်သဖြင့် မသူဇာ မျက်နှာပြင်လိုက်ကာ ဇော်မင်းထွန်းကို ရက်ပြုံးလေးဖြင့် ကြည့်သည်။

"ကြီးကြီးစိန်ကော"

ဇော်မင်းထွန်းက တင်တင်လတ်ကို မေးသည်။

"တင်တင်လေးနဲ့ ပါသွားတယ်"

ယင်းအခိုက် အပြင်ဘက်မှ ခြေသံများ ကြားရသည်။ မြသီတာကို လိုက်ပို့သော တင်တင်လေးနှင့် ဒေါ်နှင်းစိန်တို့ ပြန်လာကြခြင်းဖြစ်သည်။

တင်တင်လေးက မသူဇာကို မမိုတ်မသုံ ကြည့်သည်။ မသူဇာ၏ လည်ပင်းမှ ဘယက်ကို မျက်တောင်မခတ် ကြည့်သည်။ ထို့နောက် ဘာ



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းမှ မပြောဘဲ အတွင်းခန်းသို့ ဝင်သွားသည်။

ဒေါ်နှင်းစိန်ကမူ အပေါက်ဝတွင် ရပ်ပြီး မသူဇာကို ခေတ္တမျှ ငေးစိုက်ကြည့်နေသည်။ ထို့နောက်–

"မသူဇာက တယ်ချောပါကလားကွယ်၊ လည်တိုင်ကလေးကြော့နေတာ ပတ္တမြားဘယက်ကလေး ဆွဲလိုက်မှ ပိုပြီးပေါ်လာတယ်။ တင်တင်ကြီးငယ်ငယ်တုန်းကလည်း သူ့လိုပဲ"

မသူဇာထံ ဒေါ်နှင်းစိန် လျှောက်သွားသည်။ ပြုံးလျက်...

"ညနေက သီချင်းကလေးကို မမေ့နဲ့နော်"

"အို...ကြီးကြီးစိန်ကလဲ"

"ဘာသီချင်းလဲ"

တင်တင်လတ်က ဆတ်ဆတ်ကလေး မေးသည်။ မသူဇာ မကြားဟန်ဆောင်ပြီး လှေကားဆီသို့ လျှောက်သွားသည်။

ဒေါ်နှင်းစိန် ဟက်ဟက်ပက်ပက် ရယ်မောရင်းကျန်ရစ်သည်။

"ကြီးကြီးစိန် ဘာပြောတာလဲ"

အခန်းတွင်းသို့ရောက်သောအခါ ဇော်မင်းထွန်းက တံခါးကို ပိတ်ရင်း မေးသည်။ မသူဇာက မှန်ရှေ့တွင်ရပ်ပြီး ပတ္တမြားဘယက်ကို ကြည့်နေသည်။ ထို့နောက် ဘယက်ကို ချွတ်မည်ပြုသည်။

"ဘာပြုလို့လဲ...ဘာပြုလို့ ချွတ်မှာလဲ"

ဇော်မင်းထွန်းက သူမအနီးသို့ လျင်မြန်စွာ လျှောက်လာပြီး ရင်ဘတ်ပေါ်မှ ဘယက်ကို သူ့လက်ဖျားဖြင့် ဖိထားလိုက်သည်။ မသူဇာ၏ ရင်မှာ လှိုင်းထန်နေတော့၏။

"အစ်ကို့ရဲ့ ဇနီးအတွက် အစ်ကို့မေမေရဲ့ လက်ဖွဲ့ပစ္စည်းမဟုတ်လား မသူဇာဝတ်ထားလို့ ဘယ်ဖြစ်မလဲ"

"မသူဇာဟာ ခုလောလောဆယ် အစ်ကို့ဇနီးဆိုတာ မေ့မထားပါနဲ့ဦး"

ဇော်မင်းထွန်းက သူမ၏ မေးစေ့ကို လက်ဖြင့်ကိုင်၍ ခေါင်းကို မော့စေလျက် ပြောလိုက်သည်။



"ဟင်း...အစ်ကိုကလည်း...မဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်..."

မသူဇာက ရီဝေသော မျက်လုံးစုံဖြင့် သူ့ကိုကြည့်နေသည်။

"ကြီးကြီးစိန်ပြောတဲ့ သီချင်းဆိုတာက ဘာလဲ"

သူက စောစောက မေးခွန်းကို ထပ်မေးလိုက်သည်။

"အလကားပါ...အစ်ကိုရယ်"

"အလကားတော့ မဟုတ်ပါဘူး၊ မသူဇာ တစ်ခုခုတော့ တစ်ခုခုဖြစ်ပါလိမ့်မယ်...အစ်ကိုမသိစေချင်တဲ့ လျှို့ဝှက်ချက်ဆိုရင်တော့ မပြောနဲ့ပေါ့"

"လျှို့ဝှက်ချက်တော့ မဟုတ်ပါဘူး"

"ဒါဖြင့်ရင် ပြောလေ"

မသူဇာ ဆုတ်ဆိုင်းနေသည်။

"ဒါပေမယ့်...အစ်ကို့ကိုတော့ မပြောချင်ပါဘူး"

"ဘာပြုလို့လဲ၊ မသူဇာမပြောရင် ကြီးကြီးစိန်ကို သွားမေးမှာပဲ"

"ဟိုပါအစ်ကိုရယ်၊ နေ့လယ်က မသူဇာ ခုတင်ပေါ်မှာ ခဏလှဲနေရင်းနဲ့ အိပ်ပျော်သွားတယ်၊ အံ့ဩစရာပဲအစ်ကိုရေ၊ အိပ်ရာကနိုးတော့ မသူဇာ ခေါင်းကြည်ပြီး စိတ်လန်းဆန်း ဖျတ်လတ်နေတယ်။ အတိတ်ကိုလည်း မှတ်မိသလိုပဲ။ မျက်စိထဲမှာ ပန်းချီကားတွေ တစ်ချပ်ပြီးတစ်ချပ် ပေါ်လာတော့မလိုပဲ။ မသူဇာ ရေချိုးမယ်ဆိုပြီး ဒီနေရာမှာ ထိုင်ပြီး ခေါင်းဖြီးတယ်"

မသူဇာ ထိုင်ချလိုက်သည်။

"မသူဇာ ဖြန်းခနဲ စိတ်မကူးဘဲနဲ့ သီချင်းဆိုမိတယ်။ နှင်းဆီမြိုင်ရောက်မှ မသူဇာရဲ့ပါးစပ်က သီချင်းမဆိုမိဘူး။ ကိုယ့်ကိုယ်ကို ဆိုတတ်တယ်လည်း မထင်မိဘူး။ ဆိုရကောင်းမှန်းလည်း သတိမရဘူး။ ဘယ်သူကမှလည်း မဆိုကြဘူးမဟုတ်လား။ အခုဟာက မသူဇာခေါင်းဖြီးရင်း ဆိုနေလို့ ဆိုထရှိသလို ဆိုလိုက်တာမျိုးပဲ။ အဲဒါ မသူဇာ သီချင်းဆိုနေတာကို ကြီးကြီးရောက်လာပြီး ကြားသွားတယ်။ တစ်ခုတော့ အံ့ဩစရာ ကောင်းတယ် အစ်ကို။ အဲဒီသီချင်းဟာ မသူဇာခေါင်းထဲကို ရုတ်တရက်ရောက်လာသလို

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးရောက်လာတော့ ရုတ်တရက် ပြန်ပျောက်သွားတယ်။ ဆက်ဆိုမလို့ လုပ်နေတဲ့ အပိုဒ်ဟာ ဘယ်ပျောက်သွားတယ်မသိဘူး၊ ဘာဆက်ဆိုရမှန်း မသိတော့ဘူး။ တစ်ခါတည်း မေ့သွားတာပဲ၊ ဆိုပြီးသားအပိုဒ်ပဲ မှတ်မိတော့တယ်"

"ဘာသီချင်းလဲ"

မသူဇာခေါင်းခါသည်။

"သီချင်းနာမည်ကို မသူဇာ စဉ်းစားလို့ မရဘူး"

"ဘယ်သူဆိုတာလဲ"

"အဲဒါလည်း စဉ်းစားလို့ မရဘူး"

"ဒါဖြင့်...မသူဇာ ရသလောက်ကို ဆိုပြစမ်းပါ...အစ်ကိုများ သိမလားပဲ"

"ဟင့်အင်း...မဆိုချင်ဘူး"

"ဘာပြုလို့လဲ"

"ရှက်စရာကြီး"

"သီချင်းဆိုတာပဲ ရှက်စရာလား ကလေးမရယ်"

မသူဇာ ဘာမျှမပြော။

"မသူဇာ သီချင်းတစ်ပုဒ်ကို မှတ်မိတာဟာ မသူဇာရဲ့ဘဝတစ်စိတ် တစ်ဒေသကို မှတ်မိတာပဲ မဟုတ်ဘူးလား...ကဲပါ ဆိုစမ်းပါကလေးမရယ်"

"အင်းလေ...မသူဇာဆိုမယ်...အစ်ကိုနားပိတ်ထား"

"ဟာ...နားပိတ်ထားမှတော့ ဘာကြားရတော့မလဲ"

"ဒါဖြင့် မျက်စိမှိတ်ထား'

"ဘာဖြစ်လို့လဲ"

"အစ်ကိုကြည့်နေရင် မသူဇာ ရှက်တယ်"

"ခက်ပါလား ညီမရယ်"

သူက ညည်းညည်းညူညူဖြင့် မျက်လုံးကို မှိတ်ထားလိုက်သည်။



ခဏအကြာတွင် မသူဇာ၏ ငြိမ့်ငြောင်းသော သီချင်းသံ ဝဲပျံ့လာသည်။

မောင့်ကို × အိပ်မက်ထဲမှာ ချစ်မယ်...
မောင့်ကို × အိပ်မက်ထဲမှာ နမ်းမယ် ×
မောင့်ကို အိပ်မက်ထဲမှာ ဖက်ပွေ့မယ်ကွယ်...
ဒါပေမယ့်ကွယ်...
မောင့်ကို × ပန်းခြံထဲမှာတွေ့တော့ ×
မကြောက်လှတယ်...
သူ့ချစ်ပုံကြီးကလည်း ကြမ်းလှပါတယ် × အို...
ကြောက်ပါတယ် ...ကြောက်ပါတယ်။

သူ့မျက်လုံးများ ပြန်ဖွင့်သည်။ မသူဇာမျက်လုံးများ မှိတ်ထားသည်။ ဇော်မင်းထွန်းက မသူဇာ၏ နဖူးကို လျှင်မြန်စွာ နမ်းလိုက်သည်။

"ဟင်..."

"အဲဒါ မျက်လုံးမှိတ်ထားတဲ့ အကျိုးပဲ"

"ဟင့်အင်း...အစ်ကို မကောင်းဘူး"

"ကောင်းပါတယ်"

"အစ်ကိုက တစ်မျိုးပဲ၊ ကဲပါ ဘာသီချင်းလဲ ပြောစမ်း"

"အိပ်မက်ထဲမှာ တစ်ကမ္ဘာ"

သူမ၏ မျက်နှာ ရုတ်တရက် ဝင်းထိန်သွားသည်။

"ဟုတ်တယ်၊ အိပ်မက်ထဲမှာ တစ်ကမ္ဘာဆိုတဲ့သူက နန်းရွှေရည်"

"မပြောဘူးလား၊ မသူဇာမှတ်မိလာပြီ"

မသူဇာ၏ မျက်နှာ ချက်ချင်း ပြန်ညှိုးသွားသည်။

"ဒါပေမယ့် သီချင်းအဆက်ကို စဉ်းစားလို့ မရဘူး၊ အစ်ကိုရသလား"

"အင်း..."

"ဆိုစမ်းပါ"

"ဟာ...အစ်ကို မဆိုတတ်ပါဘူး"

"ဟော...သူ့ကျတော့ လုပ်ပြီ၊ မရဘူး အစ်ကိုဆိုပြမယ်၊ ဒါမှ ညီမ

www.burmeseclassic.com

www.burmeseclassic.com



အတိတ် မှတ်မိလာမှာ"

"ပြီးတော့ ညီမ မကွဲရဲ့ရဘူးနော်"

"အင်းပါ"

ဇော်မင်းထွန်းက အသံမှန်ဖြင့် တိုးတိုးငြိမ့်ငြိမ့် ဆိုသည်။ မသူဇာက လေသံဖြင့် လိုက်ဆိုသည်။

ဟော မောင်က ပြောနေတယ်။

မေကြောက်ရင် မျက်လုံးတွေ မှိတ်ထားကွယ်တဲ့။

မေအိပ်မက်မက်တာပဲ ဖြစ်ရောပေါ့ကွယ်တဲ့။

မေ့ကို မောင်က ချစ်တယ်တဲ့။

နောက်ပြီး မေ့ကို မောင်က နမ်းတယ်လေ။

နောက်ပြီးတော့ မေ့ကို မောင်တအားဖက်တယ်လေ။

အို…ပြောကြစမ်းပါ ကြယ်ကလေးတွေရယ်။

မေနဲ့မောင်နဲ့ တကယ်ပဲလားကွယ်။

အိပ်မက်ထဲမှာ တစ်ကမ္ဘာများလားရယ်။

သူတို့နှစ်ယောက် အတန်ကြာ တစ်ဦးကိုတစ်ဦး စူးစိုက်ပြီး ကြည့်နေကြသည်။ မသူဇာ၏ နှုတ်ခမ်းများ ခြောက်လာသည်။ အာခေါင်တွေပူလာသည်။ တစ်ကိုယ်လုံး အသားတွေ ပူရှိန်းရှိန်း ဖြစ်နေသည်။

မသူဇာ ထိုင်ရာမှ ထသွားပြီး ခုတင်ဘေး စားပွဲငယ်ပေါ်ရှိ ဖန်ရေချိုင့်မှ ရေတစ်ခွက် ငှဲ့သောက်သည်။ ထို့နောက် ခုတင်ပေါ်တွင် ထိုင်သည်။ ဇော်မင်းထွန်းကို ကျောပေးပြီး အိပ်ရာပေါ်သို့ အသာအယာလှဲချလိုက်သည်။

ဇော်မင်းထွန်း ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်သံကြားရသည်။ စီးကရက်မီးညှိရန် မီးခြစ်သံ ကြားရသည်။ စီးကရက်ဆေးနံ့သင်းထုံသည်။ မီးခိုးများ ရစ်ဆိုင်း ရီဝေလာသည်။

သူမ၏ မျက်လုံးများ မေးသွားသည်။ သူမ၏ ကိုယ်ခန္ဓာလေးသည် အခန်းထဲတွင် လွင့်မျောနေသည်ဟု ထင်ရသည်။

× × ×

## အခန်း(၁၉)

မိမိ၏ နားထဲတွင် အစ်ကိုဇော်၏ အသံကို ကြားမိသည်ထင်သဖြင့် မသူဇာဆတ်ခနဲ ခေါင်းထောင်လိုက်သည်။ အစ်ကိုဇော်က မိမိကို ဘာမျှ မပြောပါ။ ယမန်နေ့ညကအတိုင်းပင် ပက်လက်ကုလားထိုင်ပေါ်တွင် နှစ်ခြိုက်စွာ အိပ်လျက်ရှိသည်။

သည်တော့မှ မိမိသည် အိပ်ပျော်သွားခဲ့မှန်း သတိပြုမိသည်။ အခန်းထဲတွင် မီးလုံးများ လဲထားပြီး ဖြစ်သည်။ မှိန်ပြာပြာလေး ဖြစ်သည်။

လူနှစ်ယောက် အခန်းပြင်ဘက်မှ စကားပြောနေသံ ကြားရသည်။ မသဲကွဲပါ။ ဘယ်သူတွေမှန်း မသိပါ။ ဘာပြောနေကြမှန်း မသိပါ။

မသူဇာ ဇော်မင်းထွန်းကို လှမ်းကြည့်သည်။ နိုးဟန်မရှိပါ။

စကားပြောသံ ရပ်သွားသည်။ ခြေသံများ ထွက်ပေါ်လာသည်။ အခန်းအနီးသို့ ချဉ်းကပ်လာသည်။

မသူဇာ မျက်လုံးပြူးနေသည်။ ခုတင်ပေါ်တွင် ငြိမ်နေသည်။ တုတ်တုတ်မျှမလှုပ်။

တစ်စုံတစ်ယောက်သည် အခန်းတံခါးကို ဆွဲဖွင့်နေသည်။ မပွင့်ပါ။ "ဘယ်သူလဲ"ဟု မသူဇာမေးသည်။ သို့သော် အသံထွက်မလာပါ။ လည်ချောင်းထဲမှာပင် ပျောက်သွားသည်။

အပြင်မှလူသည် တံခါးကို ဖွင့်၍မရသောအခါ ပြတင်းပေါက်ကို ဖွင့်နေပြန်သည်။ မသူဇာ ခုတင်မှ ခြေဖွပြီး ဆင်းသည်။ ဇော်မင်းထွန်းအနီးသို့

www.burmeseclassic.com

www.burmeseclassic.com



အသံမကြားအောင် တိုးကပ်သွားသည်။ သူမနိုးပါ။ မသူဇာ သူ့ကို လှုပ်နှိုးသည်။ အချိုးနိုးပင်။ မသူဇာ ဇောချွေးပြန်စ ပြုလာသည်။

အမှတ်မထင်ဆိုသလို ကုလားထိုင်လက်တန်းပေါ်မှ မီးခြစ်ကို ကိုင်မိသည်။ မီးခြစ်ကျသံ ကျယ်လောင်လှသည်။

အပြင်မှ ခြေသံများ ကြားရသည်။ ခပ်သုတ်သုတ်ကလေး ထွက်ခွာသွားကြခြင်း ဖြစ်သည်။ သည်တော့မှ မသူဇာက ဇော်မင်းထွန်းကို…

"အစ်ကို…အစ်ကို"

သူမနိုးပါ။

"ခက်တော့တာပဲ၊ အစ်ကိုကလည်း အိပ်လိုက်တာ"

မသူဇာ တံခါးဆီသို့ ထသွားသည်။ တံခါးရွက်ကို နားဖြင့် ကပ်ပြီး နားထောင်သည်။ လှေကားမှဆင်းသွားသော ခြေသံများ ကြားရသည်။

ထို့နောက် ညသည် ပြကတေ့အတိုင်း ငြိမ်လျက်တိတ်လျက်။

မသူဇာ အရဲစွန့်ပြီး တံခါးကိုဖွင့်သည်။ ခပ်ဟဟကလေး ထားပြီး နားစွင့်ပြန်သည်။ ဘာသံမျှ မကြားရပါ။ တံခါးကို လူတစ်ကိုယ်စာ ဖွင့်လိုက်သည်။ ထို့နောက် အသာကလေး ထွက်သည်။ လေစိမ်းတစ်ချက် တိုးဝှေ့သဖြင့် စိမ့်ခနဲ အေးသွားသည်။ မျက်နှာကို ရေခဲရေဖြင့် ပက်လိုက်ဘိသကဲ့သို့ ဖြစ်သွားသည်။

စင်္ကြံတွင် မည်သူမျှ မရှိပါ။ မသူဇာ မရဲတရဲလျှောက်သွားသည်။ အထူးသဖြင့် သူမ၏ ခြေသံ မထွက်ပေါ်စေရန် ဂရုပြုသည်။

လှေကားထိပ်သို့ ရောက်သောအခါ မသူဇာခြေလှမ်း တုန့်သွားသည်။ အောက်ထပ် ဧည့်ခန်းမီးရောင် မြင်ရသည်။ မျက်နှာကြက်မီးချောင်းကို ဖွင့်ထားသည်တော့ မဟုတ်ပါ။ အခန်းဆောင်စားပွဲပေါ်ရှိ မီးတိုင်ကို ဖွင့်ထားခြင်းဖြစ်သည်။ ၂၅တိုင်အား ဖြစ်သဖြင့် မီးရောင်လဲ့လဲ့သာ ဖြစ်သည်။ ဧည့်ခန်းထဲတွင် လူရှိမှန်း သိသည်။ လှုပ်ရှားသည့် အရိပ်အယောင်များ မြင်ရွေ့ရသည်။ သို့သော် ဘယ်သူဘယ်ဝါမှန်းမသိပါ။ ဘယ်နှယောက်မှန်း မသိပါ။ ဘာလုပ်နေကြမှန်း မသိပါ။



အိမ်သူအိမ်သားတွေပဲလား၊ သို့တည်းမဟုတ် အပြင်မှ ကျူးကျော်ဝင်ရောက်လာသော သူခိုးများ ဖြစ်ချေမည်လား၊ ညနေက ရွှေသွားနှင့်လူကို ချက်ချင်း အမှတ်ရမိသည်။

မသူဇာ အောက်ထပ်သို့ ဆင်းသွားမည်စိတ်ကူးသည်။ မရဲပါ။ ချောင်းသံ ခြေသံ ပေးလိုက်မည်စိတ်ကူးသည်။ သို့သော် မိမိစိတ်ကူးကို မိမိမနှစ်သက်ပါ။ မည်သူမည်ဝါဆိုသည်ကို မိမိသိလိုသည်။ အဘယ်အကြောင်းကိစ္စဆိုသည်ကိုလည်း သိလိုသည်။

မည်သို့ ပြုရချေမည်နည်း။ ရုတ်တရက် နောက်ဖေးလှေကားကို အမှတ်ရမိသည်။

မသူဇာ နောက်ကြောင်းပြန်ခဲ့သည်။

မိမိအခန်းရှေ့သို့ ရောက်သောအခါ အခန်းတွင်းသို့ စောင်းငဲ့ပြီး ကြည့်သည်။ ဇော်မင်းထွန်း နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ ဖြစ်သည်။ မသူဇာခေတ္တမျှ ရပ်တန့်ပြီး စဉ်းစားသည်။ သူသည်လောက်တော့ အအိပ်မကြီးတန်ရာ။ ယမန်နေ့ညက မိမိတစ်ကြိမ်နှိုးခဲ့တုန်းက သူအလွယ်တကူပင် နိုးခဲ့သည် မဟုတ်ပါလား။

ယင်းသို့ဆိုလျှင် သူအဘယ်ကြောင့် ယခုမှ ကုံးနင်းသရော ဖြစ်နေရသနည်း။ မသူဇာ မျက်မှောင်ကုပ်လိုက်သည်။ တင်တင်လတ်တိုက်သော နို့ကို သတိရမိသည်။ စိတ်ထဲတွင် ထင့်သွားသည်။ စောစောကတည်းက ထူးဆန်းသည်ဟု ထင်ခဲ့သည်။ တင်တင်လတ် ကြိုးစားပမ်းစားနိုင်လွန်းသည်။ မိမိတို့ကို မသောက်မချင်း စောင့်တိုက်နေသည်။ နောက်ဆုံး မိမိတစ်ကျိုက် မြည်းစမ်းကြည့်သောအခါ အရသာတစ်မျိုးဖြစ်နေသည်။ သက်နေသည်။ ယင်းကြောင့် နို့ကို မသောက်ဘဲ မိမိက သွန်ပစ်ခဲ့သည်။ အစ်ကိုဇော်က သောက်ခဲ့သည်။

ရှင်းသည်။ မိမိအိပ်မပျော်ပါ။ အစ်ကိုဇော် အိပ်ပျော်သည်။ ဆင်ခြေအောင်၍လည်း မနိုးပါ။ အမြောက်ပစ်၍လည်း မနိုးပါ။

သည်အတိုင်းဆိုလျှင် တင်တင်လတ်သည် မိမိတို့နှစ်ယောက်ကို ဆေး

www.burmeseclassic.com

www.burmeseclassic.com



ခပ်ချော့ပြီ။ အဘယ့်ကြောင့်နည်း။

စောစောက မိမိတို့အခန်းတံခါးကို ဖွင့်ရန် ကြိုးစားသူမှာ တင်တင်လတ်ပင်ဖြစ်ချေမည်လား၊ သူနှင့်အတူ ပါလာသူမှာ မည်သူနည်း။

နောက်ဖေးလှေကားထိပ်သို့ မသူဇာ ခပ်သုတ်သုတ် လျှောက်သွားသည်။ လှေကားထိပ်မှနေ၍ ခြံဝင်းထဲသို့ လှမ်းမျှော်ကြည့်သည်။ အောက်ထပ်အိမ်နောက်ဖေးကို ငုံ့ကြည့်သည်။ လူရိပ်လူခြည် မတွေ့ရပါ။

မသူဇာ သတိထားပြီး လှေကားမှ ဆင်းခဲ့သည်။ တစ်ထစ်၊ နှစ်ထစ်၊ သုံးထစ်၊ အားလုံး အထစ် ၂၀။

မြေကြီးပေါ်တွင် ခြေချမိသောအခါတွင်မှ မိမိအိမ်အပြင်သို့ ရောက်ရှိနေကြောင်း သတိပြုမိသည်။ မိမိအိမ်တွင်းသို့ မည်ကဲ့သို့ ဝင်ရချေမည်နည်း။ နောက်ဖေးတံခါးကို တွန်းကြည့်သည်။ အတွင်းမှပိတ်ထားသည်။

အိမ်ရှေ့တံခါးမှ လှည့်ဝင်ရမည်လား မဖြစ်နိုင်ပါ။ သို့သော် အိမ်ရှေ့ပြတင်းပေါက်တစ်ခုခုမှ ချောင်းကြည့်ခဲ့လျှင် ဧည့်ခန်းကို မြင်တွေ့နိုင်သည်။ ပြတင်းပေါက်မှန် တစ်ကွက်နှစ်ကွက် ကွဲနေသဖြင့် အတွင်းမှ အသံကို ကြားနိုင်သည်။ အပြင်မှ အသံကိုလည်း အတွင်းမှ ကြားနိုင်သည်။ ထို့ပြင် မသူဇာ ခြေဖွဖွနင်းပြီး အိမ်ကို ခေါင်းရင်းဘက်မှ ပတ်သွားသည်။

ဧည့်ခန်းအစပ်သို့ ရောက်သောအခါ နံရံကို ကျောဖြင့် ကပ်ကွယ်ပြီး ပြတင်းမှန်ကွက်တစ်ခုမှနေ၍ အတွင်းသို့ ချောင်းကြည့်သည်။ ပထမတွင် မည်သူတစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပါ။ သို့သော် မီးရောင်ရှိနေဆဲဖြစ်၍ လူရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

ခဏအကြာတွင် ဧည့်ခန်းနံရံတွင် တလှုပ်လှုပ်ကပ်လာသော အရိပ်တစ်ခုကို တွေ့ရသည်။ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ နောက်ထပ် အရိပ်တစ်ခု ထင်ဟပ်လာသည်။ အမျိုးသမီးပင်ဖြစ်သည်။ အရိပ်နှစ်ခုသည် အနည်းငယ် ဝါးနေသဖြင့် ရုပ်လုံးမပီသလှသော်လည်း မိန်းမငယ် တစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်မှန်းတော့ သိသာသည်။ မြသီတာနှင့် တင်တင်လတ် ဖြစ်နိုင်သည်။



"ဒေါ်ဒေါ်လတ်ရဲ့ နို့ကို သူတို့သောက်တာတော့ သေချာတယ်နော်"

"ဒါဆိုရင် သူတို့ ဘယ်နည်းနဲ့မှ မနိုးပါဘူး…ကျားချီသွားရင်တောင် မနိုးပါဘူး"

"အခုလည်း ကျားချီသွားမှာပဲ"

"ဟုတ်တယ် မယ်ဥကို ကျားချီမှာပဲ"

မသူဇာ ကျောစိမ့်သွားသည်။ ဧည့်ခန်းထဲမှ အမျိုးသမီးနှစ်ယောက်သည် မြသီတာနှင့် တင်တင်လတ်ပင်ဖြစ်သည်။ မိမိတို့ကို တင်တင်လတ် အိပ်ဆေးခပ်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ မယ်ဥကို ကျားချီသည်ဆိုခြင်းသည် မည်သည့်အဓိပ္ပာယ်နည်း။ မယ်ဥသည် မိမိကို ဆိုလိုခြင်းလော၊ ကျားဆိုသည်မှာ မည်သူနည်း။

"ညည်းလူကလည်း…အခုထက်ထိ မလာသေးပါလား"

"လာမှာပေါ့"

စကားသံ ခေတ္တမျှ ပြတ်သွားပြီး

"ခုမှ ၁၂နာရီ ထိုးရုံရှိသေးတယ်။ တစ်မိနစ်နှစ်မိနစ်တောင် လိုသေးတယ်။ ချိန်းထားတာက ၁၂ နာရီပဲ။ ကျွန်မက နည်းနည်းနောက်ကျချင်ရင် ကျပေစေ၊ မစောစေနဲ့လို့ မှာထားတယ်၊ ကြီးကြီးစိန်မအိပ်ဘဲ ဖြစ်နေမှာ စိုးလို့"

"တို့အခုလုပ်တာ ဖိုးဇော်ကိုတော့ မထိခိုက်နိုင်ပါဘူးနော်၊ ညည်းလူပြောတာ တို့စိတ်ချရပါ့မလား"

"ဒေါ်ဒေါ်လတ်ကလည်း ညည်းလူ…ညည်းလူနဲ့ မပြောစမ်းပါနဲ့၊ ကျွန်မလူမဟုတ်ပါဘူး"

"ညည်းနဲ့တွေ့ပြီး ညည်းနဲ့ ဆက်သွယ်တော့ ညည်းလူလို့ပဲ ပြောရမှာပေါ့"

"ကျွန်မနဲ့ မတွေ့လည်း…ဒေါ်ဒေါ်လတ်တို့နဲ့ တွေ့မှာပဲ၊ သူက ဒေါ်ဒေါ်လတ်တို့ တွေ့ရအောင် အိမ်ရှေ့ကို ရောက်လာပြီ၊ ဒါပေမဲ့ ကျွန်မက မြွေဝင်သွားတယ် ဆိုတဲ့နေရာကို ကြည့်တော့ မြွေရာမတွေ့ရဘူး။ လူခြေရာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ တွေ့ရတယ်။ ဒါနဲ့ မသက်ာတာနဲ့ ပျာရိပျာရာ ထွက်သွားတာ အပြင်ကျ တော့ သူနဲ့ သွားတွေ့တာပဲ"

"သူက စုံထောက်ဆိုတာတော့ သေချာပါတယ်နော်"

"သေချာပါတယ်...သူ ကျွန်မကို မှတ်ပုံတင်ကတ်ပြား ထုတ်ပြတာပဲ။ မှတ်ပုံတင်ကတ်ပြားမှာ သူ့ဓာတ်ပုံပါတာပဲ။ သူ့နာမည်က ဦးကျော်အောင် လုံခြုံရေးမှူး။ ဒါကြောင့်လည်း ကျွန်မလမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သူနဲ့ ထိုင်ပြီး စကားပြောရဲတာပေါ့"

"ဒီကောင်မကိုတော့ တို့အစကတည်းက မသင်္ကာပါဘူး။ တို့စိုးရိမ်တာက ဖိုးဇော်ကို အမှုပတ်နေမှာကိုပဲ"

"အခုကိစ္စက ရှင်းပါတယ်။ ကိုဇော်ကို ဘာမှ အမှုမပတ်နိုင်ပါဘူး။ ကိုဇော် ဘာမှသိတာမှ မဟုတ်ပဲ။ ကိုဇော်က ဦးဝင်းထွတ် ရတနာသိုက်ရှာတဲ့အကြောင်းလည်း မသိဘူး။ တွေ့တဲ့အကြောင်းလည်း မသိဘူး။ ဦးဝင်းထွတ်ကို သူ့ရန်သူတွေက သတ်ပစ်တဲ့အကြောင်းလည်း မသိဘူး။ ဦးဝင်းထွတ်က သူ့သမီးကို ရတနာသိုက်အညွှန်းပေးပြီး ရန်ကုန်က သူ့လူတွေဆီကို ကိုဇော်ရဲ့ မိန်းမအဖြစ်နဲ့ အယောင်ဆောင်ပြီး ပို့တာလည်း မသိဘူး။ ကိုဇော်ကသာ မသိတာ။ ဦးဝင်းထွတ်ရဲ့ ရန်သူတွေကတော့ အကုန်လုံး သိတယ်။ မြွေမြွေချင်း ခြေမြင်တာပေါ့။ သူဇာဝင်းထွတ် ရန်ကုန်ရောက်တယ် ဆိုရင်ပဲ မသူဇာဟာ အသိဖွဲ့ပြီး သူဇာဝင်းထွတ်ဆီက ရတနာသိုက်အညွှန်းကို ရအောင် ကြိုးစားတယ်။ ဒါပေမယ့် မရဘူး။ သူဇာဝင်းထွတ်က မပေးဘူး။ နောက်ဆုံးတော့ သူတို့ သူဇာဝင်းထွတ်ကို သတ်ပစ်လိုက်ကြတော့တာပဲ"

"ဘုရား...ဘုရား...ရက်စက်လိုက်ကြတာ"

"လောဘကို ဒေါ်ဒေါ်လတ်ရယ်"

"မသူဇာက တို့ဆီကို ဘာပြုလို့ ရောက်လာရတာလဲ"

"သူဇာဝင်းထွတ်ဆီက ရတနာသိုက်အညွှန်းကို မရကြပဲကိုး၊ သူဇာဝင်းထွတ်ဟာ တကယ်မသိတာလည်း ဖြစ်နိုင်တယ်လို့ တွက်ကြတယ်။



ဦးဝင်းထွတ်ဟာ ရတနာသိုက်အညွှန်းကို ကိုဇော့်ဆီမှာ ပေးထားခဲ့တာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့် မသူဇာဟာ ကိုဇော့်ကို လာစောင့်တာပဲ"

"ဒါကို ဖိုးဇော်က မသိဘူးလား၊ မသူဇာဟာ သူလက်ထပ်ခဲ့တဲ့ သူဇာဝင်းထွတ်မှမဟုတ်ပဲ"

"သိတာပေါ့၊ ဘယ်နေ့ပါ့မလဲ၊ ဒါပေမယ့် ကောင်မက ဘယ်လိုလိမ်ထားမှန်းမှ မသိပဲ။ သူ့ကိုယ်သူ အတိတ်မေ့နေတဲ့ လူဆိုပြီး မျက်ရည်ကျအောင် ပြောထားမှာပေါ့"

"အခု ညည်းလူ စုံထောက်က မသူဇာကို ခေါ်သွားပြီး ဘာလုပ်မှာလဲ"

"စစ်မှာ၊ သူတို့ဂိုဏ်းကို အဖော်ခိုင်းမှာပေါ့"

"ဖိုးဇော်ကို ဖွင့်ပြောလိုက်ရင် မကောင်းဘူးလား"

"ဦးကျော်အောင်က မပြောပါနဲ့ဦးလို့ ပြောထားတယ်၊ ကိုဇော်သိသွားရင် သူက ဟိုကောင်မကို အကာအကွယ်ပေးနေလိမ့်မယ်တဲ့။ သူတို့အလုပ်မှာ အနှောင့်အယှက်ဖြစ်နိုင်တယ်တဲ့။ အားလုံးကိစ္စတွေပြီးသွားမှ ကိုဇော့်ကို အသိပေးမယ်တဲ့"

"သူက...အခု မသူဇာကို ဘယ်လိုလုပ်ပြီး ခေါ်သွားမှာလဲ"

"ဘယ်လိုလုပ် ခေါ်ရမလဲ၊ အိပ်ဆေးမိပြီး အိပ်ပျော်နေတဲ့ မသူဇာကို ကားပေါ်တင်ခေါ်သွားမှာပေါ့။ ကိုဇော်မနက်နိုးလာတော့ ...မသူဇာကို ရှာတော့ ဒေါ်ဒေါ်လတ်တို့က မသိဘူးလို့ ပြောလိုက်ရုံပဲ။ ဒီတော့ မသူဇာထွက်ပြေးပြီလို့ ကိုဇော်တွက်မှာပဲပေါ့"

မသူဇာ ကျောချမ်းသွားသည်။ ညနေက မိမိတွေ့လိုက်သူသည် မည်သည့်နည်းနှင့်မျှ စုံထောက်တစ်ယောက် မဟုတ်နိုင်ပါ။ လူဆိုးတစ်ယောက်သာ ဖြစ်ရပါမည်။

သည်အတိုင်းသာဆိုလျှင် မိမိဘာလုပ်ရမည်နည်း။

အစ်ကိုဇော်ကိုတော့ မည်သည့်နည်းနှင့်မျှ အားကိုး၍မဖြစ်နိုင်ပါတော့ချေ။ သူ့ကိုယ်သူ စုံထောက်ဦးကျော်အောင်ပါဟု ဆိုသော ရွှေသွားနှင့်

www.burmeseclassic.com

www.burmeseclassic.com



လူခေါ်ရာသို့ လိုက်ပါသွားရမည်လား၊ သို့မဟုတ် ခုခံရုန်းကန်ရမည်လား။ သို့မဟုတ် စောစောစီးစီး သူ့ရန်မှ ရှောင်တိမ်းရချေမည်လား။

နောက်ဆုံးအကြံဉာဏ်ကို မသူဇာ လက်ခံလိုက်သည်။ လက်ရှိအခြေအနေအရဆိုလျှင် ဤအိမ်မှ မိမိအမြန်ဆုံး ထွက်ပြေးခြင်းသည် အကောင်းဆုံးပင်ဖြစ်ပေလိမ့်မည်။

မသူဇာ ထိုနေရာမှ ထွက်ခွာခဲ့သည်။ ညသည် ပို၍မှောင်လာသည်ဟု ထင်ရသည်။ ညသည် ကြောက်မက်ဖွယ်ရာ တစ္ဆေကြီးတစ်ကောင်ဖြစ်လာသည်။

နောက်ဖေးလှေကားမှပင် အိမ်ပေါ်ထပ်သို့ မသူဇာပြန်တက်ခဲ့သည်။ သူမ၏ အခန်းသို့ ရောက်သောအခါ အဝတ်အစားများကို လက်ဆွဲအိတ်တစ်ခုထဲသို့ ထည့်သည်။

လက်ဆွဲအိတ်ထဲသို့ ပစ္စည်းများ ထည့်ပြီးချိန်လောက်မှာပင် ကားသံကြားရသည်။ အိမ်ရှေ့တွင် ကားသံပျောက်သွားသည်။ ကားတံခါးဖွင့်သံကြားရသည်။ သူလာချေပြီ။ စုံထောက်ကျော်အောင်ဟု အဆိုရှိသော ကိုရွှေသွားသည် မိမိကိုဖမ်းဆီးခေါ်ဆောင်ရန် လာရောက်ချေပြီ။

မသူဇာအခန်းတွင်းမှ လျင်မြန်စွာ ထွက်ခဲ့သည်။ အလွန်အမင်း ထိတ်လန့်တုန်လှုပ်နေသဖြင့် အသင့်ပြင်ထားပြီးဖြစ်သော အဝတ်အစားအိတ် မေ့ကျန်ရစ်ခဲ့သည်။ သူမ၏ လက်ထဲတွင် မူလပါရင်းစွဲဖြစ်သော လက်ကိုင်အိတ်သာလျှင် ပါလာသည်။

နှင်းဆီမြိုင်ခြံကြီးတွင် အိမ်ရှေ့ခြံဝင်းတံခါးအပြင် ခေါင်းရင်းဘက်ခြံစည်းရိုးတွင် မလွယ်ပေါက်တစ်ခုရှိသည်။

မသူဇာ မလွယ်ပေါက်မှ တိတ်ဆိတ်စွာ ထွက်ခဲ့သည်။ ထို့နောက်အမှောင်ထုအတွင်းသို့ ကြောက်လန့်တုန်လှုပ်စွာ ပြေးဝင်သွားသည်။

× × ×

## အခန်း(၂၀)

မသူဇာ မရပ်မနား ပြေးနေသည်။ ခြေဦးတည့်ရာသို့ ပြေးနေသည်။ တဖြည်းဖြည်း မောလာသည်။ တဖြည်းဖြည်း ပန်းလာသည်။ တဖြည်းဖြည်း ယိမ်းယိုင်လာသည်။

ညသည် တစ်ဝက်မှောင်ပြီး တစ်ဝက်လင်းနေသည်။

မသူဇာသည် ကတ္တရာလမ်းဘေး မြက်ခင်းပြင်အတိုင်း ပြေးနေသည်။ ကုန်းမော့မော့ကလေးကို ဒယီးဒယိုင်ဖြင့် ပြေးတက်သွားပြီး တစ်ဖက်သို့အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လဲကျသွားသည်။ နှစ်ပတ်သုံးပတ်လိမ့်သွားသည်။ ဖင့်ထိုင်လျက် လန်ကျသွားသည်။ နောက်ဆုံးတွင် ချိုင့်ခွက်တစ်ခုထဲတွင် ခွေခွေစောင်းစောင်းကလေး ရှိနေတော့သည်။

မသူဇာ ချက်ချင်းပြန်မထပါ။ ပြန်ထနိုင်ရန်လည်း အားအင်များ မရှိတော့ပါ။ သူမ၏ တစ်ကိုယ်လုံး နုံးခွေလျက် ရှိပါသည်။ မိုးကောင်းကင်ကို ငေးနေမိသည်။

ပုလဲပွင့်ကလေးများသည် သူမကို ကြင်နာစွာ ငုံ့ကြည့်နေကြသည်။

အခုမှပင် နှင်းဆီမြိုင်မှ ထွက်ပြေးလာမိသည့် အမှုကို ကောင်းစွာဆင်ခြင်မိသည်။ မိမိ၏ နောက်ဘက်တွင် ဘေးအန္တရာယ် ရှိပြီး ရှေ့ဘက်တွင်ကား အမှောင်တိုက်တွင်သာ ရှိပါချေပြီ။

မိမိ၏ဘဝသည် အမှောင်ထဲတွင်စခဲ့ပြီး အမှောင်ထဲမှာပင် ဆုံးရချေတော့မည်လော။

www.burmeseclassic.com

www.burmeseclassic.com



မိမိသည် ရုတ်တရက် ကျရောက်လာသောဘေးအန္တရာယ်အတွက် နှင်းဆီမြိုင်မှ ထွက်ပြေးခဲ့ရန် နားလည်ခဲ့သော်လည်း အဘယ်အရပ်သို့ သွားရမည်ကိုတော့ စိတ်ကူးထဲမှာ မရှိပါချေ။

ရုတ်တရက် သူမ၏ အာရုံတွင် ကြင်နာသနားတတ်သော ဆရာမ တင်တင်အေး၏ ပြုံးချိုသော မျက်နှာထင်လာသည်။ ၄၈၃–စကားဝါလမ်း ပုဇွန်တောင်၊ ရန်ကုန်။

ဆရာမထံသို့ မိမိသွားရမည်လား။ ဆရာမကမူ မိမိကိုအချိန်မရွေး လာရောက်ရန် ဖိတ်ခေါ်ထားခဲ့သည်။ ဆရာမက မိမိကို ကူညီမည်လည်း အမှန်ပင်ဖြစ်သည်။ သို့သော် ယင်းအမျိုးသမီးက မိမိကိုကူညီလိုခြင်းမှာ မိမိကို ဒုက္ခရောက်နေသော အမျိုးသမီးတစ်ယောက်ဟု ယူဆ၍သာဖြစ်ပါသည်။

အကယ်၍သာ ဒေါ်ဒေါ်လတ်တို့က ရွှေသွားကျော်အောင်ပြောသည့် စကားတွေကို အစ်ကိုဇော်အား ပြောခဲ့လျှင်...

"အစ်ကိုဇော်က ဆရာမထံသို့ လိုက်လာပြီး မိမိသည် လူဆိုးဂိုဏ်း တစ်ဂိုဏ်းမှ ဖြစ်ကြောင်း၊ သူဇာဝင်းထွက်ကို ကိစ္စတုံးစီရင်ခဲ့သော လူသတ်သမားများနှင့် အပေါင်းပါဖြစ်ကြောင်း ပြောခဲ့လျှင်...

ဆရာမသည် မိမိကို အကူအညီပေးပါဦးတော့မည်လော၊ အကာ အကွယ်ပေးပါဦးတော့မည်လော။

အစ်ကိုဇော်ကကော ဒေါ်ဒေါ်လတ်တို့ ပြောသည့်စကားကို ယုံချေမည်လော၊ မိမိကကော အဘယ်သို့ ခုခံငြင်းဆန်နိုင်ချေမည်နည်း။

မြက်ခင်းပြင်ပေါ်သို့ မသူဇာလက်မောင်းတင်လိုက်သည်။ လက်မောင်းပေါ်တွင် နဖူးတင်ပြီး လောကကြီးကို ကျောခိုင်းထားလိုက်သည်။

မိမိသည် မြေအောက်အဖွဲ့ဝင်တစ်ဦး၊ မိမိသည် လူသတ်သမား တစ်ဦး။

ယင်းသို့ဆိုလျှင် မိမိသည် အစ်ကိုဇော်၏ ဇနီးမဟုတ်ရုံသာမက အစ်ကိုဇော်နှင့် ဘဝချင်းလည်း ခြားနားသူတစ်ဦးဖြစ်နေပါတော့သည်။



အစ်ကိုဇော်၏ ဘဝနှင့် မိမိ၏ ဘဝသည် ပြဒါးတစ်လမ်းသံတစ်လမ်းပင် ဖြစ်တော့သည်။

မိမိတို့သည် နှင်းဆီမြိုင်တွင် နှစ်ညတာ အတူတကွ နေခဲ့ကြသော်လည်း ယခုတော့ အစ်ကိုဇော်က တစ်ကမ္ဘာ၊ မိမိက တစ်ကမ္ဘာ ဖြစ်ရချေပြီ။

နှင်းဆီမြိုင်သည် မိမိ၏ အိပ်မက်ကမ္ဘာသာ ဖြစ်ချေသည်။ အိပ်မက် ကမ္ဘာထဲတွင် အစ်ကိုဇော်ရယ်၊ တရုတ်စကားပွင့်လေးတွေရယ်၊ လွှမ်းစေတီရယ်၊ ပြီးတော့ မြသီတာ၊ တင်တင်လတ်၊ ရွှေသွားကျော်အောင်...

မသူဇာ ခေါင်းထောင်လိုက်သည်။ နားထဲတွင် အသံတစ်ခု ကြားမိလိုက်၍ ဖြစ်သည်။ ကားသံဖြစ်သည်။ တောင်ကမူစာတစ်ဖက်မှ ကြားရခြင်း ဖြစ်သည်။ နှင်းဆီမြိုင်ဘက်မှ လာနေခြင်း ဖြစ်သည်။ ရွှေသွားကျော်အောင် သည် မိမိကို နှင်းဆီမြိုင်တွင် မတွေ့ရှိသဖြင့် လိုက်လာချေပြီနှင့်တူသည်။

မည်သို့ဆိုစေ မိမိအဖို့ အကာလညအခါတွင် ဟင်းလင်းပြင်ကြီးသည် လုံခြုံစိတ်ချရမည်မရှိသည်ကတော့ အမှန်ပင်။

မသူဇာတစ်ဖက်သို့ လှမ်းမျှော်ကြည့်သည်။ လမ်းသည် ရောက်နက်တစ်ခု ကို ကွေ့ပတ်၍နေသည်။ လမ်းအကွေ့တွင် အဆောက်အဦတစ်ခုရှိသည်ကို မှုန်မှိုင်းမှိုင်းမြင်သည်။

ကားသံပို၍ နီးလာသည်။

မသူဇာအားစိုက်ပြီး ထလိုက်သည်။ လမ်းအကွေ့ဆီသို့ အားကုန်သုံး ပြီး ပြေးမိသည်။

မြက်ခင်းပေါ်တွင် မသူဇာပြေးနေသည်။ တစ်ဖက်တွင် ကန်ရေပြင် ရှိသည်။ ရေပြင်ထဲတွင် ပုလဲပွင့်အရိပ်များ၊ တစ်ဖက်တွင် မည်းနက်သော ကတ္တရာလမ်း ရှိသည်။ လူသတ်သမားသည် ဤလမ်းအတိုင်း လာနေချေပြီဖြစ်သည်။

ရုတ်တရက်ဆိုသလို မိမိ၏ ရှေ့ဘက်တွင် မြင်နေရသော အဆောက် အဦသည် လင်းသွားသည်။ စူးရှသော အလင်းရောင်အောက်တွင် အထင်း

www.burmeseclassic.com

www.burmeseclassic.com



သား ပေါ်လာသည်။ နှစ်တစ်လက်မ သစ်သားများဖြင့် ကာရံထားသော ခြံအတွင်းရှိ လေးပင်သုံးခန်း တစ်ထပ်အိမ်ကလေးဖြစ်သည်။ သွပ်မိုးပျဉ်ကာ ဖြစ်သည်။ ခေါင်းရင်းဘက်တွင် ဘုရားစင်ဖြစ်သည်။ အိမ်ရှေ့ဘက်တွင် ဖိနပ်ချွတ်ရှိသည်။ ဖိနပ်ချွတ်သည် အလုံမဟုတ်ချေ။ ခါးစောင်းလောက်ရှိသော သစ်သားဝရန်တာ ကာထားသည်။ ဖြုန်းခနဲ အလင်းရောင်ပျောက်သွားသည်။ အလင်းရောင်သည် တစ်နေရာသို့ ရွှေ့လျားသွားသည်။

သည်တော့မှ အလင်းရောင်တန်းသည် ကားမီးဖြစ်မှန်း မသူဇာသတိပြုလိုက်မိသည်။ ကားမီးသည် မိမိစောစောက လဲခဲ့သော နေရာမှပေါ်ထွက်လာခြင်းဖြစ်သည်။ ထို့နောက် ကားသည် ကွေ့သွားသဖြင့် မီးရောင်လည်း ပျောက်သွားခြင်းဖြစ်သည်။ မကြာမီ မိမိအပေါ်သို့ ကားမီးရောင်ကျလာပေတော့မည်။

မိမိနှင့် တစ်ထပ်အိမ်ကလေးသည် မဝေးလှတော့သလို မိမိနှင့် ကားသည်လည်း မဝေးလှတော့ပေ။

မသူဇာအိမ်ဆီသို့ပြေးလာသည်။ ခြံဝင်းတံခါးကို သော့ခတ်မထားပါချေ။ အပေါ်ဘက်တွင် သံပြားကွင်း ချိတ်ထားသည်။ မသူဇာ ခြံတံခါးကို ဖွင့်ပြီး ဖိနပ်ချွတ်ကို ပြေးတက်သည်။ တံခါးကို ခေါက်မည်ပြုစဉ် အထဲမှ အမျိုးသမီးအသံတစ်ခု ထွက်ပေါ်လာသည်။

"မောင်ပြန်လာပလား"

"ကျွန်မကို ကူညီပါရှင်၊ ကျွန်မနောက်ကို လူဆိုးတစ်ယောက် လိုက်လာလို့ပါ"

မသူဇာတောင်းပန်လိုက်သည်။

တံခါးပွင့်သွားပြီး အမျိုးသမီးတစ်ယောက် ပေါ်လာသည်။ မသူဇာ အချိန်ဆွဲမနေနိုင်တော့ဘဲ အိမ်တွင်းသို့ အတင်းခုန်ဝင်လိုက်မိသည်။ အိမ်ရှင်အမျိုးသမီးက နောက်သို့ တိမ်းရှောင်ရင်း မသူဇာကို ထိတ်လန့်တကြား ကြည့်နေသည်။ မသူဇာက တံခါးကို ကမန်းကတန်း ပြန်ပိတ်လိုက်ပြီး...

"ကျွန်မတောင်းပန်ပါတယ်ရှင်၊ ကျွန်မဒုက္ခရောက်လာလို့ပါ။ ကျွန်မ



ကို ကူညီပါ..."

"ရှင်ဘယ်သူလဲ..."

ဤအိမ်တွင် ဤအမျိုးသမီးတစ်ယောက်တည်း ရှိနေဟန်တူသည်။ သူမ၏ ယောက်ျားသည် ညအလုပ်သမားဖြစ်ဟန်တူသည်။

ယင်းအခိုက် အိမ်ရှေ့တွင် ကားရပ်သံကြားရသည်။

"ဟော...ကျွန်မနောက်ကို လိုက်နေတဲ့လူ ရောက်လာပြီ"

မသူဇာ ထိတ်လန့်တကြား ပြောလိုက်သည်။ အိမ်ရှင်အမျိုးသမီးလည်း ကြောက်လန့်နေဟန်ရှိသည်။ ကားတံခါးဖွင့်သံ ပိတ်သံကြားရသည်။ ဖိနပ်ချွတ်ပေါ်သို့ လူတစ်ယောက်တက်လာသည်။ တံခါးခေါက်သံကြားရသည်။

အမျိုးသမီးနှစ်ယောက် ငြိမ်နေကြသည်။

တံခါးခေါက်သံ ထပ်မံပေါ်ထွက်လာသည်။

"ဘယ်သူလဲ..."

အိမ်ရှင်အမျိုးသမီးက မေးလိုက်သည်။

"ကျွန်တော့်နာမည် ဦးမောင်မောင်ညွန့်ပါ။ ကျွန်တော့်ညီမလေး တစ်ယောက် စိတ်နောက်ပြီး အိမ်ကထွက်ပြေးလို့..."

ရွှေသွားကျော်အောင်၏ အသံပင် ဖြစ်သည်။ အိမ်ရှင်အမျိုးသမီးက မသူဇာကို ကြည့်သည်။ စိတ်နောက်နေသည့် မသူဇာ၏ မျက်လုံးကို ကြည့်သည်။ မသူဇာက မဟုတ်ကြောင်း ခေါင်းခါပြီး ပြသည်။

"သူဒီနားမှာတင် ပျောက်သွားပါတယ်၊ ဒီအိမ်ထဲမှာ ရောက်နေသလားလို့"

အိမ်ရှင်အမျိုးသမီးသည် မသူဇာနှင့် မသူဇာ၏လက်မှ လက်ကိုင်အိတ်ကို အကဲခတ်ကြည့်ရှုပြီးနောက်–

"ကျွန်မတို့အိမ်ကို ဘယ်သူမှ မလာပါဘူး..."

"အစ်မကြီးတို့ကို ဒုက္ခပေးမှာစိုးလို့ပါ။ သူစိတ်ဖောက်သွားရင် တွေ့တဲ့လူကို ရန်မူတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်အမျိုးသမီး မျက်လုံးပြူးသွားသည်။ မသူဇာခေါင်းကို တွင်တွင်ရမ်းခါနေသည်။

အပြင်မှလူသည် တစ်စုံတစ်ခုကို အကြံထုတ်နေသည့်အလား ငြိမ်နေသည်။ အိမ်တွင်းရှိ အမျိုးသမီးနှစ်ယောက်စလုံး တဆတ်ဆတ်တုန်နေကြသည်။

ထိုအိမ်သည် အစွန်ဆုံးအိမ်ဖြစ်သဖြင့် အကာလညတွင် သူတို့ သုံးယောက်တည်း ရှိနေသည်။

× × ×

## အခန်း(၂၁)

ဇော်မင်းထွန်း လှေကားမှ ဆင်းလာသောအခါ အောက်ထပ်ဧည့်ခန်းတွင် တင်တင်လတ်၊ တင်တင်လေး၊ ဒေါ်နှင်းစိန်၊ မြသီတာတို့ ရှိနေကြသည်။ သူက ဧည့်ခန်းကို ဖွေရှာသော အကြည့်ဖြင့် ကြည့်သည်။ သူတို့လည်း သူ့ကို ပြန်ပြီး ဝိုင်းကြည့်နေကြသည်။

"ဟော...ကာလနဂါးကြီး နိုးလာပြီ"

ဒေါ်နှင်းစိန်က ပြောလိုက်သည်။ သည်တော့မှ သူတို့အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ မျက်နှာများ ပျော့ပျောင်းသွားကြသည်။

"မြသီတာ ဘယ်တုန်းကရောက်နေသလဲ၊ အစောကြီးပါလား"

ဇော်မင်းထွန်းက ကုလားထိုင်တစ်လုံးတွင် ထိုင်ရင်းပြောသည်။

"အံမာ ဘယ်က စောရမှာလဲ၊ အစ်ကိုတို့ အအိပ်ကြီးနေပြီးတော့၊ ရှစ်နာရီ ထိုးနေပြီ၊ ဒီကဖြင့် အစ်ကိုဇော်ကို တွေ့ချင်လို့ လာလိုက်ရတာ၊ ညကလည်း မိုးကြီးချုပ်မှ ပြန်သွားရတယ်။ အစ်ကိုဇော်က မြသီတာတို့ကိုတောင် သတိမရတော့ဘူး မဟုတ်လား"

ဇော်မင်းထွန်းက ဟိုဟိုသည်သည်ကြည့်ပြီး ဒေါ်နှင်းစိန်ကို ကြည့်လျက်...

"မသူဇာကော...ဒေါ်နှင်းစိန်"

"အလိုတော်...ကျုပ်ဘယ်သိပါ့မလဲ၊ ကိုယ်တို့ဟာကိုယ်တို့ခင်နေထိုးအောင် အိပ်နေကြပြီးတော့..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကြီးကြီးကလည်း ပေါက်ကရတွေ လျှောက်ပြောနေတာပဲ၊ ကျွန်တော်အိပ်ရာက နိုးလာတော့ အခန်းထဲမှာ မသူဇာ မရှိတော့ပါဘူး။ ကျွန်တော်က သူအောက်ရောက်နေပြီဆိုပြီး ဆင်းလာတာ"

"မလာသေးပါဘူး၊ ရေချိုးနေသလားမှ မသိဘဲ၊ တပိုတပါးသွားနေသလားမှ မသိပဲ"

တင်တင်လတ်က ပြောသည်။

"တို့များ နောက်ဖေးမှာ ရှိနေတာပဲ။ မသူဇာဆင်းလာတာ မတွေ့ပါဘူး"

ဒေါ်နှင်းစိန်က ပြောသည်။

"အခန်းထဲမှာ ပြန်ကြည့်ပါဦး၊ မင်းမယားက မင်းကို တူတူပုန်းနေတာ ဖြစ်ချင်ဖြစ်မှာပေါ့"

တင်တင်လတ်က ဆိုသည်။

ဇော်မင်းထွန်း အိမ်ပေါ်ပြန်တက်သွားသည်။ သူတို့လေးယောက် စကားမပြော တိတ်ပြီး ကျန်ရစ်ခဲ့ကြသည်။ ဒေါ်နှင်းစိန်က အိမ်နောက်ဖေးတွင် သွားကြည့်သည်။ ခဏအကြာတွင် ဇော်မင်းထွန်းရော ဒေါ်နှင်းစိန်ရော ဧည့်ခန်းသို့ ပြန်ရောက်လာကြသည်။

ဇော်မင်းထွန်းက ဘာမျှမပြောဘဲ သူတို့ကို ငေးကြည့်နေသည်။ ဒေါ်နှင်းစိန်က...

"နောက်ဖေးမှာတော့ မရှိဘူး"

ဇော်မင်းထွန်း ခေါင်းကို ယမ်းခါလိုက်ပြီး...

"သူဘယ်မှာမှ မရှိတော့ဘူး...သူသွားပြီ"

"ဘာပြောတယ်ကွယ့်"

ဒေါ်နှင်းစိန်က သူ့စကားကို နားမလည်သည့်အနေဖြင့် ပြန်မေးလိုက်သည်။ တင်တင်လတ်နှင့် မြသီတာတစ်ယောက်ကိုတစ်ယောက် ကြည့်ကြသည်။



"သူမရှိတော့ဘူး...သူ့ပစ္စည်းတွေလည်း မရှိတော့ဘူး"

"ဘုရား...ဘုရား"

တင်တင်လေးက ရေရွတ်သည်။

"ဘယ်ကကော"

တင်တင်လတ်က မေးသည်။ ဇော်မင်းထွန်း အဖြေမပေးပါ။

"မမကြီးရဲ့ ပတ္တမြားဘယက် ပါသွားပြီပေါ့...ဟုတ်လား"

တင်တင်လတ်က အထိတ်တလန့် ရေရွတ်သည်။

"သူပြုန်းခနဲ ထွက်သွားတာ အကြောင်းတစ်ခုတော့ ရှိမယ်။ ဒေါ်ဒေါ်လတ်တို့များ ဘာများပြောလိုက်ကြသလဲ"

"အလိုတော်...ကြီးကြီးစည်ရာ၊ ဘုန်းကြီးအမှူ ရှာပတ်လို့"

"အစ်ကိုဇော်တို့ချင်းကော ရန်မဖြစ်ဘူးလား"

မြသီတာက မေးသည်။ ဇော်မင်းထွန်းက ခေါင်းခါသည်။ ထို့နောက်

"ကြီးကြီး မနက်က ဘယ်အချိန်ထသလဲ"

"အခါတိုင်းလိုပဲပေါ့၊ မနက်ငါးနာရီပဲပေါ့"

"အပေါ်ထပ် မရောက်ဘူးလား..."

ဒေါ်နှင်းစိန် ခေါင်းခါသည်။

"ကျွန်တော်တို့ ညကအိပ်တော့ ၁၀–နာရီ၊ ၁၁–နာရီ၊ သူထွက်သွားတာ ည ၁၁–နာရီနဲ့ မနက် ၅–နာရီကြား ဖြစ်ရမယ်"

သူ့စကားကို မည်သူကမျှ ထင်မြင်ချက်မပေးကြချေ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

ဆရာမတင်တင်အေးသည် ဇော်မင်းထွန်းကို မြင်သောအခါ တည်ငြိမ်စွာ ပြုံးလျက်–

"ဪ…ကိုဇော်မင်းထွန်းပါလား၊ မသူဇာကော မပါဘူးလား…"

"ကျွန်တော်က မသူဇာကို ဆရာမဆီမှာ လာရှာတာပါ"

"ဘယ်လိုရှင့်"

"သူမရှိတော့ဘူး"

"ကိုဇော်မင်းထွန်း ပြောတာ ကျွန်မနားမလည်သေးပါဘူး"

ဇော်မင်းထွန်းသည် သူမနေ့ညနေက သန်လျင်ပြန်သွားပုံ၊ မသူဇာနှင့် လှမ်းစေတီသို့ သွားကြပုံ၊ သူနှင့် ဆရာမ အာလကပ္ပအိမ်ကြီးသို့ သွားကြပုံ၊ သူနှင့် စခန်းမှူးတွေ့ပုံ၊ ပတ္တမြားဘယက်ပေးပုံ၊ မနက်အိပ်ရာထတွင် သူ့ကို မတွေ့ရတော့ပုံများကို ပြောပြသည်။

"ကျွန်တော်ကတော့ သူဆရာမဆီ သွားမှာပဲဆိုပြီး လာခဲ့တာပဲ"

"အမှန်အတိုင်းဆိုရင်တော့ သူကျွန်မဆီ လာရမှာပဲ။ ဒါပေမယ့် ဒီကြားထဲမှာ သူ့မှာ ဘာပြောင်းလဲချက်တွေ ရှိမှန်းမှ မသိဘဲ"

"ညက ၁၁–နာရီလောက်အထိတော့ သူဟာ ကျွန်တော်တို့တွေ့စက မသူဇာအတိုင်းပဲ"

"ည ၁၁–နာရီနဲ့ မနက် ၅–နာရီကြားမှာ သူတစ်ခုခု ဖြစ်ရင်ကော…"



"အခုဟာက သူ့ပစ္စည်းတွေကို ယူပြီးထွက်သွားတာဆိုတော့ စဉ်းစားစရာဖြစ်နေတယ်။ သူတမင်တကာ စနစ်တကျထွက်သွားတာပဲ"

"အကြောင်းတစ်ခုခုကြောင့် သူ့အတိတ်ကို ပြန်သတိရသွားလို့ဆိုရင်ကော"

"ဆရာမ ကျွန်တော့်ကို တစ်ခု ပြောစမ်းပါ"

"ဘာများလဲရှင်"

"မသူဇာကို ဆရာမဘယ်လိုသဘောရသလဲ"

"ကိုဇော်မင်းထွန်း ဘာမေးချင်တာလဲ"

"ဆိုကြပါစို့၊ သူ့ကို ရိုးရိုးသားသား မိန်းကလေးတစ်ယောက်လို့ ဆရာမ ထင်သလား…ဒါမှမဟုတ်…"

"ကျွန်မအမြင်တော့ သူဟာ ရိုးသားပါတယ်၊ ရှုပ်ရှုပ်ယှက်ယှက်ထဲက မဟုတ်ပါဘူး။ သူပြောတာတွေကိုလည်း ကျွန်မယုံပါတယ်။ တစ်ခုတော့ ရှိတယ်ပေါ့လေ။ လူဆိုတာ မပြောနိုင်ဘူးပေါ့။ လူကဲခတ်ရတာ မလွယ်ဘူး၊ အထူးသဖြင့် အမျိုးသမီးတွေကပိုပြီး အကဲခတ်ရခက်တယ်။ ကျွန်မက လည်း အမျိုးသမီးတစ်ယောက်ပါပဲ"

ဆရာမ၏ စကားကြောင့် ဇော်မင်းထွန်း တွေသွားသည်။

"ကျွန်တော့်အဒေါ်တွေကတော့ ပတ္တမြားဘယက်ကို ယူပြေးတာလို့ စွပ်စွဲနေကြတယ်။ ကျွန်တော်ကတော့ သူ့ကို ဒီလိုမထင်ဘူး"

"ကျွန်မလည်း မထင်ပါဘူး"

"ဒါပေမယ့် ကျွန်တော်ထင်တာ တစ်ခုရှိတယ်။ ကျွန်တော်သူ့ကို ကနေ့ ရန်ကုန်ခေါ်လာမယ်လို့ ပြောထားတယ်။ သူ့ကို လူစည်ကားတဲ့နေရာတွေ လိုက်ပို့မယ်…ကျွန်တော့်သူငယ်ချင်း လုံခြုံရေးမှူးနဲ့လည်း တွေ့ပေးမယ်လို့ ပြောထားတယ်။ အဲဒါကြောင့်များ လစ်ထွက်ပြေးသလားမသိဘူး"

"သေသေချာချာ မသိဘဲနဲ့ ပြောရမှာ အခက်သားပဲ၊ ကိုဇော်မင်းထွန်း၊ သူက အတိတ်ကိုလည်း မေ့နေတယ်။ သူ့ဇာဝင်းထွက်နဲ့လည်း ပတ်သက်နေတော့ ဘာမဆိုလည်း ဖြစ်နိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဇော်မင်းထွန်းက ခေါင်းတဆတ်ဆတ်ညိတ်ပြီး

"ကောင်းပြီလေ...ဆရာမ၊ ကျွန်တော်သွားဦးမယ်၊ ကျွန်တော်သူငယ်ချင်း လုံခြုံရေးမှူးနဲ့ သွားပြီး တိုင်ပင်လိုက်ဦးမယ်။ ဒီအတွင်း မသူဇာရောက်လာရင် ဒါမှမဟုတ် မသူဇာကိုတွေ့ရင် ကျွန်တော့်ဆီ အကြောင်းကြားပေးပါ"

ဇော်မင်းထွန်းသည် ဆရာမကို သန်လျင်လိပ်စာ၊ ရန်ကုန်လိပ်စာ ရဲစခန်း ဖုန်းနံပါတ်တို့ကို ပေးပြီး ရဲစခန်းသို့ လာခဲ့သည်။

လုံခြုံရေးမှူး အပြင်ခဏသွားနေသဖြင့် ခဏထိုင်စောင့်နေရသည်။ ရုံးသို့ ဖုန်းဆက်ပြီး အကျိုးအကြောင်း စုံစမ်းသည်။ သူက ရှေ့အပတ်ထဲတွင်မှ အလုပ်ပြန်ဝင်ရမည်ဖြစ်သည်။

လုံခြုံရေးမှူး ပြန်ရောက်လာသောအခါ မသူဇာပျောက်သွားကြောင်း ပြောပြလိုက်သည်။

"ဒါဆိုရင်တော့ နည်းနည်းစဉ်းစားစရာဖြစ်လာပြီ၊ မြစ်ကြီးနားက ကနေ့မနက်ပဲ အကြောင်းပြန်တယ်။ ဦးဝင်းထွတ်ဟာ ဂျပန်ခေတ်တုန်းက တောင်ပေါ်မှာ မဟာမိတ်တပ်တွေနဲ့အတူ ရှိခဲ့တယ်။ မဟာမိတ်တွေမြှုပ်ထားခဲ့တဲ့ ရတနာသိုက်တစ်ခုကို သူတစ်စွန်းတစ်စ သိတယ်။ အဲဒါကို သူစစ်ပြီးကတည်းက လိုက်ရှာနေတာပဲ။ အခုတော့ သူတွေ့သွားပြီလို့ ယူဆရတယ်"

"ကိုယ့်ကိုတော့ သူဘာမှ မပြောပါလား"

"သူက မောင်ရင့်ကို ဘာပြုလို့ ပြောရမှာလဲ၊ သူဘယ်သူ့ကိုမှ မပြောဘူး၊ ဒါပေမယ့် သူသိသွားပြီဆိုတာကို သိတဲ့လူတွေရှိတယ်၊ ဦးဝင်းထွတ်ကို သတ်ပစ်လိုက်တာလည်း ဒီလူတွေပဲ။ သူဇာ့ဝင်းထွတ်ကို သတ်ပစ်လိုက်တာလည်း အဲဒီလူတွေပဲ"

"ကြောက်စရာကြီးပါလား"

"လောကကြီးမှာ လောဘနဲ့ ပတ်သက်လာရင် သိပ်ပြီး ကြောက်စရာကောင်းတယ် သူငယ်ချင်း"



"ဆိုပါဦး၊ အဲဒီထဲမှာ မသူဇာက ဘယ်လိုပတ်သက်နေသလဲ"

"တို့လည်း အဲဒါ စုံစမ်းနေတာပဲ၊ ဦးဝင်းထွတ်တို့ သားအဖမှာ ရန်သူတွေ ရှိတယ်ဆိုတာတော့ တို့သိရပြီ။ သူတို့ဘာကို လိုချင်တယ်ဆိုတာလည်း တို့သိရပြီ။ သူတို့ ဘယ်သူတွေလဲဆိုတာပဲ တို့စုံစမ်းဖို့ ကျန်တော့တယ်"

"အခုထိတော့ ဘာမှမသိသေးဘူးပေါ့"

"ဘာမှ မသိသေးဘူးတော့ မဟုတ်ပါဘူး။ တို့သိထားတာတွေ ရှိပါတယ်။ ဒါပေမယ့် ပြောလို့မဖြစ်သေးဘူး။ အရေးယူလို့ မဖြစ်သေးဘူး"

ဇော်မင်းထွန်းသည် မသူဇာပျောက်ဆုံးကြောင်း လူပျောက်တိုင်ကြားပြီး ရဲစခန်းမှ ပြန်ခဲ့သည်။ ယမန်နေ့က သူဇာဝင်းထွတ်ပျောက်ကြောင်း တိုင်ကြားခဲ့ရသည်။

"သူငယ်ချင်းလည်း သတိထားနေဦး၊ မနက်ဖြန်ကျရင်တော့ မောင်ရင်ကိုယ်တိုင် ပျောက်ဖို့ပဲ ရှိတော့တယ်"

သူငယ်ချင်းလုံခြုံရေးမှူးက သူ့ကို ရယ်သလိုမောသလိုနှင့် သတိပေးလိုက်သည်။

အကယ်ပင်...

မိမိပါ ပျောက်ဆုံးသွားလျှင် အကောင်းသားဟု ဇော်မင်းထွန်း စိတ်ပေါက်ပေါက်နှင့် ကိုယ့်ကိုယ်ကို ကျိန်ဆဲနေမိသည်။

ယခုတော့...မိမိနှင့် မဖျော်လင့်ဘဲ ပတ်သက်လာကြသော အမျိုးသမီးနှစ်ယောက် တစ်ယောက်ပြီးတစ်ယောက် ပျောက်ဆုံးသွားကြသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

မြို့လယ်တစ်ဝိုက်၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် လေဟာပြင်ဈေး တစ်ဝိုက်၊ လေဆိပ်နှင့် သင်္ဘောဆိပ်တစ်ဝိုက်၊ ကားဂိတ်များနှင့် ဘူတာကြီးတစ်ဝိုက်…သူခွန်စိုက်အားစိုက် လိုက်လံရှာဖွေပါသော်လည်း မသူဇာ၏ အရိပ်အယောင်ကိုမျှ မတွေ့ရှိရပါချေ။

နောက်ဆုံးတွင် သူသည် နေဝင်ဖျိုးဖျအခါက် သီတာသင်္ဘောဖြင့် သန်လျင်သို့ ပြန်လည်လိုက်ပါလာခဲ့ရသည်။

နီဖျော့ဖျော့ နေရောင်သည် ရေပြင်ကျယ်တွင် ခုန်ပေါက်မြူးတူးလျက် ရှိသည်။ စင်ရော်ဖြူဖြူများသည် လှိုင်းငြိမ့်နေကြသည်။

သင်္ဘောလက်ရမ်းတွင် မှီလျက် မိန်းကလေးတစ်ယောက်၊ ယောကျ်ား လေးတစ်ယောက်၊ ပြုံးလျက်၊ ရယ်လျက်၊ မဲ့လျက်၊ ငြူစူလျက်။

ဇော်မင်းထွန်း၏ အတွေးသည် ပင့်ကူမျှင်ရက်ဖောက်လျက် ရှိသည်။ လွင့်ပျံပြေးလျက် ရှိသည်။ မိုးကုပ်စက်ဝိုင်းကို လှည့်ပတ်လျက်ရှိသည်။ နောက်ဆုံးတွင်ကား မသူဇာ၏ သနားစဖွယ်သော အလှတွင် အဆုံးသတ်သည်။ တည်ငြိမ်သောအလှတွင် နိဂုံးချုပ်သည်။

လွမ်းစေတီမှ ဆည်းလည်းသံကလေးနှင့်အတူ သူမ၏ ချိုလွင်သော အသံကလေးသည်လည်း နားထဲတွင် ဝဲပျံလျက်ရှိသည်။

မောင့်ကို အိပ်မက်ထဲမှာ ချစ်မယ်တဲ့…။

တကယ်တော့ မသူဇာသည် အိပ်မက်ထဲမှ မိန်းကလေးတစ်ယောက်



သာ ဖြစ်သည်။ သူသည် မိမိဘဝတွင်းသို့ ခေတ္တမျှသာ အလည်အပတ် သဘော ရောက်ရှိလာခြင်း ဖြစ်သည်။

မသူဇာရယ်…မှန်းပင်အောက်က လာလို့ပဲ ကိုယ့်ကို မှန်းသွားတာ လား။ မေ့ပင်အောက်က လာလို့ပဲ ကိုယ့်ကို မေ့သွားတာလား။

ဇော်မင်းထွန်းသည် အတွေးလှိုင်း လွန့်လူးသည်နှင့်အမျှ အသည်းမျှင် ကလေးများ နာကျင်လှဘိသည်။

မသူဇာရယ်…မင်းဘယ်အရပ်က လာမှန်းလည်း မသိရပါကလား ကွယ်။ မင်းဘယ်အရပ်ကို ပြန်မယ်မှန်းလည်း မသိရပါလားကွယ်။

အလည်လာတဲ့ မိန်းကလေးရယ်…မပြန်ဘဲနဲ့ နှင်းဆီမြိုင်မှာပဲ နေပါ လားကွယ်၊ မောင့်အသည်းမှာပဲ နိုနားပါလားကွယ်…။

ခုတော့ မင်းဟာ မောင့်အသည်းကို ခွဲခြမ်းလေ့လာရအောင် လာ သလားကွယ်။

ဇော်မင်းထွန်း၏ အတွေးလှိုင်းသည် မှုန်ရီမှိုင်းပျလျက် ရှိသည်။ နာကြည်း ရှိုက်မြေ့လျက်ရှိသည်။ အသည်းတွင် ဖြစ်ပေါ်သော တေးသည် အတွေးတွင် ရီးလေးခိုနေပါသည်။

"အစ်ကိုဇော် အစ်ကိုဇော်"

မိမိ၏ နားထဲတွင် အမျိုးသမီးတစ်ယောက်၏ အသံကို ကြားသဖြင့် ကြည့်လိုက်သောအခါ လှေကားထိပ်တွင် ရပ်နေသော မြသီတာကို ဇော် မင်းထွန်း တွေ့ရသည်။

အံ့ဩစရာကောင်းသည်က သူသည် သီတာသင်္ဘော၏ အထက်ဆုံး ထပ်တွင် တစ်ယောက်တည်း ရှိနေခြင်းပင်တည်း။ သင်္ဘောသည် သန်လျင် ဆိပ်ကမ်းတွင် ဆိုက်ကပ်လျက် ရှိချေပြီ ဖြစ်သည်။ သင်္ဘောဆိုက်သည် ကိုလည်း သူသတိမထားမိလိုက်ပါ။ လူတွေဆင်းသွားသည်ကိုလည်း သူ သတိမထားလိုက်မိပါ။

"မြသီတာ ဘယ်လိုလုပ်ပြီး သင်္ဘောပေါ် ရောက်လာတာလဲ၊ ရန်ကုန် က ပါခဲ့တာတော့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက လှေကားဆီသို့ လျှောက်သွားရင်း မေးသည်။

"မဟုတ်ပါဘူး အစ်ကိုဇော်...မြသီတာ လမ်းကြုံလို့ သင်္ဘောဆိပ်ကို ဝင်လာတာပါ။ သင်္ဘောကပ်တာနဲ့ အဆင်သင့်တွေ့လို့ အစ်ကိုဇော်များ ပါလာမလားဆိုပြီး ကားဆိပ်က စောင့်နေခဲ့တယ်၊ သူငယ်ချင်းတစ်ယောက်ကို အစ်ကိုဇော်များ မမြင်မိဘူးလားလို့ မေးတော့ သူကပါတယ်လို့ ပြောတယ်။ ဒါနဲ့ မြသီတာစောင့်နေတာ၊ လူတွေသာ ကုန်သွားရော၊ အစ်ကိုဇော် ပါမလာဘူး၊ ဒါနဲ့ မြသီတာသင်္ဘောပေါ် တက်ရှာရတာပဲ၊ အစ်ကိုဇော် ဘယ်လိုဖြစ်နေတာလဲ ..ဟင်"

သူတို့နှစ်ယောက် သင်္ဘောပေါ်မှ ဆင်းခဲ့ကြသည်။

"မပြောတတ်ပါဘူးညီမလေးရယ်...အစ်ကိုဇော်လည်း တောင်တွေးမြောက်တွေးနဲ့ တစ်လမ်းလုံး တွေးပြီး ပါလာတာပဲ။ သင်္ဘောပေါ်မှာဘယ်သူတွေပါလို့ ပါမှန်းလည်း သတိမထားခဲ့မိပါဘူး။ သင်္ဘောဆိုက်တာလည်း သတိမထားလိုက်မိဘူး"

"ဒါဖြင့် အစ်ကို မသူဇာကို ရန်ကုန်မှာ မတွေ့ခဲ့ဘူးပေါ့နော်"

"မတွေ့ဘူးညီမလေး. သူဘယ်သွားတယ်မသိဘူး၊ အမှန်တော့ ရန်ကုန်မှာ သူသွားစရာတစ်နေရာပဲ ရှိတယ်၊ အဲဒီနေရာကို သူမလာဘူး"

"အစ်ကိုဇော် မသိတဲ့ နေရာတွေ ရှိဦးမှာပေါ့"

သူဘာမျှမပြောဘဲ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

"အစ်ကိုဇော် မသူဇာကို သိပ်ချစ်သလား"

မမျှော်လင့်သော မေးခွန်းကြောင့် သူဖျတ်ခနဲ လှည့်ကြည့်သည်။ အမျိုးသမီး၏ မျက်နှာ လှုပ်ရှားနေသည်။ ထူးဆန်းသော အရောင်များပြေးလွှားနေသည်။

"ဘာဖြစ်လို့ မေးတာလဲ မြသီတာ"

"အို...ဘာပြုလို့မှ မဟုတ်ပါဘူး၊ အစ်ကို့ကိုကြည့်ရတာ ညီမလေးစိတ်မကောင်းလို့ပါ။ အစ်ကို့ကို ကြည့်ရတာ မသူဇာနဲ့ ပတ်သက်ပြီး အင်မတန် စိတ်ထိခိုက်နေတဲ့ ပုံသဏ္ဌာန်မျိုးပဲ"



သူက အမျိုးသမီးကို စိမ်းစိမ်းကြည့်သည်။

"မြသီတာ ဒီနားက အိမ်တစ်အိမ်ကို ဝင်လိုက်ဦးမယ်"

အမျိုးသမီးက ရုတ်တရက်ဆိုသလို လမ်းကြားကလေးတစ်ခုထဲသို့ ချိုးဝင်သွားသည်။ ဇော်မင်းထွန်းလမ်းလယ်တွင် ခေတ္တမျှ ရပ်ပြီး မြသီတာ၏ နောက်ကျောကို ငေးမောနေမိသည်။

ထို့နောက်တွင်မှ အနီးမှဖြတ်သွားသော မြင်းလှည်းတစ်စီးကို ရပ်တန့်ပြီး တက်လိုက်သည်။ မြင်းလှည်းသည် သူ၏ ရပ်ခန္ဓာကို သယ်ဆောင်သွားနေသော်လည်း သူ၏ စိတ်အစဉ်ကား သူ့ကိုယ်မှ ခွာတဲ့ပူးတဲ့ ဖြစ်သည်။

နှင်းဆီမြိုင်သို့ ရောက်သောအခါတွင်မှာ သူ့ကိုယ်နှင့်သူ သူ့ဝိညာဉ် ပြန်လည်ပေါင်းစည်းမိသွားသည်။

အိမ်တွင်းသို့ သူတိတ်ဆိတ်စွာ ဝင်ခဲ့သည်။

တင်တင်လတ်နှင့် တင်တင်လေး ဧည့်ခန်းတွင်ထိုင်ပြီး တစ်စုံတစ်ခုကို တိုးတိုးတိတ်တိတ် တိုင်ပင်နေကြဟန်ရှိသည်။ အခန်းဝတွင် မားမားမတ်မတ်ကြီး ပေါ်လာသော ဇော်မင်းထွန်းကို မြင်တွေ့လိုက်ရသောအခါ သူတို့ ထိတ်လန့်သွားကြသည်။

တင်တင်လေး ထိုင်ရာမှ ယောင်ယမ်းပြီး ထသည်။

တင်တင်လတ်က–

"ဗိုးဇော် ပြန်လာပလား"

"ဟုတ်ကဲ့.. "

"မသူဇာတွေ့လား"

သူခေါင်းခါသည်။ သူ ကုလားထိုင်တွင် ထိုင်သည်။ အဒေါ်နှစ်ယောက်၏ မျက်နှာကို အပြန်အလှန် ကြည့်နေသည်။ တင်တင်လေး ကုလားထိုင်တွင် ပြန်ထိုင်သည်။

"ကျွန်တော့်ဧည့်သည်တစ်ယောက် မလာဘူးလား"

"ဘယ်သူလဲ"

"မည်းမည်းတုတ်တုတ် ဝဝ ရှေ့သွားတွေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးနှစ်ယောက် မျက်နှာပျက်သွားကြသည်။ မျက်လုံးပြူးသွားကြသည်။ ပါးစပ်အဟောင်းသား ဖြစ်နေကြသည်။

"ဦးကျော်အောင်နဲ့ ဖိုးဇော် တွေ့ပြီးပြီပေါ့"

တင်တင်လတ် အန်ထွက်လာသည်။ ဇော်မင်းထွန်းက ခပ်တည်တည်ဖြင့် ခေါင်းညိတ်သည်။ မသူဇာ ရုတ်တရက် ပျောက်ဆုံးသွားရခြင်းသည် ဤရွှေသွားနှင့်လူနှင့် ပတ်သက်နေမည်လားဟု သူမြင်းလှည်းပေါ်တွင် စဉ်းစားလာခဲ့သည်။ မြသီတာနှင့် အဒေါ်နှစ်ယောက်၏ အရိပ်အကဲများကို ကြည့်ရခြင်းမှာလည်း တစ်စုံတစ်ခုတော့ တစ်စုံတစ်ခုဟု ခန့်မှန်းရခြင်းဖြစ်သည်။ ယင်းကြောင့် သူတစ်ချက်အောက်လိုက်ရာ လှို့ဝှက်မှု ပေါ်ထွက်လာသည်။ ဒင်းနာမည်က ကျော်အောင်တဲ့။

"သူဘယ်အချိန်က လာသလဲ"

"သူ ဖိုးဇော်ကို မပြောဘူးလား"

"သူပြောတာနဲ့ ဒေါ်ဒေါ်လတ်တို့ပြောတာနဲ့ တူမတူ တိုက်ကြည့်ချင်လို့ပါ။ သူပြောတာတွေကို ကျွန်တော်မယုံဘူး။ မနေ့ညနေကမှ မသူဇာတစ်ယောက်တည်း ခြံထဲမှာ လမ်းလျှောက်နေတုန်း မသူဇာကို ရန်မူဖို့ကြိုးစားတယ်။ မသူဇာ မြွေမြွေဆိုပြီး ပြေးလာတာ အမှန်တော့ မြွေမဟုတ်ဘူး၊ မြွေထက်ကြောက်စရာကောင်းတဲ့ ရွှေသွားကျော်အောင်ပဲ၊ အမှန်တော့ သူက မသူဇာတင်မကဘူး။ ကျွန်တော့်ကိုလည်း ရန်မူဖို့ပဲ"

"ဟင်...ဟင် သူစုံထောက် မဟုတ်လား"

တင်တင်လတ်က မျက်လုံးပြူး မျက်ဆန်ပြူး မေးသည်။

"ဘယ်က စုံထောက်ရမှာလဲ၊ သူက တကယ့်လူဆိုး၊ လူသတ်သမားပဲ။ မသူဇာတို့ အဖေဟာ ဂျပန်ခေတ်က တောင်ပေါ်မှာ မဟာမိတ်တွေ မြှုပ်ထားတဲ့ ရတနာသိုက်ရဲ့ အညွှန်းမြေပုံကို ရထားတယ်။ ရွှေသွားကျော်အောင်တို့ဟာ အဲဒီမြေပုံကို လိုချင်လို့ ဦးဝင်းထွတ်ကို သတ်ပစ်ခဲ့တယ်"

"ဘုရား...ဘုရား ကြောက်စရာပါလား"

"လူဆိုးတွေဟာ ဦးဝင်းထွတ်ဆီမှာ မြေပုံကို မတွေ့တော့ သူ့သမီးဆီမှာ ရှိရမယ်ဆိုပြီး သူ့သမီး သူဇာဝင်းထွတ်ကို ရန်ကုန်မှာ လိုက်ရှာပြီး မြေပုံတောင်းတယ်၊ မရတော့ သတ်ပစ်လိုက်တယ်"



ဇော်မင်းထွန်းက သူ၏ တွေးဆတည်ဆောက်ချက်များကို ပြောနေခြင်းဖြစ်သည်။

"သူဇာဝင်းထွတ်ကို သတ်တာ မသူဇာဆို၊ မသူဇာဟာ လူဆိုးဂိုဏ်းကဆို..."

တင်တင်လတ်က ထစ်ထစ်ငေါ့ငေါ့ဖြင့် မေးသည်။

"ရွှေသွားကျော်အောင် ပြောတာမဟုတ်လား"

တင်တင်လတ်က ခေါင်းညိတ်သည်။

"မသူဇာက လူဆိုးဂိုဏ်းက မဟုတ်ပါဘူး။ ဒေါ်ဒေါ်လတ်တို့နဲ့ တွေ့တဲ့ ရွှေသွားကျော်အောင်ကသာ လူဆိုးဂိုဏ်းကပါ"

"ဒါဖြင့် မသူဇာက ဘယ်သူလဲ"

"မသူဇာ ဘယ်သူလဲဆိုတာက တစ်ပိုင်းပါ။ ဖြစ်ဖို့များတာကတော့ သူဟာ သူဇာဝင်းထွတ်အသတ်ခံရတာကို မျက်စိအောက်မှာတွေ့လိုက်ရတော့ နှလုံးသွေးပျက်ပြီး အတိတ်ကို မေ့သွားတာလို့ ကျွန်တော်ထင်တယ်"

"မင်းကောင်မလေးကလည်း နောက်ကြောင်းမရှင်းပါဘူးကွယ်"

"နောက်ကြောင်းရှင်းတယ်မရှင်းတယ်ဆိုတာက တစ်ခါတလေ ကာယကံရှင်နဲ့ ဘာမှမပတ်သက်ပါဘူး။ ကျွန်တော်တို့ စကားပုံတွေ ရှိတယ် မဟုတ်လား၊ အကျိုးလိုလို့ ညောင်ရေလောင်း ပတ်ထမ်းနဲ့တွေ့တယ်၊ ဆွမ်းခံရင်း ငှက်သင့်တယ်"

"သူ့နောက်ကြောင်းရှင်းရင် ဘာပြုလို့ ထွက်ပြေးသွားတာလဲ"

"မသူဇာဟာ သူ့အတိတ်ကို သူမသိဘူးဒေါ်ဒေါ်၊ လူတစ်ယောက်က မသူဇာဟာ သူ့မိန်းမပါဆိုရင်လည်း မငြင်းနိုင်ဘူး၊ သူဟာ လူသတ်သမားပါဆိုရင်လည်း သူမငြင်းနိုင်ဘူး။ သူဇာဝင်းထွတ်အသတ်ခံရတဲ့နေရာမှာ သူရှိခဲ့တယ်။ သူဇာဝင်းထွတ်ရဲ့ လက်ကိုင်အိတ် သူ့လက်မှာရောက်နေပြီး သူ့ကိုယ်သူ ကျွန်တော့်ဇနီးမှတ်ပြီး သူဒီကို ရောက်ခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ဒီအကြောင်းတွေ တို့ကိုမှ ပြောပြမထားဘဲကိုး"

"ကျွန်တော်မပြောခဲ့တာကတော့ ဒေါ်ဒေါ်လတ်တို့ ခေါင်းမရှုပ်စေချင်လို့ပါပဲ။ ဒါပေမယ့် ဒေါ်ဒေါ်လတ်တို့က ရွှေသွားကျော်အောင်နဲ့ ပတ်သက်တဲ့ကိစ္စကို ကျွန်တော့်ကို ပြောပြသင့်တယ်။ ဒါမှ ကျွန်တော်ဘာလုပ်ရမလဲဆိုတာ ဆုံးဖြတ်နိုင်တော့မှာပေါ့"

"သူက မင်းကို မပြောပါနဲ့တဲ့၊ မင်းမသိရင် ကောင်းမယ်တဲ့၊ တို့ကလည်း သူ့ကို စုံထောက်အရာရှိလို့ ယုံတာကိုး"

"ဒေါ်ဒေါ်လတ်တို့ပဲ စဉ်းစားကြည့်ပါ၊ သူဟာ တာဝန်ရှိတဲ့ စုံထောက်တစ်ယောက်ဆိုရင် ကျွန်တော့်ကို အရင်ဆုံးတွေ့မှာပေါ့။ ကျွန်တော့်ကို သူတို့မေးစရာ စမ်းစရာတွေ အများကြီးပဲ။ ကျွန်တော်နဲ့တွေ့ပြီးမှ မသူဇာကို သူတို့ မေးတော့မြန်းတော့မှာပေါ့"

"တို့များရဲ့ စေတနာကတော့ မင်းကို ဒီအရှုပ်အထွေးထဲမှာ မပါစေချင်တာပဲ၊ နောက်ပြီး မင်းနဲ့ နောက်ကြောင်းမရှင်းတဲ့ မသူဇာနဲ့လည်း ကင်းကင်းရှင်းရှင်း ဖြစ်သွားစေချင်တယ်။ ဒါမှ မင်းအတွက် ဘေးကင်းရန်ကင်းဖြစ်မှာ မဟုတ်လား"

"ဘယ်ဟုတ်မလဲ ဒေါ်ဒေါ်၊ အခုမှ သူတို့က ကျွန်တော့်ကို ရန်ရှာကြမှာ"

"ဟင်...ဘာပြုလို့လဲ"

"သူတို့က ရတနာမြေပုံကို ဦးဝင်းထွတ်ဆီမှာလည်း မတွေ့ဘူး၊ သူ့သမီးဆီမှာလည်း မတွေ့ဘူးဆိုရင် ကျွန်တော့်ဘက်ကို မြားဦးလှည့်လာတော့မှာပေါ့"

"ဒုက္ခပါပဲ...တို့ဘယ်လိုလုပ်ရမလဲ"

တင်တင်လတ် တူ့အတွက် စိုးရိမ်ပူပန်သွားဟန် ရှိသည်။

"ရွှေသွားကျော်အောင်တို့လက်ကို မသူဇာပါမသွားသေးပါဘူးနော်"

တင်တင်လတ် ခေါင်းခါသည်။

"သူထွက်ပြေးသွားတာ အမှန်ပါပဲ။ ဦးကျော်အောင်တို့ဟာ အခုထက်



ထိ သူ့ကို ရှာမတွေ့ကြသေးပါဘူး၊ ညနေကပဲ မသူဇာ ပြန်လာသလားဆိုပြီး ဦးကျော်အောင် လာမေးသေးတယ်"

ဇော်မင်းထွန်း မျက်မှောင်ကြုတ်လိုက်ပြီး

"ကဲ...ရွှေသွားကျော်အောင်နဲ့ ဒေါ်ဒေါ်လတ်တို့ ဘယ်လိုပတ်သက်သွားကြတယ်ဆိုတာ ကျွန်တော့်ကို အစအဆုံး ရှင်းပြစမ်းပါဦး"

တင်တင်လတ် သက်ပြင်းချလိုက်ပြီး ဇာတ်လမ်းကိုစသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

နောက်တစ်နေ့ နံနက်ကော်ဖီသောက်အပြီး ဇော်မင်းထွန်း ရန်ကုန်သွားရန် သဘော်ဆင်းမည်ပြုစဉ် နှင်းဆီမြိုင်သို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာသည်။

ထိုအမျိုးသမီးရောက်လာစဉ်တွင် ဧည့်ခန်းတွင်းရှိ ဇော်မင်းထွန်းအပြင် တင်တင်လတ်၊ တင်တင်လေး၊ ဒေါ်နှင်းစိန်နှင့် မြသီတာတို့ ရှိနေကြသည်။ မြသီတာသည် သူမကြောင့် မသူဇာပျောက်ဆုံးသွားရသည့်အတွက် အထူးပင် စိတ်မကောင်းဖြစ်နေသည်။ ဇော်မင်းထွန်းကို အကြိမ်ကြိမ်တောင်းပန်လျက်ရှိသည်။ တင်တင်လတ်ကလည်း ကျော်အောင်၏ အကြံပေးချက်အရ နွားနို့ထဲတွင် အိပ်ဆေးခပ်ခဲ့မိသည့်အတွက် ရာဇဝတ်မှုကြီးတစ်ခုကို ကျူးလွန်မိသည့်အလား ယူကြုံးမရ ရှိနေသည်။ တင်တင်လေးမှာမူ မသူဇာထွက်ပြေးစဉ်က မေ့ကျန်ရစ်သော လက်ဆွဲအိတ်ကို မသူဇာယူသွားဟန်ဖြစ်အောင် ဝှက်ထားမိခဲ့သည့်တွက် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင်ဘဲ ဖြစ်နေသည်။ ယင်းအတွက် ဇော်မင်းထွန်းက သူတို့ကို ပြန်လည်နှစ်သိမ့်နေရသည့်အတွက် အနည်းငယ် အချိန်ဖင့်နွှဲသွားရခြင်း ဖြစ်သည်။

"ကိုဇော်မင်းထွန်း ရှိပါသလားရှင်"

သည်တော့မှ တံခါးပေါက်တွင် သူစိမ်းတစ်ယောက် ရောက်ရှိနေကြောင်း သူတို့ သိရှိကြရသည်။ အမျိုးသမီးမှာ အသက် ၃၀ ဝန်းကျင်ဖြစ်သည်။



"ကျွန်တော်ပါပဲ၊ ဘာကိစ္စရှိလို့ပါလဲ"

ဇော်မင်းထွန်းက ထိုင်ရာမှ ထပြီး ပြောလိုက်သည်။ အမျိုးသမီးက အခန်းတွင်းသို့ ဝင်လာသည်။ သူမ၏လက်ထဲတွင် အထုပ်ကလေးတစ်ထုပ်ပါရှိသည်။ သူမက အခန်းတွင်းမှလူများကို အကဲခတ်သည့်အနေဖြင့် ကြည့်နေသဖြင့်

"ဒါ ကျွန်တော်တို့ အိမ်သားတွေချည်းပါပဲ၊ ပြောစရာရှိတာကို ပြောနိုင်ပါတယ်၊ ထိုင်ပါဦး"

အမျိုးသမီးက ကုလားထိုင်တွင် ထိုင်သည်။ လက်ထဲမှ အထုပ်ကို စားပွဲပေါ်တွင် တင်လိုက်သည်။ လက်ကိုင်ပဝါဖြင့် ထုပ်ထားသော အထုပ်ကလေး ဖြစ်သည်။ အမျိုးသမီးက အထုပ်ကို တဖြည်းဖြည်းချင်း ဖြေနေသည်။ အားလုံးကပင် သူမ၏ လှုပ်ရှားမှုကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

နောက်ဆုံးတွင် အထုပ်ထဲမှ ပစ္စည်းကို သူတို့မြင်တွေ့ကြရသည်။ အားလုံးပင် ပါးစပ်အဟောင်းသားနှင့် အံ့သြသွားကြရသည်။

"ပတ္တမြားဘယက်"

တင်တင်လတ်က အသံတုန်တုန်ဖြင့် ရွတ်ဆိုလိုက်သည်။ အမျိုးသမီးက ခေါင်းညိတ်သည်။

"အစ်မကြီး ဘယ်က ရသလဲ"

ဇော်မင်းထွန်းက မေးသည်။

"မသူဇာက အပ်နိုင်းတာပါ၊ ကိုဇော်မင်းထွန်းကို သူစာတစ်စောင်လည်း ပေးလိုက်ပါသေးတယ်"

အစ်ကိုဇော်...

မသူဇာကို စာနာမှု အပြည့်အဝနဲ့ ကူညီစောင့်ရှောက်ခဲ့တဲ့အတွက် အစ်ကိုဇော်ရဲ့ ကျေးဇူးကို မသူဇာတစ်သက် မမေ့ပါဘူး။ အစ်ကို ဇော်ကို အသိမပေးဘဲ တိတ်တဆိတ် ထွက်သွားရတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



လည်း မသူဇာ တောင်းပန်ပါတယ်။

ဒေါ်ဒေါ်လတ်၊ ဒေါ်ဒေါ်လေး၊ ကြီးကြီးစိန်နှင့် မြသီတာတို့ကိုလည်း မသူဇာကျေးဇူးတင်ကြောင်း ပြောပြပါ။

အစ်ကိုဇော်ရဲ့ ချစ်ဇနီးအတွက် ရည်ရွယ်ထားတဲ့ ပတ္တမြားဘယက် ကလေးကို ပြန်ပို့လိုက်ပါတယ်။

တစ်နေ့နေ့မှာ ပြန်လည်ဆုံတွေ့ပါလိမ့်မယ်လို့ မသူဇာ မျှော်လင့်ပါတယ်။

မသူဇာ

ဇော်မင်းထွန်း၏ ဘေးတွင် ထိုင်နေသော မြသီတာသည် စာကို ဇော်မင်းထွန်းနှင့် အတူဖတ်၍ ပြီးသွားသည်။ တင်တင်လတ်တို့ကမူ မည်သည့် အကြောင်းအရာနည်းဟု လှမ်းကြည့်နေသဖြင့် ဇော်မင်းထွန်းက စာကို ကမ်းပေးလိုက်သည်။ အမျိုးသမီးကြီးသုံးယောက် စာကို စိတ်အားထက်သန်စွာ ဖတ်နေကြသည်။

ဇော်မင်းထွန်းက ပတ္တမြားဘယက်ကို သူ၏ လက်ဖဝါးပေါ်တွင် တင်ထားပြီး ရူးစိုက်ကာ ကြည့်နေသည်။ ထို့နောက်

"သူ…အခု ဘယ်မှာလဲ"

"သူမရှိတော့ပါဘူး၊ ကျွန်မတို့တားတဲ့ကြားကပဲ သူ့ကိစ္စရှိသေးတယ်ဆိုပြီး ရန်ကုန်သွားပါပြီ"

"ရန်ကုန်သွားပြီဟုတ်လား၊ ဘယ်တုန်းကလဲ"

"ကနေ့မနက်ပဲ ကျွန်မသူ့ကို သင်္ဘောဆိပ်ကို လိုက်ပို့ပြီး သင်္ဘောထွက်မှ ကိုဇော်မင်းထွန်းဆီ လာခဲ့တာပါ"

ဇော်မင်းထွန်းက လက်မှ နာရီကို ကြည့်လိုက်ပြီး

"သူ…ရန်ကုန် ဘယ်သွားမယ်ပြောသလဲ"

"ဘာမှမပြောပါဘူး"

"သူအစ်မကြီးတို့ဆီ ဘယ်လိုရောက်လာပြီး သူဘယ်လိုဖြစ်တယ်ဆို



တာ တစ်ဆိတ် ကျွန်တော့်ကိုပြောပြပါလားခင်ဗျာ"

ဇော်မင်းထွန်းက တောင်းပန်လိုက်သည်။

"ကျွန်မနာမည်က ထွေးထွေးပါ။ ကျွန်မခင်ပွန်းက ဖန်ချက်စက်ရုံမှာ လုပ်ပါတယ်။ ညဘက်တာဝန်ကျပါတယ်။ တစ်နေ့ညက ကျွန်မခင်ပွန်းပြန်အလာကို စောင့်နေတုန်း မသူဇာ ရောက်လာပါတယ်။ သူ့နောက်က လူဆိုးတစ်ယောက် ပါလာပါတယ်။ လူဆိုးက အမျိုးမျိုး လှည့်ဖြားခြိမ်းခြောက်ပေမယ့် ကျွန်မသူ့ကို လုံခြုံအောင် ဝှက်ထားခဲ့ပါတယ်။ သူဟာ လူကောင်းတစ်ယောက် ဒုက္ခရောက်နေတဲ့ အမျိုးသမီးတစ်ယောက်ဆိုတာ သိတာနဲ့ ကျွန်မကို လင်မယားက သူ့ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားခဲ့ပါတယ်။ မနေ့ကတည်းက သူရန်ကုန်သွားမလို့ပဲ။ သူ့နောက်ကို လိုက်နေတဲ့ လူတွေက ကျွန်မတို့အိမ်နားတစ်ဝိုက်နဲ့ သင်္ဘောဆိပ်တစ်ဝိုက်မှာ ခြေချင်းလိမ်နေတာနဲ့ သူမသွားနိုင်ခဲ့ဘူး။ ကနေ့မနက်မှ သွားရပါတယ်။ ဒါတောင် ကျွန်မတို့က သူ့ကို တစ်ပတ်တန်သည်၊ တစ်လတန်သည် ကျွန်မတို့အိမ်မှာ နေဖို့ ပြောပါသေးတယ်။ သူက ကိစ္စရှိသေးတယ်ဆိုပြီး သွားတာပါ"

"သူ့နောက်ကို လိုက်နေတဲ့ လူဆိုးတွေဟာ ဘယ်သူဆိုတာ ပြောသေးလား"

"တစ်နေ့ညက သူ့နောက်ကို လိုက်လာတဲ့ လူကတော့ ရွှေသွားကျော်အောင်တဲ့၊ တခြားလူတွေကိုတော့ သူလည်း မသိပါဘူး"

"ကျွန်တော်တို့အကြောင်းကော သူဘာပြောသလဲ"

"ကိုဇော်မင်းထွန်းတို့လူစုဟာ သူ့အပေါ်မှာ အင်မတန် ကောင်းပါတယ်တဲ့၊ ကျွန်မတို့လိုပဲ သူ့ကို ကူညီခဲ့ကြပါတယ်တဲ့၊ ဒါပေမယ့် ရွှေသွားကျော်အောင်ရဲ့ ရန်ရှိလို့ ကိုဇော်မင်းထွန်းတို့ဆီကို သူပြန်သွားလို့ မဖြစ်ပါဘူးတဲ့"

ဇော်မင်းထွန်းက တင်တင်လတ်နှင့် မြသီတာတို့၏ မျက်နှာကို ကြည့်လိုက်သည်။ သူတို့က သူ့မျက်လုံးကို ရင်မဆိုင်ဘဲ မျက်နှာလွှဲလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ ရန်ကုန်ကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ သွားတာပေါ့"

"သူ့မှာ လက်ကိုင်အိတ်တစ်ခု ပါပါတယ်။ သူ့မှာ ပိုက်ဆံအိတ်အထိုက် အလျောက် ပါပုံရပါတယ်"

"မထွေးထွေး အခုလို ကူညီတာ အများကြီး ကျေးဇူးတင်ပါတယ်"

"ကိစ္စမရှိပါဘူးရှင်"

"ကဲ...သွားကြစို့၊ ကျွန်တော်လည်း ရန်ကုန်သွားမလို့ပဲ၊ ရန်ကုန်ကျရင် သူနဲ့ကျွန်တော် တွေ့ကြမှာပါပဲ၊ မထွေးထွေးတို့ဆီကို ကျွန်တော်တို့ နောက်မှ အေးအေးဆေးဆေး လာပါဦးမယ်။ မထွေးထွေးရဲ့ ခင်ပွန်းကိုလည်း ကျွန်တော်တို့က ကျေးဇူးတင်ကြောင်း ပြောပြပါ"

ဇော်မင်းထွန်းသည် ပတ္တမြားဘယက်ကို တင်တင်လတ်လက်သို့ ပေးခဲ့ပြီး မထွေးထွေးလည်း သူနှင့်အတူ သူမ၏အိမ်အထိ လိုက်လာခဲ့သည်။

သင်္ဘောဆိပ်သို့ ရောက်သောအခါ သင်္ဘောထွက်တော့မည့်ဆဲဆဲဖြစ်သဖြင့် ဇော်မင်းထွန်းသင်္ဘောပေါ်သို့ အပြေးအလွှားတက်ခဲ့ရသည်။ သင်္ဘောပေါ်တွင် သူတို့ပြောသည့် ရွှေသွားကျော်အောင်နှင့် သူ့အပေါင်းအဖော်များ ပါမပါကို ဇော်မင်းထွန်း သတိထားပြီး ကြည့်သည်။ ရွှေသွားနှင့်လူလည်း တစ်ယောက်မှ မတွေ့ရပါ။ မသက်ာဖွယ်ရာလူလည်း တစ်ယောက်မျှ မတွေ့ရှိရပါ။

သူနှင့် မသူဇာသည် သင်္ဘောတစ်ခေါက်သာ ကွာသဖြင့် ရန်ကုန်သို့ နာရီခြား ရောက်ရှိကြခြင်း ဖြစ်သည်။ မိမိနှင့် တစ်နာရီမျှသာ စောပြီး ရောက်ရှိသော မသူဇာကို ရှာဖွေတွေ့ရှိလိမ့်မည်ဟု ဇော်မင်းထွန်း ယုံကြည်ယူဆထားသည်။ ရန်ကုန်ဘက်ကမ်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် သူ့မျက်လုံးကို လင်းယုန်ကဲ့သို့ လျှင်စေပါသည်။

ပထမဆုံး သူသွားမည့်နေရာမှာ ပုဇွန်တောင်စကားဝါလမ်းရှိ ဆရာမ တင်တင်အေး၏ အိမ်ပင်ဖြစ်သည်။ မသူဇာသည် ရန်ကုန်သို့ ရောက်လျှင် ဤအိမ်သို့သာ သွားရမည်ဟု သူတွက်ဆခဲ့သည်။



သူထင်သည့်အတိုင်းလည်း မှန်ပေသည်။ မသူဇာသည် စကားဝါလမ်း အိမ်သို့ လာရောက်ခဲ့ပေသည်။

သို့သော် မသူဇာရောက်ရှိသည့်အချိန်တွင် ဆရာမအိမ်တွင် မရှိချေ။ အိမ်သားများက ခဏစောင့်ရန် ပြောသော်လည်း သူမက နောက်မှပြန်လာမည်ဆိုပြီး ထွက်သွားသည်။

မသူဇာ ထွက်သွားပြီး ၁၅မိနစ်ခန့် အကြာတွင် ဆရာမတင်တင်အေး ပြန်လည်ရောက်ရှိလာသည်။ မသူဇာလာသွားကြောင်း အိမ်ကပြောသဖြင့် အနီးဝန်းကျင်နှင့် ကားမှတ်တိုင်များသို့ လိုက်လံရှာဖွေသည်။ သို့သော် မတွေ့ရှိပါချေ။

ဇော်မင်းထွန်း ရောက်သွားသည့်အချိန်တွင် ဆရာမသည် မသူဇာကို ရှာဖွေရာမှ ပြန်ရောက်ခါစ ဖြစ်သည်။ ဆရာမတင်တင်အေးက မသူဇာ မုချပြန်လာမည်ဖြစ်ကြောင်း ဇော်မင်းထွန်းကို သူမ၏အိမ်မှပင် စောင့်ဆိုင်းရန် ပြောသည်။

ဆရာမထံသို့ မသူဇာပြန်လာလျှင် ဆရာမက သူ့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သဖြင့် ဇော်မင်းထွန်းသည် ငုတ်တုတ်ထိုင်စောင့်နေမည့်အစား လိုက်လံရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

ဆူးလေဘုရားလမ်းတစ်ပိုက်နှင့် မိုလ်ချုပ်အောင်ဆန်းဈေးတစ်ဝိုက်တွင် မသူဇာကို ရှာဖွေတွေ့ရှိခြင်းမရှိသောအခါ ဇော်မင်းထွန်းသည် ရဲစခန်းသို့ သွားရောက်ပြီး ရွှေသွားကျော်အောင် လာရောက်သည့်အကြောင်း၊ မသူဇာ ထွက်သွားသည့်အကြောင်းများကို ပြောကြားလိုက်သည်။ လုံခြုံရေးမှူးကလည်း ဤအမှုသည် အရေးကြီးသဖြင့် ရဲအဖွဲ့က အပြင်းအထန် စုံစမ်း အရေးယူနေကြောင်း မကြာမီ အမှုပေါ်ပြီး တရားခံများကို ဖမ်းမိတော့မည့်အကြောင်း ပြောလိုက်သည်။

ဇော်မင်းထွန်းသည် ရဲစခန်းမှ ထွက်လာပြီးနောက် မသူဇာကို မည်သည့်နေရာတွင် လိုက်လံရှာဖွေရမည်နည်းဟု စဉ်းစားသည်။ လေဆိပ်

www.burmeseclassic.com

www.burmeseclassic.com



သို့ သွားရမည်လား။ သဘော်ဆိပ်သို့ သွားရမည်လား၊ ဘူတာသို့ သွားရမည်လား၊ သို့တည်းမဟုတ် ဆရာမတင်တင်အေးထံသို့ ပြန်ရမည်လား ဝေခွဲမရဖြစ်နေသည်။

နောက်ဆုံးတွင် အာလကပ္ပအိမ်ကြီးသို့ သွားရောက်ရန် ရုတ်တရက် ဆုံးဖြတ်လိုက်မိသည်။

× × ×

## အခန်း(၂၅)

အဘယ့်ကြောင့် အာလကပ္ပအိမ်ကြီးသို့ ရုတ်တရက် သွားရောက်ရန် စိတ်ကူးပေါက်မိကြောင်းကို ဇော်မင်းထွန်း စဉ်းစား၍ မရပါချေ။ တကယ်တော့ အာလကပ္ပအိမ်ကြီးသို့ သွားရောက်ရန် ဘာအကြောင်းမျှ မရှိပါချေ။ အာလကပ္ပအိမ်ကြီးတွင် ဘာမျှလည်း မရှိနိုင်ပါချေ။ သို့သော် သူသည် အာလကပ္ပအိမ်ကြီးသို့ သွားရောက်ရန် စိတ်ကူးပေါက်မိပြီး စိတ်ကူးပေါက်သည့်အတိုင်းလည်း သုံးဘီးကားတစ်စင်းဖြင့် သွားရောက်ပါသည်။

အာလကပ္ပအိမ်ကြီးက သူ့ကို ညို့ယူဖမ်းစားနေသောကြောင့်ပင် ဖြစ်ပါလိမ့်မည်။ ဤအိမ်ကြီးမှာ ဇာတ်စခဲ့ပြီး ဤအိမ်ကြီးမှာပင် ဇာတ်ဆုံးလိမ့်မည်ဟု သူ့စိတ်ထဲတွင် ထင်မှတ်နေမိပါသည်။

သုံးဘီးကားသမားက လမ်းထဲတွင်း မဝင်လိုဟု ဆိုသဖြင့် သူသည် လမ်းမကြီးပေါ်မှာပင် ဆင်းရပြီး လမ်းအတွင်းသို့ ကုန်းကြောင်းလျှောက်ဝင်ခဲ့ရသည်။ ပထမအကြိမ်ကဲ့သို့ပင် လမ်းသည်လည်းကောင်း၊ လမ်းဘေးဝင်းခြံသည်လည်းကောင်း လူသူအရိပ်အခြေ ကင်းမဲ့လျက် ရှိသည်။

ခြံဝင်းထဲတွင်မူ ဆိတ်သုံးလေးကောင် မြက်စားနေသည်။ ဇော်မင်းထွန်းသည် တိုက်ရှေ့တွင် ခေတ္တမျှရပ်ပြီး တိုက်ကြီးကို အပြင်ဘက်မှ တစ်ပတ်ပတ်ကြည့်ရလျှင် ကောင်းမည်လားဟု စဉ်းစားနေသည်။ ထိုစဉ် သူ့မျက်လုံးများသည် ရှေ့တံခါးမကြီးအနီးရှိ သမံတလင်းပေါ်သို့ ကျရောက်နေသော အရာဝတ္ထုတစ်ခုပေါ်သို့ ကျရောက်သွားသည်။ အုတ်လှေကား

www.burmeseclassic.com

www.burmeseclassic.com



သုံးထစ်ကို ခပ်မြန်မြန်တက်ပြီး တံခါးမကြီးဆီသို့ လျှောက်သွားသည်။ အဝေးမှ လှမ်းမြင်ရသော အရာကို သေသေချာချာငုံ့ကြည့်သည်။ ထို့နောက် ညာဘက်လက်ဖြင့် အသာကောက်ကြည့်သည်။

ဖော့ပတ်အဝါ အစီခံစီးကရက်တိုဖြစ်သည်။ အတော်ကြီး လတ်ဆတ်နေသဖြင့် မကြာမီကမှ လွှင့်ပစ်ထားပုံရသည်။ သူ၏ လက်မနှင့် လက်ညှိုးသည်ပင် နွေးနွေးကလေး ပူနေသည်။ အစီရင်ခံထိပ်ရှိ စာတန်းကို ဖတ်ကြည့်သောအခါ ဒန်းဟီးနိုင်ငံခြားစီးကရက်ဖြစ်နေကြောင်း တွေ့ရသည်။ သူက အခန်းဝမှနေ၍ ဧည့်ခန်းတွင်းသို့ လှမ်းမျှော်ပြီး ကြည့်လိုက်သည်။ လူတစ်စုံတစ်ယောက်မျှ မရှိဘဲ အခန်း၏ အနေအထားမှာ တစ်နေ့က သူတို့လာစဉ်ကအတိုင်းပင် ဖြစ်သည်။ ကျွမ်းထိုးနေသော ကုလားထိုင်နှစ်လုံး၊ စွေစောင်းစောင်း စားပွဲကြီးတစ်လုံး၊ တံခါးမရှိသော အဝတ်ဗီရိုတစ်လုံး။

ဇော်မင်းထွန်း သတိထားပြီး အခန်းအတွင်းသို့ ဝင်သွားသည်။ သို့သော် သူနောက်ကျချေပြီ။ သူအခန်းအတွင်းသို့ သုံးလေးလှမ်းမျှ ဝင်မိသည်ဆိုလျှင်ပင် သူ့နောက်တွင် လူတစ်ယောက်ရပ်နေကြောင်း သတိထားလိုက်မိသည်။ ထိုလူသည် တံခါးအနီးတွင် ကပ်နေပြီး သူအထဲသို့ ဝင်သွားသောအခါတွင်မှ အပြင်သို့ တစ်လှမ်းထွက်လာပြီး ရပ်လိုက်ခြင်း ဖြစ်သည်။

မိမိသတိထားသည့်ကြားကပင် ရန်သူလက်ဦးချေပြီဟု ဇော်မင်းထွန်း မကျေမနပ်ဖြစ်မိသည်။ သူက ရန်သူကို ရင်ဆိုင်ရန် ချာခနဲ လှည့်လိုက်သောအခါ မှုန်ကုပ်ကုပ် ဂျစ်ကန်ကန် လူဆိုးတစ်ယောက်ကို မတွေ့ရဘဲ မထိတရိကလေး ပြုံးနေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

ဖြုန်းခနဲမှု မသူဇာလား၊ သူဇာဝင်းထွတ်လားဟု ထင်ရသည်။ သို့သော် ခဏချင်းမှာပင် သူတို့နှစ်ယောက်နှင့် လုံးဝမတူကြောင်း တွေ့ရသည်။ ယခုအမျိုးသမီးက အဆစ်အပေါက်ပိုမိုကြီးမားပြီး ထုကြီးထည်ကြီးထဲက ဖြစ်သည်။ သူမ၏ အလှသည် ယောကျ်ားတွေကို ပူလောင်ဆာမွတ်စေသောအလှဖြစ်သည်။



မရွှေချောက လက်မောင်းတစ်ဖက်တွင် လက်ကိုင်အိတ်ကို ချိတ်ပြီး လက်နှစ်ဖက်ပိုက်ထားသည်။ မျက်နှာတွင် ဆင်္ဒဂံနေကာမျက်မှန်ကို တပ်ထားသည်။ လက်ကိုင်အိတ်က မသူဇာ၏ လက်ကိုင်အိတ်မျိုးပင် ဖြစ်သည်။ အရောင်အသွေးလည်း တူညီသည်။

ဇော်မင်းထွန်းက လက်ထဲမှ စီးကရက်တိုကိုတစ်လှည့် မရွှေချောကို တစ်လှည့် ကြည့်နေသည်။

“ကိုဇော်မင်းထွန်းက ဆေးလိပ်သောက်ချင်လို့လား”

အမျိုးသမီးက လက်ကိုင်အိတ်ကိုဖွင့်ပြီး နီညိုရောင်ကရက်ဘူးနှင့် ရွှေရောင်ဓာတ်ငွေ့မီးခြစ်အရှည်လေးကို ထုတ်ပြီး သူ့ဆီသို့ လက်တစ်ဖက်ဆန့်တန်းသည်။

“နေပါဦး...အမိက ဘယ်သူလဲ၊ ကျုပ်နာမည် ဘယ်လိုလုပ်ပြီးသိတာလဲ”

“ဩော်...ဇော်မင်းထွန်းက ကျွန်မကို မမှတ်မိဘဲကိုး။ မသူဇာသာ အတိတ်မေ့ရောဂါ ဖြစ်နေတယ်အောင့်မေ့တယ်၊ ကိုဇော်မင်းထွန်းလည်း အတိတ်မေ့ရောဂါဖြစ်နေတာကိုး။ ဟဲ...ဟဲ...ဟဲ သေသေချာချာလည်း မျက်လုံးကလေး ဘာလေးပွတ်ပြီး ကြည့်ပါဦး”

အမျိုးသမီးက စီးကရက်ဘူးနှင့် မီးခြစ်ကို လက်ဆွဲအိတ်ထဲ ပြန်ထည့်ထားလိုက်ပြီး ယင်းလက်ဖြင့်ပင် မျက်နှာမှ နေကာမျက်မှန်ကို ဖြုတ်လိုက်သည်။

“သင်းသင်း...”

ဇော်မင်းထွန်းက ယခုမှ မှတ်မိသွားသည့်အလား နာမည်ကို ခေါ်ကြည့်နေသည်။

“ဟုတ်ပါတယ်ရှင်...သင်းသင်းပါပဲ။ နွားညိုပန်းရနံ့ကလေးသင်းထယ်ဆိုတဲ့ ကျွန်မသင်းသင်းပါပဲရှင်”

အမျိုးသမီးက မျက်လုံးများကို ဝင့်ကာဝင့်ကာ ကစားရင်း ထေ့ထေ့ငေါ့ငေါ့ကလေး ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုတုန်းက သင်းသင်းက အခုလိုလည်း မဟုတ်ဘူးမဟုတ်လား။ ကချင်မကလေးလို ဝတ်ထားတာမဟုတ်လား၊ နောက်ပြီး သင်းသင်းကို ဒီမှာ အခုလို တွေ့ရလိမ့်မယ်လို့လည်း ကျွန်တော်လုံးဝမျှော်လင့်မထားခဲ့ဘူး"

ဟုတ်ပါသည်။ သူ သင်းသင်းကို တွေ့ခဲ့သည်မှာ တောင်ပေါ်တွင် ဖြစ်ပါသည်။ ဝွမ်ရောင်တွင် ယခုနှစ် ကောက်သစ်စားပွဲကျင်းပစဉ်က ဖြစ်သည်။ ကြယ်ရောင် လရောင်ဖွေးနေသော ညအေးအေးတွင် သူတို့ မီးပုံကြီးဘေးတွင် ငါးကလေးတွေလို၊ လိပ်ပြာကလေးတွေလို ကကြပါသည်။ မော တော့ ခေါင်ရေသောက်ကြပါသည်။ ပြီးတော့ သီချင်းဆိုကြသည်။ ပြီးတော့ တစ်ဖန် ကကြပြန်ပါသည်။

ဇော်မင်းထွန်းသည် ထိုညက တော်တော်ကလေးလည်း ကလိုက်သည်။ တော်တော်လေးလည်း မူးနေသည်။ ယင်းအချိန်ဝယ် လှပသော ကချင်မလေးတစ်ဦးနှင့် သိကျွမ်းရသည်။ သို့သော် သူနှင့် အဆွေခင်ပွန်းဖြစ်ရသော ကချင်မကလေးမှာ အမှန်တော့ ကချင်မဟုတ်ပါပေ။ ကုန်ဝယ်အဖွဲ့တစ်ဖွဲ့မှ မြန်မာအမျိုးသမီး စစ်စစ်ကလေးတစ်ဦးသာ ဖြစ်ပါသည်။ သူတို့အဖွဲ့သည် ဝွမ်ရောင်ဒေသတွင် တစ်လခန့်နေထိုင်ကာ ရွှေ၊ ဘိန်း၊ ကတိုးနှင့် မချစ်ဥများ လှည့်လည်ဝယ်ယူပြီးနောက် ပြန်သွားကြသည်။ သင်းသင်း ဝွမ်ရောင်တွင် ရှိစဉ်အတွင်း ဇော်မင်းထွန်းနှင့် သုံးလေးကြိမ်မျှ ဆုံတွေ့ခဲ့ရသည်။

"သင်းသင်းကလည်း ကိုဇော်မင်းထွန်းနဲ့ အခုလို တွေ့ရလိမ့်မယ်လို့ လုံးဝမျှော်လင့်မထားပါဘူးရှင်..."

အမျိုးသမီးက သူ့မကို ငေးစိုက်ပြီး ကြည့်နေသော ဇော်မင်းထွန်းကို တန့်ကလျ ပြန်ပြောသည်။

သူက မျက်နှာကို တည်နိုင်သမျှ တည်တည်ထားပြီး

"သင်းသင်း ဒီမှာ ဘာလုပ်နေတာလဲ"

"ကိစ္စရှိလို့ပေါ့ရှင်"



"မသူဇာကို သင်းသင်းဘယ်လိုလုပ်ပြီး သိသလဲ"

"နေစမ်းပါဦးရှင်...သင်းသင်းက သူလာတာမြင်တော့ မေးချင်စမ်းချင်တာကလေးတွေ မေးရ စမ်းရတော့မယ်ဆိုပြီး ဝမ်းသာနေတယ်။ ခုတော့ ကိုယ်က မမေးရဘူး။ သူကချည်း မေးနေတယ်။ ရှေ့နေကျနေတာပဲ"

"သင်းသင်းက ကိုယ့်ကို ဘာမေးချင်လို့လဲ"

သူက ခပ်မာမာ၊ ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ကဲပါရှင်...သင်းသင်းတို့ အေးအေးဆေးဆေး စကားပြောကြရအောင်၊ အိမ်ရှေ့ခန်းကြီးမှာဆိုရင် အပြင်က လမ်းသွားလမ်းလာတွေ မတော်တဆ မြင်သွားလို့ အလကား ပြဿနာတက်နေပါဦးမယ်"

"ဒီအိမ်ကြီးဟာ လူမနေတဲ့အိမ်ကြီးဆိုတာ သင်းသင်းလည်း သိပါလိမ့်မယ်။ ဘယ်နေရာမှာမှ အေးအေးဆေးဆေး စကားပြောစရာနေရာ မရှိပါဘူး"

"အေးအေးဆေးဆေးဆိုတာ လူမမြင်နိုင်တဲ့နေရာကို ပြောတာပါရှင့်။ ထိုင်ရမယ့်နေရာ၊ အိပ်ရမယ့်နေရာကို ပြောတာမဟုတ်ပါဘူး"

"ကျုပ်ကလည်း ထိုင်ချင်ပါတယ်၊ အိပ်ချင်ပါတယ် မပြောပါဘူး။ နောက်ပြီး...ကျုပ်က ခင်ဗျားနဲ့ အေးအေးလူလူ ပြောစရာ အကြောင်းကိစ္စလည်း မရှိပါဘူး"

"ခက်ပါလားကွယ်၊ သူကလည်း ဒေါချည်းပဲကိုး"

အမျိုးသမီးက အသံအနည်းငယ်ပြင်လျက်...

"ကဲပါ...ကိုဇော်မင်းထွန်း အတွင်းဘက်ကို ခဏဝင်ပါဦး၊ ကျွန်မတို့မှာ အချိန်လည်း သိပ်မရှိပါဘူး"

"ဘယ်လိုလဲ အမိက ကျုပ်ကို အမိန့်ပေးနေတာလား"

အမျိုးသမီးက ဘာမျှပြန်မပြောချေ။

"တကယ်လို့...ကျုပ်က အထဲကို မဝင်ဘဲနဲ့ အပြင်ကို ပြန်ထွက်သွားမယ်ဆိုရင်ကော..."

အမျိုးသမီးက လက်ကိုင်အိတ်ကို ဖွင့်လိုက်သည်။ အထဲကို လက်နှိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်ထုတ်လိုက်သောအခါ စီးကရက်ဘူးနှင့် မီးခြစ်မဟုတ်တော့ဘဲ မည်းနက်သေးငယ်သော သေနတ်ကလေးတစ်လက် ပါလာသည်။

အမှန်တော့ ဇော်မင်းထွန်းကလည်း ဤအခြေအနေကို သိလိုသဖြင့် အကဲစမ်းလိုက်ခြင်းဖြစ်သည်။ ဤအမျိုးသမီးသည် မသူဇာနှစ်ဦးပြဿနာတွင် တစ်နည်းနည်းနှင့် ပတ်သက်နေသည်မှာ သေချာသဖြင့် သူ့အနေနှင့်လည်း သူမနှင့်စကားပြောလိုပါသည်။ သို့မှသာလျှင် သဲလွန်စအမျှင်များ ထွက်ပေါ်လာမည်ဖြစ်သည်။ အရေးကြီးသည်က သူ့အနေနှင့် လိမ္မာပါးနပ်စွာ စကားစစ်ခင်းနိုင်ဖို့ပဲ ဖြစ်သည်။ မိမိလိုချင်သည့် အချက်များ ရအောင် လမ်းကြောင်းပေးရမည်။ ဆွပေးရမည်။ အစ်အောက်ရမည်။ စကားအရောင်းအဝယ် လုပ်ရမည်။

ဇော်မင်းထွန်းသည် သူမလက်ထဲမှ သေနတ်ကလေးကို တစ်ချက်ကြည့်ပြီးနောက် စင်္ကြံလမ်းအတိုင်း အတွင်းဘက်သို့ လျှောက်သွားသည်။ အမျိုးသမီးက သူ့နောက် မလှမ်းမကမ်းမှ လိုက်ပါသည်။

"အဲဒီအခန်းထဲကို ဝင်ပါလား...ကိုဇော်မင်းထွန်း"

အချင်းဖြစ်ပွားခဲ့သော အခန်းရှေ့သို့ ရောက်သောအခါ အမျိုးသမီးက ပြောလိုက်သည်။ သူက လိုလိုလားလားပင် အခန်းတွင်းသို့ ဝင်လိုက်သည်။ အခန်းအလယ်သို့ ရောက်သောအခါ နောက်ဘက်သို့ ပြန်လှည့်လိုက်သည်။ အမျိုးသမီးနှင့် မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ အမျိုးသမီးက သတိရှိစွာနှင့် နောက်ဘက်သို့ တစ်လှမ်းပြန်ဆုတ်လိုက်သည်။ သူနှင့် လက်တစ်ကမ်းကျော်ကျော် ခွာပြီးနေသည်။

"ကိုဇော်မင်းထွန်းကို ကျွန်မတစ်ခုတော့ တောင်းပန်ပါတယ်၊ ရုတ်ရုတ်သဲသဲတော့ မလုပ်ပါနဲ့၊ သွေးထွက်သံယိုဖြစ်ရရင် မကောင်းပါဘူး"

"သူဇာဝင်းထွတ်ကို သတ်တာ မင်းပဲမဟုတ်လား"

ဇော်မင်းထွန်းက သူမ၏ စကားကို ဂရုမပြုဟန်ဖြင့် သူမေးသည်ကို မေးလိုက်သည်။

"အလိုလေးလေး...ဘုရားပေးပေး ကျွမ်းပေးပေးပါရှင်။ ကျွန်မ



မသတ်ရပါဘူး။ ကိုဇော်မင်းထွန်းရဲ့ ဇနီးကို သတ်တဲ့လူက ကိုဇော်မင်းထွန်းရဲ့ အချစ်တော်ကလေး မသူဇာပါပဲတဲ့ရှင်"

"မဟုတ်ဘူး၊ မသူဇာ လူသတ်သမား မဟုတ်ဘူး"

သူက အော်လိုက်သည်။

"တိုးတိုးရှင့်...တိုးတိုး၊ ကျွန်မနားကောင်းပါတယ်"

အမျိုးသမီးက သေနတ်ကို လှုပ်ကစားရင်း ပြောသည်။

"သူဇာဝင်းထွတ်ကို မသူဇာသတ်တာလို့ အမိဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ"

"ကိုယ့်မျက်စိနဲ့ မြင်လိုက်တာပဲရှင်"

"သူဇာဝင်းထွတ်ကို မသူဇာ သေနတ်နဲ့ပစ်သတ်တာကို သင်းသင်းမြင်တယ်ဟုတ်လား"

သူက ပူပင်ကြောင့်ကြသော လေသံဖြင့် မေးလိုက်သည်။ အမျိုးသမီးက ခေတ္တမျှ ချိန်ဆနေပြီးနောက်...

"အဲဒီနေ့က သင်းသင်းတို့ကား လမ်းထဲကို ဝင်လာတော့ လမ်းထဲက အမျိုးသမီးတစ်ယောက် သုတ်သီးသုတ်ပျာ ထွက်သွားတာကို မြင်လိုက်ရတယ်။ ပထမတော့ သင်းသင်းတို့က သူ့ကို အမှတ်တမဲ့ပဲ သတိမထားမိလိုက်ကြဘူး။ ဒီရောက်တော့မှ ဒီအခန်းထဲမှာ သူဇာဝင်းထွတ်သေနေတာတွေ့ရတော့မှ သူဟာ လူသတ်သမားဆိုတာ သိရတယ်"

"သူက ဘာပြုလို့ သူဇာဝင်းထွတ်ကို သတ်ရမှာလဲ"

အမျိုးသမီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး

"ဘာဖြစ်လို့ သတ်ရမှာလဲ...ဟဲ...ဟဲ၊ ရတနာသိုက်မြေပုံကို လိုချင်လို့ပဲပေါ့ရှင်"

ရတနာသိုက်မြေပုံအကြောင်းကို ပြောသောအခါ သင်းသင်းမျက်နှာ အနည်းငယ် တင်းမာလာသည်ဟု ထင်ရသည်။

"မသူဇာ ဘယ်သူလဲဆိုတာ သင်းသင်းတို့ သိသလား"

အမျိုးသမီးက ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိတယ်မဟုတ်လား၊ ကျွန်တော့်ကို ပြောစမ်းပါ၊ သူဘယ်သူ မသူဇာဘယ်သူလဲ"

ဇော်မင်းထွန်းက သိချင်စိတ်ပြင်းပြစွာဖြင့် မေးသည်။ အမျိုးသမီးက သူ့ကို မျက်လုံးများ ကျဉ်းကြည့်ပြီး…

"မသူဇာ ဘယ်သူလဲဆိုတာ ကိုဇော်မင်းထွန်း တကယ်မသိဘူးလား"

"သူဘယ်သူလဲဆိုတာ ကျွန်တော်လည်း မသိပါဘူး၊ သူကိုယ်တိုင် လည်း မသိပါဘူး"

"သူအတိတ်မေ့နေတယ်ဆိုတာကို ရှင်တကယ်ယုံနေတာကိုး"

အမျိုးသမီးက သူ့ကို လှောင်သလို ပြောသည်။

"ကျွန်တော်က ယုံနေတာ မဟုတ်ပါဘူး၊ သူက တကယ်ပဲ အတိတ် မေ့နေတာပါ"

"ကိုဇော်မင်းထွန်းဟာ တကယ့်ကို သနားစရာပါပဲလားကွယ်၊ မသူဇာ ရဲ့အစ်ကိုဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ သိရရင် သူဇာဝင်းထွတ်ကို မသူဇာသတ်တယ်ဆိုတာ ယုံသွားမှာပဲ"

"သူ့အစ်ကိုက ဘယ်သူလဲ"

သင်းသင်းက သူ့အမေးကို မဖြေသေးဘဲ သေနတ်ကို ဟန်ပါပါ ခါး ကြားတွင် ထိုးလိုက်သည်။ ထို့နောက် လက်ကိုင်အိတ်ကို ဖွင့်ကာ စီးကရက် ဘူးနှင့် မီးခြစ်ထုတ်သည်။ စီးကရက်တစ်လိပ် မီးညှိသည်။

"သောက်ဦးမလား"

ဇော်မင်းထွန်းကို ကြည့်ပြီး မေးသည်။ သူခေါင်းညိတ်လိုက်သည်။ အမျိုးသမီးက သူ့ထံသို့ မီးညှိပြီး စီးကရက်ကို ပစ်ပေးလိုက်သည်။ ထို့ နောက် သူမအတွက် တစ်လိပ်ထပ်ညှိသည်။ စီးကရက်ဘူးနှင့် မီးခြစ်ကို လက်ကိုင်အိတ်ထဲ ပြန်ထည့်လိုက်သည်။ လက်ကိုင်အိတ်ကို သူမ၏ ရှေ့ တွင် အနည်းငယ်မြှောက်ပြကာ

"ဒီလက်ကိုင်အိတ်ဟာ…မသူဇာရဲ့ လက်ကိုင်အိတ်ပဲ"

"ဘာ…သင်းသင်းတို့ မသူဇာကို မိထားကြပြီ ဟုတ်လား၊ ဒါကြောင့်



စောစောက ဒီအိတ်ကို မြင်ကတည်းက မသူဇာရဲ့အိတ်နဲ့ တူတယ်လို့ ကျွန်တော်အထင်သား"

အမျိုးသမီးက ခေါင်းခါလိုက်ပြီး…

"မသူဇာကို ကျွန်မတို့ မမိသေးပါဘူး၊ မသူဇာကို ကိုဇော်မင်းထွန်း ဝှက်ထားတာ ကျွန်မတို့က ဘယ်လိုလုပ်ပြီး မိနိုင်မှာလဲရှင်"

"မသူဇာကို ကျွန်တော် ဝှက်မထားဘူး၊ ကျွန်တော်သူ့ကို လိုက်ရှာနေ တာ၊ ကျွန်တော် တကယ်ပြောတာပါ"

"ဒါလောက်လည်း အကြောက်အကန် ဖြစ်မနေပါနဲ့ရှင်၊ ဇာတ်ရည် လည်လာတော့ ကိုဇော်မင်းထွန်းကိုယ်တိုင် မသူဇာကို ထုတ်ပေးမယ်ဆို တာ သင်းသင်းတို့သိတယ်။ ပြီးတော့ ကိုဇော်မင်းထွန်းနဲ့ သင်းသင်းအပေး အယူ သင့်တင့်မျှတအောင် လုပ်ကြတာပေါ့"

"မသူဇာရဲ့ လက်ကိုင်အိတ် သင်းသင်းတို့လက်ထဲ ဘယ်လိုလုပ်ပြီး ရောက်လာသလဲ"

"ဒီလက်ကိုင်အိတ်က မသူဇာရဲ့ လက်ကိုင်အိတ်အစစ်ရှင့်။ သူအခု ကိုင်နေတာ သူဇာဝင်းထွတ်ရဲ့ လက်ကိုင်အိတ်ပဲ"

ဇော်မင်းထွန်း ခေါင်းဆတ်သည်။

"သူက သူဇာဝင်းထွတ်ကို သတ်ပြီး သူလိုချင်တဲ့ သူဇာဝင်းထွတ်ရဲ့ လက်ကိုင်အိတ်ကို ယူပြေးတာ၊ သူ့လက်ကိုင်အိတ်က ဒီအခန်းထဲမှာ ကျန် ရစ်ခဲ့တယ်၊ ကျွန်မတို့ရောက်လာတော့ သူဇာဝင်းထွတ်ရဲ့အလောင်းနားမှာ ဒီအိတ်ကို တွေ့ကြရတယ်၊ ကျွန်မတို့က သူဇာဝင်းထွတ်ရဲ့အိတ်မှတ်လို့ ကြည့်တော့ မဟုတ်ဘူး။ သူဇာမယ်ရဲ့ အိတ်ဖြစ်နေတယ်"

"သူဇာမယ်…ဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ သူ့နာမည်အပြည့်အစုံက သူဇာမယ်တဲ့ပါ။ သူတို့ နှစ်ယောက် နာမည်ချင်းကလည်းဆင်ဆင်၊ ရုပ်ချင်းလည်းဆင်ဆင် မဟုတ် လား၊ တစ်ယောက်က သူဇာမယ်၊ တစ်ယောက်က သူဇာဝင်းထွတ် ခေါ် တော့ နှစ်ယောက်စလုံး မသူဇာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ချင်းတော့ မဆင်ပါဘူး"

"အင်း… ရုပ်ချင်းဆင်တာတော့ မဟုတ်ဘူး၊ လူချင်းဆင်တာ အရပ်အမောင်းနဲ့ ကိုယ်လုံးကိုယ်ပေါက်က ဖြုန်းခနဲ ကြည့်ရင် တစ်ယောက်နဲ့ တစ်ယောက် မကွဲဘူး"

"လက်ကိုင်အိတ်ထဲမှာ မသူဇာရဲ့ ပစ္စည်းတွေ ပါတာပေါ့ မဟုတ်လား၊ သူဟာ သူဇာမယ်ဖြစ်ကြောင်း အထောက်အထားတွေ…"

"အရေးအကြီးဆုံးဖြစ်တဲ့ သူ့ရဲ့ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို တွေ့ရတယ်။ အဲဒီမှာ ဘောက်ထော်အိမ်လိပ်စာ ပါတယ်။ ဒါကြောင့် သင်းသင်းတို့ဟာ သူ့အစ်ကိုကို ခြေရာခံမိတာပေါ့၊ သူ့အစ်ကိုက သက်ထွန်း။ မင်းသားသက်ထွန်း၊ မင်းသားသက်ထွန်းလို့ ခေါ်တာက သူက ရုပ်ဖြောင့်တယ်။ အဝတ်အစားကောင်းကောင်းဝတ်တယ်။ ရုပ်ရှင်မင်းသား တစ်ယောက်လိုပဲ။ ဒါပေမယ့် ရက်စက်တယ်၊ ရာဇဝတ်မှုကျူးလွန်တဲ့ နေရာမှာ ဝိရိသေသပ်တယ်လို့ နာမည်ကြီးတယ်။ ဒီတစ်ချီမှာတော့ သူမသပ်ရပ်ဘူး ဆိုတာ ထင်ရှားတာပေါ့။ သူ့ညီမကို လက်ကိုင်အိတ်ချင်း မမှားဖို့ သတိမပေးလိုက်ဘူး"

အမျိုးသမီးက စီးကရက်တိုကို လွှင့်ပစ်ရင်း ပြည့်ဖြိုးသော ကိုယ်လုံးကို လှုပ်ကာ ရယ်မောသည်။

"သူ့အစ်ကိုနဲ့ သင်းသင်းတို့ တွေ့ပြီးပလား"

"တွေ့ပြီးလို့ တစ်ချီနှစ်ချီတောင် အားစမ်းပြီးကြပြီ၊ မင်းသားက မသူဇာ ဘယ်မှာရှိတယ်ဆိုတာ မပြောဘူး။ သူကတောင် မသူဇာကို လိုက်ရှာနေတယ်လို့ ပြောလိုက်သေးတယ်။ ဟဲ…ဟဲ…ကိုဇော်မင်းထွန်းလိုပဲပေါ့"

"ကျွန်တော် တကယ်လိုက်ရှာနေတာပါ"

"သင်းသင်းတို့လည်း တကယ်လိုက်ရှာနေတာပါ"

"ရွှေသွားကျော်အောင်ဟာ မသူဇာတို့ရဲ့ လူ မဟုတ်ဘူးလား"

"ဟုတ်မှာပေါ့ရှင်"



"သူ သန်လျင်ကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

"ကျွန်မတို့က မသူဇာကို ဘောက်ထော်မှာလည်း ရှာမတွေ့၊ သူတို့ နှစ်ယောက်တည်းနေတဲ့ တည်းခိုရိပ်သာမှာလည်း ရှာမရဆိုတော့ အကြံရကျပ်နေကြတာပေါ့"

"တည်းခိုရိပ်သာ ဟုတ်လား"

"ဟုတ်တယ်၊ မရွှေစာတို့နှစ်ယောက်ဟာ ရွှေဘုံသာလမ်းက ရွှေစင်အမျိုးသမီးတည်းခိုခန်းမှာ နေကြတယ်လေ။ မသူဇာရဲ့ အိတ်ထဲက ရွှေစင်မှာ အခန်းခပေးတဲ့ ဖြတ်ပိုင်းတွေ့တယ်။ သင်းသင်းတို့လည်း နောက်ဆုံးကျတော့ ကိုဇော်မင်းထွန်းရဲ့ အဒေါ်များ သန်လျင်မှာနေတယ်ဆိုတာ သိရတယ်။ မသူဇာ အဲဒီကိုများ သွားမလားဆိုပြီး လိုက်ကြတော့မှ မရွှေစာကို ကိုဇော်မင်းထွန်းရဲ့ ချစ်ဇနီးအဖြစ်နဲ့ တွေ့ကြရတယ်လေ"

"သူတို့နှစ်ယောက်က ရွှေစင်မှာ ဘယ်လိုသွားပြီး ဆုံမိကြတာလဲ"

"အင်း…ကိုဇော်မင်းထွန်းကလည်း ဘာတစ်ခုမှ မသိပါလား"

"ဟုတ်တယ် သင်းသင်း၊ ကျွန်တော်ဘာမှမသိဘူး"

"ကိုဇော်မင်းထွန်းနဲ့ သူဇာဝင်းထွတ် ဂွမ်ရှောင်မှာ လက်ထပ်ပြီး သူဇာဝင်းထွတ် ရဟတ်ယာဉ်နဲ့ မြစ်ကြီးနားကို လိုက်တာတော့ သိတယ်မဟုတ်လား"

အမျိုးသမီးက သူ့ကို မျက်စောင်းချိတ်ပြီး ငေါ့တော့တော့ မေးသည်။ သူက ဘာမျှ ပြန်မပြောချေ။

"သူဇာဝင်းထွတ်နဲ့ သူဇာမယ် မြစ်ကြီးနားလေဆိပ်မှာ တွေ့ကြတယ်။ သူတို့နှစ်ယောက် လေယာဉ်ပျံတစ်စီးတည်း စီးပြီး ရန်ကုန်ရောက်သွားတယ်။ ရန်ကုန်ရောက်တော့ ရွှေစင်မှာ တည်းကြတယ်၊ သူတို့နှစ်ယောက် အတူတူ သွားကြတာလည်း ရှိတယ်။ တစ်ယောက်တခြားစီ သွားကြတာလည်း ရှိတယ်။ ဒါတွေကို သင်းသင်းတို့ နောက်မှ စုံစမ်းပြီး သိရတာ၊ တချို့အချက်တွေကို ဆက်ပြီးယူရတာ၊ အချင်းဖြစ်ပွားတဲ့နေ့အထိ သင်းသင်းတို့ဟာ မသူဇာကို သတိမထားခဲ့ကြဘူး။ သင်းသင်းတို့ အာရုံစိုက်

www.burmeseclassic.com

www.burmeseclassic.com



နေတာက သူဇာဝင်းထွတ်ပဲ၊ သူဇာဝင်းထွတ် ရန်ကုန်ကို သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် သင်းသင်းတို့ သူ့ကို လိုက်ရှာကြတယ်။

နောက်ဆုံးမှ သူ ရွှေစင်မှာတည်းနေတယ်ဆိုတာ သိရတယ်။ သိသိချင်း ရွှေစင်ကို လိုက်ကြတယ်။ သူ့ကို မတွေ့ရဘူး။ ကမာရွတ် အာလကာပွလမ်းက အိမ်ကြီးကို သွားတယ်ဆိုတာသိလို့ ချက်ချင်းလိုက်တယ်။ ဒီကျတော့ သူ့အလောင်းပဲ တွေ့ကြရတယ်၊ သင်းသင်းတို့လိုချင်တာကို မတွေ့ရဘူး"

"သင်းသင်းတို့လိုချင်တာ ဘာလဲ"

"ဒီလူကြီးကလည်း ဘယ်နှခါ ပြောရမလဲ၊ ရတနာသိုက်မြေပုံပဲပေါ့"

"ရတနာသိုက်မြေပုံက သူ့ဆီမှာ ရှိလို့လား"

"ခုထိတော့ ရတနာသိုက်မြေပုံကို သင်းသင်းတို့ မရသေးဘူး၊ ရှာနေတုန်းပဲ၊ ရတနာသိုက်မြေပုံဟာ ဦးဝင်းထွတ်ရဲ့ အဝန်းအဝိုင်းထဲမှာ ရှိတယ်ဆိုတာတော့ သေချာတယ်။ သူ့ဆီမှာ မရှိဘူး၊ သူ့သမီးဆီမှာ မရှိဘူး၊ ရှိနိုင်တာက မသူဇာနဲ့ ကိုဇော်မင်းထွန်း ဆီမှာပဲ"

"ကျွန်တော့်ဆီမှာ ဘာလို့ ရှိရမှာလဲ"

"ဘုရားရေ သူက သူဇာဝင်းထွတ်ရဲ့ ယောက်ျားမဟုတ်လား။ ဦးဝင်းထွတ်ရဲ့ သမက်မဟုတ်လား၊ မသူဇာရဲ့ ချစ်သူမဟုတ်လား"

"ဘာဆိုင်သလဲ"

"ဘယ့်နှယ့် မဆိုင်ရမှာလဲရှင်၊ ဆိုင်ပါသကော၊ ဦးဝင်းထွတ်သေခါနီးမှာ သူ့ကို တိုးတိုးတိတ်တိတ် မှာစရာရှိတာတွေ မှာခဲ့တယ်မဟုတ်လား၊ သူ့သမီးနဲ့ ပေးစားခဲ့တယ်မဟုတ်လား"

"ဦးဝင်းထွတ် ကျွန်တော့်ကို ဘာမှမပြောခဲ့ဘူး။ သူဇာဝင်းထွတ်နဲ့ ကျွန်တော်လက်ထပ်ခဲ့တာ မှန်ပေမယ့် ရတနာသိုက်အကြောင်း ကျွန်တော် ဘာမှမသိဘူး"

"ဒီလူကြီး တယ်ခက်ပါလားကွယ်...ဘာဖြစ်ချင်လို့ ဘူးခံချင်ရတာလဲ၊ တော်ကြာ ကိုကျော်အောင်တို့ ရောက်လာကြလိမ့်မယ်၊ သူတို့က



သင်းသင်းလို ပြေပြေလည်လည် ဆွေးနွေးကြမှာမဟုတ်ဘူး"

"ဘာလဲ အမိက ကျုပ်ကို ခြိမ်းခြောက်နေတာလား"

"ခြိမ်းခြောက်တာမဟုတ်ပါဘူး၊ စေ့စပ်ဆွေးနွေးတာပါ"

"သေနတ်ကို ခါးကြားထိုးပြီး စေ့စပ်ဆွေးနွေးတာလား"

အမျိုးသမီးက သေနတ်ကို ဆွဲထုတ်လိုက်ပြီး–

"သင်းသင်းကို သူဘာမှမလုပ်ဘူးဆိုရင် ဒီသေနတ်ကို လက်ကိုင်အိတ်ထဲ ပြန်ထည့်ထားလိုက်ပါ့မယ်'

"ဘာမှမလုပ်ဘူးဆိုတာက ဘာကို ဆိုလိုတာလဲ"

"သူက ဘယ်လိုယူဆလို့လဲ"

"သင်းသင်းက လှတော့ နမ်းချင်နမ်းနိုင်မယ်၊ သင်းသင်းက ဇော်ကားတော့ နည်းနည်းပါးပါး ဆုံးမတာလည်း ဖြစ်နိုင်တယ်"

"အင်းလေ နှစ်ခုစလုံးကို မလုပ်ပါဘူးလို့ တာဝန်ယူမလား၊ သေနတ်ကို ပြန်ထည့်ထားလိုက်မယ်"

အမျိုးသမီးက သေနတ်ကို လက်ကိုင်အိတ်ထဲ ထည့်မည့်ဟန်ဖြင့် ပြောပါသည်။

"တစ်ခုပဲ မလုပ်ပါဘူးလို့ တာဝန်ယူနိုင်တယ်"

"ဘယ်တစ်ခုလဲ"

အမျိုးသမီးက မျက်ခုံးကို ပင့်လျက် မေးသည်။

"သင်းသင်းမလုပ်စေချင်တာ တစ်ခုကိုပေါ့"

အမျိုးသမီးက ဟက်ဟက်ပက်ပက်ကလေး ရယ်မောလျက်–

"သူက တယ်ပြီး ပညာသားပါတာကိုး"

အမျိုးသမီးက သေနတ်ကလေးကို ကြည့်လျက်...

"ဒီလိုဆိုရင်တော့ သူ့ကို ဒီလိုပဲ ကိုင်ထားတာ ကောင်းပါတယ်။ လိုအပ်တော့လည်း သုံးရတာပေါ့၊ မလိုအပ်တော့လည်း မသုံးဘဲ နေလိုက်တာပေါ့"

အမျိုးသမီး၏ အကြည့်က ပြုံးညသည်။ သူကရွှန်း

www.burmeseclassic.com

www.burmeseclassic.com



"ဒီသေနတ်ကကော မသူဇာရဲ့သေနတ်လား"

"သိပ်ပြီးဖြစ်နိုင်တာပေါ့ရှင်၊ ဒီသေနတ်ကို လက်ကိုင်အိတ်နားမှာတွေ့ရတာပဲ"

မသူဇာပြောစဉ်ကမူ အခန်းထဲတွင် ဘာပစ္စည်းမျှ မရှိဟု ဆိုသည်။ သူ ထိတ်ထိတ်လန့်လန့်နှင့်မို့ မမြင်မတွေ့ခဲ့ခြင်း ဖြစ်ပေမည်။

"သူတို့ဆီမှာတည်းတဲ့ မိန်းကလေးနှစ်ယောက် ပျောက်သွားတာကို ရွှေစင်က ရဲမတိုင်ဘူးလား"

"သင်းသင်းတို့က သူတို့နှစ်ယောက်ဟာ အိမ်ကစိတ်ဆိုးပြီး ထွက်ပြေးကြတာ၊ အခု အိမ်ပြန်ရောက်နေပြီ၊ သင်းသင်းက သူတို့အစ်မကြီးလို့ တည်းခိုရိပ်သာမှာပြောပြီး သူတို့ပစ္စည်းတွေကို ယူခဲ့တာကိုး၊ နို့မို့ရင် လူပျောက်မှုနဲ့ ရဲဝင်လာရင် အားလုံးမီးခိုးကြွက်လှောက်ဖြစ်ကုန်မယ်မဟုတ်လား"

"သူဇာဝင်းထွတ်ရဲ့ အလောင်းကိုတော့ သင်းသင်းတို့ပဲ ဖျောက်ဖျက်ပစ်လိုက်တယ်"

"ဟုတ်တယ်၊ နောက်ဖေးက ကားဂိုဒေါင်ထဲမှာ မြှုပ်ထားတယ်။ ကိုဇော်မင်းထွန်းရဲ့ ဇနီးကို အမှတ်တရထားချင်ရင် တစ်နေ့ကျတော့ အလောင်းကိုဖော်ပြီး အုတ်ဂူသွင်းပေါ့"

"ဘာဖြစ်လို့ အလောင်းကို ဖျောက်ဖျက်ရတာလဲ၊ သင်းသင်းတို့ သတ်တာမှ မဟုတ်ပဲ"

"ရတနာသိုက်မြေပုံကို သင်းသင်းတို့မရခင်မှာ ရဲပါမလာစေချင်ဘူး။ မသူဇာကို ရဲကလူသတ်မှုနဲ့ဖမ်းသွားရင် သင်းသင်းတို့လိုချင်တာ ဘယ်ရနိုင်တော့မလဲ"

"မသူဇာဟာ သူ့အစ်ကိုက ခိုင်းလို့ ရတနာသိုက်မြေပုံနောက်လိုက်နေတယ်လို့ သင်းသင်းထင်သလား"

"ဒါက လွဲလို့ ဘာဖြစ်နိုင်ဦးမှာလဲရှင်..."

"ဦးဝင်းထွတ်ကို သတ်တာတော့ သင်းသင်းတို့ပဲပေါ့"

"လက်စသတ်တော့ သူက ဖြောင့်ချက်ယူနေတာကိုး"



"သင်းသင်း အခုဒီအိမ်ကြီးမှာ ဘာလာလုပ်တာလဲ"

"သူဇာဝင်းထွတ်နဲ့ မသူဇာ ဒီအိမ်ကြီးကို ဘာကိစ္စလာကြသလဲလို့ သင်းသင်းတို့ စဉ်းစားတယ်၊ စုံစမ်းတယ်။ ဒီတော့မှ အဖြေပေါ်လာတယ်"

ဇော်မင်းထွန်းက အမျိုးသမီး၏ စကားကို စိတ်ဝင်စားစွာ ငံ့လင့်နေသည်။

"ဒီအိမ်ကြီးမှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဂွမ်ရောင်ဒူဝါ ငှားပြီးနေခဲ့တယ်။ ဒီအိမ်ကြီးမှာပဲ ဂွမ်ရောင်ဒူဝါဆုံးသွားတယ်။ ရတနာသိုက်မြေပုံဟာ ဂွမ်ရောင်ဒူဝါရဲ့ လက်ထဲမှာ ရှိတာကို ဦးဝင်းထွတ်သိတယ်။ သူ့သမီးကို ပြောတယ်။ ဒါကြောင့် သူဇာဝင်းထွတ်ဟာ ရန်ကုန်ရောက်တော့ ဂွမ်ရောင်ဒူဝါကို လိုက်စုံစမ်းတယ်။ နောက် ဒီအိမ်ကြီးကို ရောက်လာတယ်။ သင်းသင်းတို့ တစ်ခုစဉ်းစားစရာ ရှိတာက မြေပုံကို သူဇာဝင်းထွတ်တွေ့သွားပလား၊ သူ့လက်ထဲက မသူဇာလက်ထဲကို ရောက်သွားပလား၊ ဒါမှမဟုတ် ဘယ်သူမှ မတွေ့သေးဘူးလား"

"ဒါဖြင့် အခု သင်းသင်းဒီမှာ ရတနာသိုက်မြေပုံကို လာရှာတာပေါ့"

"အင်း..."

"ကျွန်တော်ရောက်လာလို့ အရှာပျက်သွားတာပေါ့"

"ဆိုပါတော့..."

"ဒီလိုဆိုရင် ကျွန်တော်ကူပြီး ရှာပေးမယ်လေ..."

"သူတကယ် ပြောတာလား"

"တကယ်ပဲပေါ့"

"သူသင်းသင်းနဲ့ ပူးပေါင်းမယ်ဆိုတာ သင်းသင်း ဝမ်းသာပါတယ်။ ဒါပေမယ့် သူ့ကို သင်းသင်းဘယ်ယုံရမလဲ၊ သူက ဘာမှမလုပ်ပါဘူးလို့လည်း ကတိမပေးဘူး"

"တစ်ခုတော့ မလုပ်ဘူးဆိုတာ ကတိပေးပါတယ်"

"အိုကွယ်...သူကလည်း ပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ ဘယ်တစ်ခုကိုလဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး၏ မျက်လုံးများ ညို့ညို့ရွှန်းနေသည်။ နှုတ်ခမ်းများ ရွှန်းရွှန်းစိုနေသည်။

သူက အမျိုးသမီးထံသို့ တစ်လှမ်းချင်း တိုးသွားနေသည်။

အမျိုးသမီးက သေနတ်ကို သတိဖြင့် ကိုင်ဆောင်ရင်း သူ့အရိပ်အကဲကို ကြည့်နေသည်။

ယင်းအခိုက်တွင် အိမ်ရှေ့ဧည့်ခန်းအတွင်းသို့ ပြေးဝင်လာသော ခြေသံများ ကြားရသည်။

× × ×

## အခန်း(၂၆)

မသူဇာသူသည် စကားဝါလမ်းတွင် ဆရာမတင်တင်အေးကို မတွေ့ရသောအခါ ဆရာမပြန်အလာကို ထိုင်စောင့်မနေတော့ဘဲ အဝတ်အထည်နှင့် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ဝယ်ရန် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ ထွက်ခဲ့သည်။ သူမ၏ ပစ္စည်းသည် လက်ဆွဲအိတ်တွင် ထည့်ပြီးခါမှပင် ကြောက်လန့်တကြားနှင့် ထွက်ပြေးခဲ့သဖြင့် နှမ်းဆီမြိုင်တွင် ကျန်ရစ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ နှစ်ဆိုင်သုံးဆိုင်မျှ ကူးပြောင်းမိသောအခါ သူ့နောက်ကို လူတစ်ယောက် နောက်ယောက်ခံပြီး လိုက်နေမှန်း သတိပြုမိသည်။ ရွှေသွားကျော်အောင်မဟုတ်ပါ။ အခြားလူတစ်ယောက်ဖြစ်သည်။ ရွှေသွားကျော်အောင်ထက် အသက်အရွယ်ငယ်သည်။ ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ ဆံပင်ရှည်သည်။ အင်္ကျီကွက်ကြား၊ ဘောင်းဘီကွက်ကြားနှင့် ဖြစ်သည်။

ဖော်မင်းထွန်း ပြောသည့်စကားကို မှတ်မိသည်။ လူစည်ကားရာနေရာများသို့ သွားလျှင် သူမကို သိသူများတွေ့နိုင်သည်။ ယခုကိုယ်တော်ချောသည် သူမ၏အသိလည်းဖြစ်နိုင်သည်။ ရွှေသွားကျော်အောင်၏ လူတစ်ယောက်လည်းဖြစ်နိုင်သည်။ သာမန်အားဖြင့် မိန်းကလေးတစ်ယောက်နောက်သို့ လိုက်နေသော ယောကျ်ားတစ်ယောက်ဖြစ်နိုင်သည်။

သို့သော် မိမိနောက်သို့ လူတစ်ယောက်လိုက်နေခြင်းကတော့

www.burmeseclassic.com

www.burmeseclassic.com



မလွတ်လပ်သည်မှာ အမှန်ပင်ဖြစ်သည်။ စိတ်ကျဉ်းကျုံ့သည်။ ခြေလှမ်းကျုံ့သည်။

သို့ဖြင့် မသူဇာသည် ကိုယ်တော်မြတ် မျက်ခြည်ပြတ်သွားအောင် ဈေးထဲတွင် နှစ်ပတ်သုံးပတ်မျှ လျှင်မြန်စွာ ပတ်ပစ်လိုက်သည်။ ထို့နောက် ဈေးရှေ့တွင် ရပ်ထားသော ပုဂ္ဂလိက အငှားကားတစ်စီးပေါ်သို့ တက်ခဲ့သည်။

"ဘယ်သွားမလဲ အစ်မကြီး"

ကားသမားက မေးသောအခါ သူမက ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိပါ။ ပုဇွန်တောင်၊ စကားဝါလမ်းဟု ပြောမည်စိတ်ကူးသည်။ သို့သော် သူမ၏ နောက်မှ ကိုယ်တော်မြတ်ပါလာလျှင်အခက်…

ထို့ကြောင့် ခေါင်းထဲတွင် ရှိနေသည်ကို ပြောလိုက်သည်။

"ကမာရွတ်၊ အာလကပ္ပကြိုးစက်"

ကားထွက်သောအခါ နောက်ဘက်သို့ လှည့်ကြည့်သည်။ ကိုယ်တော်မြတ်၏ အရိပ်အယောင်မတွေ့ရသဖြင့် စိတ်အေးသွားသည်။

ကားသမားကို ပုဇွန်တောင်သို့ မောင်းရန် ပြောမည်စိတ်ကူးသေးသည်။ သို့သော် သူမ၏စိတ်ထဲတွင် အာလကပ္ပအိမ်ကြီးဆီသို့ သွားလိုစိတ်ဖြစ်ပေါ်နေသည်။ ယင်းအိမ်ကြီးသို့ သွားရောက်ခြင်းသည် မိမိကိုယ်မိမိ ပြန်လည်တွေ့ရှိနိုင်သော အကောင်းဆုံးလမ်းစပင်ဖြစ်သည်။ မိမိ၏စိတ်ထဲတွင် ဝေဝါးဝါးဖြစ်နေသော အချက်များ ကြည်လင်ပီသလာနိုင်သည်။

အာလကပ္ပလမ်းထိပ်တွင် ကားပေါ်မှဆင်းပြီး အတွင်းဘက်သို့ ခြေလျှင်လျှောက်ပြီး ဝင်ခဲ့သည်။ ဝန်းကျင်ကို ကြည့်သည်။ ယနေ့ထိတော့ ဘာတစ်ခုမျှ မှတ်မိခြင်း မရှိသေးပေ။

မိမိသည် လူဆိုးဂိုဏ်းတစ်ဂိုဏ်းတစ်ခုမှ အဖွဲ့ဝင်တစ်ဦး ဟုတ်မဟုတ် သူဇာဝင်းထွတ်ကို မိမိသတ်ခြင်း ဟုတ်မဟုတ် မသူဇာဘာမျှမပြောနိုင်ပါချေ။

အာလကပ္ပခြံဝင်းထိပ်သို့ ရောက်သောအခါတွင်မှ မသူဇာ နောက်



ဘက်သို့ ပြန်ကြည့်မိသည်။ သူမတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသည်။ ဆံပင်ရှည်ကိုယ်တော်မြတ် ထက်ကြပ်မကွာ လိုက်ပါလာသည်။ သူမကို မီအောင် ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာနေသည်။

မသူဇာ စဉ်းစားမနေတော့ဘဲ ခြံဝင်းထဲသို့ ပြေးဝင်သည်။ ထိုအခါ ကိုယ်တော်မြတ်သည် သူမနောက်သို့ ပြေးလိုက်သည်။ မသူဇာသည် နောက်ထပ် နောက်သို့မကြည့်တော့ဘဲ ရှေ့တူရူသို့ စွတ်ပြေးသည်။

အာလကပ္ပအိမ်ကြီးအတွင်းသို့ ပြေးဝင်ခဲ့သည်။ အပေါ်ထပ်သို့ တက်သော လှေကားကို တွေ့မြင်သဖြင့် တောက်လျှောက်ပြေးတက်သည်။

အပေါ်ထပ်သို့ ရောက်သောအခါ ပထမဆုံး တွေ့ရှိသော အခန်းတွင်းသို့ ဝင်ခဲ့သည်။ အခန်းတွင်းသို့ ရောက်ရှိသောအခါ ခေါင်းရင်းဘက်နံရံတွင် သစ်မျက်ကျွတ်ထွက်သဖြင့် ဖြစ်ပေါ်နေသော အပေါက်တစ်ခုကို တွေ့ရှိရသည်။

မသူဇာသည် ယင်းအပေါက်မှနေ၍ အောက်ထပ်အိမ်ရှေ့တံခါးပေါက်ကို ကြည့်နေသည်။ ခဏအကြာတွင် ယင်းတံခါးပေါက်မှ ဆံရှည်ကိုယ်တော်မြတ် ပြေးဝင်လာသည်။ ဘသားချောသည် အပေါက်ဝတွင် ရပ်ပြီး အိမ်အတွင်းဘက်သို့ ကြည့်သည်။ ထို့နောက် အပေါ်ထပ်သို့ မော့ကြည့်သည်။ မသူဇာ ကြက်သီးမွေးညင်းထသွားသည်။

ဘသားချောသည် လှေကားဆီသို့ ပြေးလာမည်ပြုပြီးမှ အိမ်အတွင်းဘက်သို့ ပြေးဝင်သွားသည်။ သည်တော့မှ မသူဇာ သက်ပြင်းချနိုင်သည်။ သို့သော် လုံးလုံးစိတ်အေးနိုင်သည်မဟုတ်သေးပါ။ ဘသားချောသည် အောက်ထပ်တွင် သူမကို မတွေ့ခဲ့လျှင် အပေါ်ထပ်သို့ တက်လာပေလိမ့်မည်။ သူမ ခေါင်းနားပန်း ကြီးသည်။ ဘာလုပ်ရမည်မသိ ရှိနေသည်။

ယင်းအခိုက် တောင်ဘက်မှ သေနတ်သံတစ်ချက် ကြားလိုက်ရသည်။ တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားသည်။ မသူဇာ မစဉ်းစားတတ် ဖြစ်နေစဉ်တွင် ဘသားချော အိမ်အတွင်းဘက်မှ ပြေးထွက်လာသည်။ အိမ်ရှေ့တံခါးပေါက်မှပင် အပြင်သို့ ပြေးထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် မသူဇာ မှင်တက်မိနေသည်။ ထို့နောက်တွင်မှ အခန်းဝတွင်းမှ မရဲတရဲထွက်လာမိသည်။ ခြေထောက်ကို ဖွဖွနင်းပြီး လှေကားမှ ဆင်းခဲ့သည်။ ဧည့်ခန်းထဲသို့ ရောက်သောအခါ အိမ်ရှေ့တံခါးပေါက်မှ အပြင်သို့ ကြည့်လိုက်သည်။ ဘသားချော၏ အရိပ်အယောင်ကို မမြင်ရပေ။

ထိုအခါ မသူဇာသည် အိမ်တွင်းဘက်သို့ တဖြည်းဖြည်း လျှောက်ဝင်ခဲ့သည်။ အိမ်အောက်ထပ်သည် အပေါ်ထပ်ထက် ပိုမှောင်သည်။ အိမ်အတွင်းဘက်သည် ဧည့်ခန်းဆောင်ထက် ပိုမှောင်သည်။

သူမ၏ မျက်လုံးများ ပြာဝေနေသည်။ သူမ၏ဝန်းကျင်သည် မှောင်သည်ထက် ပိုပြီးမှောင်လာသည်ဟု ထင်သည်။ သူမ၏ခေါင်းတရိပ်ရိပ် မူးဝေနေသည်။

မသူဇာသည် မှောင်မဲနေသော စင်္ကြံလမ်းအတိုင်းလျှောက်လာရင်း အခန်းတစ်ခုတွင်းသို့ ခေါင်းပြူ၍ ကြည့်လိုက်မိသောအခါ တစ်ကိုယ်လုံး ဓာတ်လိုက်သလို တုန်သွားသည်။ ထုံကျဉ်သွားသည်။

အခန်းအလယ်တွင် လူတစ်ယောက်လဲနေသည်။ အမျိုးသမီး တစ်ယောက် ဖြစ်သည်။ အခန်းသည် ယမ်းနံ့ဖြင့် မှောင်နေသည်။ အမှောင်ထဲတွင် ညိုညစ်ညစ် သွေးကွက်များ မြင်ရသည်ဟု ထင်သည်။

မသူဇာအခန်းတွင်းသို့ တစ်လှမ်းချင်း လှမ်းဝင်သွားသည်။ လဲနေသော အမျိုးသမီး၏ ဘေးတွင် ဒူးထောက်ပြီး ထိုင်လိုက်သည်။ သူမ၏ လက်မှ လက်ကိုင်အိတ် ထွက်ကျသွားသည်။ အမျိုးသမီး၏ ခေါင်းတွင် သေနတ်ကျည်ဆန် ထိမှန်ထားသည်။

မသူဇာထိုင်ရာမှ ပြန်ထသည်။ ထို့နောက် တစ်ဖက်နံရံသို့ လျှောက်သွားမိသည်။ နံရံကို ကျောမှီပြီး ထိုင်ချလိုက်သည်။

သူမမောသည်။ ရင်အစုံ တုန်တုန်ခုန်နေသည်။

သူမ၏ ပစ္စုပ္ပန်မတွင်လည်းကောင်း၊ သူမ၏ မစ္ဆိမတွင်လည်းကောင်း၊ သူမ၏ ဥတ္တရတွင်လည်းကောင်း ယူဇနာခြောက်ဆယ်ရှိသော အမှောင်



တောသည် လွှမ်းမိုးဖြစ်ရှိနေတော့၏။

မသူဇာသည် သူမ၏စိတ်အာရုံကို အမှောင်တိုက်အတွင်းသို့ ဖြန့်လွှတ်ကျက်စားလျက် ရှိသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

အိမ်ရှေ့ဧည့်ခန်းတွင်းသို့ ပြေးဝင်လာသော ခြေသံများကို ကြားရသဖြင့် ဇော်မင်းထွန်းနှင့် သင်းသင်းတို့နှစ်ယောက်စလုံး ခေတ္တမျှ ကြောင်သွားကြသည်။ သူတို့၏ စိတ်အာရုံသည် အိမ်ရှေ့သို့ ရောက်သွားကြသည်။ လွင့်ထွက်သွားသော စိတ်အာရုံကို ပထမဆုံး ပြန်လည်ထိန်းသိမ်းနိုင်သူမှာ ဇော်မင်းထွန်းပင် ဖြစ်သည်။ သူက ပေါ်လာသော အခွင့်အရေးကို အရအမိ အသုံးပြုသည့်အနေဖြင့် အမျိုးသမီးထံသို့ လှားခနဲ ခုန်အုပ်လိုက်သည်။ အမျိုးသမီး၏ လက်မှ သေနတ်ကို ပုတ်ပစ်လိုက်သည်။ အခန်းအလယ် သမံတလင်းပေါ်သို့ ကျသွားသည်။ လက်ကိုင်အိတ်လည်း အလားတူ လွင့်ထွက်သွားသည်။

မရွှေချောသည် သူ၏ ရင်ခွင်ထဲတွင် ကျောမှီလျက် ရောက်ရှိနေသည်။ သူက သူမပခုံးနှစ်ဖက်ကို လက်ဖြင့်ဆုပ်ကိုင်ထားသည်။ မရွှေချောတစ်ချက် ရှုန်းကန်ကြည့်သည်။ ဇော်မင်းထွန်း၏ လက်ချောင်းများက သန်မာလှသည်။ သင်းသင်းငြိမ်သွားသည်။ အိမ်ရှေ့မှ ခြေသံကို နားစွင့်သည်။ ဇော်မင်းထွန်းလည်း နားစွင့်သည်။

ခြေသံသည် သူတို့ထံသို့ မလာဘဲ အပေါ်ထပ်သို့ ပြေးတက်သွားသည်။ အပေါ်ထပ်သို့ ရောက်ပြီး ခဏအကြာတွင် ခြေသံပျောက်သွားသည်။

သင်းသင်းက ဇော်မင်းထွန်းကို သမင်လည်ပြန် မော့ကြည့်သည်။ သူမ၏ မျက်လုံးများသည် ဒေါသမီးများ လျှံတက်နေသည်။ သူမ၏ နှုတ်



ခမ်းအစုံသည် တဆတ်ဆတ်တုန်နေသည်။ သူမက ရင်ကို မြင့်ချီနိမ့်ချီဖြင့် အသက်ကို ပြင်းပြင်းရှူနေသည်။

"ကိုယ်ပြောတယ်မဟုတ်လား...သင်းသင်းကို တစ်ခုတော့ မလုပ်ပါဘူးလို့ ကတိပေးထားတယ်၊ စိတ်ချပါ၊ ကိုယ်ဟာ ကတိတည်တဲ့ လူတစ်ယောက်ပါ"

အမျိုးသမီးက တစ်စုံတစ်ခု ပြန်ပြောမည်ရှိစဉ် အိမ်ရှေ့ဧည့်ခန်းတွင်းသို့ နောက်ထပ်ဝင်လာသော ခြေသံများ ကြားရသည်။ ပထမအကြိမ်ကထက် ခြေသံ ပြင်းသည်။

သူတို့နှစ်ယောက်စလုံး၏ စိတ်အာရုံများသည် တစ်မုဟုတ်ချင်း အတွင်းမှာပင် အိမ်ရှေ့သို့ ပျံ့လွင့်သွားကြသည်။ ယခုအကြိမ်တွင် စိတ်အာရုံကို ပထမဆုံး ပြန်လည်ထိန်းသိမ်းနိုင်သူမှာ သင်းသင်းပင်ဖြစ်ပါတော့သည်။

အမျိုးသမီးက ဇော်မင်းထွန်း၏ ချုပ်ကိုင်ထားမှုမှ ဆတ်ခနဲ ရုန်းထွက်လိုက်သည်။ သူမ၏ ကိုယ်လုံး သူ့ရင်ခွင်ထဲမှ လွတ်သွားသည်နှင့်တစ်ပြိုင်နက် အခန်းအလယ်တွင် ကျနေသော သေနတ်ကို ပြေးကောက်သည်။

ယင်းအခိုက်မှာပင် အိမ်ရှေ့ဧည့်ခန်းမှ ခြေသံသည် သူတို့ရှိရာသို့ ပြေးလာသည်။ သင်းသင်း၏ လှုပ်ရှားရုန်းကန်သံကို ကြားလိုက်၍ပင်ဖြစ်သည်။ ဇော်မင်းထွန်းက အခန်းတံခါးပေါက်နားတွင်ဖြစ်သဖြင့် စောင်းငဲ့ပြီး ကြည့်လိုက်သည်။ သေနတ်ကိုင်ပြီး ပြေးလာသော ဆံပင်ရှည်ရှည်၊ အဝတ်အစား ကွက်တိကွက်ကျားနှင့် လူတစ်ယောက်ကို တွေ့မြင်သဖြင့် သင်းသင်းထံသို့ ခုန်အုပ်မည်ပြင်ထားသော အရှိန်ကို သတ်လိုက်ပြီး အခန်းတံခါးနောက်ဘက်သို့ ဝင်ရောက်ပုန်းကွယ်လိုက်သည်။

သင်းသင်းသည် ပြေးလွှားကုန်းထ၍ပြီး သေနတ်ကို ကောက်ရာမှ လက်ထဲတွင် သေနတ်ကို ဆုပ်မိသွားသဖြင့် ဆတ်ခနဲ ကိုယ်ကို ပြတ်မတ်လိုက်သည်။ ဇော်မင်းထွန်းကို ပစ်ခတ်ရန် ကိုယ်ကို နောက်သို့ ပြန်လှည့်လိုက်သည်။ ယင်းအခိုက်တွင် အခန်းတံခါးပေါက်တွင် သေနတ်ကိုင်ပြီး ပေါ်လာသော လူတစ်ယောက်ကို ရုတ်တရက် တွေ့မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်းသင်းက သေနတ်မောင်းကို ဆွဲရန် ကြိုးစားစဉ်မှာပင် အခန်း၀မှလူက သူ့သေနတ်မောင်းကို ဖြုတ်ပြီး ဖြစ်သွားသည်။ တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားသည်။

သင်းသင်းက လက်မှသေနတ်လွတ်ကျသွားသည်။ ထို့နောက် သူမ၏ ကိုယ်လုံးသည် တစ်ပတ်လည်ပြီး သမံတလင်းပေါ်သို့ ခွေခွေကလေးကျသွားသည်။ သင်းသင်း၏ အလှည့်ပြီးလျှင် မိမိ၏ အလှည့်သာကျန်တော့သည်ဟု ဇော်မင်းထွန်းတွက်ဆပြီး ရန်သူကို မည်သို့ ခုခံကာကွယ်ရမည်နည်းဟု စဉ်းစားနေခိုက် အပေါက်ဝမှ လူသတ်သမားသည် အခန်းတွင်းသို့ မဝင်တော့ဘဲ ချာခနဲ လှည့်ပြီး အိမ်ရှေ့ဘက်သို့ ပြေးထွက်သွားတော့သည်။

ဇော်မင်းထွန်းသည် လူသတ်သမား၏ခြေသံ ဝေးသွားသည့်အထိ ခေတ္တမျှ စောင့်ဆိုင်းပြီးနောက် သင်းသင်းထံ ပြေးသွားသည်။ ခွေခွေကလေး လဲကျနေသော အမျိုးသမီးကို မထိမကိုင်ဘဲ အတန်ကြာအောင် စိုက်ကြည့်နေမိသည်။ အမျိုးသမီးသည် ညည်းညူခြင်း၊ လူးလွန့်ခြင်း အလျဉ်းမရှိချေ။ သေနတ်ကျည်ဆန်သည် နဖူးမှ ဖောက်ဝင်ပြီး နောက်ဘက်မှ ဖောက်ထွက်သွားဟန် ရှိသည်။ ဇော်မင်းထွန်းသည် သေနတ်ထိမှန်သူ၏ အခြေအနေမကောင်းမွန်သည်ကို သိရှိရသောအခါတွင်မှ သူမ၏ လက်တစ်ဖက်ကို ကောက်ယူစမ်းကြည့်လိုက်သည်။ ပူနွေးနေဆဲဖြစ်သော်လည်း သွေးတိုးခြင်း အလျဉ်း မရှိတော့ချေ။ ပွဲချင်းပြီး သေဆုံးခြင်းပင်ဖြစ်တော့သည်။

သင်းသင်း၏ လက်ကို ပြန်ချထားလိုက်ပြီး သေနတ်ကို ကောက်ယူလိုက်သည်။ လူသတ်သမား၏ နောက်သို့ လိုက်မည်ပြုစဉ် အိမ်ရှေ့ဧည့်ခန်းမှ ခြေသံကြားရသည်။ ယခုတစ်ကြိမ်တွင် ခြေသံသည် တဝုန်းဝုန်း ပြေးလာခြင်းမဟုတ်ဘဲ ဖွဖွရှပ်ရှပ်ကလေး တစ်လှမ်းချင်း ရွေ့လာနေခြင်း ဖြစ်သည်။

အခန်းထဲတွင် သူပစ်သတ်ခဲ့သော အမျိုးသမီးအပြင် အခြားလူတစ်ယောက် ရှိသေးကြောင်း လူသတ်သမား သိရှိသွားသဖြင့် သတိနှင့်လာနေခြင်းဖြစ်နိုင်သည်။

ဇော်မင်းထွန်းသည် စောစောက ပုန်းနေခဲ့သော တံခါးအကွယ်သို့ လျင်မြန်စွာ ပြေးကပ်လိုက်သည်။



ဖွဖွရှရှကလေး လာနေသော ခြေသံသည် ခဏမျှအကြာတွင် အခန်းပေါက်ဝသို့ ရောက်ရှိလာသည်။ ဇော်မင်းထွန်းသည် အသက်ကို မရှူဘဲ အောင့်ထားသည်။

အခန်းဝမှလူသည် ခေတ္တမျှရပ်တန့်ကာ အခန်းကို အကဲခတ်ပြီးနောက် အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်လာသည်။

အခန်းတွင်းသို့ ဝင်လာသူ၏ နောက်ကျောသို့ မြင်လိုက်ရသောအခါ ဇော်မင်းထွန်း အလွန်အမင်း အံ့သြသွားရသည်။ သူထင်ထားသလို ဆံပင်ရှည်နှင့် လူသတ်သမားမဟုတ်ဘဲ မိမိလိုက်လံရှာဖွေနေသော မသူဇာဖြစ်နေသောကြောင့် ပို၍ အံ့သြရသည်။

အံ့သြလွန်းသဖြင့် ဇော်မင်းထွန်းသည် ကျောက်ရုပ်ကြီးကဲ့သို့ ဖြစ်နေသည်။ မသူဇာ၏ ကျောပြင်ကို ငေးစိုက်ကြည့်နေမိသည်။ ပါးစပ်မှလည်း တစ်စုံတစ်ရာအသံမပြုမိ၊ ခြေလက်အင်္ဂါတို့လည်း မလှုပ်ရှားမိ ဖြစ်သည်။

မသူဇာသည် သေဆုံးသူ၏ ဘေးတွင် ဒူးထောက်ပြီး ထိုင်ချလိုက်သည်။ သူ့လက်တွင် ချိတ်ထားသော လက်ကိုင်အိတ် လျှောကျသွားသည်။ ခဏအကြာတွင် အမျိုးသမီးသည် ထိုင်ရာမှ ပြန်ထပြီး တစ်ဖက်အုတ်နံရံဆီသို့ လျှောက်သွားသည်။ အိပ်ပျော်ရင်း လမ်းလျှောက်သူပမာ ခနဲ့ခနဲ့ သက်သက်ကြီး ဖြစ်သည်။ အုတ်နံရံသို့ ရောက်သောအခါ နံရံကို ကျောမှီပြီး ထိုင်ချလိုက်သည်။

မသူဇာသည် အတန်ကြာသည်အထိ ထိုအတိုင်းပင် မလှုပ်မရှက်ကြီး ရှိနေသည်။

သည်တော့မှ ဇော်မင်းထွန်း သတိဝင်လာပြီး လက်မှသေနတ်ကို ခါးကြားထဲ ထိုးလိုက်ပြီး မသူဇာထံသို့ လျှောက်သွားသည်။ ထိုအခါတွင်မှ မသူဇာသည် သူ့ခြေသံကို ကြားသွားပြီး ဆတ်ခနဲ ခေါင်းမော့ကြည့်သည်။

"ဟင်...အစ်ကိုဇော်"

သူ့ကို မြင်သောအခါ အမျိုးသမီးက ခေါ်လိုက်သည်။ သူမ၏ အသံ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဝမ်းသာအားတက်မှု ပါရှိသည်။

"မသူဇာ ဘာမှမဖြစ်ဘူးနော်"

"မသူဇာ ဘာမှမဖြစ်ပါဘူး"

"မသူဇာ ဘယ်လိုဖြစ်တာလဲ...အစ်ကို့ကို ပြောစမ်းပါဦး"

အမျိုးသမီးက ရုတ်တရက်မပြောဘဲ သူ့ကို ငေးစိုက်ပြီး ကြည့်နေသည်။

"ဘာလဲ...မသူဇာ၊ မသူဇာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မမှတ်မိတော့လို့လား"

"မဟုတ်ဘူး...အစ်ကို၊ မသူဇာမှတ်မိပါတယ်...မသူဇာ မှတ်မိတာမှ အခုဟာတင်မဟုတ်ဘူး။ အရင်ဟာတွေပါ ပြန်ပြီးမှတ်မိလာတယ်"

"ဟင်...မသူဇာ၊ အရင်ဟာတွေကို ပြန်ပြီး မှတ်မိလာပြီဟုတ်လား"

သူက မသူဇာ၏ ပခုံးကို ကိုင်ပြီးဆွဲလှုပ်ရင်း ဝမ်းသာအားရ လှုပ်ခါမေးမြန်းသည်။

"ဟုတ်တယ်...မသူဇာ မှတ်မိတယ်...အရင်တစ်ခါ ဖြစ်တာလည်း အခုအတိုင်းပဲ မသူဇာနောက်ကို လူလိုက်လာတယ်"

"ဘယ်လူလဲ၊ ဆံပင်ရှည်နဲ့လူလား"

"ဟုတ်တယ်..."

"ဘယ်တုန်းကလဲ...အခုလား"

"အခုလည်း...သူလိုက်လာတယ်...အရင်တစ်ခါလည်း သူဒီလိုပဲလိုက်လာတာပဲ"

"ကနေ့ဟာကို အရင်ပြောစမ်းပါမသူဇာ"

အမျိုးသမီးက အနည်းငယ်စဉ်းစားပြီး

"မနက်က ရန်ကုန်ကို လာတယ်၊ ဆရာမဆီကို သွားတယ်။ ဆရာမမတွေ့တော့ ဗိုလ်ချုပ်အောင်ဆန်းဈေးကို သွားပြီး ဈေးဝယ်တယ်၊ မသူဇာနောက် သူလိုက်နေတာတွေ့လို့ မျက်ခြည်ဖြတ်ပြီး ပရိုက်ဗိတ်တက္ကစီ စီးတယ်။ ဘယ်သွားမလဲဆိုတော့ ကမာရွတ် အာလကပ္ပလို့ ပြောလိုက်တယ်။



ဒီရောက်တော့ လမ်းထိပ်ကနေ ဆင်းပြီး လျှောက်လာတယ်။ ခြံဝရောက်လို့ လှည့်ကြည့်လိုက်တော့ သူ့ကို တွေ့ရတယ်။ မသူဇာလည်း ကြောက်ပြီး အိမ်ထဲကို ဝင်ပြေးတယ်။ အိမ်ပေါ်ကို ပြေးတက်တယ်။ အပေါ်ထပ်ကနေ ချောင်းကြည့်နေတယ်။ သူအိမ်ထဲကို ဝင်သွားတယ်။ သေနတ်သံကြားရတယ်။ သူဆင်းပြေးသွားတယ်။ မသူဇာ အိမ်ပေါ်က ဆင်းခဲ့ပြီး ဒီကိုလာတာပဲ။ သူ့ကို တွေ့ရတာပဲ၊ သူက ဘယ်သူလဲ...အစ်ကို"

"သူ့နာမည်က သင်းသင်းတဲ့၊ ရွှေသွားကျော်အောင်တို့ အဖွဲ့ကပဲ၊ ဦးဝင်းထွတ်ဟာ တောင်ပေါ်မှာ ပန်းတွေလေ့လာသလိုနဲ့ ဂျပန်ခေတ်က ရတနာသိုက်တစ်ခုကို ရှာနေခဲ့တယ်။ နောက်ဆုံးမှာ ရတနာသိုက်မြေပုံကို သူရသွားတယ်။ ဒါမှမဟုတ် မြေပုံဘယ်မှာ ရှိတယ်ဆိုတာ သူသိသွားတယ်။ သင်းသင်းတို့ဟာ ဦးဝင်းထွတ်တို့ဆီက မြေပုံရဖို့ ကြိုးစားတယ်။ မရခဲ့ဘူး။ သူဇာဝင်းထွတ်နောက်ကို သူတို့ လိုက်ကြတယ်။ နောက် မသူဇာနောက်ကို လိုက်တယ်။ အခုထိတော့ သူတို့ မရကြသေးဘူး။ မြေပုံဟာ မသူဇာဆီမှာ ဒါမှမဟုတ် အစ်ကို့ဆီမှာ ရှိမယ်လို့ သူတို့ ထင်နေကြတယ်။ နောက်ပြီး ဒီအိမ်မှာ ငှမ်ရှောင်ဒုဝါနေခဲ့တာတစ်ကြောင်း၊ ဒီအိမ်ကို သူဇာဝင်းထွတ်လာခဲ့တာ တစ်ကြောင်းကြောင့် ဒီအိမ်ထဲမှာမြေပုံ ရှိလိမ့်မယ်လို့လည်း သူတို့ထင်နေကြတယ်။ အခုပဲ သင်းသင်းဟာ ဒီမှာ မြေပုံလာရှာတာပဲ။ အစ်ကိုကလည်း သဲလွန်စတွေ့လိုတွေ့ငြား ဆိုပြီး ဒီကိုအလာ သူနဲ့တွေ့တာပဲ။ သူက အစ်ကို့ကို ဒီသေနတ်နဲ့ ခြိမ်းခြောက်ပြီး မရတော့ သူက မြေပုံဘယ်မလဲ မေးနေတုန်း မသူဇာတို့ရောက်လာကြတယ်။ ဆံရှည် ဒီအခန်းကို ပြေးလာတော့ အစ်ကိုက ဟိုတံခါးကွယ် နောက်မှာ ပုန်းနေတယ်။ ဆံရှည်ဟာ သင်းသင်းကိုမြင်တော့ သေနတ်နဲ့ပစ်ပြီး ထွက်ပြေးတာပဲ"

"အင်း...အမှန်တော့ သင်းသင်းကို မသူဇာထင်ပြီး သူပစ်သတ်သွားတာပဲ။ အရင်တစ်ခါတုန်းကလည်း ဒီလိုပဲ။ သူဇာဝင်းထွတ်ကို မသူဇာထင်ပြီး သူပစ်သတ်သွားခဲ့ပြီ"

"သူက ဘယ်သူလဲမသူဇာ၊ မသူဇာကို ဘာလို့ သတ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက အနည်းငယ်မူးမိုက်သွားဟန်ဖြင့် သူ့ပခုံးကို ခေါင်းဖြင့် မှီထားသည်။ သူ့ပခုံးကို ခေါင်းဖြင့် မှီထားလိုက်သည်။ ခဏကြာတော့မှ ခေါင်းကို ပြန်၍ ထောင်လိုက်ပြီး...

"သူက...မသူဇာရဲ့ အစ်ကိုဝမ်းကွဲ အစ်ကိုသက်ထွန်းရဲ့ တပည့်တစ်ယောက်ပဲ၊ မသူဇာမှာလည်း မိဘတွေ မရှိတော့ဘူး၊ အစ်ကိုသက်ထွန်းမှာလည်း မိဘတွေ မရှိတော့ဘူး။ မသူဇာနဲ့ အစ်ကိုသက်ထွန်းဟာ မောင်နှမဝမ်းကွဲဆိုပေမယ့် တကယ်တော့ ဘယ်လိုမှ သွေးသားမတော်စပ်ကြဘူး။ မသူဇာရဲ့အဒေါ်နဲ့ အစ်ကိုသက်ထွန်းရဲ့ဦးလေး ရကြတယ်။ ဦးလေးနဲ့အဒေါ်မှာ အမွေစားအမွေခံဆိုလို့ မသူဇာတို့နှစ်ယောက်ပဲ ရှိတယ်။ ဒါပေမယ့် အစ်ကိုသက်ထွန်းဟာ ဆိုးလွန်း တေလွန်းလို့ ဦးလေးမသေခင်ကတည်းက အိမ်က နှင်ထုတ်ထားတယ်။ ဦးလေးသေတော့ ဒေါ်ဒေါ်က သူ့ကို ပေးပါကမ်းပါသေးတယ်။ ဒါပေမယ့် သူ့ဒဏ်မခံနိုင်လို့ ဒေါ်ဒေါ်လည်း သူ့ကို ကြဉ်ထားတယ်။ တစ်နေ့မှာ ဒေါ်ဒေါ်ပြုန်းခနဲ အိမ်ပေါ်က လိမ့်ကျပြီး သေသွားတယ်။ အဲဒီတုန်းက မသူဇာအိမ်မှာ မရှိဘူး။ အစ်ကိုသက်ထွန်းကို အရပ်က မသင်္ကာလို့ ရဲကခေါ်ပြီး စစ်ဆေးရသေးတယ်။ မသူဇာလည်း ဒေါ်ဒေါ်ဆုံးသွားတော့ ဘောက်တော်အိမ်ကြီးမှာ တစ်ယောက်တည်း နေလို့မဖြစ်တာနဲ့ အိမ်ကြီးကို လူငှားထားပြီး မြစ်ကြီးနားမှာ သူငယ်ချင်းတစ်ယောက်အိမ်မှာ သွားနေတယ်။ အခုသူငယ်ချင်းက အိမ်ထောင်ကျသွားတော့ သူနဲ့အတူ မနေချင်တော့တာနဲ့ ရန်ကုန်ပြန်လာတာပဲ။ မသူဇာရဲ့ စိတ်ကူးက ဘောက်ထော်အိမ်ကြီးကို ရောင်းပြီး အိမ်သေးသေးတစ်လုံး ပြန်ဝယ်မယ်၊ တောက ဆွေမျိုးနီးစပ် လင်မယားနှစ်ယောက်ခေါ်ပြီး သူတို့နဲ့ အတူနေမယ်၊ လုပ်ငန်းတစ်ခုခု လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်။ အဲဒါ ဘောက်ထော် အိမ်ကြီးကိုရောင်းဖို့ လုပ်နေတုန်း တစ်နေ့မှာ အစ်ကိုသက်ထွန်း မသူဇာနေတဲ့ ရွှေစင်တည်းခိုရိပ်သာကို ရောက်လာပြီး သူ့ကို အမွေတစ်ဝက် ပေးရမယ်လို့ ပြောတယ်။ မသူဇာက စဉ်းစားပါဦးမယ်လို့ ပြောတော့ သူ မကျေမနပ်နဲ့ ကြိမ်းမောင်းပြီး ပြန်သွားတယ်"



အမျိုးသမီးက မောသွားဟန်ဖြင့် ခဏနားလိုက်သည်။ ဇော်မင်းထွန်းက သူ့မျက်ခါးကို ခပ်ဖွဖွကလေး သိုင်းဖက်ထားသည်။ မသူဇာက ဆက်ပြောသည်။

"အဲဒီနေ့ကတော့ မနက်ကတည်းက တည်းခိုရိပ်သာက ထွက်သွားတဲ့ သူဇာဝင်းထွတ်က မသူဇာဆီကို ဖုန်းဆက်တယ်။ သူလိုက်ရှာနေတဲ့ ကချင်ဒူဝါကြီးတော့ မရှိတော့ဘူးတဲ့၊ သူမသေခင်က နေသွားတဲ့အိမ်ကိုတော့ ရှာတွေ့ထားပြီတဲ့။ကမာရွတ် အာလကပ္ပကြို့စက်နားမှာတဲ့၊ သူ အဲဒီကို သွားမယ်တဲ့၊ မသူဇာကို လိုက်ခဲ့ပါတဲ့။ ဒါနဲ့ မသူဇာလည်း သုံးဘီးကားစီးရအောင် လမ်းထိပ်ကိုထွက်ခဲ့တယ်။ အဲဒီအချိန်မှာ မသူဇာနောက်ကို စောစောက ဆံရှည်လိုက်လာတာကို သတိပြုမိတယ်။ မသူဇာ သူ့ကို မျက်ခြည်ပြတ်ပြီး သုံးဘီးကားစီးခဲ့တယ်။ မသူဇာ ဒီခြံထဲဝင်တော့ သူနောက်က လိုက်ပါလာတာတွေ့ရတယ်။ ကနေ့အတိုင်းပါပဲ။ ဒါနဲ့ မသူဖာ အိမ်ထဲပြေးဝင်တယ်။ အိပ်ပေါ်တက်ပုန်းတယ်။ သူနောက်က လိုက်လာတယ်။ အောက်ထပ်အတွင်းဘက် ဝင်သွားတယ်။ သေနတ်သံကြားရတယ်။ သူထွက်ပြေးသွားတော့ မသူဇာ အောက်ထပ်ဆင်းခဲ့တယ်။ ဒီအခန်းထဲရောက်တော့ သူဇာဝင်းထွတ် သေနတ်မှန်ပြီး သေနေတာ တွေ့ရတယ်။ မသူဇာလည်း စိတ်ထဲမှာ ဘယ်လိုထိခိုက်သွားတယ်မသိဘူး။ ကိုယ့်သူငယ်ချင်းလည်း ဖြစ်ပြန်၊ ကိုယ့်ကြောင့်လည်း ဓားစာခံရပြန်ဆိုတော့ စိတ်ထိခိုက်ပြီး သတိမေ့သွားတာ ဖြစ်မှာပဲ အစ်ကို၊ ကနေ့ကျတော့မှ အဲဒီနေ့ကအတိုင်း ပြန်တွေ့လိုက်ရတော့ အားလုံးပြန်သတိရလာတာပဲအစ်ကို"

"မသူဇာနဲ့ သူဇာဝင်းထွတ် ဘယ်လိုလုပ်ပြီး တွေ့ကြတာလဲ"

"သူနဲ့ မသူဇာ မြစ်ကြီးနားလေဆိပ်မှာ တွေ့ကြတယ်အစ်ကို။ သူနဲ့ မသူဇာ အရင်တုန်းက မြစ်ကြီးနားမှာ နှစ်ခါသုံးခါတွေ့ဖူးတယ်။ မသူဇာတို့နေတဲ့ ခေါင်းရင်းအိမ်က သူ့အသိတွေ မသူဇာတို့ ရန်ကုန်ကို အတူလာကြရင်း လမ်းမှာ တစ်ယောက်ဘဝအကြောင်း တစ်ယောက် ပြောကြတယ်။ ရန်ကုန်ကျတော့ မသူဇာဝင်းထွတ် အစ်ကိုပြောလိုက်တဲ့နေရာမှာ သွား

www.burmeseclassic.com

www.burmeseclassic.com



မတည်းဘဲ မသူဇာနဲ့အတူ ရွှေစင်မှာလာတည်းတယ်။ အစ်ကိုပေးလိုက်တဲ့ စာကို စာတိုက်က ထည့်လိုက်တယ်။ အဲဒီနေ့ မနက်ကတည်းက ပြန်စာကို သူသွားယူပြီး ကမာရွတ်ကို ထပ်သွားတာပဲ"

"ဒီသေနတ်ကို မသူဇာ သိသလား"

အမျိုးသမီးကို သေနတ်ကို သေသေချာချာကြည့်ပြီး ခေါင်းညိတ်သည်။

"သူဇာဝင်းထွတ်ရဲ့ သေနတ်ပဲ၊ သူ့အဖေက သူ့အတွက် ကိုယ်ခံဆိုပြီး ပေးထားတာပဲ၊ ဒီသေနတ် အစ်ကို့လက်ထဲကို ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ"

ဇော်မင်းထွန်းက သူမ၏အမေးကို မဖြေသေးဘဲ သင်းသင်း၏ဘေးတွင် ကျနေသော လက်ကိုင်အိတ်ကို ကောက်ယူပြီး...

"ဒီအိတ်ကကော..."

"ဟင်...ဒါ မသူဇာရဲ့အိတ်ပဲ"

အမျိုးသမီးက အိတ်ကိုဖွင့်ပြီး အထဲမှ ပစ္စည်းများကို စစ်ဆေးနေသည်။

"ဒီစီးကရက်ဘူးနဲ့ မီးခြစ်ကတော့ မသူဇာဟာ မဟုတ်ဘူး"

"အဲဒီနေ့က မသူဇာသတိပြန်ရလာတော့ စိတ်ချောက်ချားနေပြီ မဟုတ်လား၊ အခန်းကိုလည်း သေသေချာချာ မမြင်နိုင်တော့ဘူး။ မသူဇာ ခြေထောက်နဲ့ တိုက်မိတဲ့ အိတ်ကိုပဲ ကောက်ယူခဲ့တယ်။ အဲဒီအိတ်က သူဇာဝင်းထွတ်ရဲ့ အိတ်ဖြစ်နေတယ်။ မသူဇာရဲ့အိတ်နဲ့ သူဇာဝင်းထွတ်ရဲ့သေနတ်က အခန်းထဲမှာ ကျန်ရစ်ခဲ့တယ်။ မသူဇာ ထွက်သွားပြီးနောက်မှ ရောက်လာတဲ့ သင်းသင်းတို့က မသူဇာရဲ့အိတ်နဲ့ သူဇာဝင်းထွတ်ရဲ့သေနတ်ကို ရသွားကြတယ်။ သူတို့က မသူဇာရဲ့မှတ်ပုံတင်ကို ရပြီး မသူဇာရဲ့အစ်ကိုဆီကို ရောက်သွားကြတယ်။ နောက်ဆုံးကျမှ သူတို့တည်ကို ခြေရာခံပြီး လိုက်လာကြတာ"

"မသူဇာတို့ ပစ္စည်းတွေ ရွှေစင်မှာ ရှိတယ်"

"မရှိတော့ဘူး...သင်းသင်းတို့ ယူသွားပြီး သူက မသူဇာတို့ရဲ့ အစ်မ



ဆိုပြီး ယူသွားတယ်။ သူဇာဝင်းထွတ်ရဲ့ အလောင်းကိုလည်း သူတို့ပဲ နောက်ဖေးဂိုဒေါင်ထဲမှာ မြှုပ်ထားလိုက်ကြတယ်"

"အခု မသူဇာတို့ ဘာလုပ်ကြမလဲ..."

"ရဲစခန်းကို အမြန်ဆုံး သွားကြမယ်။ ရွှေသွားကျော်အောင်နဲ့ ဆံရှည်တို့ကို ဖမ်းမိဖို့ ရှိသေးတယ်မဟုတ်လား"

လက်ကိုင်အိတ်နှစ်အိတ်နှင့် သေနတ်ငယ်ကို ယူပြီး သူတို့အခန်းထဲမှ ထွက်ခဲ့ကြသည်။

× × ×

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

ဇော်မင်းထွန်းနှင့် မသူဇာတစ်ယောက် ခါးကိုတစ်ယောက်ဖက်ပြီး စင်္ကြံလမ်းအတိုင်း အိမ်ရှေ့ဧည့်ခန်းသို့ ထွက်ခဲ့ကြသည်။ ဇော်မင်းထွန်းက လက်ကိုင်အိတ်နှစ်ခုကို ဘယ်လက်ဖြင့် ဆွဲကိုင်လာသည်။ သူဇာဝင်းထွတ်၏ သေနတ်ကလေးကို သူဇာဝင်းထွတ်လက်ကိုင်အိတ်ထဲတွင် ထည့်ထားလိုက်ပြီဖြစ်သည်။

ဧည့်ခန်းအလယ်သို့ ရောက်သောအခါ သူတို့နှစ်ယောက် ခြေလှမ်းတုန့်သွားကြသည်။ အိမ်ရှေ့အခန်းဝတွင် လူတစ်ယောက် ရပ်နေသောကြောင့် ဖြစ်သည်။ သားရေဂျာကင်အင်္ကျီ၊ တက်ထရက်အင်္ကျီ၊ တက်ထရက် ဘောင်းဘီရှည် ပြိုးပြိုးပြောင်ပြောင်နှင့်ဖြစ်သည်။ မသူဇာ၏အစ်ကိုဝမ်းကွဲ သက်ထွန်းပင် ဖြစ်သည်ဟု ဇော်မင်းထွန်း အတပ်သိလိုက်သည်။

"ဟင်...အစ်ကို သက်ထွန်း"

မသူဇာက ထိတ်လန့်တကြား ရေရွတ်လိုက်သည်။ သက်ထွန်းက မထီတရီ ပြုံးလျက်...

"ဘယ့်နှယ့်လဲ...မသူဇာ ညည်းအသက် တယ်ပြင်းပါလား၊ ဒီတစ်ခါ ညည်းအသက်ကို ဘယ်သူက ခံစားခံလိုက်ပြန်ပလဲ၊ ဟိုက ပါလာတာ ဘယ်သူတဲ့၊ မသူဇာဝင်းထွတ်ဆိုလားပဲ။ ဟောဒီ ခွေးကောင် ဆံရှည်ဟာ လူတော့ သတ်ရဲပြီး အလောင်းတော့ မကြည့်ရဲဘူး။ သူပစ်လိုက်တဲ့လူဟာ



ဘယ်တော့မှ မလွတ်ဘူး။ ပွဲချင်းပြီး သေတာပဲ။ ဒါပေမယ့် ကိုယ်သတ်ရမယ့်လူ ဟုတ်မဟုတ်ဆိုတာ သူဘယ်တော့မှ သေချာအောင် မကြည့်ခဲ့ဘူး"

"အစ်ကိုသက်ထွန်း၊ ဒါလောက် ရက်စက်လိမ့်မယ်လို့ မသူဇာမထင်ဘူး၊ တကယ်လို့ မသူဇာပစ္စည်းတွေကို လိုချင်ရင်လည်း ပြောပေါ့။ မသူဇာရဲ့ အသက်ကို ရန်ရှာဖို့တော့ မကောင်းဘူး"

"တစ်လောက တစ်ဝက်ပေးပါလို့ ပြောတော့ စဉ်းစားဦးမယ်ဆို"

"အစ်ကိုသက်ထွန်း ဒီလိုရက်စက်မယ်မထင်လို့ ပြောလိုက်တာပေါ့။ အခုတော့ မစဉ်းစားတော့ပါဘူး၊ အစ်ကိုသက်ထွန်းပဲ အားလုံးယူလိုက်ပါတော့"

"အခုမှတော့ ဘယ်ရမလဲ မိသူဇာ၊ ညည်းပါးစပ်က ပိတ်ထားမှာမှ မဟုတ်ပဲ။ ဒီတစ်ခါတော့ ညည်းပါးစပ်ကို ငါကိုယ်တိုင် ပိတ်ရမယ်၊ ဒီက မိတ်ဆွေကကော ဘယ်သူလဲ၊ ဘယ်သူပဲဖြစ်ဖြစ် မိသူဇာနဲ့ အဆစ်လိုက်သွားပေတော့"

သူက ပြောပြောဆိုဆို သားရေဂျာကင်အတွင်းမှ ခြောက်လုံးပူးသေနတ်ကို ထုတ်လိုက်သည်။

ဇော်မင်းထွန်းက လက်ထဲမှ လက်ကိုင်အိတ်နှစ်ခုဖြင့် သက်ထွန်း၏ သေနတ်ကို ပေါက်လိုက်သည်။ သေနတ်လွင့်စဉ်သွားသည်။ သက်ထွန်း သေနတ်ကို ပြေးကောက်မည်ပြုသည်။ ဇော်မင်းထွန်း နောက်မှ ခုန်အုပ်သည်။

ထို့နောက် သူတို့နှစ်ယောက် အပြန်အလှန် ထိုးကြိတ်ကြသည်။ မသူဇာ ရင်တမမဖြစ်နေသည်။ လက်ကိုင်အိတ်နှစ်ခုကို ပြေးကောက်ပြီး သူဇာဝင်းထွတ်၏ သေနတ်ကို ထုတ်ယူသည်။ သို့သော် ယောကျ်ား နှစ်ယောက် လုံးထွေးသတ်ပုတ်နေသဖြင့် မပစ်သာဘဲ ရှိသည်။

သူတို့နှစ်ယောက် လုံးရင်းထွေးရင်းဖြင့် လှေကားရင်းသို့ ရောက်သွားကြသည်။ လှေကားပေါ်တွင် ထိုးကြိတ်ကြသည်။ လက်ရင်းကျိုးပြီး နှစ်ယောက်စလုံး ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက် အခန်းတွင်းသို့ လုံခြုံရေးမှူး မင်းဟန်ခေါင်းဆောင်သော ရဲအဖွဲ့ဝင်များ ရောက်ရှိလာကြသည်။ ရဲသားနှစ်ယောက်က သက်ထွန်းကို ချုပ်ကိုင်ထားလိုက်ကြသည်။

လုံခြုံရေးမှူးမင်းဟန်သည် ကျိုးကျနေသော လှေကားလက်ရမ်းပွတ်တိုင်တစ်ခုကို ကောက်ယူကြည့်ရှုသည်။ အထဲမှ စက္ကူလိပ်တစ်ခု ထွက်နေသည်။ ဆွဲယူကြည့်လိုက်သောအခါ မြေပုံတစ်ခု ဖြစ်နေသည်။

"လက်စသတ်တော့ သူတို့လိုက်ရှာနေတဲ့ ရတနာသိုက်မြေပုံက ဒီမှာပဲ"

မသူဇာက ပြောလိုက်သည်။ သူတို့ ဝိုင်းအုံကြည့်ကြသည်။ မြေပုံအောက်ဘက်တွင် ပစ္စည်းစာရင်း တွေ့ရသည်။ သူတို့ထင်ထားသလို ရွှေငွေရတနာများ မဟုတ်ပါချေ။ လက်နက်ခဲယမ်းမီးကျောက်များစာရင်း ဖြစ်ပါသည်။

"တော်သေးတာပေါ့...ဒီလက်နက်တွေသာ ဘိန်းမှောင်ခိုတွေရဲ့လက်ထဲကို ရောက်သွားရင် ဒုက္ခပဲ"

လုံခြုံရေးမှူးက ရွတ်ဆိုလိုက်သည်။ ဇော်မင်းထွန်းက

"သူငယ်ချင်းရေ...အရေးကြီးတဲ့ တရားခံနှစ်ယောက် ဖမ်းစရာကျန်သေးတယ်။ တစ်ယောက်က သက်ထွန်းရဲ့တပည့် ဆံရှည်၊ တစ်ယောက်က ရွှေသွားကျော်အောင်၊ သင်းသင်းတို့..."

လုံခြုံရေးမှူးက လက်ကာလျက်...

"အားလုံး ဖမ်းမိပြီ...သူငယ်ချင်း၊ ကျော်အောင်တို့ တစ်ဂိုဏ်းလုံး ဖမ်းမိပြီးပြီ၊ သူတို့ဂိုဏ်းချုပ်ကြီး ဘိန်းသူဌေး လောဟန်ကိုလည်း ဖမ်းပြီးပြီ၊ မောင်ရင်ပြောတဲ့ သင်းသင်းဆိုတာကလည်း ဘိန်းမှောင်ခိုသူဌေးကြီး လောဟန်ရဲ့ မယားငယ်ပဲပေါ့။ နံပါတ်ဘယ်လောက်လဲတော့ တို့ သေသေချာချာ မသိသေးဘူး"

သည်တော့မှ ဇော်မင်းထွန်းနှင့် မသူဇာတို့ သက်ပြင်းချနိုင်ကြသည်။ မသူဇာက ဇော်မင်းထွန်းကို မော့ကြည့်သည်။ ဇော်မင်းထွန်းက မသူဇာကို



ပြန်ပြီး ကြည့်နေရာမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူ့အကျႌအိတ်ထဲကို နှိုက်လိုက်သည်။ လက်ကို ပြန်ထုတ်လိုက်သောအခါ ပတ္တမြားဘယက်ကလေး ပါလာသည်။

သူက ပတ္တမြားဘယက်ကို အမျိုးသမီး၏ လည်တိုင်ကြော့ကြော့တွင် ဒုတိယအကြိမ် ဆင်ပေးလိုက်သည်။

ပြီးတော့ "အစ်ကို့ဇနီးဖို့" ဟု တိုးတိုးကလေး ပြောလိုက်သည်။ မသူဇာ၏ မျက်နှာကလေးသည်လည်း ပတ္တမြားဘယက်ပမာပင် ရဲရဲကလေး နီမြန်းသွားချေတော့သတည်း။ ။

နတ်နွယ်

၁၉–၅–၇၄

BURMESE CLASSIC .com

www.burmeseclassic.com